www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# THAZiN

## SUCCESS MAGAZINE

# CONTENTS


အင်တာဗျူး

၂၃။ MAI နေ့စဉ်ပုံမှန်ပြေးဆွဲမှု အစီအစဉ်သစ် Theresa

၅၂။ အောင်မြင်ကျော်ကြား မြန်မာများ ကြည်သာဖော်

၆၀။ Myanmar Maritime Association အယ်ဒီတာ

၈၄။ ဖြတ်သန်းကျော်လွှား ဘဝမှတ်တိုင်များ Theresa

ဝတ္ထု

၂၈။ စင်ကာပူမှာ တစ်နာရီကြာအောင်
ကျောက်ခေတ်လူသား ဖြစ်ခဲ့ဖူးသည် အဏ္ဏဝါနိုးမိုး

၃၇။ နှင်းပုံမြင် ကို (မန္တလေး)

၄၄။ ညနေခင်းထဲက ပိုးဖလံတွေ စုမီအောင်

၇၂။ ရင်နာပေမဲ့ မပြောရက်ပါ ချောအိမာန် (မန္တလေး)

ဆောင်းပါး

၃၁။ စာနာ နားလည်နိုင်သော်. . . ဒေါက်တာနေဇင်လတ်

၆၇။ မြန်မာဇန်းစကား ကွက်လပ် ဖြူဖြူဝင်း(မြန်မာစာ)

၈၀။ NPMM Cultural Show 2009 အယ်ဒီတာ

၉၇။ အရှေ့တောင်အာရှသားလေး တုံကပ်အလီ ကောင်းမြတ်နွယ်

၁၀၈။ စင်ကာပူနိုင်ငံ ပထမဦးဆုံးအကြိမ် စာပေဟောပြောပွဲ အယ်ဒီတာ

ကာတွန်း

ဟဲမင်းဝေ၊ သောကြာကြယ်၊ သန့်စင်

ကိုသင်း(ခေတ္တ စင်ကာပူ)၊ Kelvin

သရုပ်ဖော်

ပုံးကြည်၊ အောင်ဆန်းကျော်၊ မိုးကြယ်၊ ကိုသင်း။

၃၄။ ပြုံးရုံလေး ပြုံးပါ

၄၉။ စင်ကာပူလေညင်း

၉၉။ ရောက်တတ်ရာရာ အတင်းပဒေသာ Kပိုးခင်+Kပိုးသက်

၁၁၀။ အချစ်ကာမနှင့် အိမ်ထောင်ရေး ဒေါက်တာသွယ်

၁၁၅။ သင့်အတွက် တစ်လစာဗေဒင် ဆရာလင်းမြတ်အောင်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## EDITORIAL

Editor-in-chief : ကောင်းမြတ်နွယ်
Editors : ဇင်ဝေ၊ ကောင်းဇော်ရှိန်း
Star Search Editor : ဝတ်ရည်စိုး

## CREATIVE ARTS

Artists : မောင်သင်းအောင်၊ အောင်ဆန်းကျော်
မြင့်ကြည် (ဘုမိ)၊ မိုးကြယ်
Computer & Design : မိုမိုမြင့်အောင်
Creative Director : Thazin
Cover & Graphic Design : Kyi Toe
ဒါရိုက်တာ ဒီပ

## PHOTOGRAPHY

Chief Photographer : Kyaw Kyaw
Assistant Photographer : ထူးအိမ်သင်
Fashion Directors : Theresa, May Roth

## AD ADMIN

Advertisment & Sale : Ms Khin, Sweety




## PRESS

SENG LEE PRESS PTE LTD.
61 Tai Seng Avenue #01-01/03
UE Print Media Hub Singapore 534167

## PUBLISHER

Khin Thet Maw
Ayesuccess REG: 53118602D
Blk 11, # 16-306, Toapayoh Lorong 8
Singapore 310011.

## ADVERTISEMENT

Contact : 96237547 / 97775685
Email : ayesuccess@gmail.com
Reference No. : ISSN 1793-785X

Cover Girl : ရွှေစင်
Cover Photographer : အောင်ကျော်မိုး
Make-up : မေစံပယ်ညို


www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ် ခေတ်သစ်သို့

၂၀၀၉ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ ည(၁၁)နာရီ ၅၉မိနစ် ၅၀ စက္ကန့်။

ကျွန်တော်တို့သည် မာလာယုကျွန်းဆွယ်ကြီး၏ တောင်ဖက်အစွန်ဆုံးရှိ စင်ကာပူနိုင်ငံ၏ တောင်ဖက်အစွန်ဆုံး စန်တိုဆာကျွန်းငယ်လေးပေါ်တွင် ကုန်ဆုံးသွားတော့မည့် ၂၀၀၉အား လွမ်းဆွတ်တသစွာ စောင့်ဆိုင်းနေကြပါသည်။

10.......9.......8.......7.......6.......5.......4.......3.......2.......1.......0.........

၂၀၁၀ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့၏ ၀နာရီ ၀မိနစ် ၁စက္ကန့် နှစ်သစ်သို့ ပျော်ရွှင်ကြည်နူးစွာ ရောက်ရှိခဲ့ကြပါသည်။

* * * * * * *

ကျွန်တော်တို့ စုဝေးပြီးရေတွက်ပေးလိုက်သောကြောင့် နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါသလား?

နှစ်သစ်သို့ ကူးပြောင်းသူတို့သည် ဘီယာအရက်များဖြင့် ကခုန်ကြိုဆိုနေကြပါသည်။ ကုသိုလ်ကောင်းမှုတို့ဖြင့် မကြိုဆိုသင့်ပါသလော?

* * * * * *

BURMESE CLASSIC .com

နှစ်ဟောင်းကြွေ၍ နှစ်သစ်သို့ စိတ်သစ်လူသစ်တို့ဖြင့် ရောက်ရှိခဲ့ရပြန်ပါပြီ။ နှစ်ဟောင်းတွင် စီးပွားရေးပျက်ကပ်ကြောင့် အထိနာခဲ့ကြသူများက ၂၀၁၀တွင် စီးပွားရေး ဦးမော့လာနိုင်ဖို့အရေး ကြံ့စည်အားထုတ်လျှက်ရှိကြပါသည်။

* * * * * * *

စဉ်းစား၍ပင် မရနိုင်လောက်အောင် အပြီးအပြတ်ကြီးစွာ ကြံစည်တိုက်ခိုက်နေကြသော အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ အန္တရာယ်ကိုလည်း ကမ္ဘာ့နိုင်ငံများစွာက နည်းမျိုးစုံဖြင့် ကာကွယ်နေရသော ကာလ ဖြစ်ပါသည်။

* * * * * * *

သဘာဝဘေးအန္တရာယ်များက လျှပ်တပြက် မထင်မှတ်သော အချိန်တွင် ဝင်ရောက်တိုက်ခိုက်လာတတ်ခြင်းကြောင့် ၎င်းတို့ကို ဘယ်ကဲ့သို့ကာကွယ်မည်၊ ဘယ်ကဲ့သို့ ရှောင်ရှားမည်၊ မည်ကဲ့သို့ ကယ်ဆယ်ကုစားမည်တို့ကို ကြိုတင်ပြင်ဆင်နိုင်လာသည့် ခေတ်သစ်ဖြစ်နေပါပြီ။

* * * * * * *

တိုင်းပြည်အတွက် လူမျိုးအတွက် ကမ္ဘာ့အလယ်တွင် ကိုယ့်လူမျိုး တင့်တယ်ထည်ဝါစွာ နေထိုင်နိုင်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး. . . အစစအရာရာ ကောင်းသည်ထက်ကောင်းအောင် ကိုယ်ကျိုးချည်းသက်သက် မကြည့်ဘဲ ခေါင်းဆောင်ကောင်းပီသစွာ ကြိုးပမ်းနေကြသူ အများအပြားကို တွေ့မြင်နိုင်ပါသည်၊ ခေတ်သစ်တွင် လူသာသေ နာမည်မသေသော သမိုင်းဝင် ဥဒါန်းတွင်သည့် အထင်ကရ ခေါင်းဆောင်များဖြစ်အောင် ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း။ ။

NEW YEAR 2010

www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . . . . . . . . အတွက်

လေးစားချစ်ခင်စွာဖြင့်

မှ . . . . . . . . . . . . . . . . . . . .

♥ချစ်သူ. . . နင်သာ သိမယ်ဆိုရင်
ဒီနေ့ဟာ ကမ္ဘာတစ်ထောင်ထိ တည်မြဲချင်တယ်

♥♥ဝိုးတဝါးနဲ့လွင့်နေတဲ့ နှင်းကြွင်းတွေရဲ့
တံပိုးခရာသံတွေကြားမှာ
(ဒီ)နေ့မြတ်ကို ပြန်လည်နိုးထချင်မိတယ်
ဘယ်တော့မှ မဝေးဘူးဆိုတဲ့ ကတိတွေ
ကြယ်ကြွေနိမိတ်ထဲမှာပဲ ပြန်ရှာနေမိတယ်
ရေအနည်းငယ်မျှ ရောမထားတဲ့ သတိရမှုဆိုတာ
ချစ်သူတိုင်းရဲ့ ရာဇဝင်မှာ
အရိုးရှင်းဆုံး. . . သစ္စာ. . .

♥♥♥ချောကလက်တစ်ချို့နဲ့
အမှတ်တရကာဒ်တွေကတော့
ပိုင်ရှင်ပြန်လာမယ့်နေ့ကို စောင့်နေတယ်
ထိလွယ်ရှလွယ် ရင်ဘတ်တစ်ခုနဲ့
မှုးယစ်ရီဝေနေတဲ့ တေးတစ်ပုဒ်
ပိုင်ရှင်ပြန်လာမယ့်နေ့ကို စောင့်နေတယ်
မစခင်ကတည်းက အရှုံးပေးခဲ့သူ. . . ငါ
မမေ့ခဲ့ဘူးလေ. . . အကြီးမြတ်ဆုံးသော
အဖြူရောင် ညရှိုင်း နတ်သမီးတစ်ပါးကို

♥♥♥♥ညရိပ်ခိုရင်း ရှိုးသားခဲ့သူ
ဥပေက္ခာတံဆိပ် ခပ်နှိပ်ခံထားရတဲ့
နေ့ရက်တွေအတွက်. . . လွမ်းတယ်. . .
ရိုးရိုးသားသားပဲ ဒီနေ့မှာ
ကမ္ဘာတစ်ထောင်ထိ လွမ်းတယ်. . .
ငါ့. . . ဗယ်. . . လင်. . . တိုင်း. . . အတွက်. . .


*ချစ်သော မေခိုင်အေးကျော်သို့*




www.burmeseclassic.com

www.burmeseclassic.com






ကြားဖူးတာက
ကောင်းကင်ဟာ ကျယ်ပြန့်သတဲ့။
ဘယ်သူ သူ့လောက်ဖြန့်ကျက်နိုင်မှာလဲ. . .
ကျွန်မတွေ့ဖူးတဲ့ ကောင်းကင်ကတော့
ပြတင်းတစ်ပေါက်စာလောက်ပဲ. . . ကျယ်တယ်။

ကောင်းကင်နဲ့မိတ်ပျက်လို့
စိတ်ဓါတ်ကျလာပုံရတဲ့ တိမ်တွေက
ကျွန်မနဲ့ မိတ်ဆွေဖြစ်ချင်လို့တဲ့
ကျွန်မလဲလျောင်းရာ ဂျပ်ဆင်မြက်ခင်းပေါ်
တအိအိနဲ့ပဲ. . . ပြိုတယ်။

အဲဒီတိမ်ပြိုတွေရယ်
ပိုနေတဲ့အချိန်တွေရယ်
လိုနေတဲ့စည်းစိမ်တွေရယ်
ကျွန်မကိုယ်ကျွန်မ ပူးချည်လိမ်တော့
ကျွန်မဟာ အတ္တနဲ့ ဝ,ဝလာတဲ့ မီးပုံပျံတစ်စင်းပေါ့
ကြွေးခြွေတစ်ခွဲသားနဲ့ပဲ. . . တက်မယ်။

ကောင်းကင်ရဲ့ အံ့ဘနန်းကျယ်ပြောမှုကို
ရင်သပ်ရှုမော ဖြစ်ရှုံရှိသေး
'ငါ့တိမ်တွေပြန်ပေး'တဲ့၊ သူက. . .
အိုနေတဲ့ တယောနဲ့ပဲ. . . ညှို့တယ်။

'ဟုတ်ကဲ့ရှင့် ပေးပါ့မယ်'လို့ ကတိပြုပြီးတာနဲ့
ကျွန်မက ကောင်းကင်ကို မေ့တယ်၊ တိမ်တွေကို မေ့တယ်။
ပြီးတော့. . . လှလှပပကလေးပဲ ကျွန်မကိုယ်ကျွန်မ ရွှေ့တယ်။
မေ့တယ်. . . ရွှေ့တယ်၊ ရွှေ့တယ်. . . မေ့တယ်။

တိမ်တွေကတော့ ခွင့်ခါသင့်တိုင်း
ထထငြင်းတယ်။
'စုမီအောင်ကို တို့မသိဘူး'တဲ့။
ဟုတ်မှာပဲ. . . ဟုတ်မှာပဲ
ကျွန်မကလည်း
ကျွန်မမှ မဟုတ်တော့တာ. . . ကြာပြီပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com





အိပ်မက်ထဲက ရသများ
သုခကင်းလမ်းမှာ
နေရောင်ထိဆီးနှင်းတွေလို
တဖြုတ်ဖြုတ်ကြွေကျ
ဘဝအမှန်တွေကို
သံသယအမှန်တွေနဲ့
ဒဏ်ရာရလဲ သေစေခဲ့။

အဆိုတော် ဝိုင်ဝိုင်းရဲ့
'ဖြေသိမ့်လိုက်'တေးသွားတွေလည်း
နာကျင်မှုလှေကားထစ်ပေါ်
သဲကြိုးပြတ်ခြေရာတွေ။
တွဲခေါ်သူမဲ့ ကမ်းပါးအောက်
မျိုချလို့ မကုန်တော့တဲ့
သွေးတိုးညတွေက
ထွန်းညှိမရအောင် မှောင်နေလေဝေ
မနက်ဖြန်အသေတွေအတွက်
စက္ကန့်တွေကို နာကျည်းစေခဲ့ပြီ။

တစ်ခုရဖို့ တစ်ခုထိုးကျွေးနေတာမဟုတ်ဘူး
စစ်မှန်တဲ့လူ့ဘဝဆိုတာဟာ
ကံဇာတ်ဆရာရဲ့ အလိုတော်အရတဲ့လား
ဒီလိုဆိုရင်
အရာအားလုံးအတွက်
ဒဏ်ရာအားလုံးကို
မြေမြုပ်သင်္ဂြိုလ်လိုက်ပါ့မယ်။

ဒါပေမဲ့. . .
ကမ္ဘာသစ်တစ်ခုရဲ့
နေ့သစ်တစ်ခုဆီမှာ
ပင်လယ်လေကို ရှူရှိုက်ပြီး
ငါ့ကို. . . မျက်နှာသစ်ခွင့်တော့ပြုပါ။ ။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးရဲ့ သတင်းထူးတွေက
ကြောက်စရာ. . . ကောင်းလိုက်တာ အမေ။

၁။
'နာဂစ်' တဲ့. . . .
'နှာကစ်' ပြီး ကြမ်းခဲ့လေသလား. . .၊
ငရဲကျနေခဲ့တဲ့ အတိုင်းပဲအမေ။

၂။
နာဂစ်မုန်တိုင်းမတိုက်ခတ်ခင်. . .
မိုးကြီး. . . မသည်းမထန်ခင်. . .
အမိုးအကာအောက် အမြန်ရောက်ခဲ့လို့
'သံချောင်းတို့အဖေ ကံကောင်းလို့မသေ'
ဆိုသလို. . . သားကံကောင်းခဲ့ပါတယ် အမေ။

၃။
လူတွေဟာ. . . ဖြတ်သန်းရင်းသေသတဲ့
ငှက်တွေဟာ. . . ပျံသန်းရင်းသေသတဲ့
တကယ်ပါ. . . အမေ သားရှေ့မှာတောင်
ငှက်တွေဟာ. . . ပျံသန်းရင်းပြုတ်ကျသေလို့
ငှက်ကလေးတွေ. . . ကြက်ကလေးတွေအတွက်
ဝမ်းနည်းပူဆွေးငိုကြွေးရတာက. . .
'ကြက်ငှက်တုပ်ကွေး' ကြောင့်ပါပဲ အမေ။

၄။
သားဘဝ ၊ သားကဗျာ ၊ သားဖြတ်သန်းခဲ့သော
အနုပညာသက်တမ်းတလျှောက်မှာ. . .
ကမ္ဘာကြီးရဲ့ သတင်းထူးတွေကတော့
ကြောက်စရာကောင်းလိုက်တာအမေ၊
လျှပ်တပြက် ဝင်လာတဲ့သတင်းထူးက
'ဆိုးဆေး' ကြောင့် အိမ်ရှင်မတွေလည်း. . .
လက်ဖက်၊ ငပိ၊ မှျစ်တွေလည်းကြောက်လန့်ရ
ဈေးတစ်ခါသွားတိုင်း စိတ်နှစ်ခါသုံးခါညစ်ရသတဲ့။

၅။
အမေရေ. . .
ကမ္ဘာကြီးရဲ့ သတင်းထူးတွေက
ကြောက်စရာ. . . ကောင်းလိုက်တာ၊
ကမ္ဘာကျော်အဆိုတော်. . .
မိုက်ကယ်ဂျက်ဆင် ဆုံးတာ
ကြောက်စရာ ဆေးအိုဗာဒို့စ်
သတင်းစကား အမေကြားရင်တောင်
မိုက်ကယ်ဂျက်ဆင်မသိတဲ့ အမေ
ကြေကွဲမှုများစွာနဲ့ အားလုံးအတွက်ရှုံးတယ်ပြောဦးမယ်
နှလုံးသားမှာ ဝေဒနာသစ်ခံစားရတယ်
တဖွဲဖွဲလောင်ကျွမ်းရင်းပေါ့. . . အမေ။



၆။
အဲဒီလိုပဲ. . .
ကမ္ဘာကြီးရဲ့ သတင်းထူးတွေက
ကြောက်စရာကောင်းလိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကြက်ကလေးတွေ. . . ငှက်ကလေးတွေ
အတွက် 'ကြက်ငှက်တုပ်ကွေး'
ပြီးတော့ 'ဝက်တုပ်ကွေး'
ကပ်ဆိုးရောဂါ 'လူတုပ်ကွေး'လည်းရှိခဲ့သေး
'ရတနာသုံးပါး' လည်း မမေ့နဲ့
'အပျော်အပါး' လည်း မလေ့နဲ့ ဆိုတဲ့
အမေ့ဆုံးမစကား. . .
'ခေတ်ကာလများ. . . မကောင်းပါဘူး သားရယ်'တဲ့
ဘာပဲဖြစ်ဖြစ် ကိုယ့်သမိုင်းကိုယ်ရေး
ကိုယ့်အလံ ကိုယ်ပဲထောင်ခဲ့တာပါ အမေ။

၇။
၁၉၈၇ ခုနှစ်. . .
သား ငယ်စဉ်တောင်ကျေးကလေးဘဝက
ရွာမှာ 'ဝက်သက်' ဆိုတဲ့ ကပ်ဆိုးရောဂါလို
ကမ္ဘာ့ရွာကြီးမှာ လူတုပ်ကွေးရောဆိုက်ကပ်လို့
သားတို့လို မိသားစုသေကွဲရှင်ကွဲ မဖြစ်စေချင်၊
ဟုတ်တယ်. . . အမေရေ. . ကမ္ဘာကြီးတစ်ခုလုံး
ရေဘေးကပ်၊ မီးဘေးကပ်၊ လေျင်ဘေးကပ်
ဆူနာမီကပ်၊ မာလာကပ်၊ နာဂစ်ကပ်၊
ကြက်တုပ်ကွေးကပ်၊ ငှက်တုပ်ကွေးကပ်
ဝက်တုပ်ကွေးကပ်၊ လူတုပ်ကွေးကပ်နဲ့
ကပ်ဘေးတွေသင့် သားတို့ဆီမှာတောင်
ဆယ်ကျော်သက်ညီမလေးတစ်ယောက်
A(H1N1) ဝေဒနာဖြစ်ပွားခဲ့သေးတယ် အမေ
ရေမကြည် မြက်မနုသော်လည်း
အခုရပ်မှာ အခုလူတွေနဲ့တောင်
အဆင်ပြေအောင် ကျင်လည်ကြရင်း
သားဘဝ၊ သားကဗျာ၊ သားအနုပညာ
ဒုက္ခအခက်အခဲတွေနဲ့ ဖြတ်သန်းနေရတယ်။

၈။
အပူများများ အအေးနည်းနည်း
ရောစပ်ထားတဲ့ လောကကြီးထဲ
ရာသီဥတုတွေ သံစဉ်မညီလည်း
သူ့ ကကြိုးအတိုင်း
စည်းချက်ညီညီ ကခဲ့တာပါပဲ အမေ၊
အဝေးက တိမ်တွေလိုတောင်. . .
မထိမ်းနိုင် မသိမ်းနိုင်ပြိုကျလာတဲ့
အဝေးက တိမ်တောင်တွေလို
အစိမ်းသက်သက် ဒုက္ခအခက်အခဲမှာ
ဘာတွေရခဲ့ပြီး ဘာတွေပေးခဲ့ရသလဲ၊
အမေ. . . ပုခက်လွှဲတဲ့လက်နဲ့
စာပေသမားတစ်ယောက်ဖြစ်ဖို့
စိတ်ကူးစိတ်သန်းလေးတွေများ
သားရဲ့နှလုံးသားကို
ရိုက်သွင်းပေးရစ်ခဲ့လေသလား အမေ။

ရှာရ. . . ဖွေရ. . . ထိန်းရ. . . သိမ်းရ
ပူရ. . . ပင်ရ. . . သောကဗျာပါဒတွေနဲ့
အဘ 'သုခ' စာသားလိုပဲ မှတ်လိုက်တယ်။
လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ
တဟုန်းဟုန်းနဲ့ အဝိဇ္ဇာတွေ ဖုံးနေတဲ့ဘဝ
ဖြစ်ချင်တာလဲ မဖြစ်ရ
မဖြစ်ချင်တာလဲ ဖြစ်ရ၊ ဘယ်ဟာမှ
မတည်မြဲ ဖောက်လွဲဖောက်ပြန်
အကြောင်းကံ ကမ္ဘသကာ
သားဘဝလည်း ကမ္ဘသကာပါပဲ အမေ။

**(၃၀–ကျော် သားကလေးထံ အကြိမ်ကြိမ်အခါခါ**
**ဖုန်းဆက်သော အမေသို့)**

www.burmeseclassic.com

www.burmeseclassic.com






မမှားကြပါဘူး
ဘယ်သူမှ မမှားကြပါဘူး
မိုးခေါင်ရေရှားနေရာ
ကန္တာရနွေရှိုင်းထဲ
အရိုးပြိုင်းပြိုင်းထ သစ်တစ်ပင်
မသီးပွင့် မဝေဆာနိုင်တော့တာ မဆန်းတယ်။

မပြောကြပါဘူး
ဘယ်သူမှမပြောကြပါဘူး
တစ်ဖြောက်ဖြောက် ကြွေလွင့်ကုန်တဲ့သစ်ရွက်
တစ်ဖေါက်ဖေါက် ကျိုးပဲ့သွားတဲ့ သစ်ခက်
ကံဆိုးမ သားတို့ရဲ့ သရုပ်မှန်တွေ
ပျားတုပ်ခံဖူးထားကြပြီပဲလေ။

သိကြပါတယ်
အကုန်သိကြပါတယ်
အဖက်လုပ်ပေါင်းသင်းချင်သူတွေမရှိ
ပကတိပြယုဂ်အရ ငြင်းပယ်ခံ
နေရာမှန်ပျောက်နေကြသူတွေအဖို့
ဒုက္ခစေရာကျွန်ဘဝနဲ့ တော်သလိုသာ
ရောက်ရာအရပ်မှာ မွေ့ပျော်စွာနေကြမယ်။

တရားကြပါတယ်
အားလုံးက တရားကြပါတယ်
ကျွန်တော်တို့မြန်မာတွေပါ
ကမ္ဘာမှာ ထင်ပေါ်မည့်သူများ
လောကသားတွေ အချင်းချင်းနားလည်ကြပါတယ်
အရက်မူးသမား ရူးခဲ့ရင်တစ်ခဏ
သွေးမူးသမား ရူးသွားရင်ထာဝရတဲ့. . .
သည်းခံကြ၊ ခွင့်လွှတ်ကြ
အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဟုတ်ကဲ့. . . ။
ထင်ရှားပီပြင် မြင်ကွင်းကျယ်ပိတ်ကားပေါ်မှာ
ဒဏ်ရာရ သစ်တစ်ပင်အကြောင်း
ကူးပြောင်းမယ့် ရာသီသစ်မှာ
လက်ညှိုးထိုး အပြစ်ပြောနေစရာမလိုတယ်
အရင်းကိုသာစစ်
အမြစ်က မြေမှာရှိကြောင်းပါခင်ဗျား။ ။

www.burmeseclassic.com




သဇင် . . .

မျှော်လင့်လျက်
ဖွေရှာရန် အတော်ခက်တယ်
ဘွားကနဲ ဘွားကနဲ ထွက်ထွက်လာမှ ပျော်ရတယ်။
(ဖတ်သူမရှိလို့ မရောင်း/မတင်ဘူးတဲ့)
အနာဂတ်ရဲ့ ခြေလှမ်း
အားအင်ကုန်ခမ်းလို့
အမောအပန်းပြေ
(သင့်အတွေး) စိမ့်စမ်းရေတွေ သောက်သုံးရင်း
ခေတ်ကာလရေစီး
ပြုံးပြုံးကြီး မျောချင်လို့ပါ . . . ။
တစ်မှခြောက်အဆုံး
သိမ်းကြုံးလို့ဖက်တွယ်
ထည်ဝါစွာ ထွက်ပေါ်လာတဲ့ မဂ္ဂဇင်း
တပ်မက်ခြင်းအတိနှင့် မျှော်သာမျှော်လည်း
နှောင်းကာလရှည်ကြာမှ
ချစ်ကျွမ်းဝင်တဲ့ ခွန်နှစ် အမှတ်စဉ်ရေ . . .
တူနှစ်ကိုယ်ဖက်ကာ ရှစ်ရက်နိုဝင်ဘာမှ
တိတ်တိတ်လေးချစ်ရတဲ့ညပေါ့။
ကိုစိုးzရဲ့
ရင်တွင်းဖြစ်ကဗျာနဲ့
မဖျိုမ တမ်းလေလေ
ကျွန်တော်တို့တတွေလဲ
အလွမ်းပန်းတွေ ဝေဝေလာတယ်ဗျာ။
ဝတ္ထုတို ကဏ္ဍဆီ ရွေ့လာကြည့်တော့
ဂဏန်းနှိုက်လို့
လက်ကိုက်မိရှောသလား . . . .
ဝိုးတဝါးအဖြေရှာ ပါမလာပြန်ဘူးနော်။
နေ့သစ်မေ ဆရာမ
လက်တွေ ရွှေချကာ ဝှက်သိမ်းမထားပါနှင့်
ကဗျာတွေ ဆက်ဆက်ပြီး မြင်ချင်သေးတယ်။
တော်ဝင်သဇင် ပန်းသခင်ရေ . . .
တောပန်းရနံ့ပမာ သင်းပျံ့မွှေးကြူနိုင်ပါစေ . . . ။
လန်းကာစွင့်လို့ တင့်တယ်နိုင်ပါစေ . . . ။
ကျောက်ကြားရေစိမ့်စမ်းလို ထာဝရအေးမြနိုင်ပါစေ ။
မကုန်ဆုံးသော အောင်မြင်မှုနှင့် အခွန့်ရှည် တည်တံ့ပါစေသား ။

စာပေ နှင့် သဇင်ချစ်သူ
ကိုသက် (ခေတ္တ မာလာယု)

ကိုသက်

သဇင် Success မဂ္ဂဇင်း
ထွက်ထွက်ခြင်းပင် အရောက်ပို့
စလုံးနဲ့ မလေး ပြိုင်တူ
ဖတ်သူမရှိဘူးဆိုတာ မဟုတ်ရပါကြောင်း။
အနာဂါတ်ရဲ့ လမ်းပြကြယ်
အမှောင်ခွင်းမည့် အလင်းရောင်
အားမာန်ဆောင်ကာ သွက်သွက်လှမ်း
ခရီးကြမ်းလည်း လာခဲ့ပါမယ်။
KL, JB နဲ့ ပီနန်း
ဂငယ်၊ ကကြီး၊ စလုံး နဲ့ အ
UK, US ပါမကျန်
ခရီးဆန့်နေတဲ့ မဂ္ဂဇင်း
ချက်ချင်း သင့်ရှေ့တော်မှောက်
အရောက်ပို့ပေးရန်အသင့်ပါ။
ဖတ်ချင်တဲ့ ကဏ္ဍ၊ ကြိုက်တဲ့ ကဏ္ဍ
မကြိုက်တဲ့ ကဏ္ဍ ညွှန်ပြကာပေးနိုင်ကြောင်း
သတင်းကောင်းဖြင့် . . . . . . .

မှတ်ချက်။ ။ ဂငယ်=ဂျပန် အ=အင်ဒိုနီးရှား
ကကြီး=ကိုရီးယား စလုံး=စင်ကာပူ

အယ်ဒီတာ

---

သဇင်အယ်ဒီတာအဖွဲ့ခင်ဗျား

သဇင်မဂ္ဂဇင်း အမှတ်စဉ်(၈)ကို မျက်နှာဖုံးမှ စပြောရရင် လှတယ် ငယ်တယ် ဟော့တယ် မိုက်တယ် . . . လို့။ လုံးဝမရှိုင်းဘူး ဒီတစ်ခါ။

တကယ်မတွေ့ရပေမဲ့တွေ့သည့်အလားအင်တာဗျူးထားတဲ့ စစ်သူကြီးမဟာဗန္ဓုလအကြောင်း၊ အေအီးစီ၊ ရောင်စုံဗန်းစကားနဲ့ ကနေဒါနိုင်ငံ ဆောင်းပါးတွေဟာ အကောင်းဆုံးဗဟုသုတတွေပါပဲ။ ကျော်မသွားဘဲ ဆက်ဆက်ဖတ်သင့်တဲ့ဆောင်းပါးတွေပါ။ပန်း



www.burmeseclassic.com

www.burmeseclassic.com

စကားဆောင်းပါးထဲမှာ ကောက်နုတ်ဖော်ပြထားတဲ့ 'လမ်းဘေးဘာသာစကားကဗျာ' ကဗျာလေးကလည်း ရီစရာ ထိမိလှပါတယ်။

ဟာသဖြစ်တဲ့ သင်စင်ကာပူရီယမ်ဖြစ်ချင်သလားက ပြောင်မြောက်ပါတယ်။ ဒါပေမဲ့ ပြုံးရုံလေးပြုံးပါထဲက ခြေထောက်ပါတဲ့ အသည်းကတော့ နည်းနည်းများရှိုင်းသလားလို့. . . ။ (အဲဒီကဏ္ဍက ၁စနှစ်အောက် မဖတ်ရလို့ ရေးမထားဘူးလေ)

ဝတ္ထုတွေ အကုန်ကောင်းတယ်။ အကောင်းဆုံးအကယ်ဒမီကတော့ အဏ္ဏဝါစိုးမိုးရဲ့ဂျပန်ဒွေးမယ်နော်ပါပဲ။သရုပ်ပေါ်လိုက်တာဗျာ။ ကဗျာမရေးတတ်ဘူး ဆိုလို့သာ။ ရေးများရေးတတ်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲမပြောတတ်ပါဘူး။ ပတ်ဝန်းကျင်ကို မြင်တတ်တဲ့ စာရေးဆရာဆိုတာ ဒါပါပဲ။

ခဏခဏ အကြံပေးသော်လည်း မပြောင်းလဲသေးတာကတော့ အောက်ခံမီးခိုးရောင်တွေ ရင့် ရင့်နေတာပါပဲ။ဒါဟာ စာဖတ်သူကို စိတ်အနှောက်အယှက် တကယ် ဖြစ်စေပါတယ်။ တန်ပင်နီးညများ ကဗျာစာမျက်နှာတွေမှာဆို စာကိုမနည်းဖတ်ယူရပါတယ်။ ပုံနှိပ်တိုက်ကို သေသေချာချာပြောပြစေချင်ပါတယ်။ ဖြစ်နိုင်ရင် စာတွေအောက်မှာ ဘာပုံ ဘာအရောင်မှ မရှိရင် ကောင်းမယ်။

နောက်ဆုံးမှပြောရပေမဲ့ အသေးအဖွဲဆုံးမဟုတ်တာကတော့ သဇင်နဲ့ စာပေချစ်သူများ စီစဉ်တဲ့ ပထမဆုံး စာပေဟောပြောပွဲကြီးပါပဲ။ အစစအရာရာ ကောင်းလှပါသည်ခင်ဗျား. . . လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါရစေ။ သဇင် (၉)ထဲမှာ စာကောင်းပေမွန်များဆက်လက်မျှော်နေပါ့မယ်။

ဦးဦးရွှေ (ရွှေမြန်မာ)

ဦးဦးရွှေ (ရွှေမြန်မာ) ခင်ဗျား

အကြံဉာဏ်များအတွက် ကျေးဇူးပါ။ ကောင်းသထက်ကောင်းအောင် ဆက်လက် ကြိုးစားသွားပါမယ်။ နောက်ခံ ခဲရောင်ကိစ္စ ပုံနှိပ်တိုက်နှင့် ညှိနှိုင်းပါဦးမယ်။ စာပေဟောပြောပွဲအတွက် ပူးပေါင်းစီစဉ်သူအားလုံး ဝမ်းသာပီတိ ဖြစ်ကြရပါကြောင်း. . . ။

အယ်ဒီတာ

---

သို့

အယ်ဒီတာ ခင်ဗျာ

ကျွန်တော်ဟာ Thazin Magazine ကို No.1 မှNo.8တိုင်အောင် မလွတ်တမ်းအားပေးခဲ့သူပါ။ ကဗျာများကိုလည်းလစဉ်ပို့ခဲ့ပြီး ဝတ္ထုတိုတစ်ပုဒ်လည်း ပေးပို့ခဲ့ပြီးပါပြီ။ September လမှာ (ဖြေပါဦး အချစ်ရယ်) ကဗျာတစ်ပုဒ်ကို ဖော်ပြပေးခဲ့တဲ့အတွက် ကျေးဇူးအထူးတင်လျက်ပါ။ လက်ရေးမလှတာကိုလည်း နားလည်ခွင့်လွှတ်ပေးပါလို့ အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကျွန်တော် မရှင်းတာက No.1 မှ No.4 အထိ ခုနှစ် နဲ့ လကို ဖော်ပြမထားဘဲ No.5 နဲ့ No.6 မှာတော့ July, August ဆိုပြီး ဖော်ပြထားပါတယ်။ ဒါပေမဲ့ No.7 မှာတော့ November, No.8 မှာတော့ January လို့ဖြစ်နေတာလေး မရှင်းလို့ပါ။ အမှတ်စဉ်မှန်ပြီး လတွေကျော်နေတော့လေ။ နောက်ပြီး ကျွန်တော်ရဲ့ စာမူတွေလည်း ရောက်မရောက်သိချင်လို့ပါ။မရွေးချယ်တာတော့ကျွန်တော်ရဲ့အားနည်းချက်ကြောင့်လို့ဆိုတာ သဘောပေါက်ပါတယ်။မြန်မာပြည်ကိုရော Thazin Magazine ကိုဖြန့်ချီပါသလား။ ကျွန်တော် သူငယ်ချင်းတွေက လှမ်းမှာနေလို့ပါ။ Thazin ကို Malaysia မှာရှိနေသ၍ အားပေးနေမှာပါလို့။

မျိုးနိုင် (လွမ်းငွေ့ဝေသီ)

0166369780

ဆရာ မျိုးနိုင်(လွမ်းငွေ့ဝေသီ)

ဆက်လက် ကြိုးစား ဆက်ပို့ပါ။ သဇင် successမဂ္ဂဇင်း အမှတ် (၁)မှ (၄)အထိ လများ မဖော်ပြခဲ့တာက အဲဒီအချိန်က ဘယ်နှစ်လကြာမှ တစ်အုပ်ထွက်ရမလဲ မသိဖြစ်နေလို့ပါခင်ဗျာ။ စင်ကာပူမှာ အလုပ်တစ်ဖက်နဲ့ ဝါသနာအရ စထုတ်ကြတဲ့မဂ္ဂဇင်းဖြစ်နေလို့ပါ။နောက်တော့ တစ်လခွဲတစ်ခါ ထုတ်ဖြစ်သွားပါတယ်။ ကျွန်တော်တို့ အယ်ဒီတာ အဖွဲ့ရဲ့ ရည်မှန်းချက်ကတစ်လတစ်အုပ်ဖြစ်ပါတယ်။ဒါ့မှလည်း လွတ်လပ်ရေးပွဲ၊ ပြည်ထောင်စုပွဲ၊ ဘာလင်တိုင်းဒေး၊ သင်္ကြန်ပွဲ၊ သီတင်းကျွတ် မီးထွန်းပွဲ. . . . . စသည်ဖြင့် ခေါင်းစဉ်လှလှလေးတွေအောက်မှာ မျက်နှာဖုံးလှလှလေးတွေ လုပ်ပေးနိုင်မယ်လို့ ယူဆမိပါတယ်။ဆက်လက် ကြိုးစားသွားကြမှာပါ။ ပါဝင်ကူညီထောက်ပံ့တဲ့အနေနဲ့ ကြော်ငြာများထည့်သွင်းကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များက နှစ်နဲ့လများ ဖော်ပြပေးဖို့ တောင်းဆိုလာတဲ့အတွက် ထွက်တဲ့လကို ရိုက်နှိပ်ပေးလိုက်တာပါ။ လောလောဆယ်တော့ အမှတ်စဉ်ကိုပဲ အတည်ပြုပါ။ အခုလို ဂရုတစိုက် ဝယ်ယူအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သဇင် success မဂ္ဂဇင်းက စင်ကာပူမှာ မှတ်ပုံတင်ထားပြီး၊ နိုင်ငံအသီးသီးကိုတင်ပို့ ရောင်းချခွင့်ရှိပါတယ်။ မြန်မာ့စာပေစိစစ်ရေးကိုတော့ မတင်နိုင်တာမို့ မြန်မာပြည်သို့ တရားဝင်ရောင်းချနိုင်ခြင်းမရှိသေးပါဘူး ဆရာ မျိုးနိုင် (လွမ်းငွေ့ဝေသီ) ခင်ဗျား။

အယ်ဒီတာ

---



SUCCESS **အောင်မြင်ခြင်း**

"When Things go wrong, take it on the chin and move on. Identify and implement the key learning points from the failure, do not dwell on the situation."

တစ်စုံတစ်ရာ အမှားအယွင်းဖြစ်ပြီဆိုပါစို့။အဲဒါကို အသာထားရှေ့ဆက်သွားပါ။ ဘာကြောင့်မှားသလဲ ကျဆုံးမှုကို သင်ခန်းစာယူ၍ အသုံးချပါ။ အဲဒီဆုံးရှုံးမှုမှာ ကြာရှည်မနေပါနဲ့။

တရုတ်စကားပုံ



www.burmeseclassic.com

# သမုဒယကျေးကျွန်

ဝေဒနာရောင်နောက်ခံနဲ့ သုခ

အမြင်လှပေမဲ့ စူးရှလွန်းတယ်

အရောင်မှိန်ချိန်တန်သွားပြန်တော့

အကျက်မညီတဲ့ ခံနိုင်ရည်ကို

မျက်ရည်ဖြစ်စေတယ်။

အငွေ့ပျံသွားတဲ့ ထိုမျက်ရည်

စုတ်ချက်မထင်တတ်သော အသည်းထက်

ဝေဒနာ ဆေးစက်ထပ်တင်ပေးမယ်

ဆက်ခံစားကြဦးစို့

အပူရောင်ဖြာတဲ့ သုခယောင်တစ်ခု

သမုဒယကို ကိုးကွယ်ထားသရွေ့

အသည်းမှာ အရာမထင်

ခုံမင်တပ်မက်စွာနဲ့ပေါ့. . . ။ ။

(နေ့သစ်မေ)

**စာပေဝါသနာရှင်များ ခင်ဗျား .....**

နေ့စဉ် စာမူ များစွာကို လက်ခံရရှိနေပါတယ်။ အထူးကျေးဇူးတင်ပါတယ်။ တစ်ချို့က စည်းကမ်းချက်များ မေးလာတဲ့အတွက် ပြန်ကြားအပ်ပါတယ်။



- ♥စာမူများဖတ်လို့ရအောင်တော့ သေသပ်စွာ ရေးပေးပါ။
- ♥ဗလာစာရွက်၊ A4 Paper ပေါ်တွင် တစ်ဖက်တည်းရေးပါ။
- ♥စာရွက်၏ လက်ဝဲဖက်တွင် ပေတံ တစ်ပြားစာခန့်ချန်ထားပါ။
- ♥စာမူများကို စာတိုက်က ပေးပို့နိုင်ပါတယ်။
- ♥စာမူများကို အယ်ဒီတာကို ဖုန်းဆက်ပြီးပေးနိုင်ပါတယ်။
- ♥ပင်နင်ဆူလာပလာဇာရှိသပြေနုဒေါ်သန်းသန်းနုထံမှာ ပေးထားလို့ ရပါတယ်။
- ♥Email နဲ့ပေးပို့မယ်ဆိုရင် Win researcher font နှင့် Microsoft Word မှာ ရိုက်ပြီးပို့ရင် ပိုအဆင်ပြေပါတယ်။
- ♥Blog မှာ တင်မထားကြောင်း၊ တစ်ခြား မဂ္ဂဇင်းများသို့ ပို့မထားကြောင်း ဝန်ခံချက် လိုပါတယ်။

ဆက်သွယ်ရန်. . . . .


ဖုန်းနံပါတ်
လိပ်စာ
Email address
များပါမှ ဆက်သွယ်ပြန်ကြားနိုင်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

THAZIN CARTOON






www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com




T H A Z I N C A R T O O N



www.burmeseclassic.com

www.burmeseclassic.com

THAZIN CARTOON






www.burmeseclassic.com

www.burmeseclassic.com

# MAI နေ့စဉ်ပုံမှန်ပြေးဆွဲမှု အစီအစဉ်သစ်

Myanmar Airways International (MAI) မှ စင်ကာပူ-ရန်ကုန်-စင်ကာပူ လွန်းပျံ နေ့စဉ်ပြေးဆွဲမှု ခရီးစဉ်၏ ပထမဦးဆုံးနေ့အဖြစ် စင်ကာပူမှလက်မှတ်အရောင်းကိုယ်စားလှယ်များ၊ ခရီးသည်များဖြင့် ၂၀၁၀ ဇန်နဝါရီလ (၁၂)ရက်နေ့က စင်ကာပူမှ ရန်ကုန်သို့ ပျံသန်းနိုင်ခဲ့ပါသည်။



သဇင် success မဂ္ဂဇင်းက MAI ၏ Managing Director ဦးအောင်ကြီးနှင့်တွေ့ဆုံမေးမြန်းရာတွင်. . . . .

*မေး။ ။ ဒီနေ့ လက်မှတ်အရောင်းကိုယ်စားလှယ်တွေကို မြန်မာပြည်ကို အလည်ဖိတ်ခေါ်ပြီး လေယာဉ်ပျံသန်းရတဲ့ရည်ရွယ်ချက်လေး သိပါရစေ။*

ဖြေ။ ။ ရည်ရွယ်ချက်ကတော့ မြန်မာပိုင်လေယာဉ်နဲ့ စင်ကာပူကိုဆွဲတယ်။လေယာဉ်တစ်စီးလုံး ကပ္ပတိန်ကအစ cabin crew တွေ၊ အင်ဂျင်နီယာတွေအားလုံး မြန်မာလူမျိုးတွေချည်းပါပဲ။ အားလုံးသိုက်သိုက်ဝန်းဝန်းနဲ့ သွားကြတာပါ။ ဒါက ပထမဆုံးအကြိမ်ပါ။ လက်မှတ်အရောင်းကိုယ်စားလှယ်တွေ ခေါ်ရတာကတော့ MAI နဲ့ပတ်သတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိစေမြင်စေချင်လို့ပါ။ MAI ဆိုရင် တော်တော်များများက Jetstar လို့ပဲသိကြတယ်။ အခုကတော့ MAI က ကိုယ်ပိုင်လေယာဉ်နဲ့ ကိုယ့်ဘာသာပျံသန်းနေပြီဆိုတာ ပြချင်လို့ပါ။ အခုဆိုရင် ဒီလမ်းကြောင်းမှာ Jetstar,MAI, Silkair ဆိုပြီး လေကြောင်းလိုင်းတွေရှိပါတယ်။ Jetstar ပျံသန်းတဲ့လေယာဉ်ပေါ်မှာ MAI က joint service လုပ်ပေးသလို MAI ကလည်း ကိုယ်ပိုင်လေယာဉ်နဲ့ သီးသန့်သပ်သပ်ပျံသန်းနေပါပြီ။

*မေး။ ။ နောင်ဆိုရင်ရော ဒီခရီးစဉ်မှာ MAI လေကြောင်း လိုင်းချည်းပဲ သပ်သပ် ရှိလာနိုင်ပါသလား။*

ဖြေ။ ။ဒါကတော့ ဒီခရီးစဉ်မှာ Traffic Right ရှိနေသမျှ Jeststar, Silkair, MAI သာမကဘဲ ဒီထက်မက လေကြောင်းလိုင်းတွေရှိလာနိုင်ပါတယ်။စင်ကာပူကလည်း Trafficတွေ များလာပါပြီ။ MAI ကလည်း သီးသန့် သပ်သပ်ပြေးဆွဲနေမှာပါပဲ။ အခုဆိုရင် MAI က တစ်ပတ်ကို သုံးရက်ပြေးဆွဲနေပါပြီ။ပြီးတော့ Traffic ပေါ်မူတည်ပြီး point to point သွားနေတဲ့ မြန်မာလူမျိုးတွေ အဆင်ပြေစေဖို့ မကြာခင်မှာ နေ့စဉ်ပြေးဆွဲဖို့လည်း စီစဉ်ထားပါတယ်။ ကိုယ့်မြန်မာလူမျိုးတွေအတွက် ကီလိုချိန်ကအစ တစ်ချို့အခက်အခဲလေးတွေအကြောင်းတစ်စုံတစ်ရာကြောင့် cancel ဖြစ်သွားတာတွေ အဲဒါတွေကို မြန်မာလူမျိုးတွေ ခရီးသွားလာရေးမှာ အဆင်ပြေအောင် MAI က စီစဉ်ပေးသွားမှာပါ။

*မေး။ ။ နောက်လကစပြီး MAI က Daily Flight ပြေးဆွဲတော့မှာဆိုတော့Jetstar ,Silkair တို့လည်း ဆက်ပြီးပျံသန်းနေဦးမှာလား။*

ဖြေ။ ။ဆက်ပြီးပျံသန်းနေဦးမှာပါ။ MAI ကလည်း Jetstar နဲ့တွဲပြီးဆက်ဆွဲနေမှာပါ။

*မေး။ ။ MAI အနေနဲ့လည်း ဗုဒ္ဓဂါယာကို ပြေးဆွဲနေပြီလို့ သိရပါတယ်။*

ဖြေ။ ။ ဟုတ်ပါတယ်။ MAI အနေနဲ့ ဗုဒ္ဓဂါယာကို တစ်ပတ်နှစ်ခေါက်ပြေးဆွဲနေပါတယ်။ပြီးတော့ လူအများရဲ့တောင်းဆိုချက်အရစင်ကာပူ-ရန်ကုန်-ဗုဒ္ဓဂါယာ ခရီးစဉ်ကိုလည်း ရန်ကုန်Transit အနေနဲ့ လက်မှတ်တွေကိုလည်း ထုတ်ပေးနေပါတယ်။ Faresတွေကိုလည်း တိုက်ရိုက်သွားတဲ့သူတွေအတွက် သက်သာအောင် Travel Agent တွေနဲ့ ညှိနှိုင်းပြီးစီစဉ်ပေးသွားမှာပါ။



*မေး။ ။အခုဆိုရင် MAI Promotion နဲ့ Road Show ကြောင့်တစ်ချို့ ပြန်ဖို့အစီအစဉ်မရှိသေးတဲ့သူတွေတောင် ဝမ်းသာအားရပြန်နိုင်ကြပါတယ်။ အဲလိုမျိုးရော ဆက်ပြီး Promotion အစီအစဉ်လေးတွေ ဆက်လုပ်သွားဖို့ အစီအစဉ်ရှိပါသလား။*

ဖြေ။ ။ရက်လေးတွေ သတ်မှတ်ပြီး အဲဒီ ရက်လေးတွေမှာခရီးသည်တွေကို ဈေးလျှော့ပေးပြီးရောင်းတာပါ။များသောအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com




weekend မှာ သွားလာတဲ့သူပိုများတယ်။ weekdayမှာ နည်းတယ်။ နည်းတဲ့ weekday မှာ ခရီးသည်တွေကို ဈေးလျှော့ပေးပြီး သွားဖြစ်အောင် စီစဉ်ပေးတာမျိုးပါ။ ဒါက တစ်ခဏတည်းမဟုတ်ပါဘူး။ မကြာမကြာ လုပ်သွားမှာပါ။

*မေး။ ။ ဒါဆိုရင် မကြာခဏပြန်ချင်တဲ့သူတွေအတွက်က ကြားရက်ကိုပြန်ရင် ပိုပြီးတော့ ဈေးနှုန်းလည်း သက်သာမယ်၊ အဆင်လည်း ပြေနိုင်မယ်လို့ ထင်ပါတယ်။*

ဖြေ။ ။ ဟုတ်ပါတယ်။ အဲလိုမျိုး ခရီးသည်တွေ အဆင်ပြေချောမွေ့အောင် MAI က စီစဉ်ပေးထားတာပါ။

*မေး။ ။ အစားအသောက်ကျတော့. . . .*

ဖြေ။ ။ အစားအသောက်က အရင်လိုပါပဲ။မပြောင်းလဲပါဘူး။လက်မှတ်ဈေးနှုန်းကို လျှော့ရောင်းလိုက်ရလို့ အစားအသောက်လျှော့မသွားပါဘူး။ Service ပိုင်းမှာလည်း Cabin Crew မှာ မြန်မာ(၆)ယောက်ရှိမှာပါ။Jetstar မှာ Jetstar က နိုင်ငံခြားသားcabin crew (4) ယောက်၊ မြန်မာ (2) ယောက်ပါပါတယ်။ MAIမှာတော့ အားလုံးက မြန်မာတွေချည်းပဲဆိုတော့ ပိုပြီး ဝန်ဆောင်မှုကောင်းလာပါတယ်။ ခရီးသွားတဲ့သူတွေအားလုံးလည်း သိကြပါတယ်။ MAI က ကိုယ့် မြန်မာ ကျောင်းသား အလုပ်သမားတွေအပေါ် အနွံအတာလည်းခံတယ်။ အစစ အဆင်ပြေအောင်လည်း လုပ်ပေးပါတယ်။

*မေး။ ။ နောက်ထပ်ထူးခြားတဲ့ အစီအစဉ်လေးရော ရှိပါသလား။*

ဖြေ။ ။ ကျွန်တော်တို့ တရုတ်ပြည်ကို ပြေးဆွဲတဲ့အချိန်ကြရင် အေးဂျင့်တွေကို ဖိတ်ခေါ်ပြီး အခုလိုပဲ ပွဲလေးကျင်းပဖို့ အစီအစဉ်တော့ရှိပါတယ်။ ရက်ကိုတော့ သေသေချာချာ မပြောနိုင်သေးပါဘူး။ ကူမင်းကို စတင် ပြေးဆွဲမှာပါ။




*မေး။ ။ ဒါဆိုရင် Future မှာ MAI က တရုတ်ပြည်ကို ပြေးဆွဲဖို့ အစီအစဉ်ရှိတာပေါ့။*

ဖြေ။ ။စီစဉ်နေပါတယ်။ Kunming, Guang Zhou နဲ့ Shang hai တို့ကို လျာထားပါတယ်။မတ်လမှာတော့ ဗီယက်နမ် airlineနဲ့ codeshare လုပ်ပြီး ရန်ကုန်-ဟန်္နိုင်းဆွဲပါ့မယ်။ အဲဒီအခါကျရင် ဟန်္နိုင်းက တဆင့် သွားလို့ရပါတယ်။ ဟန်္နိုင်း-ရန်ကုန်ကို မတ်လ ဒုတိယအပတ်လောက်မှာ စဆွဲပါမယ်။ ရန်ကုန်-ကူမင်းကိုတော့ ကူမင်းဘက်က ခွင့်ပြုချက်ရရင် စဆွဲပါ့မယ်။

*မေး။ ။ မြန်မာလူမျိုးတွေအတွက် တော်တော်ကောင်းတဲ့အစီအစဉ်လေးပါပဲ။*

ဖြေ။ ။ ဟုတ်ပါတယ်။ စင်ကာပူကတဆင့် ကူမင်း၊ ဟန်္နိုင်းကိုသွားချင်တဲ့သူတွေ၊ ဟန်္နိုင်းကတဆင့် ကိုရီးယား၊ ဂျပန်သွားချင်တဲ့သူတွေ MAI နဲ့ ဆက်တိုက်သွားလို့ရပါပြီ။ မြန်မာလူမျိုးတွေအတွက် ခရီးသွားလာရေးမှာ အဆင်ပြေအောင် တော်တော်များများ airline တွေနဲ့ agreement လုပ်ပြီး သက်သာတဲ့ ဈေးနှုန်းတွေနဲ့ရောင်းပေးသွားမှာပါ။အထူးသဖြင့် တစ်လိုင်းနဲ့တစ်လိုင်းချိတ်ပြီး agreement နဲ့သွားမှာပါ။ ဒါကတော့ International Airline တိုင်းလုပ်တဲ့ စံနှုန်းတစ်ခုပါ။ ဒါကို MAI ကလည်း လုပ်နေပါပြီ။



MAI မှ Airbus A320

*မေး။ ။ Tourist တွေအတွက်ရော MAI က ဘာတွေများ ထူးထူးခြားခြားလုပ်ပေးဖို့ စီစဉ်ထားပါသလဲ။*

ဖြေ။ ။ MAI က ပြည်တွင်းမှာ ပြေးဆွဲတာမဟုတ်တော့ ပြည်တွင်းသွားလာမှုမှာ လုပ်မပေးနိုင်ပါဘူး။ ဒါပေမယ့် Air-Bagan, Air-Yangon, Air- Mandalay စတဲ့ airline တွေနဲ့ချိတ်ဆက်ပြီး Special Rate တွေနဲ့သွားလာနိုင်အောင် စီစဉ်ပေးနေပါတယ်။

*မေး။ ။ အခုလိုဖြေကြားပေးတာ အထူးပဲ ကျေးဇူးတင်ပါတယ်။*

Theresa

www.burmeseclassic.com

www.burmeseclassic.com

# စင်္ကာပူမှာတစ်နာရီကျော်အောင် ကျောက်ခေတ်လူသားဖြစ်ဖူးသည်

အဏ္ဏဝါစိုးမိုး




**သင်္ဘောသားဟောင်းကြီး** ကိုအဏ္ဏဝါသည် သူ့အိမ်၏လသာဆောင်ကအမှောင်ထဲမှာထိုင်ပြီးအရက်သောက်နေသည်။ အမှောင်ထဲမှာ အရက်သောက်ရတာတစ်မျိုးအရသာရှိသည်။ တကယ့် အရက်သမားသည် သိပ်ပြီးလင်းလွန်းသည့် အလင်းရောင်အောက်မှာ အရက်သောက်ရတာကို မကြိုက်၊ အလင်းရောင် မှိန်မှိန်အောက်မှာ သောက်ရတာကိုပိုကြိုက်သည်။ဖြစ်နိုင်လျှင် ပုလင်းနှင့်ဖန်ခွက်ကိုမြင်ရသည့်အလင်းရောင်လောက်သာ ရှိတာကို ပိုကြိုက်သည်။ ဒါကို အရက်သမားအချင်းချင်းသာ နားလည်နိုင်သည့် အတွေ့အကြုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အများနားလည်အောင်ပြောရလျှင် ဒုစရိုက်သမားသည် အလင်းရောင်ကို မကြိုက်သည့် သဘောဖြစ်သည်။

ကိုအဏ္ဏဝါ၏ဇနီး မဖြူတုတ်နှင့် သူ့သားသမီးတွေကတော့ အမှောင်ထဲမှာ ထိုင်ပြီး တောက်တခေါက်ခေါက် ဖြစ်နေသည်။ နာရီကိုကြည့်လိုက်၊ တောက်ခေါက်လိုက် ဖြစ်နေသည်။ မနေ့က ကြည့်ပြီးသည့် ကိုရီးယားကား၏အဆက်၊ ဒီနေ့လာမည်ဖြစ်လို့ နာရီတကြည့်ကြည့်ဖြင့် စောင့်နေကြတာဖြစ်သည်။ ကိုအဏ္ဏဝါက တော့ ကိုရီးယားရုပ်ရှင်ကားကို စိတ်မဝင်စား၊ တစ်ခါမျှ မကြည့် သည့်အတွက် ဘယ်ဟာအွန်စော၊ ဘယ်ဟာဘွန်စောဆိုတာ မသိ ဖြစ်နေသည်။ မှောင်ထဲမှာ ယစ်ရွှေရည်အရသာကိုခံပြီး မှိန်းနေ သည်။ ဖတ်လက်စ(ပုံတောင်ပုံညာက ကျောက်ခေတ်လူသား မြန် မာများ) စာအုပ်က အကြောင်းအရာတွေကို သတိရနေသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပုံတောင်၊ ပုံညာဒေသက ပြဒါးလင်းဂူမှာ ရှာဖွေတွေ့ရှိရသည့် နံရံဆေးရေးပန်းချီ၊ ကျောက် လက်နက်တွေနှင့် အရိုးစုတွေကို သုတေသနပြုချက်အရ၊ ဒီဂူထဲမှာ အလွန်ရှေးကျသည့် ကျောက်ခေတ်လူသားတွေ နေထိုင်သွားခဲ့သည့် အထောက်အထားကို တွေ့ရသည်။ ဘယ်လောက်တောင် ရှေးကျ ပါသလဲဆိုလျှင်၊ သုတေသနပြုသူတွေက လူသားအစ မြန်မာကလို့ တောင်ပြောရလောက်အောင် ရှေးကျသည်ဟု ဆိုပါသည်။

ပြဒါးလင်းဂူနှင့် အနီးအနားတဝိုက်က ဂူတွေမှာ နေထိုင် ကြသည့် ကျောက်ခေတ်လူသားတွေသည် အမဲလိုက်ခြင်း၊ ငှက်ဥ နှိုက်ခြင်း၊ ပျားဖွတ်ခြင်းဖြင့် အသက်မွေးကြသည်။ အစားအစာ ရှာဖွေရင်း အုပ်စုချင်း တိုက်ခိုက်မှုတွေ ရှိသည်။ တရားဥပဒေမရှိ သဖြင့် ကြီးနိုင်ငယ်ညှင်း လုပ်ကြသည်။ မိန်းမလုကြသည်။ မီးကို မတွေ့ကြသေးဖြင့် နေထွက်မည့်အချိန်ကို မျှော်နေကြသည်။

နေထွက်မည့်အချိန်ကို မျှော်တာ အကြောင်းသုံးခုကြောင့် ဖြစ်သည်။ အလင်းရောင်ရရန်၊ အန္တရာယ်ကင်းရန်နှင့် အသားစိမ်း တွေကို နေလှမ်းရန်ဖြစ်သည်။ ပုံတောင်၊ ပုံညာဒေသမှာ တစ်ခါ တစ်လေ မိုးဆက်တိုက်ရွာသည်။ သည်းလိုက်၊ ဖွဲလိုက်ဖြင့် တစ်လ၊ နှစ်လကြာအောင် မိုးရွာချနေသည်။ ဒေသတစ်ခုလုံး အုံ့ဆိုင်း မှုန် မှိုင်းနေသည်။

နေမထွက်ဘဲ ရက်တွေကြာနေတော့ သားကောင်တွေ လည်း မထွက်၊ ငှက်တွေလည်း အသိုက်ထဲမှာ ကုတ်နေကြသည်။ ကျောက်ခေတ်လူသားတွေ စားရေး၊ သောက်ရေး အခက်တွေ့နေ ကြသည်။ နေကိုမျှော်နေကြသည်။ ကျောက်ဂူထဲက ကျောက်ခေတ် လူသား မိသားစုတွေသည် နေမင်းကြီး ထွက်ပေါ်လာလေ့ရှိသည့် အရှေ့ဘက်အရပ်ကို မျက်နှာမူပြီး ထိုင်ကြည့်နေကြသည်။ နေမင်း ကြီးရယ်. . . လာပါတော့ လို့ စိတ်ထဲကဆုတောင်းနေကြတာဖြစ် မည်။

မိုးစဲသွားသည်။ အရှေ့ဘက်ဆီက ရောင်နီပေါ်လာ သည်။ ကောင်းကင်တစ်ပြင်လုံးမှာလည်း တိမ်ကင်းစင်ပြီး ကြည် လင်နေသည်။ မကြာမီ တောင်ပြာတန်းကြီးနောက်က နေမင်းကြီး ဘွားကနဲ ပေါ်ထွက်လာသည်။ ကျောက်ခေတ်လူသား မိသားစု ဝမ်းသာအားရ ထ,အော်ကြသည်။

"ဟေး. . . . လာပြီကွ. . . . "

ပုံတောင်ပုံညာက ကျောက်ခေတ်လူသားတွေကို အိပ် မက်မက်နေသည့် ကိုအဏ္ဏဝါ အိပ်ရာက လန့်နိုးသွားသည်။ ကိုရီး ယားရုပ်ရှင်ဇာတ်လမ်းတွဲကြည့်မလို့ ထိုင်စောင့်နေကြသည့် မဖြူ- တုတ်နှင့် သူ့သားသမီးတွေက မီးလာလို့ ဝမ်းသာအားရ ထ,အော် ကြတာဖြစ်သည်။ မီးလာတာကိုများ၊ ဒါလောက်တောင် ဝမ်းသာ အားရဖြစ်ရတယ်လို့၊ ပြဒါးလင်းဂူက မိသားစုတွေ နေထွက်လာ တာကိုမြင်လို့ ဝမ်းသာတာကျနေတာပဲ ဟုတွေးမိသည်။ အရှိန်ပြေ သွားလို့ ဖန်ခွက်ထဲ လောင်းထည့်ပြီး မော့သောက်လိုက်ရသည်။

---

**ဈေးကြီးတစ်ခုလုံး မှောင်အတိကျသွားသဖြင့်**
**ဈေးထဲမှာ ရောက်နေကြသူတွေ**
**ကြောက်ပြီး အော်ဟစ်ကြတာ**
**ငရဲပွက်သလို ကြားနေရသည်။ တစ်ခါတစ်လေ**
**လျှပ်စစ်မီးပြတ်တာလေးကိုများ**
**စင်ကာပူနိုင်ငံသားတွေ အဖြစ်သည်းနေလိုက်ကြတာ**
**လို့ တွေးနေမိသည်။**

---

ကိုအဏ္ဏဝါသည် စင်ကာပူနိုင်ငံမှာ တစ်နာရီကျော်ကျော် လောက်ကြာအောင် ကျောက်ခေတ်လူသား ဖြစ်ခဲ့ဖူးသည်။၁၉၈၂ ခုနှစ်ဆန်းပိုင်းလောက်ကဖြစ်သည်။ တိတိကျကျပြောရလျှင် ဧပြီလ အလယ်လောက်မှာ ဖြစ်သည်။ စင်ကာပူနိုင်ငံရောက် အလုပ်လက် မဲ့ ကိုအဏ္ဏဝါ နေထိုင်ရာ ကတောင်း (Katong) ရပ်ကွက်ကြီးမှာ လျှပ်စစ်မီး ပြတ်တောက်သွားသည်။

လျှပ်စစ်မီးပြတ်သွားသည့်အချိန်သည် ညဦးပိုင်း ၉ နာရီ နှင့် ၁၀ နာရီအကြားမှာ ဖြစ်သည်။ တကယ့်အချိန်ကောင်းမှာ ပြတ် တောက်သွားတာဖြစ်သည်။ ရပ်ကွက်ကြီးတစ်ကွက်လုံး မှောင်အတိ ကျသွားသည်။ တစ်ရပ်ကွက်လုံး ဟေး. . . . ဆိုတဲ့ အသံကြီးထွက် ပေါ်လာပြီး ငရဲပွက်သလို ဆူညံစွာ အော်ဟစ်ကုန်ကြသည်။ တိုက် ခန်းတွေမှာ နေထိုင်ကြသည့် ကိုအဏ္ဏဝါတို့လို မြန်မာအလုပ်လက် မဲ့သင်္ဘောသားတွေ အပါအဝင်၊ ရပ်ကွက်သူ ရပ်ကွက်သားတွေ အားလုံး အခန်းတွေထဲမှာ စမ်းစမ်း၊ ရမ်းရမ်းဖြစ်ကုန်ကြသည်။ဒီလို အဖြစ်မျိုး ဖြစ်လေ့ဖြစ်ထမရှိသည့်အပြင် တစ်ခါမျှမကြုံဖူးကြလို့၊ ဖယောင်းတိုင်နှင့် လက်နှိပ်ဓါတ်မီးဆိုတာတွေလည်း ဆောင်မထား လို့၊ မှောင်ထဲမှာပင် ထိုင်နေကြရတော့သည်။ စင်ကာပူမှာတော့ အတော်ထူးဆန်းသည့် ဖြစ်ရပ်ဖြစ်သည်။

ည ၉နာရီ ၁၀နာရီအချိန်ဖြစ်လို့ ကတောင်းရှော့ပင်း စင်တာကြီးမှာ လူစည်ကားချိန် အရောင်းအဝယ်ကောင်းချိန်ဖြစ် သည်။ ဈေးကြီးတစ်ခုလုံး မှောင်အတိကျသွားသဖြင့် ဈေးထဲမှာ ရောက်နေကြသူတွေ ကြောက်ပြီး အော်ဟစ်ကြတာ ငရဲပွက်သလို ကြားနေရသည်။ ကိုအဏ္ဏဝါတို့ကတော့ ဒါမျိုးတွေရိုးနေပြီမို့



www.burmeseclassic.com

အေးဆေးပဲ၊ မှောင်ထဲမှာ ထိုင်ပြီး စဉ်းစားနေသည်။တစ်ခါတစ်လေ လျှပ်စစ်မီးပြတ်တာလေးကိုများ စင်ကာပူနိုင်ငံသားတွေ အဖြစ်သည်းနေလိုက်ကြတာလို့ တွေးနေမိသည်။ ဒါလေးများ ဟုလည်း တိုးတိုးပြောလိုက်သည်။

စင်ကာပူနိုင်ငံမှာ လျှပ်စစ်မီးမတော်တဆ ပြတ်တောက်သွားလျှင် ချက်ချင်းထလင်းသည့် ဘတ္တရီသုံးအရေးပေါ်လမ်းမီးတွေ တပ်ဆင်ထားသည်။ လမ်းမီးတွေက ယာဉ်အသွားအလာ ပြဿနာမဖြစ်အောင် စီစဉ်ထားသဖြင့် ခပ်မှိန်မှိန်သာ လင်းသည်။ ကားဟွန်းမတီးရသည့် စင်ကာပူနိုင်ငံမှာ ဒီနေ့ညတော့ ကတောင်းရပ်ကွက်ကြီးထဲမှာ ကားဟွန်းတီးသံတွေ ဆူညံနေသည်။ အိမ်တွေနှင့် ကုန်တိုက်ကြီးတွေ မှောင်အတိကျပြီး လူတွေ ရှုတ်ရှုတ်သဲသဲဖြစ်နေကြသည်။

ရပ်ကွက်ကြီးထဲကို ရဲကားတွေ ချက်ချင်းရောက်လာပြီး ရပ်ကွက် အဝင်အထွက်လမ်းတွေကို ပိတ်ဆို့ထားလိုက်သည်။ ဘတ်စ်ကားကြီးတွေ အပါအဝင်၊ အငှားယာဉ်တွေရော၊ ကိုယ်ပိုင်ကားတွေပါ ရပ်ကွက်ထဲက အထွက်ကိုပဲ ခွင့်ပြုသည်။ ရပ်ကွက်ထဲကို အဝင်မခံတော့သည့်အတွက် လမ်းပေါ်မှာ ကားတွေရှင်းသွားတော့သည်။

အိမ်တွေထဲမှာ မည်းမှောင်နေသည့်အပြင် လမ်းတွေပေါ်မှာ ယာဉ်အသွားအလာ မရှိတော့သည့်အတွက် အိမ်တွေထဲက လူကြီးတွေရော၊ ကလေးတွေပါ လမ်းမပေါ်ကို ထွက်လာကြသည်။ လူကြီးတွေက လမ်းမပေါ်မှာ ကုလားထိုင်တွေ၊ ဒရင်းဘက်တွေ ချပြီး ထိုင်ရင်း ယပ်ခတ်နေကြသည်။ ကလေးတွေက လမ်းမပေါ်မှာ ပြေးလွှားဆော့ကစားနေကြသည်။ သူတို့ဘဝမှာ ဒီလိုလွတ်လပ်စွာ လမ်းမပေါ်တက်ပြီး နေရတာဟာ၊ တစ်သက်မှတစ်ခါ ကြုံတောင့်ကြုံခဲဖြစ်လို့ အရမ်းပျော်နေကြတာဖြစ်မည်။ လျှပ်စစ်မီးပြန်မလာပါစေနဲ့လို့ ဆုတောင်းနေကြသည့်ပုံဖြစ်နေသည်။

---

**လျှပ်စစ်မီးပြတ်လို့ ပြည်သူတွေကို တောင်းပန်သည့် နိုင်ငံမှာ ရောက်နေသည့် ကိုအဏ္ဏဝါတို့ ရွှေမြန်မာတွေ အံ့သြကြရသည်။ အရေးမဟုတ်တာကို အရေးတကြီး လုပ်နေသည်လို့ တွေးမိကြသည်။**

---

ည ၁၁ နာရီထိုးခါနီးလောက်မှာ ရပ်ကွက်ကြီးတစ်ကွက်လုံး မီးပြန်လင်းလာသည်။ မီးပြန်လင်းလာတာကို ဘာမှမထူးဆန်းသလို ဘယ်သူကမှ ဟေး. . . . လာပြီကွလို့ ဝမ်းသာအားရ မအော်ကြသည့်အတွက် ပုံမှန်ပြန်ဖြစ်သွားသည်ဆိုတာထက် ပိုပြီး မထူးသလိုဖြစ်နေသည်။

လမ်းပေါ်မှာ ထွက်ထိုင်နေကြသည့် လူကြီးတွေဖိမ်ပျက်သွားသည်။လမ်းပေါ်မှာပြေးဆော့နေကြသည့် ကလေးတွေ ကစားတာ မဝသေးလို့ စိတ်ဆိုးကြသည်။ ပွဲစား မစ္စတာအန်း ငှားပေးထားသည့် တိုက်ခန်းမှာ နေကြသည့် ကိုအဏ္ဏဝါတို့လို အလုပ်လက်မဲ့ မြန်မာသင်္ဘောသားတွေကတော့ မီးပြန်လာတာ မြန်လိုက်တာလို့ တွေးမိသည်။

စင်ကာပူနိုင်ငံက နောက်နေ့ထုတ်သတင်းစာတွေမှာ၊ ကတောင်းရပ်ကွက်ကြီး တစ်နာရီကျော်ကြာအောင် လျှပ်စစ်မီးပြတ်တောက်သွားသည့်သတင်းကို ရေးကြီးခွင့်ကျယ်လုပ်ပြီး မျက်နှာဖုံး သတင်းကြီးအဖြစ် ဖော်ပြသည်။ (စင်ကာပူ အရှေ့မြောက်ပိုင်း ရပ်ကွက်ဖြစ်သည့် ကတောင်းရပ်ကွက်ကြီးမှာ တစ်နာရီကျော်ကြာအောင် လျှပ်စစ်မီးပြတ်တောက်သွားခဲ့ကြောင်း၊ သက်ဆိုင်ရာက လျှပ်စစ်ဓါတ်အားကို ချက်ချင်းပို့လွှတ်ပေးခဲ့သော်လည်း လိုင်းကြိုးများချို့ယွင်းမှုရှိ၍ပြုပြင်ရသဖြင့် တစ်နာရီကျော် ကြာသွားကြောင်း၊ ကတောင်းရပ်ကွက်ကို လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးသည့်ကုမ္ပဏီက ရပ်ကွက်နေပြည်သူများကို တောင်းပန်ကြောင်း၊ သည်းခံခွင့်လွှတ်ပါရန် မေတ္တာရပ်ခံကြောင်း၊ နောင်အခါမှာ အလားတူပြဿနာမျိုးမဖြစ်စေရပါဟု ကတိပေးကြောင်း) ရေးသားထားတာ ဖတ်ရသည်။

လျှပ်စစ်မီးပြတ်လို့ ပြည်သူတွေကို တောင်းပန်သည့် နိုင်ငံမှာ ရောက်နေသည့် ကိုအဏ္ဏဝါတို့လို ရွှေမြန်မာတွေ အံ့သြကြရသည်။ အရေးမဟုတ်တာကို အရေးတကြီးလုပ်နေသည်လို့ တွေးမိကြသည်။

ဒီကိစ္စသည် ဒါလောက်နှင့်ပြီးမသွားသေးဘဲ နောက်နေ့ထုတ် သတင်းစာတွေမှာ ပါလာပြန်သည်။ စီးပွားရေးလုပ်ငန်းရှင်တွေက လျှပ်စစ်ကုမ္ပဏီကို တရားစွဲသည့် သတင်းဖြစ်သည်။ အအေးခန်းနှင့် သား ငါး ပုစွန်လုပ်ငန်းတွေက သူတို့၏ သိုလှောင်ဂိုဒေါင်တွေက သား၊ ငါးတွေနှင့် အသီးအရွက်တွေ ပုပ်သိုး၊ ပျက်စီးကုန်ကြောင်း၊ ကုန်တိုက်ကြီးတွေကလည်း အရောင်းအဝယ်တွေရပ်ဆိုင်းကုန်သဖြင့် နစ်နာကြောင်း၊ အိမ်ရှင်မတွေကလည်း ရေခဲသေတ္တာထဲက အစားအသောက်တွေ ပျက်စီးကုန်ကြောင်း၊ လျော်ကြေးပေးရန်တောင်းဆိုကြကြောင်း သတင်းတွေဖြစ်သည်။

စင်ကာပူက ပြည်သူတွေကို အံ့သြမိသည်။ တစ်နာရီကျော်မျှသာ လျှပ်စစ်မီးပြတ်လို့ အလင်းမရှိ၊ ထင်းမရှိ နေခဲ့ရတာလေးကို အဖြစ်သည်းနေလိုက်ကြတာဟု တွေးမိသည်။ ကိုအဏ္ဏဝါကတော့ စင်ကာပူနိုင်ငံမှာ တစ်နာရီကျော်မျှကြာအောင် ကျောက်ခေတ်လူသားဖြစ်ခဲ့ဖူးတာကို မမေ့နိုင်လို့ ဂုဏ်ယူနေသည်။

အဏ္ဏဝါစိုးမိုး



www.burmeseclassic.com

www.burmeseclassic.com



# စာနာနားလည်နိုင်သော်

ဒေါက်တာနေဇင်လတ်

စာနာမှု၊ နားလည်မှုဟာ အမှုမဲ့၊ အမှတ်မဲ့ဆိုရင် တန်ဖိုး သိပ်မပေါ်လှ။အလေးအနက်ထားခဲ့ရင်၊ အခြေအနေတစ်ရပ်ကခွင့်ပေးလာရင်တန်ဖိုးအတော်ကြီးပါတယ်။ ဘမောင်တို့သားသမီး ဘဝမှာတုန်းက မိဘများအပေါ် စာနာမှု၊ နားလည်ပေးနိုင်မှု နည်းပါးခဲ့ကြတယ်။ လိုတာ ဝယ်မပေးရင် ငြူစူမိတယ်။ အရွယ်ကလေးရပြီး အိမ်ပြန်နောက်ကျလို့ မိဘတွေက စိုးစိတ်နဲ့ မြည်တွန်ရင်လည်း မိဘတွေအပေါ် ငြိုငြင်ခဲ့သေးတယ်။ မိဘတွေရဲ့ ခံစားမှု၊ သားသမီးတွေအပေါ် ချစ်ခင် မှု၊ စိုးရွံ့မှုတွေကို ထည့်မတွက်ဖြစ်ခဲ့။

ကိုယ် မိဘအရွယ်ရောက်လာတော့မှ မိဘတွေအပေါ် စာနာဖြစ်လာတယ်၊ ပိုပြီး နားလည်လာတယ်၊ ဝန်ထမ်းဘဝတုန်းက ကိုယ့်အထက်အရာရှိက ဆုံးမတာလေးတစ်ခု သွားမှတ်မိတယ်။

"ခင်ဗျားတို့. . . . . ကျွန်တော့်ရဲ့ တာဝန်မျိုး ယူလာရတဲ့ အချိန်ကျရင် သိလိမ့်မယ်၊ ဒါပေမယ့် ဒီတာဝန်မျိုး မယူခင် ကတည်းက ကြိုပြီးသိထား၊ နားလည်ထားနိုင်ရင် ခင်ဗျားတို့ရဲ့ အနာဂတ်က ပိုပြီး တောက်ပြောင်မယ် "

ဆရာ့စကားတွေက အတော် တာတယ်၊ ဆရာဟာ လူတော်တစ်ဦးဖြစ်ပါတယ်၊ တပည့်တွေကို ဘယ်သူ့ဘယ်လိုခိုင်းရမယ်ဆိုတာ ကောင်းကောင်းသိတယ်၊ ဘယ်ကျောက်ကိုဘယ်လိုသွေးရမယ်ဆိုတာကို ကျွမ်းကျွမ်းကျင်ကျင် သိတဲ့သူပါ။ သူ့ လက်အောက်မှာနေတုန်းက ဘမောင်တို့ အတော်စိတ်ညစ်ခဲ့ဖူးတယ်၊ အရာရှိပေါက်စရဲ့ အရသာလုံးဝမရခဲ့ဘူး။ ဒါပေမယ့် သူပုံသွင်းလိုက်တဲ့ လက်ရာဟာ တကယ့် ဈေးကွက်ထဲလည်း ရောက်ရော ရောင်းပန်းလှတဲ့ ပစ္စည်းတွေ ဖြစ်သွားကြတယ်၊ သည်ဘက်ခေတ်ဈေးကွက် စီးပွားရေးမှာ နိုင်ငံတကာ စီးပွားရေး ထွက်လုပ်တော့ သူ နာနာထုခဲ့တဲ့ အိုးဟာ အသံကောင်း၊ အိုးကောင်းဖြစ်မှန်းမသိဖြစ်နေတာ တွေ့လာရတယ်။ ဆရာ့ကျေးဇူး အတော်ကြီးပါတယ်။

× × × × ×

ဆရာသင်ခဲ့ပြောခဲ့တာတွေက အများကြီးပဲ၊ လူတော်ကြီးမှန်းသိတော့ သူ့စကားတွေကိုဘမောင်တို့ အမှုမဲ့အမှတ်မဲ့ ပစ်မထားရဲတော့ဘူး၊ အထူးသဖြင့်တော့ 'စာနာ၊ နားလည်မှု' ရှိဖို့ ဆုံးမ



www.burmeseclassic.com

www.burmeseclassic.com

စကားကို ဘမောင်တို့ အတော်ကလေး အသုံးချ ဖြစ်ခဲ့တယ်။

"မီးပူတာကို တွေးကြည့်ရုံနဲ့ သိသင့်တယ်၊ ကိုင်ကြည့်မှ သိရင်တော့ . . . သူများနောက်မှာပဲ နေရလိမ့်မယ်"

သူ့စကားတွေက သွေးထွက်အောင် မှန်ပါတယ်၊ ကိုယ်တွေ့ကြုံမှသာ သိကြရရင် . . . လောကကြီးမှာ သိစရာတွေက အပုံအပင်ပါ၊ တော်တော်များများကိစ္စရပ်တွေမှာ ကိုယ်တွေ့မကြုံဘဲသိနိုင်ဖို့ကောင်းတာတွေကို ကိုဘမောင်တို့ အတော်သဘောပေါက်လာခဲ့ကြပါတယ်။ မသင်ဘဲတတ်ရမယ့် ကိစ္စတွေလည်း အများကြီးပါ။ နောက်ပိုင်းစီးပွားရေး စီမံခန့်ခွဲမှုပညာရပ်ကို ထဲထဲဝင်ဝင်သင်ဖြစ်တော့ ဆရာ့စကားတချို့ကို ပြန်အမှတ်ရမိလာတယ်။

Tacit Knowledge တဲ့၊ တိုက်ရိုက်ပြောဖို့မလိုဘဲ သိရမယ့် ပညာတွေပေါ့။ ဥပမာ - အရွယ်ရောက်လို့ရည်းစား ထားတာမျိုး သင်ပေးဖို့မှမလိုတာ၊ မိန်းမယူပြီး လုပ်ကျွေးရမှာလည်း ပြောဖို့မှ မလိုတာ၊မြန်မာ့ယဉ်ကျေးမှုမှာ ကိုယ့်ထက် အသက်ကြီးသူရှေ့ဖြတ်လျှောက်ရင် ခေါင်းငုံ့လျှောက်ကြပါတယ်၊ အရိုအသေပေးရပါတယ်။အဲဒါလည်း သင်ဖို့မလိုဘူး၊ ပတ်ဝန်းကျင်ကို လေ့လာရုံနဲ့သိနိုင်တဲ့ကိစ္စတွေ၊ လောကမှာ အဲသလိုဒဲ့ဒိုး မပြောဘဲ၊ မသင်ဘဲ သိနိုင်ရမယ့်အရာတွေ၊ သိသင့်တဲ့အရာတွေက အများကြီးပါပဲ။

ဈေးကွက်စီးပွားရေးမှာ ဘမောင်တို့အကြောက်ဆုံးအရာ၊ အပင်ပန်းဆုံးအရာက ဘာလဲဆိုရင် လူတွေကို ပြောရ၊ ဆိုရတာပဲ။ သည်နေ့ လူအများစုဟာ သိပ်အပင်ပန်းမခံချင်ကြတော့သလိုပဲ၊ ဘယ်လောက်ပြောပြော ဒုံရင်းက ဒုံရင်း ဖြစ်နေကြတယ်။ အခြေခံဝန်ထမ်းက အသိနိမ့်လို့ထားဦး၊ Supervisor အဆင့်၊ မန်နေဂျာလိုအဆင့် တွေကိုလည်း တဖွဖွ ပြောနေရတုန်းပဲ။ အလုပ်ထဲမှာ အပင်ပန်းမခံချင်ကြရုံ မဟုတ်ဘူး၊ လေ့လာမှုအား၊ ပညာရယူမှုအားလည်း အတော် နည်းပါးတာ သတိထားမိတယ်။ ဘမောင်တို့ ခဏခဏ ပြောဖူးတယ်၊ ကုမ္ပဏီဆိုတာ သာလာယံဇရပ်ကြီးလိုပဲလို့၊ လူတွေ ဝင်လိုက်ကြ၊ ထွက်လိုက်ကြနဲ့၊ ဝင်တုန်းခဏမှာ အလုပ်လုပ်ပါ၊ ပညာယူပါ၊ အဲဒီကုမ္ပဏီအတွက် လုပ်ပေးနေရတယ်လို့ မမှတ်ပါနဲ့၊ ကိုယ့်ထွက်သွားတဲ့အခါပညာတစ်ရပ်ကိုယ်နဲ့အတူ ပါသွားပါတယ်လို့၊ အဲဒီအဆင့်ကို သိတဲ့သူက အရေအတွက် အတော် နည်းပါးပါတယ်၊ အများစုကို အားမရဘူး။

"ကွပ်ကဲမှု အနည်းဆုံးနဲ့ လုပ်ကိုင်နိုင်ရင် ခေါင်းဆောင်ဖြစ်ဖို့ နီးပြီ၊ ကွပ်ကဲမှုမရှိဘဲ လုပ်နိုင်ရင်တော့ ခေါင်းဆောင်ဖြစ်ပြီ"

အဲဒီအနှစ်သာရကို လိုက်နာနိုင်တာတစ်ရာမှာ တစ်ယောက်လို့ပြောရင် ဘမောင်ကို လွန်တယ်ပြောကြမလားပဲ။ လက်တွေ့လုပ်ငန်းမှာ တကယ် ရင်ဆိုင်နေရတာ၊ ဘမောင်တင် မဟုတ်ဘူးနော်၊ တခြားစီးပွားရေးသမားတွေလည်း သည်အတိုင်းပဲတဲ့၊ ကဲ . . . ဘယ်လိုလုပ်ကြမလဲ။

× × × × ×

HR ဆိုတဲ့ Human Resource အရေးကြီး တာကို ဘမောင်တို့သိတယ်၊ အလေးလည်းထားတယ်၊ အဲဒီအတွက်ကြောင့်လည်း အကုန်အကျခံပြီး တချို့ကို သင်တန်းတွေလွှတ်ပြီး လေ့ကျင့်ပေးတယ်၊ သူတို့ပြန်လာရင် Report ကို တော်တော်နဲ့ မဖတ်ရသေးဘူး၊ စိတ်မရှည်လို့ 'ဘယ်နေ့အပြီးတင်' ဆိုမှ Report တက်လာတယ်၊ သင်တန်းက သင်ခန်းစာတွေ ကြည့်လိုက်တော့ . . . အကောင်းစားတွေ၊ သင်တန်းလည်းပြီးရောစာအုပ်ထဲမှာပဲ အပြီးသိမ်းလိုက်ကြတယ်နဲ့ တူတယ်၊ သူတို့ သင်ခန်းစာတွေထဲမှာ Report ကို ဘယ်လိုရေးရမယ်၊ ဘယ်အချိန်တင်ပြသင့်တယ်ဆိုတာမျိုးအထိ ပါတယ်။ ဒါပေမယ့် လက်တွေ့ကျင့်သုံးကြတာမတွေ့ရဘူး။ ကဲ . . . ကြည့်၊ ဘယ်လောက် စိတ်တိုစရာကောင်းသလဲ၊ ထုလို့လည်းမရ၊ ထောင်းလို့လည်းမရ၊ အနာဂတ်ကို ခပ်ပါးပါးလောက်ပဲ ကြည့်ကြတဲ့သူတွေပါလား။

သည်နေ့ပြောနေတဲ့ ပညာဆိုတာ HRက အခြေခံတာ၊ လူသားအရင်းအမြစ် တိုးတက်လာတာကိုပြောတာ ၊ဒါပေမယ့် အများစုက ဦးနှောက်ထဲမသိမ်းကြဘဲ၊ စာအုပ်ထဲမှာပဲသိမ်းထားကြတာဆိုးတယ်၊ Knowledge ဆိုတာ Education နဲ့ Experience ဆိုတဲ့ လောကအတွေ့အကြုံနှစ်ရပ်ကို ပေါင်းထားတာ၊ Education က ကျောင်းကထွက်လာပြီးကတည်းက တချို့အတွက်ဆို လမ်းဆုံးသလောက်ဖြစ်နေကြပြီ၊ ဒါပေမယ့် လောကပညာဆိုတာ ရှာလို့ကုန်တာမဟုတ်ဘူး၊ မလုပ်ကြတာပဲခက်တယ်။

Report ရေးရင် ခဏခဏပြောရတာ ရှိသေးတယ်၊ကိုယ့်ရှုထောင့်ကချည်း မရေးပါနဲ့၊ သူ့ရှုထောင့်ကကြည့်ရင် ဘာသိချင်မလဲ၊ဘာမေးချင်သလဲဆိုတာ တွေးကြည့်ပါလို့၊ အဲဒါ စာနာနားလည်ခိုင်းတာ၊ ကိုယ်သာ သူ့နေရာမှာဆိုရင် ဘယ်လိုမှတ်ချက်ပေးမလဲ၊ အဲသလို သူများကိုယ်စား ဝင်မကြည့်နိုင်လို့ကတော့Report တစ်စောင်ဟာ ဘယ်တော့မှ ပြီးပြည့်စုံတဲ့ Report ဖြစ်လာမှာ မဟုတ်ဘူး။ ကိုယ်လည်း ဦးဆောင်ကဏ္ဍကို ဘယ်လိုမှရမှာ မဟုတ်ဘူး၊ လူဆိုတာတစ်ချိန်ချိန်မှာ 'ကံ' ပေးတတ်တယ်၊'ကံ' ကောင်းလို့ ထီပေါက်ပြီး ကုမ္ပဏီထောင်ဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ဝန်ထမ်းတွေကို ဘယ်လိုဦးဆောင်မလဲ၊ တကယ် အရည်အချင်းမရှိရင်အသာကလေး ပြန်ကျသွားမှာပဲ၊ မြင့်ပြီးမှ ပြန်ကျရင် Depression ကနေမှာ မဟုတ်ဘူး၊ တစ်ခါတည်း လိုက်လာမယ့်အရာနော်။ လောကမှာ လင့်ခရှူဇာစီးပြီးမှ ဘတ်စ်ကားပြန်စီးကြရတဲ့သူတွေ အများကြီး၊ သင်ခန်းစာယူဖို့ကောင်းတယ်။ဈေးကွက်စီးပွားရေး ပိုပြီးပီပြင်လာရင်၊ အတက်အကျ ခပ်ကြမ်းကြမ်းတွေ ပိုပြီးတွေ့ရလိမ့်ဦးမယ်။

× × × × ×

တစ်လောတုန်းက ဘမောင်တို့ အဖုအထစ်လေးတွေ တော်တော်ရှိလိုက်သေးတယ်။ စီးပွားရေးသမားလည်းဖြစ်၊ လုပ်ငန်းရှင်လည်းဖြစ်၊ အသင်းအဖွဲ့တစ်ခုရဲ့ တာဝန်ရှိသူလည်း ဖြစ်တော့ ဂျာနယ်တွေနဲ့ ကင်းလို့မရဘူး။ ဂျာနယ်တော်တော်များများရဲ့ အင်တာဗျူးတွေမှာ အချိန်မပေးနိုင်တော့လို့၊ သိပ်အရေးကြီးရင်ဖုန်းနဲ့ မေးဖို့တချို့ကို ခွင့်ပြုလိုက်ရတယ်။ ဂျာနယ်တစ်စောင်က အင်တာဗျူးမှာ ဖြေလိုက်တာကို အပြည့်အစုံပြန်မရေးတော့. . ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဌာနက ဘမောင်အပေါ် တစ်မျိုးတစ်မည် ထင်စရာဖြစ်သွားတယ်။ တော်သေးတယ်။ ဝန်ကြီးတို့ ညွှန်ချုပ်တို့က ဘမောင်နဲ့ သိပ်စိမ်းတဲ့သူတွေ မဟုတ်လို့။

အဲဒါလည်း စာနာ၊ နားလည်မှုမရှိတာဘဲ။ Interview မတွေ့ပြန်ရင်. . . အပြစ်ပြောခံရဦးမယ်။အမေးအဖြေလေး လုပ်ပေးပြန်ရင်လည်း ကိုယ်ရေးလိုက်တာ သူ့ကို ဘယ်လိုထိခိုက်သွားနိုင်တယ်ဆိုတဲ့ ရှုထောင့်က မစဉ်းစားကြဘူး။ သတင်းဖြစ်ရင်ပြီးရောထဲက ဘမောင်တို့ကြားက ငထွားတွေ ခါးနာနေကြရတယ်။

နောက် ဂျာနယ်တစ်စောင်ရှိသေးတယ်။ တွေ့ခွင့်ပေးပါဆိုပြီး အတင်း နသားအဲယားနဲ့ တွေ့ပေးလိုက်တော့ ဗျူးလိုက်တာ အရှည်ကြီး။ အဲဒါက ပြဿနာမဟုတ်ဘူး။ စာကြမ်းရေးပြီး လာပြပါမယ်လို့ အကြိမ်ကြိမ် ကတိနဲ့ပြန်သွားတယ်။ ဘမောင် ခရီးထွက်မယ့်ရက်ကိုလည်း ပြောလိုက်တယ်။ အဲဒီမတိုင်ခင် သေချာပေါက်လာပြပါ့မယ်လို့လည်း ဆိုတယ်။ ပြီးတော့ ပေါ်မလာဘူး။ ခရီးကပြန်လာတော့ ဖုန်းလေးတော့ဆက်တယ်။ သတင်းလိုလို့ ထည့်လိုက်ပါတယ်တဲ့။

"Sorry ဆရာရယ်"

ဆိုတဲ့ တစ်လုံးကို ခပ်လွယ်လွယ် ပြောသွားတယ်။ဒါနဲ့ပြီးပြီလို့ တွက်ကြသလားမသိဘူး။ ပြီးတော့ သူတို့လက်အောက်ခံဝန်ထမ်းလို့များလည်း ထင်နေသလား မသိဘူး။ ဂျာနယ်လစ် ဖြစ်တာနဲ့လုပ်ချင်တာလုပ်လို့ ရတယ်လို့များလည်း ယူဆကြသလား မသိဘူး။တော်တော်ခက်တယ်။ ပြီးတော့ရှိသေးတယ်။ ဂျာနယ်ထွက်ရင် စာစောင်လာပေးမယ်လို့ ပြောတဲ့သူတွေ ပေါ်မလာတော့ဘူး။

မိတ်ဆွေတစ်ယောက် က အဲဒီ အင်တာဗျူးကို ဖတ်မိပြီး ပုံကူး email နဲ့ပို့လို့ ဘမောင်တို့ ပြန်ဖတ်မိတာ။ ဖတ်လည်းဖတ်ရော. . တော်တော် သေချင်စော် နံသွားတယ်။ ရေးတာတွေကတစ်လွဲချည်းပဲ။ စစ်အင်ဂျင်နီယာညွှန် ကြားရေးမှူးချုပ်ရုံးက ဗိုလ်ကြီးအဆင့်နဲ့ အငြိမ်းစားယူတယ်ဆိုတာ ကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ အငြိမ်းစားယူတယ် ရေးလိုရေး၊အမြီးလည်းမတည့်၊အမောက်လည်း မတည့်။

စာနာ၊ နားလည်မှု အားနည်းတော့ သတင်းတင်နိုင်ရင် တာဝန်ကျေပြီဆိုတဲ့ ရှုထောင့် တစ်ခုထဲက ကြည့်ဖြစ်သွားတယ်နဲ့တူတယ်။ တစ်ဖက်လူက တော်တော် အခံရခက်သွားတယ်။ဘမောင်တင် မဟုတ်ဘူး။တော်တော်များများ ခံနေကြရတယ်လို့ကြားတယ်။ တချို့ဆို တွေ့ဖို့တောင် ရှောင်နေကြပြီ။ ဘမောင်တို့လည်းတစ်နေ့ အဲသလိုများ ဖြစ်လာမလား မသိဘူး။ သူတို့ကိုယ်ချင်းမစာ၊နားမလည်နိုင်ကြလို့ပါ။ လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်နေတဲ့သူက အချိန်တွေ ဘယ်တော့မှ ပိုနေလေ့မရှိဘူး။ ခြစ်ခြုပ် စုဆောင်းထားတဲ့ အချိန်ကလေးကိုပေးလိုက်တာ၊တန်ဖိုးထားတတ်ဖို့ကောင်းတယ်။ တုန့်ပြန်မှုက အားရစရာကြီး 'Sorry ဆရာ' တဲ့။ နောက်ထပ် တွေ့ပေးဖို့ တော်တော်ကောင်းတဲ့သူတွေ။

× × × × ×

လက်တွေ့လုပ်ငန်းတွေကို လုပ်ကြပြီဆိုရင် . . . အရာရာဟာ သိပ်သတိထားဖို့ ကောင်းတယ်။ စာနာ၊ နားလည်မှုတွေရှိဖို့ကောင်းတယ်။ မပြောဘဲသိကြရတာတွေ အများကြီးပဲ။ အဲဒါတွေ မဖြည့်ဆည်းနိုင်ရင်တော့. . . ကိုယ့်အနာဂတ် ကိုယ်ဖန်တီးတာပဲ။ အရည်အချင်းဆိုင်ရာနဲ့ ပတ်သတ်ပြီး ကြီးကြီးကျယ်ကျယ် လန်ဘားကြောက်သလားတွေ ခဏဘေးချိတ်ထားဦး၊ အဲသလို အခြေခံအရည်အချင်းတွေကို မဖြည့်ဆည်းနိုင်ရင်. . . ဖြည့်ရကောင်းမှန်းမသိကြရင်. . . သူတို့ ပြောတဲ့စကားလုံးကြီးတွေဟာ သံသယဖြစ်ဖို့ကောင်းလာတယ်ပေါ့။

တချို့က တစ်ခါတစ်ခါ ရှိတတ်သေးတယ်။

" လမ်းကြုံလို့ ဝင်လာတာပါ "

" ရှိများရှိနေမလားလို့ "

အဲသလိုပြောကြတဲ့သူတွေထဲမှာ တချို့လုပ်ငန်းရှင်တွေ တောင်ပါတယ်နော်။တစ်ဦးနဲ့တစ်ဦး တွေ့ကြဖို့ Appointment လုပ်တယ်ဆိုတာ. . . . . တစ်ယောက်အားချိန်နဲ့ တစ်ယောက်အားချိန်၊ အဆင်ပြေချိန်တွေကို ညှိနှိုင်းကြတာ၊ တစ်ယောက်က တစ်ယောက် ကို အောက်ကျို့ရတာမဟုတ်ဘူး။သူက ကိုယ့်ကိုတွေ့ချင်ရင် အချိန်တောင်း၊ ကိုယ်ကသူ့ကို တွေ့ချင်တဲ့အခါမှာလည်းအချိန်တောင်းရမှာပဲ။ အဲဒါ ညှိနှိုင်းတာ။ လမ်းကြုံလို့ဝင်လာတဲ့သူတိုင်းကို တွေ့ပေးနေရင် ဘာဖြစ် သွားမလဲ၊ အလုပ်ကို လုပ်ရတော့မှာ မဟုတ်ဘူး။ လုပ်ငန်းရှင် ဖြစ်လာရင် အတိုင်းအတာတစ်ခု အထိရောက်လာရင် ဘယ်သူ့မှာမှ အချိန်ပိုဆိုတာ မရှိတော့ဘူး။ တစ်ခုမဟုတ် တစ်ခုကို အမြဲလုပ်နေရတတ်တယ်။ တစ်ဖက်ကို မစာနာ၊ နားလည်မှု မ ရှိရင် အဲဒီကိစ္စတွေက အမြဲဖြစ်နေ ဦးမှာပဲ။ အဲဒီ လက်တန်းယဉ်ကျေး မှုကို ဘမောင်တို့ မြန်မာတွေ ဘာကြောင့် ဖက်တွယ်ထားနေကြတုန်းလဲ မသိဘူး။ မတွေ့ရင် ဘာဖြစ်မလဲ၊ စိတ်ဆိုးခံရမယ်၊ တွေ့ပေးရင်ရော၊ အဲသလို လူတွေကအများကြီးလေ၊ အလုပ်မလုပ်ဘဲ ထိုင်နေရလိမ့်မယ်၊စီးပွား ပျက်လိမ့်မယ်။

နားလည်၊ စာနာတယ်ဆိုတာ ခပ်ပါးပါးကြည့်ရင် တန်ဖိုးကို တွေ့ရမှာမဟုတ်ဘူး။ အလေးအနက်ထားရင်တော့ ခံစားမှုက တစ်မျိုးပြောင်းသွားလိမ့်မယ်။ အဲဒါမျိုးက သင်ပြစရာ၊ ပြောစရာ မလိုအပ်ပါဘူး။ သဘာဝအသိနဲ့ ရနိုင်တဲ့အရာတွေပါပဲ။ အခြေခံမှာ ပြဿနာမရှိပေမယ့် အတိုင်းအတာတစ်ခုကိုရောက်ဖို့ ကြိုးပမ်းနေတဲ့သူ၊ ရည်မှန်းချက်ကို တစုံတရာအတိုင်းအတာထိ ထားချင်ကြတဲ့သူတွေမှာ အဲဒီအရည်အချင်းကို ပိုင်ဆိုင်ကြဖို့ကောင်းတယ်။သူ့နေရာ ကိုယ်မဝင်ကြည့်နိုင်သမျှ ကာလပတ်လုံး ဘယ်တော့မှ ကိုယ်ဟာသူဖြစ်သွားမှာ မဟုတ်ဘူး။ တစ်ခါတစ်လေ သူဖြစ်ချင်ရင်တော့ ကိုယ်က ဝင်ကြည့်တတ်မှပဲရမှာ. . . . . ။

လောကမှာ ကိုယ်ချည်းပဲ မဟုတ်ဘူးဆိုတာ သိထားရင်. . . ။

နေဇင်လတ်

၂၈-၉-၂၀၀၉ (၁၁၇)

www.burmeseclassic.com

www.burmeseclassic.com



## ဆရာနဲ့ ဆရာမ လိုမြဲလိုနေ

ကျွန်တော်တို့ ကရင်တိုင်းရင်းသားများရဲ့ ချစ်ဖို့ကောင်းတဲ့ စကားသံဝဲဝဲလေးဟာ ကျွန်တော်တို့ရဲ့ ပြုံးရုံလေးပြုံးပါ မှာပါဝင်ရန် အကြောင်းဖြစ်လာပါတယ်။

ကရင်တိုင်းရင်းသားကြီးတစ်ဦးရဲ့ စကားဝဲပုံလေးကတော့ 'လို' ဆိုတဲ့ စကားလုံးလေးကို ဝစ္စနှစ်လုံးပေါက်ဖြည့်လို့ ခပ်လေးလေးဆွဲငင် ပြောတတ်လို့ပါ။

ဦးကရင်ကြီးနေတဲ့ ရွာက ရွာကျောင်းမှာ ဆရာတစ်ဦး၊ ဆရာမတစ်ဦး လိုအပ်နေခဲ့ပါတယ်။ ဘယ်လိုပင် သက်ဆိုင်ရာကို တင်ပြပေမယ့်လည်း လိုအပ်နေတဲ့ ဆရာနဲ့ဆရာမက ရောက်မလာခဲ့ပါဘူး။

တစ်နေ့ မိဘဆရာ အစည်းအဝေးပွဲမှာ ဥက္ကဋ္ဌဖြစ်တဲ့ ဦးကရင်ကြီးကမိန့်ခွန်းပြောဖို့လိုအပ်လာပါတယ်။ ဆရာကြီးရဲ့ မိန့်ခွန်းလေး ဖြည့်စွက်စဉ်းစားပြီး စကားဝဲသံလေးနဲ့ ဖတ်ကြည့်လိုက်နော်။

"ကျွန်တော်တို့ကျောင်းမှာ . . . . . ဆရာတစ်ဦးနဲ့ ဆရာမတစ်ဦး လို . . . . နေပါတယ်။ ဒါကို သက်ဆိုင်ရာသို့ တင်ပြသော်လည်း လို . . . မြဲလို . . . . နေပါတယ်။"

မိဘနှင့် ဆရာ၊ ကျောင်းသားများအားလုံး ဝါးကနဲ ဝါးလုံးကွဲမတတ် ထရယ်ကြပါတော့တယ်။ ဦးကရင်ကြီးက ဒေါ်ပွပြီး၊

"ဆရာနဲ့ဆရာမ လိုနေတာကိုပြောတာ ရယ်စရာလား" တဲ့။

စိုးသူရ (ဘီလပ်ပြန်)
မလေးရှားနဲ့ စင်ကာပူပြန်



## ဆော်ပေးရင်၊ တောင်လိုက်တော့

အဲဒီနေ့က ကြားရသမျှကို ခုချိန်ထိ ရင်တုန်နေသေးတဲ့ ဘယဆေးဆိုင်က မမိုးစန္ဒာက ပြန်လည်ဖောက်သည်ချတာဖြစ်ပါတယ်။ ဘယဆေးဆိုင်နဲ့ အထည်ဆိုင်က ပျဉ်ကာနံရံတစ်ချပ်ပဲခြားနေတာပါ။

အင်းစိန် မြို့သစ်ဈေးထဲမှာ အထည်ဆိုင်တစ်ဆိုင်ရှိပါတယ်။ စောစောကပြောခဲ့တဲ့အတိုင်း အထည်ဆိုင်ဘေးမှာ တိုင်းရင်းဘယဆေးဆိုင် တစ်ဆိုင်ရှိပါတယ်။ အထည်ဆိုင်ပိုင်ရှင်က ပြည်ကြီးမှာ ဖွားမြင်ကာ ၁၅နှစ်သားလောက်မှ ဗမာပြည်ကိုရောက်လာပြီး အခြေချနေထိုင်သူဖြစ်လို့ အဲဒီအထည်ဆိုင်ကို 'တရုတ်ကြီးအထည်ဆိုင်' လို့ လူတိုင်းသိပါတယ်။




သူ့ဆိုင်က အဝတ်အထည်တွေက ခေတ်မီပြီး အရောင်အသွေး ဆန်းပြားတဲ့အတွက် ဝယ်ယူသူများနဲ့ အမြဲတမ်းစည်ကားနေပါတယ်။ ဝယ်ယူလာတဲ့ ဖောက်သည်တွေကိုလည်း စိတ်တိုင်းကျအောင် ကျေနပ်အောင် အမြဲတမ်းပြောဆိုဆက်ဆံပါတယ်။

အဲဒီနေ့ကတော့ ဈေးဝယ်သူကောင်မလေးက ပိတ်စကို သိပ်ကြိုက်နေတယ်။ ဒီဇိုင်းကလည်း လှပဆန်းပြားနေပြီး ရွေးစရာမရှိ ဒီတစ်စပဲ ကျန်တော့တယ်။ ခက်နေတာက လျှော်လိုက်ရင်ရနိုင်တဲ့ အစွန်းအထင်းလေးရှိနေတယ်။

" ဒီဟာလေးလိုချင်တယ်၊ အစွန်းအထင်းတွေနဲ့ မငဲ့

www.burmeseclassic.com

www.burmeseclassic.com

မပဖြစ်နေလို့ . . . ရွေးဖို့မရှိတော့ဘူးလား"

ဝယ်သူကဈေးများ၊ ရောင်းသူကလည်း သိပ်ရောင်းချင်နေတော့. . . .

"ဆော်လိုက်တာနဲ့ ပြောင်သွားမယ်၊ ဝဆော်လို့ရတယ်"

ဒါကို ဝယ်သူကောင်မလေးက မူနေတယ်၊ မဝယ်ဖူးလုပ်နေတယ်။ သိပ်ရောင်းချင်တဲ့၊ ဝယ်သူကို သိပ်လိုက်လျှောတဲ့ တရုတ်ကြီးက ထပ်ပြီး ပြောပြန်တယ်။

"ဝကိုယ်တိုင်ဆော်ပေးမယ်၊ ဝဆော်ပေးမယ်"

အကြိမ်ကြိမ်ပြောနေတာနဲ့ ကောင်မလေးက. . .

"ဒါဆိုလည်း တောင်လိုက်တော့". . . . တဲ့။

(ဂိုက်တောင်နှင့် အထည်စကို တိုင်းထွာတာကို တောင်သည်ဟု ထိုဒေသက ပြောကြပါသည်။)

မိုးစန္ဒာ ပြန်ပြောသည်။

## ခေတ်သစ်မေတ္တာပို့

စင်ကာပူကို အလုပ်လာလုပ်ဖို့ ရည်ရွယ်ခဲ့ကတည်းက ရွတ်လိုက်ရတဲ့ ဂါထာ၊ ရွတ်လိုက်ရတဲ့ ပရိတ်။ ပထမဆုံး စရွတ်ရတာ စဗဟ ဂါထာတော်။ ဂါထာအညွှန်းမှာ နိုင်ငံခြားသွားရမယ်၊ အလုပ်အကိုင်အဆင်ပြေမယ်၊ အကြံအစည်အောင်မယ်ဆိုလို့ပါ။

လေယာဉ်ပေါ်တက်တာနဲ့ လေယာဉ်လည်း တစ်ခါမှ မစီးဖူးတော့ ကြောက်ကြောက်နဲ့ အန္တရာယ်ကင်း ခါရဏ ပရိတ်တော်တွေ၊ သံဗုဒ္ဓေဂါထာတွေ ရွတ်ရပြန်ပါရော။
(MAI ပေါ်မှာ သူများတောင်းသောက်တာတွေ့လို့ ဘီယာနှစ်ခွက်တောင်း သောက်မိတာ ခွင့်လွှတ်တော်မူပါ ဘုရား။)

လေယာဉ် ချန်ဂီလေဆိပ်ကိုဆင်းတော့ ဂါထာတွေ ပြောင်းရပြန်ပါတယ်။ မျက်နှာမြင် ချစ်ခင်အောင်၊ အဟန့်အတား အဖျက်အစီး အနှောက်အယှက်တွေကို လွယ်ကူစွာ ဖြတ်သန်းနိုင်အောင်။
(အင်မီဂရေးရှင်းအား အဟန့်အတား အနှောက်အယှက် အဖျက်အစီးဟု မပြောရကြောင်းပါခင်ဗျာ။ ခွင့်လွှတ်နော်. . .)

အဲဒီ အခက်အခဲတွေ ကျော်လွှားပြီးတဲ့နောက်. . . အလုပ်ကို ကိုယ့်စွမ်းအားနဲ့ ရှာတဲ့သူရှာ၊ ရှာမရတဲ့အဆုံး အကြံကုန် ဂဠုန်လျက်ဆားထုတ် ပွဲစားနဲ့ ရှာတဲ့သူလည်း ရှိတာပေါ့။ စင်ကာပူမှာ အလုပ်ရပြီး မကြာခင် အလုပ်ပြုတ်တဲ့သူတွေ ရှိပါတယ်။ အလုပ်ရှင်ဖက်က ပြောတာ ကတော့ စကားပြောမကောင်းဘူး၊ ပြောတာကို နားမလည်ဘူး၊ မကြိုက်ဖူးပေါ့. . . ။ ကျွန်တော့်ရွှေသူငယ်ချင်း တစ်ချို့ပြောတာကတော့ ပွဲစားက အလုပ်ရှင်နဲ့ပေါင်းပြီး သွင်းလိုက် ထုတ်လိုက်လုပ်သတဲ့။

တချို့ပြောပြန်တာက စင်ကာပူမှာ လုပ်ငန်းထူထောင်တဲ့ လုပ်ငန်းရှင်များခမျာ အရင်းအနှီးအများကြီး စိုက်ထုတ်ရ၊ စီးပွားရေးမကောင်းတော့ အရင်းပြုတ်ပြီး၊ အလုပ်သမားများလည်း ထုတ်ခံရသတဲ့။ ဒါနဲ့ ဂါထာပြောင်းရပြန်ပါတယ်။ ဒီတစ်ခါတော့ မေတ္တာပို့ပါ။

" အလုပ်ရှင်လည်း မြဲကြပါစေ "

" အလုပ်သမားလည်း မြဲကြပါစေ "

" စင်ကာပူ စီးပွားရေး ရှေ့ကိုပြေး တိုးတက်ကြပါစေ "




စင်ကာပူ စီးပွားရေးကောင်းမှ အလုပ်သမားခန့်ပါတယ်။ အလုပ်တွေမြဲမှ အလုပ်သမားလည်း မြဲလို့ပါ။ ဒီမေတ္တာပို့လေး နေ့တိုင်း ရွတ်နေရပါတယ်။ ဂုဏ်တော်ကွန်ခြာ ရွတ်ပြီးရင်ပေါ့။

## ကွန်ပျူတာသာ ဝယ်ပေးပါ

ဒီဆရာလေး သီရိသန္တာကတော့ သူ့အစွဲကို အသက်လေးဆယ်အထိ မဖျောက်နိုင်သေးပါဘူး။ သူမ ခြောက်နှစ်သမီးအရွယ်လောက်ကပေါ့. . သူ့အမေက ကျောင်းသွားခိုင်းတယ်။

"သမီးကို ကျောင်းအပ်ပေးမယ်"

"ဘာလုပ်ဖို့လဲ မေမေ"

"စာတွေ ဖတ်တတ်အောင်ပေါ့"

"မလိုပါဘူး. . မေမေရယ်. . ဖေဖေတောင် စာဖတ်ခါနီး မျက်မှန်လေး ထုတ်တပ်လိုက်တာနဲ့ စာဖတ်တတ်သွားတာပဲ ကျောင်းကို မပို့ပါနဲ့နော်. . . ။မျက်မှန်လေးသာ လုပ်ပေးပါ။"

ခုအသက်လေးဆယ်ဖြစ်နေတဲ့ ဆရာလေး ဒေါ်သီရိသန္တာမှာ နောက်ရောဂါတစ်ခုဖြစ်လာပြန်တယ်။ ပြုံးရုံလေးပြုံးပါ စာမူတွေ မဂ္ဂဇင်းတိုက်လာလာပို့ရင် . . . ပင်ပန်းတယ်ထင်လာတယ်။

"လာရတာ ပင်ပန်းလိုက်တာ အယ်ဒီတာရယ်. အီးမေးလ်လေးပဲ ပို့လိုက်ချင်တယ်"

"ဆရာလေးရယ် ကြည့်လည်းလုပ်ပါဦး၊ အီးမေးလ်ပါဗျ။ အီးမေးလ်ပို့ချင်ရင်တော့ ကောက်ညှင်းငချိတ်နဲ့ ပုန်းရည်ကြီးသာ စားပြီး ပို့လိုက်ပါ"

စိတ်ချဉ်ပေါက်လာတဲ့ အယ်ဒီတာကိုပွကီးက အဲဒလို ပြောရော။ ပြီးတော့မှ လေပျော့လေးနဲ့ ဆက်ပြောတယ်. . . .






www.burmeseclassic.com

www.burmeseclassic.com

"ဆရာလေး ရမှာမဟုတ်ပါဘူးဗျာ. . ကွန်ပျူတာသင်တန်းလေး ဘာလေးသွားတက်လိုက်ဦး"

အဲဒီအခါမှာ ဆရာလေးသီရိသန္တာရဲ့အဖြေကြောင့် အယ်ဒီတာကိုပွကြီးခမျာ နောက်ပက်လက်လန်သွားပါတယ်။

"သွားသင်စရာမလိုပါဘူး ဆရာပွကြီးရယ်. . . ကွန်ပျူတာထဲမှာ ဒါတွေ အားလုံးပါပြီးသားပါ။ ကွန်ပျူတာ တစ်လုံးသာ ဝယ်လိုက်ရင် ဒါတွေအားလုံးတတ်သွားမှာပါ. . . မပူပါနဲ့. . . ကွန်ပျူတာတစ်လုံးသာ ဝယ်ပေးပါ"တဲ့. . . ။


## ရောဂါပေါင်း သုံးရာ

ဒေါ်နုက အင်းစိန်ဖော့ကန်ဈေးမှာ အထည်အကြွေးရောင်းပါတယ်။လက်ငင်းရောင်းလို့ ဘယ်သူမှမဝယ်တာ။ နေ့ပြန်ပေးလည်း ပေးသေးတယ်။ ငွေကို လုံးကနဲ ချေးတယ်။ နေ့စဉ် ဘယ်လောက်ပြန်ပေးရမယ်ဆိုတဲ့အတိုင်း ပြန်ပေးရတယ်။အဲဒီအထဲမှာ အတိုးကပါပြီးသား။

ဒေါ်နုက နေ့ပြန်ပေးလိုက်တဲ့ ကုန်စိမ်းသည် မာမာက ငါးရက်လောက်ဆိုင်မထွက်ဘူး ဆိုတော့ ဒေါ်နု တော်တော်စိတ်တိုနေတယ်။

"နင့်မလဲ. . . ဆိုင်မထွက်တာ ၅ရက်ဆိုတော့ နေ့ပြန်တိုးပြန်ပေးဖို့ နေနေသာသာ၊ စားစရာတောင် ရှိရဲ့လား"

"ဘယ်ရှိပါ့မလဲ. . . ဒေါ်နုရယ်. . . ကိုယ့်စားမယ့်ဟာလည်း ဆရာဝန်ပဲ ကျွေးနေရတယ်။ နေမကောင်းလို့ ညတိုင်းဆေးခန်း သွားနေရတာ၊ နာမည်က မာမာမို့တော်တော့တယ်။ မနုလို့သာ မှည့်ထားမိရင်တော့ သေပြီဆရာပဲ. . . "



ဒေါ်နုတောင် သူ့စကားကြောင့် နည်းနည်းဖြုံသွားတယ်။ မာမာက ဆက်ပြောလိုက်သေးတယ်။

"ကျွန်မက (၉၆)ပါး ရောဂါကို ကန်ထရိုက်ဆွဲလိုက်တာ ဒစ်စကောင့်နဲ့ buy one get one free ပါဖြစ်ပြီး၊ ရောဂါပေါင်း ၃၀၀ ရလာတယ် ဒေါ်နုရယ်တဲ့"။

## Helper ချင်းအတူတူ

၁၉၈၀ခုနှစ်၏ နောက်ပိုင်းနှစ်များလောက်ကစလို့ ၁၉၉၀ ခုနှစ်၏ နောက်ပိုင်းနှစ်များလောက်အထိ စင်ကာပူမှာ အလုပ်လာရှာသူတို့ဟာ စက်ရုံအလုပ်ရုံကနေ ထွက်ပြီး အလုပ်လာရှာကြတဲ့အတွက် အသိပညာ အတတ်ပညာတစ်ခုခု ပါလာကြပါတယ်။ ၂၀၀၀ပြည့်နှစ်ရဲ့ နောက်ပိုင်း အလုပ်လာရှာကြသူတွေမှာတော့ လုပ်ငန်းအတွေ့အကြုံနည်းသူ လူငယ်များဖြစ်တာ တွေ့ရပါတယ်။ အဲဒီအခါမှာ ယာဉ်မောင်း၊ စားပွဲထိုး၊ ဟင်းချက်အကူ အထိဝင်လုပ်ကြပါတယ်။

တစ်နေ့တော့ ပင်နင်ဆူလာက အလုပ်အကိုင်ရှာပေးတဲ့ အေဂျင့် တစ်ယောက်ဆီကို ကောင်မလေးတစ်ယောက်က ဖုန်းဆက်လာပါတယ်။ အဲဒီရုံးခန်းရဲ့ ထူးခြားချက်ကတော့ ဖုန်းအဝင်အထွက်တွေကို ရုံးဝန်ထမ်းအားလုံးသိရအောင် တတ်နိုင်သမျှ စပီကာဖုန်းနဲ့ ဖွင့်ပြီး ပြောကြားတာပါပဲ။

ကိုင်း. . . အမေးအဖြေလေး နားထောင်ကြည့်ရအောင်။

"အစ်မတို့ဆီမှာ ဗေကင်စီတွေ (vacancies) ရှိတယ်လို့ ကြားလို့ပါ"

"အော်. . . ညီမက လူဟောင်းလား၊ လူသစ်လား"

"အသစ်ကလေးပါ၊ အစ်မတို့ဆီမှာ စာရင်းမသွင်းရသေးပါဘူး"

"ကလင်းနာ၊ ဝိတ်တာ၊ ဝိတ်ထရက်စ်၊ ကစ်ချင်းဟဲလ်ပါ. . . ဘာလျှောက်မှာလဲ"

"အော်. . . ညီမ. . . chicken helper လုပ်ချင်တာပါ"

"ဟိုက်. . . ချစ်ကင်းမှာ ဟဲလ်ပါ မလိုပါဘူးကွယ်၊ သူ့ဟာသူ လုပ်နိုင်ပါတယ်"

နားမလည်သူတွေရှိမှာစိုးလို့ ဘာသာပြန်ပေးလိုက်ပါတယ်။ ကစ်ချင်းဟဲလ်ပါဆိုတာ အချက်အပြုတ် အကူအညီဖြစ်ပြီး ချစ်ကင်းဟဲလ်ပါ ဆိုတာ ကြက်အကူပါ။ မိန်းကလေးက အင်္ဂလိပ်လို ပြောလေ့ပြောထမရှိတော့ မှားပြောတာ ဖြစ်ပါလိမ့်မယ်။

(စင်ကာပူလာချင်ရင် Kitchen နဲ့ Chicken လေးတော့ ကွဲအောင် လုပ်ထားနော်)






www.burmeseclassic.com

www.burmeseclassic.com

# နှင်းပုံပြင်

ကို (မန္တလေး)



၁။

ကျနော် နှင်းကိုချစ်တယ်. . .

ယယ်ယယ်ကများဆို ဆောင်းမနက်တွေမှာ အိပ်ရာနိုးတာနဲ့ အိမ်ရှေ့မြက်ခင်းလေးထဲ တန်းပြေးခဲ့တာပေါ့။အဲဒီမှာ ညက ကျထားတဲ့ နှင်းလေးတွေဟာ မြက်ပင်လေးတွေမှာ သီးပြီး ရီးလေးခိုနေကြတယ်။ အဲဒီ နှင်းသီးလေးတွေကို လက်ညှိုး လေးနဲ့ တို့တို့ပြီး နှင်းသီးလေးတွေရဲ့ အေးမြတဲ့အရသာကို ခံစားခုံမင်ခဲ့တယ်။ နှင်းတွေဝေနေတဲ့ နံနက်ခင်းတွေတိုင်းမှာ နှင်းမှုန်လေးတွေကိုတိုးဝှေ့ပြီးလမ်းလျှောက်ရတာကိုလည်း သဘောကျနှစ်ခြိုက်မိတယ်။ အေးမြတဲ့ နှင်းမှုန်လေးတွေ မျက် နှာကိုလာပြီး ရိုက်ခတ်ကြတာကို ခေါင်းလေးမော့ပြီး အရသာ ခံတတ်ခဲ့တယ်။ နေထွက်လာလို့ နှင်းလေးတွေ တဖြည်းဖြည်း နဲ့ ပျောက်သွားမှာကိုလည်း စိုးရိမ်တကြီးနဲ့ စောင့်ကြည့် တတ်ခဲ့ပြန်တယ်။ဒါပေမယ့် နေလာတော့ နှင်းပျောက်တာ ဓမ္မ တာပါ. . .။ဒီလိုပါပဲ. ကျနော့်ဘဝမှာ. . . နေလာတော့နှင်း ပျောက်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

၂။
ကျနော့်ချစ်သူက နှင်းပွင့်လေးပါ. . . ။ သူက နှင်းပွင့်လေးတစ်ပွင့်နဲ့တူတယ်။ နှင်းလေးလို ဖြူစင်တဲ့ နှလုံးသားလေးရှိတယ်။ နှင်းလေးလိုဖြူစင်တဲ့ မျက်နှာလှလှလေးရှိတယ်။ ဖြူစင်တဲ့သူ့ရဲ့စိတ်ထားလေးနဲ့ သူ့ရဲ့မျက်နှာလေးဟာ အလွန်ပဲလိုက်ဖက်လှပါတယ်။ နှင်းကိုချစ်တဲ့ ကျနော် နှင်းလေးနဲ့တူတဲ့ချစ်သူကို နှင်းတွေအမြဲဝေနေတဲ့ ဒီတောင်ပေါ်မြို့လေးမှာ ဆုံဆည်းခဲ့တာပါ။
အဲဒီနေ့က ဇပရယ် ၁ ရက်နေ့. . .
ဒီတောင်ပေါ်မြို့လေးမှာ ဇပရယ်လ ရောက်တာတောင် အေးနေဆဲ ချမ်းနေဆဲ၊ နှင်းတွေကျနေဆဲပဲ။ ဒါကလည်း ဒီမြို့လေးမှာ ကျနော်နေနေခြင်းရဲ့ အကြောင်းတစ်ချက်ပေါ့။ ထားပါလေ. . . ကျနော့်ချစ်သူ နှင်းပွင့်လေးကိုစတွေ့တာ ပြောပြချင်တာပါ။
အဲဒီနေ့မှာလဲ ခါတိုင်းနေ့တွေလိုပဲ ကျနော်နံနက်စောစော လမ်းလျှောက်ထွက်ခဲ့တယ်။ လမ်းလျှောက်ရာကပြန်တော့ ဈေးလေးနားက ရှမ်းခေါက်ဆွဲဆိုင်ကို ရောက်ခဲ့တယ်။ ရှမ်းခေါက်ဆွဲတစ်ပွဲမှာပြီး ထိုင်စောင့်နေဆဲမှာဘဲ ကျနော့်ချစ်သူဖြစ်မယ့် နှင်းပွင့်လေးဆိုင်ထဲကို ဝင်လာတယ်။ လောကကြီးတစ်ခုလုံး အဖြူရောင်လွင်ပြင်တစ်ခုလိုဖြစ်သွားတယ်။ သူမလဲ ရှမ်းခေါက်ဆွဲစားဖို့မှာလိုက်တော့ ကံမကောင်းစွာပဲ မုန့်ကကုန်ပြီတဲ့။ ဒါနဲ့ ကျနော်စားမယ့် မုန့်ပွဲကို သူ့ကိုပေးလိုက်ဖို့ ဆိုင်ရှင်ကိုပြောခဲ့ပြီး ကျနော်လည်း ထွက်လာခဲ့တော့တယ်။သူ. . ကျနော့်ကို တစ်ခုခုပြောဖို့ပြင်လိုက်တာကို သတိထားလိုက်မိတယ်။ ဒါပေမယ့် ဘာမှတော့ မပြောလိုက်ပါဘူး။

၃။
အကြောင်းတိုက်ဆိုင်စွာပဲ နောက်နေ့မနက်လမ်းလျှောက်ထွက်လာတော့ ကန်ပတ်လမ်းပေါ်မှာ နှင်းပွင့်လေးနဲ့ ဆုံဖြစ်တယ်။ သူမက ပြုံးပြပြီး . . .
“ကျမ ရှင့်ကိုကျေးဇူးတင်စကားပြောချင်လို့”
“ဘာအတွက်လဲဗျာ”
“မနေ့က ရှမ်းခေါက်ဆွဲ အတွက်ပေါ့”
“အရေးမကြီးပါဘူးဗျာ ရပါတယ်”
“အဲဒါ ဒီနေ့ ကျမ အစားပြန်ပေးပါမယ်၊ ကျမနဲ့အတူ ရှမ်းခေါက်ဆွဲ လိုက်ပြီးစားနိုင်မလား”
“လိုက်စားနိုင်ပါတယ် ဒါပေမယ့် အစားပြန်ပေးတယ်လို့တော့ မလုပ်ပါနဲ့”
“ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ လိုက်စားမယ်ဆိုလို့ ကျေးဇူးတင်ပါတယ်နော်”
ဒီလိုနဲ့ ပိုပြီးခင်မင်ခဲ့တဲ့ ကျနော်တို့ နှစ်ယောက်ဟာ နေ့စဉ်နံနက်တိုင်း နှင်းတွေဝေနေတဲ့တောင်ပေါ်လမ်းလေးတွေမှာ လမ်းလျှောက်ရင်း ဆုံဖြစ်ခဲ့ကြတယ်။ စကားတွေ အများကြီးပြောဖြစ်ခဲ့ကြတယ်။ သံယောဇဉ်တွေ အများကြီးနဲ့ ရစ်ပတ်ခဲ့မိကြတယ်။ဒီလိုနဲ့ပဲ ချစ်သူတွေဖြစ်ခဲ့ကြတာပေါ့။ အံ့သြစရာကောင်းတာက သူမရဲ့ နာမည်ကလည်း နှင်းပွင့်ဝေ တဲ့။ ကျနော်ကတော့ နှင်းပွင့်လေးလို့ပဲ ချစ်စနိုးခေါ်ခဲ့တယ်။

၄။
ချစ်သူတွေဖြစ်ပြီးလို့ ၂နှစ်လောက်အကြာမှာ ကျနော်တို့ လက်ထပ်ခဲ့ကြတယ်။ နှင်းရည်လေးတွေနဲ့ အမြဲတမ်း စိုစွတ်အေးချမ်းနေတဲ့ ဒီ တောင်ပေါ်မြို့လေးဟာ ကျနော်တို့ ချစ်သူနှစ်ဦးအတွက်တော့ အရင်ကထက်ပိုပြီး အေးချမ်းသာယာလာတာပေါ့။ အအေးပိုတဲ့တစ်နေ့ နှင်းတွေအဆုပ်လိုက်ကျနေတာ ကျနော်က နှင်းပွင့်လေးကို ပြပြီး. . .
“အဲဒီ နှင်းလေးတွေနဲ့တူတဲ့နှင်းပွင့်လေးကို မောင် အရမ်းချစ်တာကွ”
“ကျမလဲ မောင့်ကို အရမ်းချစ်တာပါပဲ”
“မောင့်ကိုကျတော့ နှင်းပွင့်လေးက ဘာနဲ့တူလို့ ချစ်တာလဲ”
“မောင်က မောင်နဲ့တူလို့ ချစ်တာပေါ့”
“လူလည်မလေး”
“တကယ်ပြောတာပါ မောင်၊ ကျမ မောင့်ကိုချစ်ဖို့အတွက် မောင် ဘာနဲ့မှတူစရာမလိုပါဘူး၊ ကျမချစ်နေမှာပါပဲ”
“နှင်းပွင့်လေးနဲ့ မောင်နဲ့ ဘယ်သူက ပိုချစ်တယ်လို့ ထင်လဲ”
“ကျမ မပြောတတ်ဘူးမောင်. . အချစ်ရဲ့ပမာဏကို တိုင်းတာလို့ရတဲ့အရာ ရှိခဲ့ရင်လဲ မောင်နဲ့ ကျမတို့ရဲ့ အချစ်တွေကို မတိုင်းတာချင်ပါဘူး၊ ကျမရင်ထဲမှာ မောင့်ကိုအရမ်းချစ်သလို မောင်လည်း ကျမကို ချစ်နေမယ်ဆိုတာ ကျမယုံကြည်နေတယ်လေ”

၅။
သိပ်မကြာခင်မှာပဲ နှင်းပွင့်လေးမှာ နှင်းမျိုးဆက်အတွက် ကိုယ်ဝန်ရှိလာခဲ့တယ်၊ လအတန်ရင့်လာလို့ Ultrasound ရိုက်ကြည့်တဲ့အခါ မိန်းကလေးတဲ့. . .
“နှင်းပွင့်လေးလို မအေတူသမီးလေး မွေးပေးရမယ်နော်”
“အင်းပါ မောင်ရဲ့”
“နာမည်ကိုလဲ ဂျူနီယာနှင်းပွင့် လို့ပေးမယ်”
“အင်္ဂလိပ်လိုကြီးပါနေတာ မကောင်းပါဘူးမောင်ရယ်”
“ဒါဆို ဘယ်လိုပေးမလဲ. . . မောင်က နှင်းပွင့်လေးရဲ့ မျိုးဆက်မို့လို့ နှင်းပွင့်လေး နာမည်ပါချင်တာ”
“ဒါဆို နှင်းပွင့်ငယ် လို့ပေးပေါ့”
“ဟုတ်ပြီ. . . ကောင်းတယ်ကွ. . . နှင်းပွင့်ငယ် လို့ခေါ်တွင်စေသတည်း. . . ဟား. . . ဟား. . . ”

၆။
“မောင် နိုင်ငံခြားမှာ အလုပ်သွားလုပ်မလို့ နှင်းပွင့်လေးရဲ့”
“ဟင်. . . ဘာလို့လဲ မောင်”
“မောင်တို့ သမီးလေးမွေးလာရင် ကလေးစားရိတ်နဲ့ ဒီကလေးလေးကို ကြီးပြင်းအောင်ပြုစုပျိုးထောင်ရမှာနဲ့ မောင့်ဝင်ငွေကမလောက်ငှတော့ဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာပဲ တခြားနည်းနဲ့ စဉ်းစားလို့မရတော့ဘူးလား မောင်. မောင်မရှိပဲနဲ့ ကျမဘယ်လိုနေရမှာလဲ"

"ဟုတ်ပါတယ် နှင်းပွင့်လေးရယ်၊ ဒါပေမယ့် မောင်တို့သမီးလေး အနာဂါတ်အတွက် မောင်တို့ခဏတော့ ခွဲနေကြရအောင်နော်"

"မောင် ဘယ်တော့လောက်သွားမှာလဲ"

"နောက် ၂လလောက်ဆိုရင် ထွက်ဖြစ်မယ်"

"ကျမ မီးဖွားတော့ မောင် ကျမအနားမှာ ရှိနေပေးမှာ မဟုတ်ဘူးပေါ့"

"အားမငယ်ပါနဲ့ နှင်းပွင့်လေးရယ်၊ အန်တီလေး လာနေပြီး အစစအရာရာ စောင့်ရှောက်ပေးမှာပါ"

"ဒါတော့ဒါပေါ့ မောင်. . မောင်မရှိတော့ ကျမအားငယ်တာပဲပေါ့"

"အင်းပါ နှင်းပွင့်လေးရယ်. . . အလုပ်အကိုင်ကလဲ အခြေအနေပေးတုန်းမို့ပါ၊ မောင်လည်း ဘယ်ခွဲချင်ပါ့မလဲကွာ"

၇။

များပြားလှတဲ့တာဝန်ဝတ္တရားတွေနဲ့ရှုပ်လျားလှတဲ့ အလုပ်ချိန်တွေကြားထဲမှာ နေ့ရက်တွေကို ပင်ပန်းဆင်းရဲစွာနဲ့ ဖြတ်သန်းနေရတယ်။တစ်နှစ်တာအချိန် ကုန်ဆုံးဖို့ မဆိုထားနဲ့ တစ်ရက်တာအချိန်ကုန်ဖို့ တောင်ကုန်နိုင်ခဲလှပါတယ်ဒီမှာ နေနေရတာကျနော်ချစ်တဲ့ နှင်းပွင့်လေးနဲ့ ဝေးနေရယုံတင်မက သဘာဝရဲ့ နှင်းလေးတွေနဲ့ပါ ဝေးနေရတာပါ။ ဟုတ်တယ်၊ ဒီနိုင်ငံမှာ နှင်းမရှိဘူး နှင်းမကျဘူး၊ ဘယ်ကျပါ့မလဲလေ ဆောင်းရာသီမှမရှိတာ။ တစ်နှစ်ပတ်လုံး မိုးဘဲရွာနေတာ၊ နေတောင်မှ တခါတရံမှ ပူရရှာတယ်၊ထူးဆန်းတာတစ်ခုက မိုးအမြဲရွာနေတဲ့ကြားထဲမှာ ဥသြက မရမက အော်နေတာပါပဲ။



နှင်းပွင့်လေးကို သတိရတိုင်း ညဘက်တွေဆို ဖုန်းဆက်ဖြစ်တယ်.

"နှင်းပွင့်လေး နေကောင်းရဲ့လား"

"ကောင်းပါတယ်မောင်. . . ကျမနောက်တစ်ပတ်ထဲ မွေးတော့မှာ"

"ဟုတ်လား. . . ကိုယ့်ကိုကိုယ် ဂရုစိုက်နော် နှင်းပွင့်လေး"

"ဟုတ်ကဲ့ပါမောင်. . . ဒါပေမယ့် မောင်မရှိတော့ အားလည်းငယ်တယ်၊ ဝမ်းလည်းနည်းတယ်"

"အားတင်းထားပါ နှင်းပွင့်လေးရယ်၊မောင် အခုသမီးလေးရဲ့ အနာဂတ်အတွက် ငွေစုနေတာပါ"

"သိပါတယ် မောင်. . . "

"သမီးလေးအတွက် လက်တွန်းလှည်းလေး ဝယ်ထားတယ်၊ နှင်းပွင့်လေးအတွက်လည်း လက်ပတ်နာရီလေး တစ်လုံးဝယ်ထားတယ်ကွ မောင် ပြန်လာတော့ ယူခဲ့မှာ"

"ဟုတ်ကဲ့ပါမောင်. . . မောင်လည်းကျန်းမာရေး ဂရုစိုက်ပါနော်"

"အင်းပါ နှင်းလေးရဲ့"

"မောင့်ကို ကျမလွမ်းနေတယ်. . . မောင်"

"အော် နှင်းပွင့်လေးရယ်"

၈။

ကမ္ဘာပျက်တယ်ဆိုတာ ကြုံဖူးကြလားဗျာ၊ ကျနော်တော့ ခုကြုံနေရပြီ၊ မြန်မာပြည်က Email ဝင်လာတယ်။ နှင်းပွင့်လေး မီးဖွားရင်းဆေးရုံမှာ ဆုံးပြီတဲ့။ ကံတရားရယ် ဘာကြောင့်များ ရက်စက်နိုင်လွန်းတာလဲ၊ ငါ့အနာဂတ်တွေ ပြိုပျက်ပြီ. . . လောကကြီးတစ်ခုလုံးပေါက်ကွဲလွင့်စင် ကျေပျက်ခဲ့ပြီ. . . ။

၉။

ကျနော်တောင်ပေါ်မြို့လေးကို အပြေးပြန်ခဲ့တယ်၊ နှင်းပွင့်လေးရဲ့ အုတ်ဂူဖြူဖြူလေးသာ နှင်းမှုန်တွေအောက်မှာ ကျနော့်ကို ကြိုဆိုနေခဲ့တယ်။နှင်းပွင့်လေး အေးချမ်းနေပြီလား၊ ကျနော့်ဘဝမှာ နှင်းပွင့်လေး တကယ်မရှိတော့ဘူးလား။ နှင်းပွင့်လေးကွယ်လွန်သွားတာတကယ်ရောဟုတ်လို့လား၊ လူတွေက ညာနေကြတာပါ။နှင်းပွင့်လေးရှိနေပါတယ်၊ ကျနော့်ပတ်ဝန်းကျင်မှာ နှင်းပွင့်တွေမှ အများကြီးပဲ၊ ဟော. . ခုတောင် နှင်းတွေဝေနေအောင် ကျနေပြီလေ။ ဟင်. . . ဟိုမှာ နှင်းပွင့်လေးပါလား၊ ဟုတ်တာပေါ့. . သူနဲ့ကျနော်နဲ့က ဒီအချိန်လမ်းလျှောက်ထွက်နေကြလေ. . .

နှင်းပွင့်လေးရေ. . မောင့်ကိုစောင့်ပါဦးမောင်နဲ့အတူလမ်းလျှောက်မယ်လေ. . .

နှင်းပွင့်လေး. . . အဲဒီလို ကန်ရေပြင်ပေါ်မှာ လမ်းမလျှောက်နဲ့လေ နှင်းပွင့်လေးက ရေလဲကူးတတ်တာလဲ မဟုတ်ဘဲနဲ့. . .

ပြောရင်းဆိုရင်း နှင်းပွင့်လေးက သစ်ပင်တွေထိပ်ဖျားမှာ လျှောက်သွားနေပြန်ပါပြီ. . .

ပြန်ဆင်းခဲ့ပါ နှင်းပွင့်လေးရယ် လိမ့်ကျပါမယ်ကွယ်၊ အန္တရာယ်ရှိတဲ့ အလုပ်တွေမလုပ်ပါနဲ့နော်. . . မောင် တောင်းပန်ပါတယ်

နှင်းပွင့်လေး မောင့်ကိုချစ်တယ်ဆို. . . မောင့်ကိုစောင့်ပါဦး မောင်လည်း လိုက်မယ် နှင်းပွင့်လေးရေ. . .

၁၀။

ကန်ပတ်လမ်းဘေး မြက်ခင်းပေါ်မှာ လဲကျနေတဲ့လူတစ်ယောက်ကို နံနက်စောစော လမ်းထလျှောက်သူတွေ၊ အပြေးလေ့ကျင့်ခန်း လုပ်သူတွေ တွေ့လို့ ဝိုင်းအုံကြည့်နေကြတယ်။ တစ်ယောက်တစ်မျိုး ဝေဖန်သံအမျိုးမျိုး ထွက်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"အသက်မရှိတော့ဘူးဗျ  တစ်ကိုယ်လုံးအေးစက်တောင့်တင်းနေပြီ ညကတည်းကနဲ့တူပါတယ်"
"ဟော့ သွားမကိုင်နဲ့ သက်ဆိုင်ရာကို အကြောင်းကြားရမယ်"
"ဘယ်သူလဲ မသိဘူးနော်"
"ဟာ ဒီလူကိုသိတာပေါ့၊ လွန်ခဲ့တဲ့ သုံးလလောက်တုန်းက သူ့မိန်းမ မီးဖွားရင်းဆုံးသွားတာလေ အဲဒီတုန်းက သူက စင်ကာပူမှာ အလုပ်သွားလုပ်နေတာ သူ့မိန်းမဆုံးတော့ သူလည်း ဒီကိုပြန်လာပြီး မကြာပါဘူး စိတ်ဖောက်သွားတော့တာ"
"ဟုတ်တယ်ဗျ ဒီလူက သစ်ပင်တွေပေါ်တက်လိုတက် ပန်းခြံထဲက ရေကန်ထဲ ဆင်းပြေးတဲ့အခါပြေးနဲ့"

---

**ဆေးရုံကလူတွေ ရောက်လာပြီး**
**အသက်ဝိဉာဉ် ကင်းမဲ့နေပြီဖြစ်တဲ့**
**သူ့ခန္ဓာကိုယ်ကို သယ်ဖို့လုပ်ကြတော့....**
**နှင်းရည်တွေနဲ့ စိုစွတ်နေတဲ့ မြက်ခင်းပေါ်ကို**
**သူ့ဆီက ပစ္စည်းလေးတစ်ခု**
**ပြုတ်ကျလာပါတယ်.........**

---

"ဒီလောက်ချမ်းစီးနေတဲ့ မြို့မှာ ညဘက်ကြီး အနွေးထည်မပါဘာမပါနဲ့ လျှောက်သွားနေတာလဲ တွေ့ဖူးတယ်"
"အခုလဲ အဲဒီလို လျှောက်သွားနေရင်းနဲ့ အအေးမိပြီး နှလုံးသွေးရပ်သွားတာနေမှာပေါ့"
"သနားပါတယ်နော်. . အရွယ်ကောင်းလေး ရှိသေးတာပဲ"
"လသားအရွယ်  ကလေးလေးတစ်ယောက် ကျန်ခဲ့တယ်ဗျ မိန်းကလေးတဲ့၊ ဒီလူက စိတ်ဖောက်နေတော့ သူ့ဖွားအေများကပဲ ကြည့်ရှုစောင့်ရှောက်ပေးနေရတာပေါ့"
"သနားစရာဗျာ. . . "

၁၁။
ဆေးရုံကလူတွေ ရောက်လာပြီး အသက်ဝိဉာဉ်ကင်းမဲ့နေပြီဖြစ်တဲ့ သူ့ခန္ဓာကိုယ်ကို သယ်ဖို့လုပ်ကြတော့. . .
နှင်းရည်တွေနဲ့ စိုစွတ်နေတဲ့ မြက်ခင်းပေါ်ကို သူ့ဆီက ပစ္စည်းလေးတစ်ခုပြုတ်ကျလာပါတယ်. . .
. . . မိန်းမပတ် နာရီလေးတစ်လုံး. . .
. . . ရွှေရောင်လေးဝင်းလျက်. . . ။

ကို (မန္တလေး)


Thazin Singapore Success Magazine

Singapore ရှိ လူငယ်မောင်မယ်များကို စင်တင်ပေးလိုပါသဖြင့် ကဏ္ဍတစ်ရပ် လစဉ်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

စိတ်ဝင်စားသူများ ဝင်ရောက် ရွေးချယ်ခံနိုင်ပါသည်။

လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း သဇင်မဂ္ဂဇင်းသို့ပေးပို့နိုင်ပါသည်။

စည်းကမ်းချက်များ

၁။ အသက် (၁၅)နှစ်မှ (၃၀)နှစ် အတွင်း အမျိုးသား အမျိုးသမီး
၂။ (မျက်နှာအလှ တစ်ပုံ၊ ကိုယ်ဟန်ပြ Style တစ်ပုံ)နှစ်ပုံ ပေးပို့ရပါမည်။
၃။ ပြိုင်ပွဲဝင်ပုံစံ နှင့်သာ ဝင်ခွင့်ပြုပါသည်။

ရွေးချယ်ခံရသူများအား သဇင် Singapore Success မဂ္ဂဇင်းမှ ဓါတ်ပုံများ စီစဉ်ရိုက်ကူးပေး၍ ဖော်ပြသွားမည် ဖြစ်ပါသည်။

ပေးပို့ရန်လိပ်စာမှာ

Star Search Editor
Thazin Singapore Success Magazine
Blk-11, #16-306, Toa Payoh Lor 8, Singapore(310011)
Hp : 9623 7547, Office : 62543525
E-mail : ayesuccess@gmail.com




www.burmeseclassic.com

# ညနေခင်းထဲက ပိုးဖလံတွေ

■ စုမီအောင်



**တနင်္ဂနွေနေ့**တွေဆိုရင် ရန်ကုန်မြို့ပြည်လမ်းကဂျပ်ဆင်ဘုရားရှိခိုးကျောင်းရဲ့ ဂိတ်တံခါးဟာ နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ဖွင့်ထားလေ့ရှိပါတယ်။ တနင်္လာနေ့ကနေ စနေနေ့အထိ ကြားနေ့တွေမှာတော့ သည် ဂျပ်ဆင်ဂိတ်တံခါးကြီးကို စေ့နေအောင် သော့ခတ်ပိတ်ထားရတာ အမြဲလိုလိုမြင်တွေ့ရမှာပါ။ ပင်မတက္ကသိုလ်ကျောင်းဝင်းထဲကို အဝင်အထွက်ပြုချင်တဲ့ ဆရာဆရာမတွေနဲ့ ကျောင်းသားကျောင်းသူ သင်တန်းသား သင်တန်းသူတွေဟာ

တစ်ခုတည်းသော အမိပတိဂိတ်ဝကို အသုံးပြုရတတ်ပါ တယ်။ ကျွန်မတို့ မိသားစုတစ်စုကတော့ ကိုယ်ပိုင်ဂိတ်သော့လေးတွေ ကိုယ်စီကိုင်ပြီး အဝင်အထွက်ပြုကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com

တနင်္လာနေ့ ကနေ သောကြာနေ့ အတောအတွင်း မှာတော့ ကျောင်းကိုလာကြတဲ့သူတွေဟာ စေ့စေ့တင်းတင်း ပိတ်ထားတဲ့ ဂိတ်တံခါးကို မျက်စောင်းတထိုးထိုးနဲ့ ဂိတ်တံခါးရဲ့ အရှေ့မှာ အုံခဲရပ်နေကြတယ်။ ကျွန်မတို့ မိသားစု တစ်ယောက်မဟုတ် တစ်ယောက် အပြင်ထွက်ချိန်နဲ့ ကြုံဖို့စောင့်နေကြတာပါ။ ကျွန်မစိတ်ထဲ ပထမ တော့ လမ်းများများ လျှောက်တာ ကောင်းက ကောင်းနဲ့ သူတို့ ခွင့်ပြုချက်ရထားတဲ့ အတိုင်း အဓိပတိဂိတ်ဝကနေ ဝင်ကြပါတော့ လားလို့ တွေးမိသေးတယ်။ နောက်တော့ သူတို့ကို စာနာမိသွားတယ်။ ဟုတ်လည်း ဟုတ်တယ်လေ။ ကျောင်းအဝင်းရဲ့ မျက်နှာချင်းဆိုင် လမ်းတစ်ဖက် စံရိပ်ငြိမ်လမ်းကြားလေးထဲကနေ ထွက်လာသမျှလူတွေဟာ သည်ဂိတ်တံခါးကို တွေ့နေမှတော့ သည်နေရာကပဲ ဝင်ချင်ကြတော့မပေါ့။ ပြည်လမ်းအတိုင်းသွား၊ လှည်းတန်းမီးပွိုင့်ကနေ တက္ကသိုလ်ရိပ်သာ လမ်းဘက်ချိုး၊ တော်တော်အလှမ်းဝေးနေတဲ့ အဓိပတိဂိတ်ဝအထိ ဘယ်လိုလုပ် သွားချင်ကြတော့မှာလဲနော်။ သည်တော့ ကျွန်မတို့ ဂျပ်ဆင်ဂိတ်တံခါး ဖွင့်ချိန်ကို စောင့်ဆိုင်းသူတွေနဲ့ အမြဲလိုသည်ရှေ့မှာ တစ်ချိန်လုံး အုံခဲပြည့်နေတော့တာပဲ။ ရပ်စောင့်သူကစောင့်၊ ငုတ်တုတ်ထိုင်သူကထိုင်နဲ့ပေါ့။ စောစောရောက်နှင့်သူတွေက အုတ်ခုံလေးတွေမှာ ထိုင်လို့၊ တမေ့တမောစောင့်လို့၊ 'ဒီမြင်ကွင်းကို အမြဲလို မြင်နေရတာ ကျွန်မစိတ်မကောင်းဘူး၊ ကျွန်မတို့ရဲ့သဘောအရဆိုရင်တော့ သည်ဂျပ်ဆင်ဘုရားကျောင်းဂိတ်တံခါးဝကို အပြီးဖွင့်ထားပေးလိုက်ချင်တာ အမှန်ပါပဲ။ ကျွန်မရဲ့ ယောက္ခမဖြစ်တဲ့ ဂျပ်ဆင်ဘုရားကျောင်းရဲ့ သိက္ခာတော်ရဆရာတော်ကြီး ကျွန်မတို့အခေါ် 'ပါပါ' ကလည်း အပြီးဖွင့်ပေးထားချင်ပုံရပါတယ်။ ဒါပေမဲ့ သူလည်း ဘယ်လိုမှ မတတ်နိုင်ပါဘူး။

"ဖွင့်ပေးထားရင် ငါ့ကို သက်ဆိုင်ရာလူကြီးမင်းတွေက လာလာပြောတယ်ဟ၊ ပိတ်ထားရမယ်တဲ့။ငါလည်း ဆရာမတွေဖြစ်ပြီး ငုတ်တုတ်ထိုင်စောင့်နေရတာမြင်တော့ စိတ်မကောင်းဘူး၊ဘယ်တတ်နိုင်မလဲလေ. . . " လို့ညည်းတယ်။ ဆရာ၊ဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေ၊ သည်ကျောင်းဝင်းထဲမှာ နေထိုင်သမျှ ဝန်ထမ်းတွေ အားလုံးအတွက် တစ်နေ့နေ့တော့ သည်ဂျပ်ဆင်ဘုရားကျောင်း ဂိတ်တံခါးကို နေ့စဉ် ဟင်းလင်းဖွင့်ထားနိုင်ခွင့်ရလာမှာပါလို့ ကျွန်မမျှော်လင့်မိပါတယ်။ ကျွန်မရဲ့ နေ့စဉ်ဆုတောင်းချက်ထဲမှာ 'ဒီအချက်ကိုပါ ထည့်သွင်းပြီး သတိတရ ဆုတောင်းပေးလေ့ ရှိပါတယ်။ တချို့ ကျောင်းသားတွေကတော့ ဂိတ်တံခါး ပိတ်ထားလည်းပဲ သိပ်တော့ မမှုကြပါဘူး။ တံခါးဖွင့်နိုးနိုးနဲ့ မျှော်စောင့်မနေကြပါဘူး။ ခေတ်လူငယ်တွေပီပီ ခပ်သွက်သွက်နဲ့ လွှားခနဲ သံတိုင်တွေကို ကျော်ခွတက်နေကြတာ ကျွန်မမြင်ဖူးပါတယ်။

---

> အဓိပတိဂိတ်အထိ
> မလျှောက်လိုတဲ့သူတွေ
> အဆင်ပြေသွားဖို့ အပြင်ထွက်ခိုက်
> ကြုံကြိုက်တာနဲ့ စေတနာ ရှေ့ထားပြီး
> တမင်သက်သက် ဖွင့်ပေးတာပါ။
> ကျေးဇူးစကားဆိုဖို့ နေနေသာသာ. .

---

အဲသည်မှာ သိပ်လှမ်းနေရင်တော့ ကျွန်မသူတို့ကို အကူအညီမပေးနိုင်ပါဘူး။အချိန်မီသေးရင်တော့ 'ဟေ့ဟေ့. . . ခဏလေးစောင့်ပါ။ ခဏလေး၊သော့လာပြီ' လို့ ကပျာကသီအော်ရင်း ဂိတ်တံခါးဆီ ကျွန်မအပြေးအလွှားသွားလို့ ချက်ချင်းပဲ သော့ဖွင့်ပေးရတတ်တယ်။ ဂိတ်တံခါးက မြင့်လေတော့ ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင် ထိပ်ရောက်ပြီး ခုန်အဆင်းမှာ ခြေခေါက်တာ၊ နာတာ၊ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်မှာစိုးလို့ပါ။

ကျွန်မအပြင်ထွက်ချိန်နဲ့ကြုံပြီဆိုရင် ကိုယ့်ဘာသာ တစ်ယောက်တည်း ဖွင့်ပြီး ပြန်ပိတ်ထွက်သွားလို့ မရပါဘူး။ အဲသည်အချိန် အပြင်ကနေ ကျောင်းထဲဝင်လာချင်သူတွေနဲ့ ကျောင်းထဲကနေအပြင်ပြန်ထွက်ချင်သူတချို့ကိုလည်း ကျွန်မ မိနစ်အနည်းငယ်ကြာတဲ့အထိ စိတ်ရှည်ရှည် ရပ်စောင့်ရင်း ဖွင့်ပေးရတတ်ပါတယ်။ တချို့ဆရာမတွေက အလိုက်မသိတတ်ဘူး။သော့က ချောက်ခနဲပွင့်သွားရုံရှိသေး အတင်းပဲ သံတံခါးရွက်ကို တွန်းဖွင့်လို့ ကျွန်မပခုံးကိုပါ မထိတထိ တွန်းထိုးထိတိုက်ပြီး အလုအယက်ဝင်သွားတတ်ကြတယ်။ အဲသည်လို ကိုယ့်အတွက်ပဲကိုယ်သိတဲ့ ဆရာမတွေကို ကျွန်မလူငယ်ပီပီ သိပ်ကြည့်မရပါဘူး။ တကယ်ဆိုသည်ဂိတ်တံခါးက ဘုရားကျောင်းမိသားစုသီးသန့်ပိုင်ဖြစ်လို့ သူတို့ ကျောင်းဆရာမတွေ ဝင်ခွင့်မရှိတာ သူတို့လည်း သိလျက် နဲ့။ 'ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ အဓိပတိဂိတ်မှ အဝင်အထွက်ပြုရန်' လို့ တက္ကသိုလ်ကျောင်းရဲ့ သက်ဆိုင်သူလူကြီးတွေက စာကပ်ထားပါတယ်။ ကျွန်မက အဓိပတိဂိတ်အထိ မလျှောက်လိုတဲ့သူတွေ အဆင်ပြေသွားဖို့ ကျွန်မလည်း အပြင်ထွက်ခိုက်ကြုံကြိုက်တာနဲ့ စေတနာရှေ့ထားပြီး တမင်သက်သက်ဖွင့်ပေးတာပါ။ ကျေးဇူးစကားဆိုဖို့ နေနေသာသာ သူတို့လုပ်ပုံက. . . ။

တချို့ကျောင်းသူလေးတွေကတော့ ခေါင်းကလေးငုံ့၊ ကိုယ်ကလေးယို့ပြီး ကျွန်မရှေ့ကဖြတ်ရင်း 'ကျေးဇူးပဲနော်အစ်မ' လို့ အလိုက်တသိ ပြောလေ့ရှိပါတယ်။ အဲသည်လိုပြောသံကြားရရင် ကျွန်မဘက်ကလည်း နောက်တစ်ခါ ထပ်ကာထပ်ကာ ဖွင့်ပေးချင်တဲ့စိတ်နဲ့ ပြုံးပြုံးကြီး၊ ကျေကျေနပ်နပ်ကြီး ကျန်ရစ်ခဲ့တာပေါ့။ သည်ဂျပ်ဆင်ဂိတ်တံခါးချပ်တွေကိုယ်တိုင်လည်း ကျွန်မလိုပဲ ရှိလိမ့်မယ်လို့ ကျွန်မတွေးမိပါသေးတယ်။ တစ်ပတ်မှာ (၇) ရက်လေးရှိတာ တနင်္ဂနွေတစ်ရက်တည်း ဟင်းလင်းဖွင့်ထားခွင့်ရတယ်ဆိုတော့ သူလည်းအနေကျပ်ရှာမှာပေါ့။တကယ်ဆိုသည်တံခါးဝကနေဖြတ်သွားဖြတ်လာပြုသူတွေဟာ ပညာ ဆည်းပူးသူတွေနဲ့ ပညာပို့ချသူ ပညာရေးဆိုင်ရာအဆင့်မြင့်လူစားတွေချည်းပါ။ သူတို့လည်း ပညာဖလှယ်ရာ ကျောင်းတော်ကြီးထဲကို လွတ်လွတ်လပ်လပ် ဝင်ထွက်ချင်ကြမှာပဲလို့ ကျွန်မ စာနာစွာတွေးမိပါတယ်။

သော့ကိုယ်စီကိုင်ထားကြပေမဲ့ ကျွန်မတို့ လွတ်လပ်သလားဆိုတော့ မလွတ်

www.burmeseclassic.com

လပ်ပါဘူး။ ပြောသာပြောရတာပါ။ ကျွန်မတို့ အိမ်မှာလည်း လူကနည်းပြီး အိမ်ကြီးကကျယ်ဝန်းလေတော့ အပြင်တစ်ခါထွက်မယ်ဆိုရင် ကိုယ်နေတဲ့ အခန်းတံခါးကို သေချာသော့ခတ်ခဲ့ရတယ်။ အိမ်ပြင်ထွက်မယ်ဆိုရင် အိမ်တံခါးကိုဖွင့် သော့ပြန်ပိတ်ပြီး ထွက်ရတယ်။ ပြီးတော့ ခြံဝင်းတံခါး။ ပြီးတော့ အခုနောက်ဆုံး ပြည်လမ်းမကိုထွက်တဲ့ ဂိတ်တံခါး။ အဲသည်လို အဆင့်ဆင့် သော့တွေကိုင်ပြီး သေချာဖြတ်သန်းရပါတယ်။



တစ်ခါတစ်ခါ ကျွန်မရဲ့ကူညီမှုနဲ့ မထိုက်တန်တဲ့လူစားတချို့ကို တွေ့ရတတ်တယ်။ စောစောက ကျွန်မပြောပြသလို တံခါးဖွင့်ပေးတဲ့ ကျွန်မကို တွန်းထိုးထိတိုက် ဖြတ်သန်းသွားတဲ့ ဆရာမတွေအပါအဝင်ပေါ့။ ဆရာမတွေ ပညာတတ်လူတန်းစားတွေဖြစ်ပြီး Self-awareness မရှိတာကို ကျွန်မ တော်တော်လေး စိတ်ပျက်မိတယ်။ သူတို့က ကျောင်းဝင်းထဲ ရောက်တာနဲ့ လက်ထဲကပါလာတဲ့ စားစရာတစ်ခုခု ထည့်စားလာပုံရတဲ့ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ်ခွံတွေကို စည်းမရှိကမ်းမရှိ ပစ်ပစ်ချသွားတတ်သေးတယ်။ 'သန့်ရှင်းမှုဖြင့် ကူညီပါ' ဆိုတဲ့ စာတမ်းလေးတွေ ဘုရားကျောင်းရှေ့ လမ်းသွယ်လေးတစ်လျှောက်မှာ ရှိတဲ့ သစ်ပင်တွေရဲ့ကိုယ်ထည် မြင်သာတဲ့နေရာတွေမှာ ခပ်များများကပ်ချိတ်ထားပါလျက်နဲ့ မမြင်မတွေ့လေဟန်နဲ့ ပရမ်းပတာ ပြုမူသွားကြတာပါ။ပြီးတော့ သည်ဘုရားကျောင်းရဲ့ ရှေ့မြက်ခင်းပြင်ဆိုရင်လည်း ကျွန်မတို့ရဲ့ခြံအလုပ်သမားကြီးကိုယ်တိုင် မှန်မှန်မြက်ရိတ်ပေးပြီး မြက်ပင်လေးတွေ လှလှပပ ညီညီညာညာနဲ့ ရှုချင့်စဖွယ်ဖြစ်အောင် အလှဆင်ပေးထားတာပါ။'ကျေးဇူးပြုပြီး မြက်ခင်းပေါ်ဖြတ်မလျှောက်ပါနှင့်' ဆိုတဲ့ စာတမ်းလေးတွေ မြက်ခင်းဧရိယာပတ်ပတ်လည်မှာ အနှံ့အပြားစိုက်ထူထားပါလျက်နဲ့ မထီမဲ့မြင်စိတ်နဲ့ ကန့်လန့်ဖြတ် ဖြတ်လျှောက်လေ့ရှိတဲ့ ဆရာမတွေလည်း ရှိပြန်ပါတယ်။ သူတို့လျှောက်ပါများလွန်းလို့ သီရိဆောင်နဲ့ကျွန်မတို့ ခြံဝင်းကြားမှာရှိတဲ့ မြက်ခင်းစိမ်းပြင်ကျယ်ကြီးရဲ့ အလယ်တစ်နေရာမှာ လူသွားလမ်းပုံစံတောင် စောင်းစောင်းရွေ့ရွေ့နဲ့ ပုံပေါ်နေပါပြီ။ အခုဆိုရင် အဲသည့်လူသွားလမ်းပေါ်နေတာကို ဟိုဘက် သည်ဘက်ထိပ်ကနေ 'ဖြတ်မလျှောက်ရ'လို့ ချိတ်ထားရပြန်ပါပြီ။ ပါပါကတော့ ပြောတယ်။ အဲသည်လို မထီမဲ့မြင် ဖြတ်လျှောက်နေဆဲလူတွေအတွက် အဲဒီဖြတ်လမ်းလေးပေါ်မှာ ဘယ်သူမှ နင်းဖြတ်လျှောက်လို့မရအောင် ဆူးခက်တွေချထားလိုက်ဖို့ ခြံစောင့်ကြီးကို ခိုင်းထားပါတယ်။ ခြံစောင့်ကြီးက 'ဟုတ်ကဲ့' 'ဟုတ်ကဲ့'နဲ့ ခုထက်ထိ အဲဒါကိုမလုပ်ဖြစ်သေးပါဘူး။ သူက နေ့စဉ် မြင်တွေ့နေရတဲ့ ဆရာမတွေဆိုတော့ အားနာတယ်နဲ့တူပါတယ်။ ပါပါက သိပ်ကိုစေတနာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပေမဲ့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရကောင်းမှန်းမသိ၊ စည်းမဲ့ကမ်းမဲ့ပြုမူသူ၊ ပင်ကိုယ်အသိစိတ် မရှိတဲ့သူတွေကိုတော့ နောင်ကြဉ်သွားအောင် ကောင်းကောင်းကြီး သင်ခန်းစာပေးချင်ပုံရပါတယ်။ ဆူးခက်တွေချထားတဲ့အဆင့်တော့ မရောက်သေးပါဘူး။ ပါပါက ပြောပါတယ်။ "သည်လို ဝါးတွေနဲ့ ကြက်ခြေခတ်ထားတာကို ဖြတ်လျှောက်သူ ရှိမရှိစောင့်ကြည့်ဦးမယ်၊ ပြီးမှ တဆင့်တက်မယ်"တဲ့။

တစ်ခါတစ်ခါ ကျွန်မလည်း ပါ့ပါ့လိုပါပဲ။ မိမိနိစ္စဓူဝ ဖြတ်သန်းသွားလာနေကျ ပတ်ဝန်းကျင်ကို လှပအောင် ပင်ကိုအသိစိတ်နဲ့ ဝိုင်းဝန်းထိန်းသိမ်းရကောင်းမှန်းမသိတဲ့ လူစားတွေကို တစ်ခုခုတုံ့ပြန်ချင်စိတ်က ပေါ်ပေါက်လာတယ်။ အဲဒီဆရာမတွေ တားမြစ်ထားတဲ့ မြက်ခင်းပေါ် အားပါးတရနင်းလျှောက်နေတဲ့ပုံကို ရှုထောင့်အမျိုးမျိုးကနေ ကင်မရာနဲ့ဓါတ်ပုံခိုးရိုက်ထားပြီး သူတို့သွားလာနေကျ ဘုရားကျောင်းဆင်ဝင်မှာ ပုံကြီးချဲ့ကပ်ထားမယ်ပေါ့။ ပြီးရင် အောက်ကနေသည်လို 'ဖြတ်မလျှောက်ရ မြက်ခင်းပေါ် စည်းကမ်းမဲ့စွာ ဖြတ်လျှောက်နေသည့် လူတချို့ (တစ်နည်း) ကျောင်းသားထု၏ လမ်းပြကြယ်များ' လို့ပေါ့။ သည်လိုဆိုကောင်းမလား။ သူတို့ ရှက်သွားပြီး နောက်တစ်ခါ သည်လိုမဖြစ်အောင် ထိန်းသိမ်းမယ်နဲ့တူပါရဲ့။ သည့်ထက်ပိုဆိုးလာခဲ့ရင်ကောလို့စဉ်းစားမိတော့ ကျွန်မဗျာမျာသွားတယ်။ စိတ်အကြံဖြစ်မိတာကို ပြောပြတာပါ။

တနင်္ဂနွေနေ့ဆိုရင် ကျွန်မတို့ရဲ့ ဂျပ်ဆင်ဂိတ်တံခါးဝကို နံနက်လင်းရောင်ခြည်လာကတည်းက ဖွင့်ထားရလို့ ကျွန်မစိတ်တွေထူးကဲပြီး ပျော်ရွှင်မြူးထူးနေမိတတ်ပါတယ်။ ရင်နှစ်ခြမ်း ဟင်းလင်းဖွင့်ထားခွင့်ရတဲ့ ဂိတ်တံခါးချပ်တွေလို ကျွန်မလည်း ခံစားချက်ရှိသမျှ ဖွင့်ဟထုတ်ဖော်ခွင့်ရလိုက်သလို စိတ်နှလုံးတွေ လွတ်လပ်ရှင်သန်နေပါတယ်။ တစ်ပတ်တာလုံး လုပ်ငန်းခွင်မှ ပင်ပန်းနွမ်းနယ်သမျှ သည်တစ်နေ့မှာကောင်းကောင်း အနားယူရင်း ဘုရားသခင် အကြောင်းပဲ ကျွန်မစဉ်းစားပါတယ်။ သူတစ်ပါးအကြောင်း မကောင်းမတွေးဘူး။ သူတစ်ပါးကို မကောင်းမမြင်ဘူး။ သက်ရှိသက်မဲ့ အရာအားလုံးဟာ ဘုရားသခင်ဖန်ဆင်းတဲ့ လက်ရာမြောက်အနုပညာတွေ ဖြစ်တယ်လို့ နှလုံးသွင်းရင်း စိတ်ကို ကြည်လင်ရှင်သန့်နေအောင်ထားပါတယ်။ နေ့တိုင်းနေ့တိုင်းကို တနင်္ဂနွေသာ ဖြစ်လိုက်စေချင်တဲ့စိတ်တွေကလည်း ကျွန်မရင်မှာ လွှမ်းမင်းပြင်းပြဖြစ်ပေါ်နေမိတယ်။ အထူးသဖြင့် ကျွန်မရဲ့ တသက်တာကို ခရစ်ယာန် အမျိုးသမီးတစ်ဦးအဖြစ် ရှင်သန်ခွင့်ရတဲ့အတွက် တွေးမိလေတိုင်း အံ့ဩမဆုံးဖြစ်ပြီး ဘုရားသခင်ကို ကျေးဇူးစကား အခါခါဆိုမိတဲ့ အထိပါပဲ။ နံနက်လင်းချိန်ကစလို့ မိုးချုပ်အိပ်ရာဝင်ချိန်ထိ မျက်စိနဲ့ကြည့်မြင်ရင်း ချီးမွမ်းစကားဆိုရမယ့် ကျေးဇူးတော်တွေရယ်၊ စိတ်နှလုံးနဲ့ခံစားပြီး ဝမ်းမြောက်ပျော်ရွှင်ရမယ့် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

တော်တွေရယ်နဲ့ ကျွန်မရဲ့တစ်နေ့တာနာရီတွေဟာ အနှစ်သာရနဲ့ ပြည့်ဝနေပါတယ်။ တနင်္ဂနွေလိုနေ့မျိုးကတော့ တစ်ပတ်တာမှာ အနှစ်သာရအပြည့်ဆုံး၊ စိတ်တွေအကြည်လင်ဆုံး၊ ပျော်ရွှင်ဖွယ်အကောင်းဆုံးနေ့ပဲပေါ့။ ဝတ်ပြုကိုးကွယ်အစီအစဉ်မှာ ကြားနာရသမျှ တရားဒေသနာတွေကလည်း အနှစ်သာရနဲ့ပြည့်ဝနေပြီး နှလုံးသွင်းဆင်ခြင်စရာတွေချည်းပါပဲ။

သည်တနင်္ဂနွေသာမရှိရင် ကျွန်မရဲ့ဘဝဟာ ကမောက်ကမဖြစ်ကုန်မှာအသေအချာပါ။ ဒါ့အပြင် သည်တနင်္ဂနွေကိုကျွန်မချစ်မြတ်နိုးရတဲ့ အချက်တစ်ချက်လည်းရှိနေပါသေးတယ်။ ကျွန်မရဲ့ အလုပ်ချိန်တွေက တနင်္လာကနေ စနေအထိ ပြည့်နေလေတော့ သည်တနင်္ဂနွေကျမှသာ ကျွန်မရဲ့ ခင်ပွန်းသည်နဲ့ တစ်နေကုန်၊ နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း အတူစကားဆိုခွင့်၊ ထမင်း လက်ဆုံစားခွင့်၊ ကော်ဖီ အတူသောက်ခွင့်၊ စာအုပ်အတူဖတ်ခွင့်၊သီချင်းအတူနားထောင်ခွင့်တွေ ရရှိလို့ပဲ ဖြစ်ပါတယ်။ ဘုရားရှိခိုးကျောင်း ဆင်းတဲ့အခါ ကျွန်မတို့နှစ်ဦးသား အိမ်ထဲမဝင်သေးဘဲ၊ ဂျပ်ဆင်ဂိတ်တံခါးဝကအုတ်ခုံလေးမှာ အတူထိုင်ဖြစ်ကြပါတယ်။ ဘုရားကျောင်းဝင်းထဲက ထွက်လာတဲ့လူတွေကို တလေးတစားနှုတ်ဆက်ပြီး ပြုံးရယ်ပြတယ်။ ကျွန်မတို့လိုတူယဉ်တွဲထွက်လာတဲ့ လူငယ်စုံတွဲတချို့ကိုကြည်ကြည်နူးနူးနှုတ်ဆက်တယ်။ အေးအေးလူလူထိုင်နေတဲ့ ကျွန်မတို့နှစ်ဦးကို ဖြတ်သွားဖြတ်လာလူတွေရယ်၊ တဝီဝီပြေးနေတဲ့ ကားပေါ်က လူတွေရယ်က အားကျတဲ့မျက်လုံးတွေနဲ့ စောင်းငဲ့ကြည့်သွားကြတယ်။ ကျွန်မတို့နှစ်ဦး စကားတွေဆိုရင်း ဘုရားသခင်ဖန်ဆင်းထားတဲ့ သဘာဝအခြင်းအရာတွေကို မက်မောရင်ခုန်စွာ ထိုင်ကြည့်ဖြစ်ကြတယ်။ အခုလို ဘုရားကျောင်းအဆင်း၊ တနင်္ဂနွေညနေခင်းတွေမှာပေါ့။

အဲသည်မှာ ကျွန်မနဲ့မောင်နဲ့ အများဆုံး ငေးကြည့် ပြောဆိုဖြစ်ကြတာကတော့ နေဝင်ချိန်ကောင်းကင်နဲ့တစ်ခါကြည့် တစ်မျိုး မရိုးအောင် ပြောင်းလဲလှပနေလွန်းတဲ့ တိမ်တွေအကြောင်းပေါ့။

"ခုတလော တိမ်တွေ အရမ်းလှတယ်၊ စုသတိထားမိလား"

"ဟုတ်တယ်၊ တန်ဆောင်မုန်းလမှာ ညနေခင်းကောင်းကင်နဲ့တိမ်တွေ ပိုလှတယ်ထင်တယ်နော် မောင်"

"ပြီးခဲ့တဲ့ တနင်္ဂနွေညနေတုန်းက အနောက်ဖက် ကောင်းကင်တစ်ခုလုံး ပြာတောက်နေတာပဲ စု မှတ်မိလား"

"အင်း. . . . ဒီညနေတော့ အနီ၊ လိမ္မော်၊ အပြာစုံနေတာပဲ၊ လှလိုက်တာ။ ဘုရားသခင်ဖန်ဆင်းထားတဲ့လက်ရာတွေ ဘယ်ပန်းချီဆရာမှ ဆေးခြယ်လို့ မီမှာ မဟုတ်ဘူး။ ဟိုးမှာ ခရမ်းရောင်လေးတစ်ကွက်တောင် ပါလိုက်သေး၊ မောင်တွေ့လား"

"တွေ့တယ် တွေ့တယ်၊ ဒီညနေ ရှုခင်းက အဲသည်ဆိုင်က ထွန်းထားတဲ့မီးတွေနဲ့ အလိုက်ဖက်ဆုံးပဲ"

---

> လမ်းတစ်ဖက် ပလက်ဖောင်းပေါ်မှာ
> စကပ်တိုတိုလေးတွေ
> ပေါင်ပေါ်တိုကပ်နေအောင်
> ဝတ်ထားတဲ့ မိန်းကလေး
> လေးယောက်ဆီ. . .

---

"ဟုတ်တယ်၊ အဲဒါ အခုပဲပြောမလို့၊ စုနဲ့မောင်နဲ့ အမြဲတမ်းအမြင်ချင်းတူတယ်နော်"

ပြည်လမ်းရဲ့အနောက်ဖက်ခြမ်း ခပ်လှမ်းလှမ်းမှာ မကြာခင်က ဖွင့်လှစ်ခဲ့တဲ့ အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာမျိုးစုံ၊ အကင်မျိုးစုံ၊ အရက်ဘီယာအစုံရတဲ့ The Prome ဆိုတဲ့ဆိုင်ကြီးကို လှမ်းကြည့်ရင်း သူကပြောလာလို့ ကျွန်မ ထောက်ခံလိုက်တာပါ။ တကယ်လည်း ဟုတ်ပါတယ်။ ကျွန်မနဲ့ ကျွန်မခင်ပွန်းသည်တို့ဟာ နားလည်မှု၊ ယုံကြည်မှုတွေ အပြန်ပြန်ညှိနှိုင်းလုပ်ယူနေစရာ မလိုဘဲ အလိုအလျောက်ကိုက်ညီပြီးသားဖြစ်နေတတ်ပါတယ်။ ဒါဟာ ဘုရားသခင်ကို ရှေ့တန်းတင်တဲ့အိမ်ထောင်ဖြစ်လို့ ကောင်းချီးခံစားရတာပါ။ဒါကြောင့်လည်း အိမ်ထောင်သက် ဆယ်နှစ်ကျော်အတွင်းမှာ ဘာတစ်ခုမှ တစ်ယောက်အပေါ်တစ်ယောက် ငြိုငြင်စရာ၊ စိတ်ကွက်စရာဘာဆိုဘာမှ မတွေ့ဖူးခဲ့ပါဘူး။

"အမြင်ချင်းလား. . . မတူပါဘူး၊ စု ကောင်လေးချောချောလေးတွေကို မြင်ကြည့်ပုံနဲ့ မောင်က မိန်းကလေးလှလှလေးတွေကို မြင်ကြည့်ပုံတော့ ဘယ်တူလိမ့်မလဲ. . . ."

အဲသည်လို မောင်က ကျွန်မကို စနောက်နေပါသေးတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ လမ်းတစ်ဖက် ပလက်ဖောင်းပေါ်မှာ စကပ်တိုတိုလေးတွေ ပေါင်ပေါ်တိုကပ်နေအောင် ဝတ်ထားတဲ့ မိန်းကလေး လေးယောက်ဆီ ကျွန်မ မျက်စိက စူးခနဲရောက်သွားမိတယ်။ နီယွန်မီးတိုင်အောက်မှာ အလင်းနဲ့ အရိပ်က သူတို့ကိုယ်ပေါ်မှာ တစ်ခြမ်းမှောင်တခြမ်းလင်း ဖြာကျနေလို့ သူတို့ဝတ်စားထားတဲ့ ဖက်ရှင်ဒီဇိုင်းတွေက ပိုပြီးစိတ်ဝင်စားစရာလှပနေပါတယ်။မြန်မာပြည်ဟာ ထိုင်းလား၊ ကိုရီးယားလား၊ စင်ကာပူလား၊ တရုတ်လား၊ အာရှလား၊ ဥရောပလားခွဲခြားလို့မရအောင် ခုခေတ်မိန်းကလေးတွေရဲ့ ဖက်ရှင်က ခေတ်လွန်ဆန်းပြားနေပါပြီ။ မြန်မာမိန်းကလေးရယ်လို့ လက်ညှိုးညွှန်စရာ နေရာကွက်လပ်လေးတောင် သူတို့ကိုယ်ပေါ် ရှာမရတော့တာ စိတ်မကောင်းစရာပါပဲ။ ရဲရဲမကြည့်ဝံ့ပေမဲ့ သူတို့ အလှကြီးလှနေကြတယ်ဆိုတာကိုတော့ ကျွန်မ မငြင်းလိုပါဘူး။ မောင့်ကို တန်ပြန်စနောက်ချင်စိတ်နဲ့ ကျွန်မ မေးခွန်းထုတ်လိုက်တယ်။

"ကဲ. . ဒါဖြင့် ပြောပါဦး၊ ဟောဟိုက မိန်းကလေးလေးယောက်ကို မောင့်အမြင်က ဘယ်လိုလဲ"

မောင်က မျက်မှောင်ကြုတ်ပြီး တစ်ချက် စူးစိုက်လှမ်းကြည့်တယ်။ ပြီးတော့ ချက်ချင်းပဲပြောတယ်။

"ရိုးရိုးသားသား မိန်းကလေးတွေတော့ မဟုတ်တာသေချာတယ်"

မောင့်စကားကြောင့် ကျွန်မ အလွန်အမင်းပဲ အံ့အားသင့် တုန်လှုပ်သွားမိတယ်။

"သူများသားသမီးကို မောင်ရယ်၊ ဒီနေ့က တနင်္ဂနွေ ဥပုသ်နေ့ကြီးနော်၊ မကောင်းမမြင်ပါနဲ့လား" လို့ ကျွန်မတားမိ

www.burmeseclassic.com

www.burmeseclassic.com

တော့ "စု လာမေးလို့ အမှန်အတိုင်းပြောတာ၊ ဘာလဲ ညာပြောရမှာလား၊ လိမ်ညာဖုံးကွယ်ပြီးပြောရင်သာ ဘုရားက မကြိုက်တာ"

ကျွန်မ အသာငြိမ်ပြီး မယုံမရဲနဲ့ လှမ်းငေးကြည့်နေမိတယ်။ စောစောတုန်းက ဘုရားသခင်ဖန်ဆင်းထားတဲ့ ကောင်းကင်နဲ့တိမ်တွေကို ကြည့်ရသလို ကျွန်မစိတ်တွေ ကြည်လင်မနေတော့ဘူး။ ညနေဆည်းဆာ ကွယ်ပျောက်သွားတဲ့ မိုးချုပ်စ မှောင်ရီလို စိတ်တွေက မှုန်မှိုင်း ညှိုးမည်းသွားတယ်။ ကြည့်နေစဉ်မှာပဲ ယာဘက်ယာဉ်ကြောက နေ ခပ်ဖြည်းဖြည်း ဘီးလိမ့်ရှိမောင်းလာတဲ့ ကားတစ်စီးက (သူတို့မတားပါဘဲနဲ့) သူတို့ရှေ့ထိုးရပ်သွားတယ်။ ကားမောင်းသူအပြင် နောက်ခန်းမှာ လူတစ်ယောက်။ အဲသည်လူက မိန်းကလေးတွေနဲ့ အပြန်အလှန် စကားဆိုနေတယ်။ ခဏလေးပါပဲ။ နောက်တော့ အလှဆုံးလို့ ထင်ရတဲ့ မိန်းကလေးကနောက်ခန်းကားတံခါးကို ဇတ်ခနဲဆွဲဖွင့်၊ နောက်ကလူက အနည်းငယ် နေရာရွှေ့ပေး၊ မိန်းကလေးက စွေ့ခနဲ ပူးကပ်ဝင်ထိုင်၊ ကားကငြိမ့်ခနဲ မောင်းထွက်သွား၊ ကျန်ခဲ့တဲ့သုံးယောက်က ဟီးဟီးဟားဟားရယ်ရင်း လက်တွေပြ။ နောက်ထပ် တစ်ယောက်ပြီး တစ်ယောက် လာထိုးရပ်တဲ့ ကားတွေပေါ် အသီးသီးပါသွား. . .။ အိုး. . . ဘာတွေလဲဟင်။ နိုင်ငံရပ်ခြားရုပ်ရှင် ဇာတ်ကားတစ်ကားရဲ့ ပိတ်ကားပေါ်က ပြကွက်တွေသာ ဖြစ်လိုက်ပါတော့။ တကယ်အပြင်မှာ ဖြစ်ပျက်နေတာ မဟုတ်ဘဲနဲ့လေ။

"ကဲ. . မြင်ပြီမို့လား"


မောင့်ကို ကျွန်မဘာမှ ပြန်မပြောနိုင်တော့ဘူး။ တစ်ချီတည်းငြိမ်ကျသွားတယ်။ ကြိုးပြတ်သွားတဲ့ ရုပ်သေးရုပ်လို ကျွန်မစိတ်တွေ အဲသည်မီးတိုင်အောက်က ပလက်ဖောင်းပေါ်မှာ ပစ်ခွေ လဲကျသွားတယ်။ နှမျောခြင်း၊ ယူကျုံးမရဖြစ်ခြင်းတွေဟာ မီးပြင်းပြင်းနဲ့ကျိုထားတဲ့ ရေနွေးအိုးလို ပွက်ပွက်ဆူထနေတယ်။ မိဘတွေ မသိကြဘူးလား။မိဘတွေ မရှိကြဘူးလား။ ပညာရှာဖွေသိမှီးရမယ့် အရွယ်ကောင်းမိန်းကလေးတွေ။ ပညာမရှာဘဲ ဘာတွေလိုက်ရှာနေတာလဲ။ ဘာ့အတွက် သည်လိုဖြစ်ရတာလဲ။ ဘာတွေလိုနေလို့လဲ။ ငွေကြေးလား၊အောင်မြင်ကျော်စောမှုလား၊ ကျောချစရာ နေရာထိုင်ခင်း တစ်နေရာစာလား၊ အလုပ်လား။ ကျွန်မဘာလုပ်ရမလဲ။ မီးထဲကို တိုးဝင်နေတဲ့ ပိုးဖလံလေးတွေကို မြင်ယောင်လာတယ်။ ရဲရဲ ပျော်ပျော်ကြီးကိုပဲ တိုးဝင်နေကြတာ။ ခဏသာ မြင်လိုက်ရတဲ့ ကျွန်မရင်တွေ ဩစတြေးလျတောမီးလို ဟုန်းဟုန်းတောက်လောင်ကျွမ်းနေပေမဲ့ ကာယကံရှင်သူတို့လေးတွေမှာတော့ ထမင်းစားရေသောက်တဲ့ ပုံမှန်ကိစ္စဆောင်ရွက်သလို။သည့်အတွက် ဘယ်သူ့မှာ အပြစ်ရှိလဲ။ ဘယ်သူ့မှာအပြစ်အရှိဆုံးလဲ။ ဆင်းရဲတဲ့တိုင်းပြည်မှာ ကြီးပြင်းလာတဲ့မိန်းကလေးငယ်ငယ်တွေ ရှိုးသားကြိုးစားရမှာကို နှောင့်နှေးတယ်ထင်ပြီး ဖြတ်လမ်းကနေ အလွယ်လိုက်ရင်း နစ်မြုပ်နေကြတာလား။ ရုပ်ဒြပ်အားဖြင့် ဆင်းရဲပေမဲ့ အသိအားဖြင့် ကြွယ်ဝချမ်းသာအောင် ပြုပြင်ပြောင်းလဲဖို့ ဘယ်သူ့မှာ တာဝန်ရှိလဲ။ ကျွန်မလို Print Media သမားလို့ ဆိုရမယ့် စာရေးဆရာမှာရော တာဝန်ရှိလား။ ရှိမှာပေါ့။အများဆုံးရှိမှာပေါ့။ မျက်စိရှက်စရာပြင်ဆင်ဝတ်စား လှစ်ဟဖော်ကျူးထားတဲ့ မင်းသားမင်းသမီးမော်ဒယ်တွေရဲ့ပုံတွေ ရှေ့တန်း တင်ထားတဲ့ ကြည့်စရာရုပ်ပုံများ များပါတဲ့ "အကြည့်မဂ္ဂဇင်း"တွေ ထုတ်လုပ်ဖြန့်ချိနေမယ့်အစား စိတ်ဓါတ်အတွေးအခေါ်မြင့်မားစေဖို့ သိစရာစာပေဗဟုသုတတွေ များများပါမယ့်"အသိမဂ္ဂဇင်း" တွေအင်တိုက်အားတိုက်ထုတ်လုပ်ဖြန့်ချိမယ်ဆိုရင်မကောင်းဘူးလား။ ဘယ်သူ့မှာ တာဝန်အရှိဆုံးလဲ။

လောလောဆယ် ကျွန်မမှာတော့ တာဝန်တစ်ခုရှိသွားတယ်လို့ ခံစားရတယ်။ သည်လိုမိန်းကလေးတွေ သည်လိုဘဝကနေ လွတ်မြောက်ပြီး မိမိခြေထောက်ပေါ် မိမိ တန်ဖိုးရှိစွာ ရပ်တည်နိုင်ဖို့၊ လမ်းမှားကို ရပ်တန့်ခိုင်းပြီး ဘယ်လိုလမ်းမျိုးရှာဖွေလျှောက်လှမ်းရမယ်ဆိုတာ ဘုရားရှင်လမ်းပြသွန်သင်ပေးဖို့ ညစဉ်ဆုတောင်းပေးရပါတော့မယ်။

ပိုးဖလံလေးတွေကြောင့်ကျွန်မတို့ရဲ့ အရင့်အရင် သာယာလှပနေကျ တနင်္ဂနွေညနေဟာ သည်ညနေမှာ မလှတော့ဘူး။ကျွန်မစိတ်တွေလည်းမကြည်လင်တော့ဘူး။ နောက်တစ်ပတ် တနင်္ဂနွေညနေ ဘုရားကျောင်း ဆင်းတဲ့အခါ ကျွန်မ သည်အုတ်ခုံလေးမှာ ထိုင်ရဲပါ့မလား။ သည်မြင်ကွင်းတွေကို နောက်တစ်ကြိမ် ကြည့်မြင်ဖို့ သတ္တိရှိပါဦးမလား။ မသေချာ မရေရာတဲ့ အတွေးတွေနဲ့ မောင့်ကို တိုးတိုးဖွဖွလေး ပြောလိုက်မိတော့တယ်။

"အိမ်ထဲပြန်ဝင်ကြရအောင်လား မောင်ရယ်၊ စောစောတုန်းကလှနေတဲ့ တိမ်တွေလည်း မရှိတော့ပါဘူး"

စုမီအောင်



www.burmeseclassic.com

www.burmeseclassic.com




## စင်ကာပူရမ် မဟုတ်သူတွေအတွက် ကလေး ကျောင်းလခ တက်ဦးမယ်

စင်ကာပူနိုင်ငံမှာ မြန်မာများစွာ အလုပ်လုပ်ကိုင်နေထိုင်လျက် ရှိပါတယ်။ ဇနီး မယား သမီးသားတို့ကိုလည်း အတူတကွခေါ်ထားကြပါတယ်။ အဲဒီတော့ သားသမီးများကို ကျောင်းထားပေးကြရတော့တာပေါ့လေ။စင်ကာပူနိုင်ငံရဲ့ပညာရေးစနစ်က A-Level ရောက်ရင် Cambridge University က စစ်ဆေးအသိအမှတ်ပြုပေးတဲ့အတွက် ခိုင်မာတဲ့ပညာရေးဆိုပြီး မိဘတွေကလည်း ဂုဏ်ယူစွာ ပညာအမွေပေးကြပါတယ်။

သို့ပေမယ့်. . . ကလေးကျောင်းလခတွေ တက်သွားတဲ့အတွက် မိဘများ စိတ်အနှောက်အယှက်ဖြစ်ကြရပါတယ်။ ပထမတစ်ချက်အနေနဲ့ ဂျူလိုင်လကစလို့၊ Primary 1 ကျောင်းတက်ဖို့မှတ်ပုံတင်တဲ့အခါ ကိုယ်ကြိုက်တဲ့ကျောင်း ကိုယ်ရွေးချယ်ခွင့် ပေးထားပါတယ်။ စင်ကာပူမှာလည်း ဟိုကျောင်းကကောင်းတယ်၊ ဒီကျောင်းမှတက်ချင်တယ်ဆိုတာတွေ ရှိလို့ပါ။ နောက်တစ်ချက်အနေနဲ့. . . ဇန်နဝါရီလ ၂၀၁၁ ကစလို့ အမြဲတမ်းနေထိုင်ခွင့်ရသူ PR များနဲ့ နိုင်ငံခြားသားများရဲ့ ကျောင်းလခသွင်းရမည့်ငွေ မြင့်သွားပြီဖြစ်တဲ့အကြောင်း ပညာရေးဝန်ကြီး အင့်အန်ဟင်း (Ng Eng Hen) က အန်မိုကရို GRC ဂျလန်ကာရှူး ward မှာ ပြောသွားခဲ့တာပါ။

မစ်(စ်)ရီနီလင်း (Ms.Renee Lim) က ကျောင်းသားမိဘတွေက လူကြိုက်များတဲ့ ကျောင်းကို ရွေးချယ်ချင်ကြတာနဲ့ပတ်သတ်လို့ ဘယ်လိုများကူညီနိုင်မလဲ ဆိုပြီးမေးတဲ့မေးခွန်းကို ဖြေကြားရင်းတစ်ဆက်တည်းပြောကြားသွားတာဖြစ်ပါတယ်။ အသက် ၃၆နှစ်ရှိပြီဖြစ်တဲ့ Human Resource Manager ရီနီလင်းက အသက် ၄နှစ်ရှိပြီဖြစ်တဲ့ သမီးလေးကို အိမ်နားက လူကြိုက်အများဆုံး ထိပ်တန်းမူလတန်းကျောင်း (Top Primary School Rosyth) မှာ မရမှာပူပန်နေပါသတဲ့။

နာရီပိုင်းမျှသာ ကြာပြီး ဒေသခံလူ ၂၀၀ မျှသာ တက်ရောက် တဲ့ အပြန်အလှန်ဆွေးနွေးပွဲလေးမှာ တစ်ဦးတစ်ယောက်ရဲ့မေးခွန်းအပေါ် အခြေခံဖြေကြားခဲ့တာဖြစ်ပါတယ်။အားလုံးက ဝမ်းသာအားရထောက်ခံကြပါတယ်။

"ဒီလို စင်ကာပူရီယမ်မဟုတ်သူတွေကို ကျောင်းလခတိုးယူခြင်းဟာ စင်ကာပူမှာကျောင်းမတက်နိုင်အောင် လုပ်တာမဟုတ်ပါဘူး။PRတွေကို ကျောင်းတွေမှာလက်ခံချင်ပါတယ်။ဒါပေမယ့် စင်ကာပူရီယမ်တွေရဲ့အခွင့်အရေးကိုလည်းအသိအမှတ်ပြုချင်လို့ပါ။"

ဝန်ကြီးက အဲဒီလိုပြောသွားပါသေးတယ်။ဝန်ကြီးက သတင်းမီဒီယာများနဲ့ တွေ့ဆုံတဲ့အခါ. . . PR တွေ၊ နိုင်ငံခြားသားကျောင်းသားတွေနဲ့ စင်ကာပူရီယမ်ကျောင်းသားများ အတူပူးတွဲကျောင်းတက်စေခြင်းအားဖြင့် ယဉ်ကျေးမှုများ၊ လှုံ့ဆော်တိုက်တွန်းမှုများနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆက်သွယ်မှုများ ရစေနိုင်မှာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။

"စင်ကာပူရီယမ်တွေက PRတွေထက် အခွင့်အရေးနှစ်ဆရမယ်ဆိုတဲ့ စည်းမျဉ်းကတော့ အရေးမကြီးပါဘူး"

စက်တင်ဘာလအတွင်းက ဝန်ကြီးချုပ်လီရှင်လုံးကပြောသွားခဲ့တဲ့ နိုင်ငံသားစင်ကာပူရီယမ်နဲ့ နိုင်ငံသားမဟုတ်သူများအကြား အခွင့်အရေး ထူးထူးခြားခြား ဖြစ်စေရမယ်ဆိုတဲ့အပေါ် အရေးတယူပြုလိုက်တာလည်း ဖြစ်ပါတယ်။

### Higher Fees*

At Primary Schools

| | Now | | 2011 | | 2012 | |
|---|---|---|---|---|---|---|
| Nationality | Yearly | Monthly | Yearly | Monthly | Yearly | Monthly |
| Citizen | $132 | $11 | No Change | | No Change | |
| PR | $174 | $14.50 | $396 | $33 | $612 | $51 |
| Foreigner | | | | | | |
| Non-Asean | $1,872 | $156 | $3,072 | $256 | $4,272 | $356 |
| Asean | $1,752 | $146 | $2,352 | $196 | $2,952 | $246 |

At Secondary Schools

| | Now | | 2011 | | 2012 | |
|---|---|---|---|---|---|---|
| Nationality | Yearly | Monthly | Yearly | Monthly | Yearly | Monthly |
| Citizen | $252 | $21 | No Change | | No Change | |
| PR | $264 | $22 | $552 | $46 | $852 | $71 |
| Foreigner | | | | | | |
| Non-Asean | $2,712 | $226 | $4,272 | $356 | $5,832 | $486 |
| Asean | $2,532 | $211 | $3,312 | $276 | $4,092 | $341 |

At Junior Colleges and centralised institutes

| | Now | | 2011 | | 2012 | |
|---|---|---|---|---|---|---|
| Nationality | Yearly | Monthly | Yearly | Monthly | Yearly | Monthly |
| Citizen | $336 | $28 | No Change | | No Change | |
| PR | $348 | $29 | $780 | $65 | $1,224 | $102 |
| Foreigner | | | | | | |
| Non-Asean | $4,464 | $372 | $6,864 | $572 | $9,264 | $772 |
| Asean | $4,224 | $352 | $5,424 | $452 | $6,624 | $552 |

NOTE:*Fees include school and miscellaneous fees, and table assumes no change to miscellaneous fees in 2011 and 2012.



www.burmeseclassic.com

## ဆရာမကြီး ဒေါက်တာစောယုနွယ်နဲ့ ဆွေးနွေးတိုင်ပင်ချင်ပါသလား?

ဆရာကြီး ဒေါက်တာမင်းသိန်း၏တပည့် ဆရာမကြီး ဒေါက်တာစောယုနွယ်သည် စင်ကာပူနိုင်ငံရှိ မြန်မာများ၏ အခက်အခဲများကို ဗေဒင်ပညာဖြင့် ဖြေရှင်းပေးရန် ၁၃. ၁၀. ၂၀၀၉နေ့မှ ၂၅. ၁၀. ၂၀၀၉ နေ့အထိ (၁၃) ရက်ကြာ ဟောပြောဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုစဉ်က မဆုံလိုက်ရသူများအတွက် ဟောစာတမ်းများကိုရယူလိုပါက မွေးနေ့သက္ကရာဇ် အပြည့်အစုံနှင့် ဆက်သွယ်ရမည့် လိပ်စာကို ဖော်ပြပြီး အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိပါတယ်။

| | |
|---|---|
| မဆု | ကိုဇော်လေး-မမီရှဲလ် |
| ရဲရင့်ကဖီး | ရဲရင့် ပစ္စည်းပို့ဆောင်ရေး |

**111. North Bridge Road,#03-36 Peninsula Plaza**
**Singapore 179098**
**Tel: 6334 4382, 6334 4383**

## Body World

၂၀၀၃ခုနှစ်က Expo ပြခန်းမှာ ပြသခဲ့တဲ့ Body World Exhibition ကို ယခုတစ်ခါ စင်ကာပူ Science Centre မှာ Oct 23 2009 မှ Mar' 2010 အထိပြသဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

ဂျာမာန် သိပ္ပံပညာရှင် Dr Gunther Von Hagens က လူသေ အလောင်းများနဲ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို မပုပ်မသိုးအောင် စီစဉ်ထားတာပါ။ အလောင်းကောင်ရဲ့ တစ်သျှူးအဆီနဲ့ ရေများကို ဖယ်ရှားပြီး ပလပ်စတစ်နဲ့ အစားထိုးထားတာဖြစ်တဲ့အတွက် အနံ့အသက်မရှိ မပုပ်မသိုးပါဘူး။ ၁၉၉၅ ခုနှစ်ကစပြီး မြို့တော်ပေါင်း ၅၀ကို လှည့်လည်ပြသခဲ့ရာမှာ ကြည့်ရှုသူပေါင်း၂၈ သန်းရှိခဲ့ပါပြီ။စင်ကာပူမှာ ပြသခဲ့စဉ်က ကြည့်ရှုသူပေါင်း ၂ သိန်းရှိခဲ့တဲ့အတွက် ယခု Science Centre မှာ ပြသခဲ့ရင် ၂သိန်း ၂သောင်းလာကြည့်မယ်လို့ မှန်းထားပါတယ်။ ဝင်ခကတော့ လူကြီး ၂၁ဒေါ်လာ၊ ကလေး ၁၃ ဒေါ်လာ ဖြစ်ပါတယ်။



## နှင်းဆီရင်ခွင် နှစ်ပါးခွင် ကြည့်ကြရဦးမယ်

မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ကို ပျော်ရွှင်စွာကြိုဆိုရင်း. . . စင်ကာပူရောက်အနုပညာချစ်သူများ စီစဉ်သော ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) ၏ နှင်းဆီရင်ခွင် နှစ်ပါးသဘင် မင်းသား တင်မောင်ဆန်းမင်းဝင်း (ရွှေမန်းသဘင်)၊ မင်းသမီး ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် မေကဗျာနှင့် ဒေဝစ္စရာလေးများ၊ လူရွှင်တော် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များဖြစ်ကြသော နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း (Examplez)၊ မိုးမိုးတို့အဖွဲ့မှ စတိတ်ရှိုး




နှစ်ပါးအငြိမ့်များဖြင့် ၂၀၁၀ မတ်လ၂၁ရက် တနင်္ဂနွေနေ့နေ့လည် ၃နာရီ အချိန်တွင် (Chinatown-Kreta Ayer People's Theatre) ဇာတ်ရုံကြီးတွင် ကပြဖျော်ဖြေပါမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ကြိုတင်လက်မှတ်များကို. . ဒေဝီဦး 05#17, T3 02#25, ဆုံဆည်းရာ 05#35, ရန့်သစ် B1 စသော Peninsula Plaza ဆိုင်များတွင်ဝယ်ယူနိုင်ပါသည်။

## စင်ကာပူမှာရှိတဲ့ မြူးမြူးကြွကြွ လှလှပပ မြန်မာ Band လေးရှိတာ သင်သိပါသလား?

လူမျိုးပေါင်းစုံကို လက်ခံထားတဲ့ စင်ကာပူနိုင်ငံမှာ လူမျိုးတိုင်းက သူ့ဂီတ တီးဝိုင်းလေးတွေ၊ သူ့လူမျိုးနဲ့သူ Pub ကလေးတွေအစ အပန်းဖြေဖို့ ရှိနေကြပါတယ်။ဒါပေမယ့်ကျွန်တော်တို့ ရွှေမြန်မာများမှာ Band ကလေးတစ်ခုတောင် မရှိခဲ့တာမို့အဲဒီကွက်လပ်ကလေးကို 'ကိုအောင်မြိုင်သင်း' တို့အုပ်စုရဲ့ D-day Band ကလေးက ဖြည့်ဆည်းပေးထားပါတယ်။

* * * * *

ဒီဇင်ဘာလ ၆ ရက်နေ့ညနေပိုင်းက Bouna Vista MRT Station နားက NTU Alumni Club မှာ ကျင်းပခဲ့တဲ့ တေးဂီတ ဖျော်ဖြေပွဲကလေးကို အမှတ်မထင် ရောက်ရှိသွားရာကနေ တီးဝိုင်းကို ဦးဆောင်ပြီး အစီအစဉ်လေးများကို ပျော်ရွှင်စွာ ကြေငြာပေးနေတဲ့ ကိုအောင်မြိုင်သင်းကို မေးခွန်းလေးတစ်ချို့ မေးဖြစ်ပါ တယ်။

* * * * *

*Q: : တီးဝိုင်းလေး ဖြစ်ပေါ်လာပုံလေး ပြောပြပါဦး။*



www.burmeseclassic.com

A: : တကယ်တော့ ၂၀၀၆ခုနှစ် နှစ်ဦးပိုင်းလောက်မှာ CANDLE BAND လေးကို စတင်ဖွဲ့စည်းဖြစ်ပါတယ်။ ရဲရင့် ကာရာအိုကေမှာပါ။ တစ်လ နှစ်ကြိမ်လောက် လုပ်ခဲ့တာပါ။

*Q: : ရှိုးပွဲလေးတစ်ခု စီစဉ်ကြသေးတယ် မဟုတ်လား။*

A: : ၂၀၀၇ အောက်တိုဘာလ (၇)ရက်မှာ ဂျေမောင်မောင်၊ ကော်နီ၊ မောင်မောင်ဇော်လတ်၊ သီရိဂျေမောင်မောင်တို့နဲ့ စီးတီးဟောက တရုတ်ဘုံကျောင်းမှာ ရှိုးပွဲလုပ်ခဲ့ကြပါသေးတယ်။

*Q: : အောင်မြင်မှု ရခဲ့ရဲ့လား။*

A: : အဲဒီအချိန်က မြန်မာတို့အတွင်းမှာ နိုင်ငံရေးအရှုပ်အထွေးလေးနဲ့ အာရုံများနေတော့ အောင်မြင်မှုမရခဲ့ပါဘူး။

*Q: : အခု D-day Band လေး အကြောင်းပြောပြပါဦး ခင်ဗျာ။*

A: : ၂၀၀၈ ခုနှစ် နှစ်ကုန်ခါနီးလောက်ကျတော့ အခု Drum တီးနေတဲ့ စိုင်းကျော်က်နဲ့တိုင်ပင်ပြီး D-day Band လေး စတင်တည်ထောင်ဖြစ်ပါတယ်။



*Q: : လူစုဖို့ရော အဆင်ပြေရဲ့လား။*

A: : အချိန်ရှားပါးမှုကြောင့် Music Group ဆန်ဆန် တစ်ယောက်မအား တစ်ယောက်အစားထိုးစနစ်နဲ့ ဖွဲ့ထားတာပါ။

*Q: : ရည်ရွယ်ချက်ကလေး သိပါရစေ ခင်ဗျာ။*

A: : မြန်မာ့အသိုင်းအဝိုင်းလေးရဲ့ မွေးနေ့ပွဲ၊ မင်္ဂလာဆောင်ပွဲ၊ မိတ်ဆုံစားပွဲလေးတွေမှာ အတန်အသင့် သက်တောင့်သက်သာ Band ကလေးတစ်ခု ရှိနေစေချင်လို့ပါ။

*Q: : တီးဝိုင်းမှာ ပါဝင်တဲ့သူတွေက. . . .*

A: : Candle Band မှာတုန်းကတော့. . .

Lead Guitar -မင်းအောင်နဲ့ စည်သူကျော်

Base Guitar-ရဲမြင့်

Key Board-စည်သူဟိန်းနဲ့

Drum-စိုင်းကျော်က်ပါ။

D-day Band ဖွဲ့ဖြစ်တော့. . .

Lead Guitar-Danny (အောင်မျိုးကျော်)

Base Guitar-ဝင်းအောင်ချစ်

Key Board-စိုင်းရွှေဝင်း

Drum-စိုင်းကျော်က် တို့ဖြစ်လာပါတယ်။

*Q: : သီဆိုတဲ့သူတွေရော. . .*

A: : လေးဖြူနဲ့ဇော်ဝင်းထွဋ်တို့ သီချင်းတွေကို အဆိုများတဲ့ ပန်ဂို။ လေးဖြူသီချင်းတွေနဲ့လိုက်ဖက်တဲ့ ဘိုဘို၊ ထင်ကြီး၊နေဖုန်း။ မျိုးကြီးသီချင်းတွေကို အဆိုကောင်းတဲ့ ထက်အောင်ဖြိုး၊ ကိုစိုးလွင်နဲ့ မိုးသီတာတို့ဖြစ်ပါတယ်။ နေဖုန်းက Pop လည်းဆိုပါတယ်။အားလုံးရဲ့ အခြေခံကတော့ Rock ပေါ့လေ။

*Q: : တေးသံရှင်တွေကို ဘယ်လိုရွေးချယ်ထားပါသလဲ။*

A: : စင်ကာပူမှာ အလုပ်လုပ်နေကြတဲ့ဂီတဝါသနာရှင်များပါ။ ဒါပေမယ့် ဒီဝိုင်းမှာ တကယ်တော်မှ၊ တကယ်ရမှ အဆင့်မီ ဖျော်ဖြေရေးတန်းဝင်မှ သီဆိုသူအဖြစ်လက်ခံတာပါ။

*Q: : လက်မှတ်က. . .*

A: : တစ်စောင် S$15 နဲ့ရောင်းပါတယ်။ ပွဲကြီးဆိုရင် ပျော်ကြ ကကြနဲ့ ထိန်းသိမ်းရခက်တာမို့၊ တစ်ဆင့်စကား တစ်ဆင့်နား၊ခင်မင်သူများ အချင်းချင်းကြားမှာပဲ လက်မှတ်ရောင်းပြီး တီးခတ်သီဆိုဖျော်ဖြေကြတာပါ။ စောစောလာရင် ဘူဖေးတောင် စားရပါသေးတယ်။

*Q: : ကောင်းပါတယ်။ လုံခြုံရေးအပိုင်းကရော. . .*

A: : သူငယ်ချင်း မိတ်ဆွေများအကြား တစ်ဆင့်ပြီးတစ်ဆင့် လက်မှတ်ရောင်းတာဖြစ်လို့ ပွဲကြည့်သူများဟာ တစိမ်းများမဟုတ်ကြဘဲ Audience become security (ပွဲကြည့်သူက လုံခြုံရေးပြန်ဖြစ်တဲ့) စနစ်နဲ့ အချင်းချင်း ထိန်းပြီးသွားပါတယ်။ ကချင်ကပါ။ ဆိုရင်ဆိုပါ။ သိုးခံပြီး ရန်မဖြစ်ကြပါနဲ့ပေါ့။

*Q: : ပွဲက ဘယ်တော့ကျင်းပပါသလဲ။*

A: : နှစ်လတစ်ကြိမ်၊ 1st week of the month (လရဲ့ပထမပတ်) (တနင်္ဂနွေ)နေ့မှာ ကျင်းပပါတယ်။

*Q: : အမြတ်အစွန်းရရဲ့လား။*

A: : လောလောဆယ်တော့ အရင်းအနှီးက ပိုများပါတယ်။ ငွေကြေးနဲ့ အချိန်တွေ သုံးရပါတယ်။ ဒါပေမယ့် ပွဲမှာ သူငယ်ချင်းများမိတ်ဆွေများ ပျော်ရွှင်နေတာတွေ့ရင် ကျေနပ်သွားပါပြီ။ အဲဒါ တကယ့်ကြီးစွာသော အမြတ်အစွန်းပါ။

*Q: : ပွဲငှားရင် ကူညီသီဆိုပေးမယ်ပေါ့နော်။*


A: : ဟုတ်ကဲ့။ 'ကိုအောင်မြိုင်သင်း-၈၃၀၅၀၈၁၉' ကိုသာဆက်သွယ်လိုက်ပါ။

ဝမ်းသာပါတယ်။ အခုလို ဖြေကြားပေးတာလည်း ကျေးဇူးတင်ပါတယ်။

Friday Born



www.burmeseclassic.com



# အောင်မြင်ကျော်ကြား မြန်မာများ

Design Ko Thin

## ဒီပဲယင်း အာဇာနည်၊ အဂ္ဂမဟာ သေနာပတိ သတိုးမင်းကြီး

# မဟာဗန္ဓုလ

**ကြည်သာဇော်**



ယခင်လမှ အဆက်

အမှတ်(၁၀)တိုင်းရင်းသားခြေလျင်တပ်နှစ်တပ်၊ ပလန်းနက် *(Planet)* ခေါ်တဲ့ စစ်သင်္ဘော်ရယ်၊ အမြောက်တင် သင်္ဘော်(၃)စင်းရယ် လွှတ်ပြီးဆင်မဖြူကျွန်းကို သိမ်းယူ တပ်စွဲတော့တာပေ့ါ။ ဒီတော့ ဒို့ဘုရင်မင်းမြတ်လည်း ညီလာခံမှာ ညီတော် ၊သားတော်၊ တပ်မှူး၊ ဗိုလ်မှူး စုံညီတော့ တိုင်ပင်ကြတာပေ့ါကွာ။ အဲဒီမှာ ကွဲတာပဲ။ ဗမာဆိုတာ အမြဲနှစ်စုကွဲတာ(နှစ်ယောက်ရှိရင်)၊ ညီတော် သာယာဝတီမင်းသားနဲ့ အမတ်ငယ်အချို့က ပြေရာပြေကြောင်း အနုနည်းနဲ့သာ ရန်ပြေငြိမ်းစေလိုတာကွ။ သူက လိုချင်လို့ နယ်ချဲ့လာပြီပဲ။ ငါတို့ကတော့ချမှာပဲ။ငါနောက်မှာမင်းမြတ်အပေါ် သြဇာရောက်တဲ့ နန်းမတော်မယ်နုနဲ့ မောင်တော် စလင်းမင်းသားကြီး နဲ့ တပ်မှူးတော်တော်များများ ရပ်ကြတယ်။‘ဒီလိုနယ်ချဲ့ကောင်တွေကို တိုက်ထုတ် မျိုးဖြုတ်ပြီး တကျွန်းသား အင်္ဂလိပ်နိုင်ငံ အထိ သိမ်းယူပ့ါမယ်ဘုရား’ ဆိုပြီး ငါလျှောက်တော့ “သံဃာအား ဘုရားမလွန်သာ” ဆိုသလို ခွင့်ပြုတော်မူတာပေ့ါ။ ဒီတော့ငါကဗိုလ်မှူး၊ မင်းကြီးမဟာသီဟသူရ၊ မင်းကြီး မဟာမင်းလှရာဇာတို့က စစ်ကဲ၊ စလေစား မင်းလှရာဇာ၊ မဟာစည်သူကျော်ထင်တို့ကို နာခံ၊ စာရေးကြီး နေမျိုးသူရနော်ရထာနဲ့ မင်းထင်စည်သူကို တပ်ရေးခန့်ပြီး ဘွဲ့အမည်ရလူပေါင်း (၁၀၀)ကျော်၊ ၄င်းတို့ပါသည့် အမှုထမ်း (၆၀၀)ကျော်၊ ရိက္ခာအစုံပေးအပ်ပြီး (၁၁၈၅)ခု နတ်တော်လပြည့်ကျော် (၁၃)ရက်၊ အင်္ဂါနေ့မှာ ရုံးတော်တွင် ပြန်တမ်းခံပြီး ဆင်ဖြူကျွန်းမြို့မှာ စခန်းချပြီး ပုဂံမှပြည်မြို့အကြား မြို့ရွာတွေမှာ လူသူရဲမက်၊ လက်နက်စုဆောင်း ပြင်ဆင်ကြတာကွ။

**မေး။ ။ အဘ စစ်သားစုဆောင်းပုံက အလွန်မျှတပါတယ်။ ခုခေတ်** *(Human Rights)* **ဥပဒေနဲ့လည်း ညီတယ်။ အဲဒီခေတ်ထဲက စစ်ဥပဒေတွေ ရှိနေခဲ့သလားဆိုတာ အဘပြောပြမလား။**

ဖြေ။ ။ ဘယ်ခေတ်မဆို ဥပဒေသ ဆိုတာရှိတာပဲ။ စစ်သားကောင်း တစ်ယောက်ရဲ့ ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေ ရှိရမှာပေ့ါကွာ။ ဒါမှလည်း တော်ပေမပေ့ါ။ ငါ့စိတ်ကြိုက်ကတော့အသက်(၂၀)အောက်၊ အသက်(၅၀)အထက် မပါစေရ၊ ခြေသိမ်၊ လက်သိမ်၊ မျက်စေ့တိမ်စွဲ၊ မျက်ခမ်းတို၊ ကိုယ်ထက် ဒူးပေါင် ရှည်သူ၊ ပန်းနာ၊ ဒူလာ၊ ကြက် ဝက်မူ



www.burmeseclassic.com

www.burmeseclassic.com

တက်၊ ခွေးရူးစတဲ့ ရောဂါရှိသူတွေကို တပ်သားအဖြစ်ရွေးချယ်မှု လုံးဝ မရှိစေရဘူး။ ဘယ့်နှယ့်လဲ မကောင်းဘူးလား။ တကယ့် ကွာလတီ*(Quality)*တပ်မကြီးကွ။ငါရွေးထားတဲ့ လူမှာလည်း *(Full Facility)* အပြည့်အဝ ပေးထားတာ။သေနတ်ကိုင်တပ်သားဆိုရင် သေနတ်၊ ဗုံး၊ ဘန့်ပွေးကြိုး အရှည်ခုနှစ်တောင် (သုံးလွှန်းတင်ကြိုး)၊ မီးခတ်ကျောက် (၅)ပြား၊ ယမ်းချိန် တစ်ပိဿာ နားဆေးချိန် (၁၀)၊ ကျဉ်လုံးရေ (၁၀၀)၊ သံချွန်၊ ဆန် တစ်ပြည်ဝင် အိတ်တစ်လုံး၊ လှော်ဖိနပ်တစ်ရံ၊ အပြည့်အစုံပါရမယ်။ ဒီနေ့ ခေတ်မှာတော့သေနတ်၊ ကျည်ဆံ၊ရိက္ခာဆေးဝါးတွေ နေမှာပေါ့။ သဘောတရားကတော့ အတူတူပါပဲကွာ။ ငါတို့ခေတ်နဲ့ကတော့ ဖက်ဆယ်လတီ အပြည့် ပေးတာပေါ့ကွာ။

**မေး။ ။မှတ်သားစရာပါပဲအဘရယ်။ဒါကြောင့်လည်း နယ်ချဲ့ အင်္ဂလိပ်စာရေးဆရာတွေ ရေးတဲ့စာတွေမှာ အဘရဲ့စွမ်းရည် ပြည့်ဝမှုတွေ ရေးသားကြတာပေါ့။ ရွေးချယ်လေ့ကျင့်ပြီး ရဲမက်တွေကို ဘယ်လို ဖွဲ့စည်းသလဲ အဘ။ ဒီနေ့ခေတ်လို တပ်စိတ်၊ တပ်ခွဲ၊ တပ်စု၊ တပ်ရင်း၊ တပ်မပုံစံတွေပဲလား။**

ဖြေ။ ။ အေးကွ။ ပုံစံတော့ အတူတူပါပဲကွာ။ အခြေခံက ဒါပဲကိုး၊ လေ့ကျင့်ပြီး ရဲမက်တွေကို ငါးယောက်ကို တစ်အိုးစား၊ တစ်အိုးစားလျှင် မိုးကာတစ်၊ ဓါးမတစ်၊ ဆောက်ခုံးတစ်၊ ဆောက်ပြားတစ်၊ လွန်စူးတစ် ပေးအပ်ပြီး လူဆယ်ယောက်ကို အကြပ်တစ်(တပ်စိတ်ပုံစံပေါ့)၊ အကြပ်ငါးယောက်မှာ သွေးသောက်ကြီးတစ်၊ သွေးသောက်နှစ်ယောက်မှာ ရာတပ်မှူးတစ်၊ ရာတပ်မှူးငါးယောက်မှာ ဗိုလ်တစ်ယောက် အသီးသီး ကြီးစဉ်ငယ်လိုက် အုပ်ချုပ်စေတာပေါ့။ အင်္ဂလိပ် မျက်နှာဖြူ တစ်ကျွန်းသားတွေနဲ့ တိုက်ရမှာမို့ အရေးကြီး စစ်ဆင်ရေးမှာ အလုပ်ဂုဏ်နှင့်ညီအောင် “သတိုး”ဘွဲ့ကို ငါထပ်ရတယ်။ အထူးချီးမြှောက်တာလည်း ဆိုနိုင်တာပေါ့ကွာ။ မရဏလမ်း မြန်းမည့်အတူတူ လုပ်ပိုင်ခွင့် ပေးတယ်ဆိုပါစို့၊ “အဂ္ဂမဟာသေနာပတိ သတိုးမင်းကြီး မဟာဗန္ဓုလ”ဘွဲ့ ဖြစ်သွားရောကွာ။ “သတိုး”ဆိုတာ တစိမ်းကို မပေးဘူးကွ။ မင်းညီမင်းသားတွေကိုပဲ ပေးတာ။

**မေး။ ။ ဒီပွဲမှာ အဘတို့ အစွမ်းကုန် ပြခဲ့တယ်လို့ ဆိုပါတယ်။ အင်္ဂလိပ်တွေ တပ်ပျက် ကစဉ့်ကလျားပြေးခဲ့ရတာတွေ မြင်ယောင်တာနဲ့တောင် အဘတို့ကို လေးစားရပါတယ်။ ယယ်ယယ်ကဆို ရုပ်ရှင်ရုံထဲ လက်ခုပ် လက်ဝါးတီးအော်ခဲ့ကြတာ။ အင်္ဂလိပ်တပ်တွေ လာရင် ပြောင်းဖူးရိုးနဲ့ ပေါက်ကြ၊ မြန်မာတပ်တွေက နိုင်ရင်ထခုန်ကြတာ ခုထိမြင်ယောင်နေဆဲပါ အဘရာ...။ လက်ခုပ်လက်ဝါး တီးအားပေးရတာ လက်တွေနာရော..။**

ဖြေ။ ။ အေးကွ။ ဒါကလည်း ဗျူဟာရော၊ ရဲမက်စွမ်းရည် မြင့်မားမှု၊ ရဲမက်တပ်မှူးတွေ စိတ်ဓါတ်ခိုင်မာမှု၊ အခြေအနေ အချိန်အခါ သုံးသပ်မှု၊ ရာသီဥတု၊ သဘာဝဆေးတွေပါ ကိုယ့်ဖက်ကသာမှုရမှာကွ။ လက်နက်လည်းကောင်းပါရက်နဲ့ ရဲမက်က ကြေးစားတွေဆိုတော့ ငွေရဖို့ပဲမက်တဲ့ ငွေမက်တွေခေါ်လာတဲ့ အင်္ဂလိပ်ကတော့ သင်ခန်းစာ ယူစရာပါကွာ။ ရဲမက်ဆိုတာ ဘာတဲ့ စိတ်ဓါတ်၊ကြံ့ခိုင်၊စည်းလုံး၊ ဆိုလား မသိဘူး။

**မေး။ ။ ဗီယက်နမ်မှာ အမေရိကန် တပ်ပျက်ရတာလို့နေမှာပေါ့ နော်။ ရုပ်ရှင်တွေထဲမှာ ဗီယက်ကောင်းတွေဟာ လယ်ထွန်ရင်းတောင် သေနတ်လွယ်တိုက်ကြ၊ ပြောက်ကျားနည်းတွေနဲ့ ဆော်ကြတာ ရုပ်ရှင်တွေထဲမှာ အမေရိကန်တွေ သွေးပျက်ကုန်တာ အင်အားကြီးတိုင်း အနိုင်ကျင့်ရမယ်ထင်နေသလား မသိဘူးနော်။ အင်္ဂလိပ်တွေ နယ်ချဲ့ဂုတ်သွေးစုတ် အရင်းရှင်တွေကို မြန်မာ့စိတ်ဓါတ်နဲ့ ဇာတ်သိမ်းပေးတဲ့ ပွဲပါပဲထင်တယ်။ နောက်ပြီး အဘရဲ့ စစ်တပ်ကွပ်ကဲမှုကလည်း အလွန်အကွက်ကျ စေ့စပ်တယ်လို့ သိရပါတယ်။**

ဖြေ။ ။ဒါကဒီလိုကွ။ ရှေ့နောက်တပ်ဦးနဲ့ နောက်အကူတပ်တွေ မျက်ခြေမပြတ်ဖို့ မြင်းစီးစစ်သားလွှတ်ပြီး အချိန်ပြည့် အစီရင်ခံဖို့၊ ကင်းတပ်တွေ နိုးကြားဖို့၊လက်နက်တွေ အဆင်သင့်ဖြစ်ဖို့၊ ချက်ပြုတ်စားသောက်ရာမှာ မီးသုံးစွဲမှု၊ အချင်းချင်း အခြေအနေသုံးသပ်ဆွေးနွေးနေဖို့ အဓိကပေါ့ကွာ။

---

အင်္ဂလိပ်တွေဆိုတာ အသက်လု
ပြေးလိုက်ကြတာ။ပြေးရင်း မြစ်ခံနေရင် မြစ်ထဲခုန်ချ၊
ရေကူးပြေးကြ၊ ဦးထုပ်ပြုတ်ကျ၊ ချော်လဲသူလဲ၊
ပြုံသူပြုံနဲ့. . . . .

---

**မေး။ ။ ကပ္ပတိန် နော်တင် *(Capt.Nortin)* အုပ်ချုပ်တဲ့ အမှတ်(၂၃)တပ် ပန်းဝါမှာ ရှိနေတာ အဘတပ်က ဝင်တိုက်တယ်ဆို။**

ဖြေ။ ။ ငါမဟုတ်ဘူးကွ။ ရှေ့ထွက်တပ်အဖြစ် စစ်ကဲကြီး မဟာသီဟသူရကို တိုက်ဖို့ ငါအမိန့်ထုတ်လိုက်တာ။ နော်တင်လဲ လန့်ပြီး စစ်တကောင်းက အမှတ်(၂၀)တပ်ကိုပါ စစ်ကူတောင်းပြီး ကန်ဘောင်ရိုးတွေ၊ မြစ်ကမ်းတွေက ခံစစ်စောင့်နေတာ။ မြန်မာပဲပါးတာပေါ့။ ညဖက်ထွက်တိုက်၊ နေ့ဖက်ခံတုတ်ကျင်းဆောက်ပြီး ကျွင်းထဲကထွက်တိုက်တာကွ။ တပ်ပျက်ပြေးပါရောလား။ တစ်ခါ နတ်မြစ်ဝမှာ အင်နဲ့အားနဲ့ ခံပြန်ရော။ ငါတို့အဓိက ဗျူဟာဝက်ခေါင်းထိုးစစ်ဆင်ရေးနည်းနဲ့ အတင်းတက်တိုက်တာကွ။ အင်္ဂလိပ်တွေဆိုတာ အသက်လု ပြေးလိုက်ကြတာ။ ပြေးရင်းမြစ်ခံနေရင် မြစ်ထဲခုန်ချ၊ ရေကူးပြေးကြ၊ ဦးထုပ်ပြုတ်ကျ၊ ချော်လဲသူလဲ၊ ပြုံသူပြုံနဲ့ ခပ်ရှိုင်းရှိုင်း နှိုင်းရရင် “. . . . တန်းရဲဝိုင်း” သလိုပဲကွ. . ဟား. . ဟား. . ဟား”

**မေး။ ။ အဘပြောတာနဲ့ကို မြင်ယောင်ကြည့်ရုံနဲ့တင် မြန်မာ့အစွမ်းသိနေပါပြီ။ ပြဇာတ်တွေ၊ ရုပ်ရှင်တွေမှာလည်း ယယ်ယယ်က ကြည့်ဖူးပါတယ်။ ဒီပွဲမှာ လူ(၃၀၀) လက်ရဖမ်းမိပြီး၊ သေနတ် (၅၀၀)ကျော် အမြောက်(၂)လက်၊ မြင်း (၂၀)၊ ဆင်(၅)စီး ရခဲ့တယ်မဟုတ်လား**



www.burmeseclassic.com

www.burmeseclassic.com

**ကာလကတ္တားတောင် တုန်လှုပ်ချောက်ခြားပြီး၊ ဘယ်နေ့တိုက်ခံရမလဲ တထိတ်ထိတ်ဖြစ်စေခဲ့တယ် မဟုတ်လား။**

ဖြေ။ ။ အေးကွာ။ဆက်ထိုးလိုက်ရင် ကောင်းမှာကွ။ ကာလကတ္တား သာရရင် အင်္ဂလိပ်တွေ ရန်ကုန်ကို သိမ်းနိုင်မှာ မဟုတ်ဘူး။ ငါတို့ မိုးကျခါနီးတာမို့ ရိက္ခာစုရင်း အောင်ပွဲခံနေကြတာ။ ဟိုကောင်ကွာ. . မဟာသီဟသူရ (မြဝတီမင်းကြီး) "ကျိုက်ကျိုက်ဝှန်" ၍ အစချီ စစ်ရတုပိုဒ်စုံရေးပြီး ငါ့ကိုလာဆက်တယ်။ သိပ်တော်တဲ့ စစ်ထွက်စာဆိုကွာ။ မင်းရှာဖတ်ကြည့်ပါ။ ဒီနေ့တော့ ငါမဆိုပြနိုင်တော့ဘူး။ စာနဲ့ရေးပေးလိုက်မယ်။

**မေး။ ။ ရန်ကုန်အသိမ်းခံရတာ အဘတို့ ရှေ့မဲနေလို့လို့ မထင်မိဘူးလား**

ဖြေ။ ။ ငါတို့က မိုးကုန်ရင် ဘင်္ဂလားကို တိုက်သင့်ရင် တိုက်မယ်ဆိုပြီး၊ စစ်နားရင်း ရိက္ခာစု အားမွေးနေတာကွ။ ဒီကောင်တွေက အကောက်ကြံ ယုတ်မာပြီး မာန်အောင်ကျွန်းကို တက်သိမ်းတာ။ အင်အားနည်းနေတဲ့ "ရဲစက်ကျော်သူ"လည်း ခုခံမရတာနဲ့ ဆုတ်ပေးရတာ။ နောက်ကျော်ဓါးနဲ့ ထိုးနေတာကွာ။ စစ်ပရိယာယ်ကြွယ်တဲ့ကောင် စားတာပေါ့။ ငါနေပြည်တော်ကို ကြိုတင်အကြောင်းကြားခဲ့ပေမယ့် နောက်ကျသွားတယ်။ အင်္ဂလိပ်တပ်နှစ်တပ်၊နံပါတ် (၁၃)(၃၈)၊ ခြေလျင်နှစ်တပ်၊ ဥရောပသားအမြောက်နှစ်တပ်၊မဒရပ်မတပ်ကြီးတစ်တပ်၊ (၄၁) နှင့် (၈၉) တပ်များ၊ ဥရောပတပ်၊ တိုင်းရင်းသားခြေလျင်တပ်၊ အမြောက်လေးတပ်၊ စစ်သည် (၁၅၀၀၀) နီးပါး၊ စစ်သင်္ဘောကြီးတွေနဲ့ ဆာ-အာချီဘောကင့်ဘဲလ် *(Sir A Campbell)* ကို ဗိုလ်ချုပ်ခန့်ပြီး ရန်ကုန်ကိုတိုက်ဖို့ ကပ္ပလီကျွန်းမှာ နေရာယူထားတာကွ။

**မေး။ ။ ကောဇာသက္ကရာဇ် ၁၁၈၆ခု (ခရစ်နှစ် ၁၈၂၄)၊ ကဆုန်လဆန်း (၁၄) ရက်မှာ အင်္ဂလိပ်တွေ ရန်ကုန် အတင်းဝင်သိမ်းခံရတော့ အံ့ဩမသွားဘူးလား...ရွှေတိဂုံ ရင်ပြင်မှာတောင်တပ်စွဲနေသေးဆို..**

ဖြေ။ ။ မအံ့ဩပါဘူး။ ထင်ထားပေမယ့် နေပြည်တော်က စောစောလျင်လျင် မဆောင်ရွက်လို့ ခံရတာပဲ။ ငါတို့ တပ်ဖြောက်ပြန်ဆုတ်လာပြီး ရန်ကုန်တိုက်ပွဲတွေ တိုက်ကြသေးတယ်။ ဒီကောင်တွေက ငပါးတွေကွ။ ငါ့ကို စစ်ကူမပေးနိုင်အောင် ရေး၊ မြိတ်၊ ထားဝယ်တွေကိုလည်း သိမ်းထားတယ်။ ကျိုက်ကလို့မှာရှိတဲ့ စားတော်ဝန်မင်းလှမင်းခေါင်ရဲ့ တပ်ကိုဖြိုဖို့ မေဂျာအီဗန် *(Major Evan)* ရဲ့ (၃၈)တပ်က ပုစွန်တောင်ချောင်းက ရေကြောင်းချီလာတယ်။ ကာနယ်စမစ် *(Col-Smith)*ရဲ့ အမှတ်(၄)တပ်က ကမ်းနားမှ ကုန်းကြောင်းနဲ့ ကျိုက်ကလို့ကို ချီလာတယ်။ မြေကတုတ်မှာ ငြိမ်သက်ပြီး စောင့်နေတဲ့ မြန်မာတွေက အင်္ဂလိပ်တပ်ကျွံဝင်သွားမှ ထချတာကွ။ အင်္ဂလိပ် တပ်ပျက်ပါရောလား။ ဒါတောင် စစ်ကူ (၁၁၀၀) ထပ်ဖြည့်ပြီး သုံးကြောင်းခွဲတက်လာသေးတယ်။ မြန်မာ့ ဓါး၊လှံအောက်မှာ လက်နက်တွေထားပြီး ပြေးလိုက်ကြတာကွာ။ ငါလည်း



ဆင်ဖြူကျွန်းဖက်ကနေ လှိုင်မြစ်ကတဆင့် မှော်ဘီကျွဲလူးဆိပ်ကနေ ကျိုက်ကလို့တံတားနား ရောက်လာရောကွာ။တပ်တွေ ဗိုလ်မင်းတွေ စုပြီး တိုင်ပင်ကြတာပေါ့။ ငါ့ရဲ့ မိန့်ခွန်းကို မင်းသိအောင် ပြန်ပြောရမှထင်တယ်။

*"ဗိုလ်မင်း တပ်မင်းအပေါင်းတို့. . .*
*ငါတို့သည် အင်္ဂလိပ်တို့အား ညောင်ဝတီဘက်မှ ခြောက်လှန့်မောင်းနှင်လိုက်ရာ ကုန်းကြောင်းမှ မဝင်သာသဖြင့် ရေကြောင်းမှလှည့်ပတ်လာရောက်ထိပါးနှောက်ယှက်နေချေပြီ။ညောင်ဝတီပြည်နယ်ခြားတွင်တိုက်စဉ် ငါတို့မှာ သစ္စာရှိသောအမျိုးမှန်သည့်အားလျော်စွာ မိမိပိုင်နက်နယ်မြေကို မတရားသဖြင့် ယူထားသူထံမှ ပြန်လည်ရရှိသာ သဘောပိုက်လျက် တိုက်ခိုက်ခဲ့ကြပေသည်။ရှေ့သို့လောဘတကြီး တိုးတက်တိုက်ခိုက်ခြင်းမပြုဘဲ၊ အင်္ဂလိပ်ကုလားဖြူတို့ အခြေအနေကို ကြည့်ရှုစောင့်စားနေခဲ့သည်။ တစ်ကျွန်းသား ကုလားဖြူအင်္ဂလိပ်တို့သည် ငါတို့စိတ်သဘောကဲ့သို့ မဟုတ်မူ၍ နိုင်ထက် စီးနင်းကြံစည်လျက် လာရောက်စော်ကားရန်စပြုကြပြန်ပြီ။ ဤအရေး၌ ပေါ့ပေါ့ဆဆ ကြံလျှင် ငါတို့သူတို့ကျွန်ဘဝရောက်ရလိမ့်မည်။ မိစ္ဆာလူမျိုးတို့၏ ကျွန်ဖြစ်ရခြင်းထက် မြန်မာ၏ဂုဏ်မညှိုးရန် တိုက်ခိုက်ရင်းလဲ၍သေရသည်က ရာဇဝင်ပြောင်၍ မြတ်လှသေးသည်။ ယခုအရေးသည် ငါတို့၏ ဘုရားမြေကိုငါတို့အသက်နှင့်ဆက်၍ သွေးနှင့်ဆက်၍ လဲယူရမည့်အရေးဖြစ်သည်။ ဒီတစ်ကြိမ်နိုင်လျှင် ငါတို့ အင်္ဂလိပ်တိုင်းပြည်ထိအောင် တိုက်ခိုက်သိမ်းယူဖို့သာ ရှိတော့သည်။ ဒါကြောင့် ဒီတစ်ပွဲကိုရင်ကို ကတုတ်လုပ်၍ တိုက်ခိုက် ကြလော့. . ."*

အားလုံး တပ်မှူးတွေ သောင်းသောင်းဖြဖြ နှစ်သက်သဘောတူကြတယ်။

**မေး။ ။ ရန်ကုန်ချီတက်တိုက်ခိုက်ပုံ ခန့်ခွဲခဲ့တာ အဘပဲမဟုတ်လား။ အလွန် သေသပ် တိကျအောင်မြင်ခဲ့တယ် လို့ သိရတယ်နော်။**

ဖြေ။ ။ မြို့လတ်ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ကို အရှေ့မျက်နှာ ပုဇွန်တောင်ဖက်က တစ်ကြောင်း၊ မြောက်ဖက်ဆံတော်ကြိုလမ်းဖက်က မင်းထင်မင်းခေါင်က တစ်ကြောင်း၊ အတွင်းဝန် မဟာမင်းလှရာဇာ အုပ်ချုပ်တဲ့တပ်က သိင်္ဂုတ္တရကုန်းရှိ မျက်နှာဖြူတွေကို တိုက်ရန်၊ လက်ဝဲမင်းမှူးကြီး မဟာမင်းလှဇေယျသူ၊ စားတော်ဝန်မင်းလှမင်းခေါင်တို့ တပ်က ကြည့်မြင်တိုင်ဖက်မှဝင်ရန်၊ ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်ရဲ့တပ်က ဒလဖက်မှ ရန်ကုန်ကို ဝင်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ရန် စီစဉ်တာကွ။အဲဒီကောင် သတိုးမင်းကြီး မဟာမင်းခေါင်က ငါ့ညီအရင်းလေကွာ။ အသီးသီး နေရာချစီမံပြီး ငါက နောက်တပ်အနေနဲ့ အောင်စည်အောင်မောင်း တီးခတ် ချီတက်ရန်ပေါ့ကွာ. . . .။

**မေး။ ။ ရွှေတိဂုံကုန်းတော်မှာ နေရာယူတဲ့ အင်္ဂလိပ်တွေဟာ "နေရာကောင်းရတဲ့ ဖားသူငယ်ကို ကေသရာဇာ မနိုင်သလို" ဖြစ်ပြီး အဘတို့ အကျအဆုံးများဆို...အကျအဆုံးနဲ့ ဆုတ်ရဆို...။**

ဖြေ။ ။ အေးကွ. . . (၇)ရက်လောက်နဲ့ မရဘူး။ ကျောက်ဆည်ဝန်မင်းရဲ့ကျော်စွာက အယောင်ပြ နောက်ဆုတ် ပြေးရော၊အင်္ဂလိပ်လိုက်တိုက်တော့ မြန်မာတွေကဘေးက ဝန်းရံတိုက်တော့ အင်္ဂလိပ်တွေကျတာပေါ့။ ထွက်ပြေးတဲ့အင်္ဂလိပ်တွေကို အပြင်းလိုက်ထိုးခုတ်တဲ့ ကျောက်ဆည် ဝန်လည်း ကုန်းတော်ပေါ် ကပစ်တဲ့ ကျည်ခပြီးနတ်ရွာစံပါလေရောကွာ။ ဒါနဲ့ ငါတို့ တိုက်ကွက်ပြောင်းရတာပေါ့။စစ်သင်္ဘောတွေကို မီးဖောင်တွေရေအကျမှာ မျှောချပြီး အင်္ဂလိပ်သင်္ဘောတွေ မီးလောင်အောင်လုပ်ရတာပေါ့။ သူတို့ သင်္ဘောနှစ်စီး မီးလောင်သွားတယ်။ လက်နက်မမျှတာမို့ ငါတို့ အတော် အထိနာခဲ့ကြတယ်။ တပြိုင်တည်းမှာပဲပရိယာယ်ကြွယ်တဲ့အင်္ဂလိပ်ဟာနယ်စွန်နယ်ဖျားရခိုင်၊ မဏိပူရ၊ အာသန်ဖက်တွေပါဝင်သိမ်းပြီး ငါတို့ရဲ့ စစ်မျက်နှာကိုကျဲ့စေခဲ့တယ်။ သင်ခန်းစာယူစရာပေါ့ကွာ။ ငါ့မှာ တစ်ယောက်တည်းနဲ့ စစ်မျက်နှာလေးငါးခု ဘယ်တိုက်နိုင်မှာလဲ။ ငါ့ရန်ကိုအောင်မှ အပြီးငြိမ်းနိုင်မှာသိတဲ့ နယ်ချဲ့တွေဟာ အရေးသာတုန်းအမြန် သိမ်းကျုံးတိုက်ကြတယ်။ အပွဲပွဲနွှဲခဲ့သမျှ ဒီပွဲမှာကွဲတာပဲကွာ။ ရန်ကုန်တိုက်ပွဲအရေးမလှလို့ အရှက်တော်ရတဲ့ငါဟာ ငါ့အသက်ရှည်သမျှ ငါ့တပ်ကိုကျော်မတက်စေရဆိုတဲ့ ခံယူချက်နဲ့ ဓနုဖြူကို ဆုတ်ပြီး ခံတပ်အခိုင်အမာ ဆောက်ပြီးထားတာပေါ့။ သရက်တစ်ပင်ခံတပ်ကို ငါ့ညီသတိုးမင်းကြီး မဟာမင်းခေါင်က ခုခံရန်၊ မဟာသီလဝက မှော်ဘီမှခုခံရန် အသေအချာ စီမံစောင့်ခိုင်းညနေစေခဲ့တယ်ကွ။ တိုက်စစ်ကနေ ခံစစ်ပြောင်းသွားရပြီ။ ဘဝဆိုတာဒီလိုပါပဲကွာ။ မင်းတို့ နောက်ပေါက်တွေ အတုယူစေချင်တယ်။

**မေး။ ။ ကမ္ဘာမှာ စစ်သူရဲကောင်းတွေ အများကြီးရှိပါတယ်။ နပိုလီယံ၊ ဟစ်တလာတို့လိုပေါ့။ နောက်ပိုင်းခေတ်မှာ ဂျပန်ပေါ့။ အရမ်းဝေးတဲ့ခေတ်တွေမပါပေါ့အဘရယ်။သိပ်ဇာတ်သိမ်းမကောင်းလှဘူး။**

ဖြေ။ ။ ဒါကတော့ကွာ။ စစ်သားဟာ စစ်တိုက်ရင်းသေမှာပဲ။ ဆရာဝန်ဟာ ဆေးကုရင်းသေမှာပဲ။ လက်သမားဟာ အိမ်ဆောက်ရင်း သေတာ ဓမ္မတာပါကွာ။ချွင်းချက်တော့ ရှိတာပေါ့ကွာ။မြန်မာဘုရင်တွေကတော့ ထူးသကွ။ စစ်တိုက်တာ နှစ်ခြိုက်တဲ့ ဘုရင်၊ ဘုရားတည်တာ ဝါသနာထုံတဲ့ ဘုရင်၊ မိန်းမယူ ယစ်မူးနေတဲ့ဘုရင်၊

> စစ်သားဟာ စစ်တိုက်ရင်း သေမှာပ်. . .
> ဆရာဝန်ဟာ ဆေးကုရင်း သေမှာပ်. . .
> လက်သမားဟာ အိမ်ဆောက်ရင်း သေတာ
> ဓမ္မတာပါကွာ. . .

အဲဒီ(၃)မျိုးပဲ ရှိတာကွ။ တစ်ခုမှတော့ မကောင်းပါဘူးကွာ။တိုင်းပြည်ပဲ ကြေတာပါပဲ။ အောင်မြင်တာလည်း တစ်ခုမှ မရှိပါဘူး။ ဒီနေ့ခေတ်လို တံတားဆောက်၊ လမ်းဖောက်တာမှ ကျန်ဦးမယ် ထင်ပါတယ်ကွာ။

**မေး။ ။ အင်္ဂလိပ်က သူသာတုန်း အတင်းတွန်းတိုက်ဖို့ တပ်တွေစုပြီး အဘတို့ ခံတပ်ရှိတဲ့ ဓနုဖြူကို လာတိုက်တာဆို ကုလားဖြူခြေလျင် (၁၃၀၀)၊ ကုလားနက် (အိန္ဒိယကုလား)၊ စစ်ဗာရီ(၁၀၀၀)၊ ကိုယ်ရံတော် (၃၀၀)၊ မြင်းဆွဲ အမြောက်တပ်၊ ဗုံးတပ်တွေကို စစ်ဗိုလ်ချုပ်ကြီး ကင့်ဘဲက အုပ်ချုပ်ပြီး ဂျင်နရယ်ကော်တွန် *(General Cotton)* က ရေကြောင်းတပ်မှာ အမှတ် (၈၉)၊ နံပါတ် (၁၀)၊ ကုလားဖြူတပ် နံပါတ် (၁၈)၊ ကုလားတပ်၊ အမြောက်တပ်၊ ဗုံးတပ်ကိုကွပ်ကဲ ချီတက်တယ်လို့ စာတွေထဲမှာ ဖတ်ရတယ်။ အဘတပ်တွေကို စစ်ကူမပေးနိုင်အောင် နံပါတ် (၁၂)၊ နံပါတ် (၁၃)၊ နံပါတ် (၁၂) တပ် အချို့နဲ့ အမြောက်တပ်ကို ပုသိမ်လွှတ်ပြီး တိုက်ခိုင်းတာဆို။ အဲဒီတော့ အဘတို့ အင်အားချိနဲ့သွားတာပေါ့နော်။**

ဖြေ။ ။ မနည်းပါဘူးကွာ။ ဝန်ကြီးသတိုးမဟာသေနာပတိကို ပဲခူးမြို့၊ လှိုင်မြစ်ဝမှာ ထန်းတပင်၊ အင်္ဂပူတွေမှာ၊ ဧရာဝတီမှာ ရွှေတောင်မှာကွာ။ ဗိုလ်မင်းလှသူရိန်၊ စားတော်ဝန် မင်းလှမင်းခေါင်၊ ဇွဲသဖုံး မြို့စားမဟာဇေယျသူ တို့ကို တပ်အခိုင်အမာနဲ့ ခံစစ်ချထားပြီးသားကွ။ မင်းကြီးမဟာမင်းကျော်၊ မဟာမင်းလှမင်းထင်ကိုပုသိမ်မှာထားပြည်မြို့မှာ အတွင်းဝန်ကြီး သီရိမဟာ နန္ဒာသကြ်န်တပ်နဲ့ ကာထားတာ မင်းအင်္ဂလိပ်တွေ ငါတို့ကိုကျော်လို့ရမလား။ ငါတို့ဗျူဟာကညွှံ့လို့လား၊ လက်နက်ကွာပေမယ့် စိတ်ဓါတ် သာပါတယ်ကွာ။ ၁၈၂၅ခု၊ ဖေဖော်ဝါရီလ (၂၈)ရက်မှာ အင်္ဂလိပ်ရေကြောင်းတပ်ကြီး ဓနုဖြူခံတပ်ကို မြင်ရတဲ့နေရာရောက်လာတယ်ကွ။ ငါတို့ စီမံထားတာတွေ့တော့ ရှေ့မတိုးရဲဘူး။ အဲဒီနားစခန်းချနေတယ်။ ငါတို့က ထွက်တိုက်တယ်။ ပထမနေ့တွေမှာတော့ ခံရတာပေါ့ကွာ။ငါလည်း တကယ်လူစွန့်စားတပ်သားတွေ ရွေးထုတ်၊ ရွှပ်ရွှပ်ချွံချွံတိုက်တာ အင်္ဂလိပ်စစ်ဗိုလ်တွေ၊ ကုလားဖြူ ကုလားနက်(၁၇၀)ကျော်သေပြီး အမြောက်သေနတ် လက်နက်အချို့ ရလိုက်တယ်ကွာ။ ဒဏ်ရာရတဲ့သူကတော့ အလွန်များပေါ့ကွာ။ ခက်တာက ရေလမ်းကတက်လာတဲ့ကောင်တွေ ငါကတားထားပေမယ့် ကုန်းလမ်းချီတဲ့တပ်တွေကို မှော်ဘီတပ်က မထိန်းနိုင်ခဲ့ဘူးကွ။ ငါ့တပ်ကို တိုက်မနိုင်တော့ ဓနုဖြူတောင်ဖက် ကျိုက်ကလွန်ဗွန်း ဘုရားတွင် တပ်စွဲပြီးသာရဝေါမှာ တပ်စွဲနေတဲ့ "ကင့်ဘဲ"ကို စစ်ကူတောင်းဖို့ အင်္ဂလိပ်တပ်မှာ အမှုထမ်းတဲ့ မြန်မာတစ်ယောက် လွှတ်ခဲ့တာကွ။

**မေး။ ။ အသားထဲကလောက်ပေါ့နော်။ ဓနုဖြူခံတပ်ကျတာ မြန်မာလောက်ကောင်မကောင်းတာပဲလို့ ကြားဖူးတယ်။ အဲဒီမြန်မာက**



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂလိပ်ပေးတဲ့ စစ်ကျူတောင်းတဲ့စာကို လိပ်ပြီး မြန်မာရဲ့နားရှောင်း သဖွယ်ပန်ပေးလိုက်တာဆို ဒီကောင်သာရဝေါရောက်တော့ ဟိုက ရေးပေးတဲ့စာကို ဘဲဥန်းတောင် အတွင်းထည့်ပေးလိုက်တာကို အဲဒီ မြန်မာက မန်ကျည်းသီး လေ့လော့ပြီး အဘတပ်တွေရှေ့က ဖြတ် သွားတာကို မသိလိုက်ဘူးဆို။ အတော် သစ္စာမဲ့တဲ့ကောင်နော်။ ကိုယ့် အမျိုးဂုဏ်မထောက် ဆုငွေမက်တဲ့ကောင်၊ သူ့ကြောင့် ကျွန် တော်တို့ ကျွန်ဘဝရောက်ရတာ...။**

ဖြေ။ ။ အေးကွာ။ မြန်မာတွေကတော့ စံပါပဲ။ တကိုယ်ကောင်း လည်း ဆန်တယ်။ မြန်မာဟာ ဇာတ်တူသား စားရမှာမကြောက်ဘူး။ ကိုယ့်ချမ်းသာရေးကိုပဲကြည့်ကြတာ၊ဆုတော်ငွေနည်းနည်းနဲ့ကိုယ့် မြန်မာပြည်ကို ရောင်းစားသွားတာ။ သိပ်အသဲနာဖို့ ကောင်းပါ တယ်ကွာ။ ဘယ်ခေတ်မဆို မြန်မာကတော့ ဖေါ်လံဖား၊ အလို တော်ရိ၊ အောက်ဆွဲလုပ်ပြီး စားသတဲ့ကွာ။ တိုင်းပြည်ရောင်းစားတဲ့ ကောင်တွေ. . . နောက်ရှိသေးတယ်ကွ။ အင်္ဂလိပ်တပ်ကို ငါ့တပ် ကွပ်ကဲရင် ရွှေထီးဆောင်းပြီး ကွပ်ကဲတာတို့၊ ဘယ်နေရာတွေက ကွပ်ကဲတာတို့ သွားသတင်းပေးတဲ့ကောင်ကြောင့် ငါတို့ ပွဲသိမ်း ရတာကွ။ အချင်းချင်းမညီညွတ်လို့ပေါ့ကွာ။ အင်္ဂလိပ်ကလည်း အချင်းချင်းမတည့်အောင် သွေးခွဲ၊ လာဘ်ထိုး၊ ဆုငွေပေး အုပ်ချုပ် တာကွ။



**မေး။ ။ အဲဒီတော့ အင်္ဂလိပ်က စစ်ပွဲမှာ အဘရှိတဲ့နေရာပဲအမြောက် နဲ့ လှိမ့်ပစ်တာပဲ မဟုတ်လား။**

ဖြေ။ ။ ဒါပေါ့ကွာ။ စစ်ပွဲတစ်ခုဟာ ကြီးကြပ်တဲ့ ခေါင်းဆောင်က အခရာပဲကွ။ သူတို့အင်နဲ့အားနဲ့ တိုက်လာတဲ့အခါမှာ ငါရှိတဲ့ နေ ရာကိုသူတို့သိသွားတော့ဝိုင်းဆော်ကြတာပေါ့ကွာ။ ငါလည်းရွှေထီး အောက်ကနေ ကွပ်ကဲကြပ်မတ်နေတာ ဗိုလ်မှူးငယ်တစ်ယောက်က တော့ "ဤနေရာမှာ ရန်သူ့ဗုံးဆန်များ အကျများလှပါသည်၊ရှောင် တိမ်းတော်မူပါ ဘုရား"ဟု သံတော်ဦးတင်သားကွ။ ခက်တာက ငါ ရှိလို့ သူတို့အားတက်ပြီး ရှပ်ရှပ်ချွံချွံတိုက်နေတာ။ ငါဘယ်ခွာမှာလဲ၊ သေရင်သေပါစေကွာ။ ငါရှောင်တိမ်းရင် ငါ့တပ်သားတွေ ဖရိုဖရဲ ဖြစ်ကုန်မှာပေါ့။ ငါ့အသက်သေလိုက သေစေ၊ အမှုတော်ကို ကုန် စင်အောင် ထမ်းရွက်တော့မယ်လို့ ငါစိတ်ထဲတွေးပြီး မကြားယောင် ပြုပြီး ဆက်ကွပ်ကဲနေတာကွ။ သူတို့ကလည်း ငါ့ကိုပဲ မဲပစ်တာမို့ "အားမတန် မာန်လျှော့" လိုက်ရတာ။ မြန်မာပြည်ကျွန်ဖြစ်ရတာ အရင်းစစ်ရင် ဖော်လန်ဖား၊ အသားထဲက လောက်ကောင်တွေ ကြောင့်ပဲကွ။ ငါမင်းတို့ကို ပြောချင်တာကတော့ ကိုယ်တစ်ယောက် ကောင်းစားဖို့ထက် တိုင်းပြည်နဲ့ လူအများကောင်းစားဖို့ လုပ် ကြပါလို့ကွာ။



၁၁၈၆ခုနှစ်နှောင်း တန်ခူးလဆန်း (၁၄)ရက် (ခရစ် ၁၈၂၅) မနက်(၉)နာရီကျော်တွင် တပ်များကိုကွပ်ကဲ ခုခံရင်းကျဆုံး ခဲ့သော မြန်မာမျိုးချစ်သူရဲကောင်းကြီး "စစ်သူကြီးအဂ္ဂမဟာသေနာ ပတိသတိုးမင်းကြီး မဟာဗန္ဓုလ"ကို အတုယူ၍ နောင်လာနောင် သား သာမက ယနေ့လူငယ်များ အတုယူအားကျစေချင်ပါသည်။ မြဝတီမင်းကြီး ဆက်သတဲ့ စစ်ရတုပိုဒ်စုံကို ရေးသားပြလိုက်ရပါ သည်။

"ကျိုက်ကျိုက်ဝှန်၍၊ တံခွန်လွှင့်ဆောက်၊
မိုးမြင့်မောက်သား၊ ငါးတောက်အာလိန်၊
တာဝတိံမှ၊ ဒေဝိန္ဒရာဇ်၊ နတ်မင်းစစ်သို့၊
မြစ်လဲလှေလျှင်၊ အတင်တင်တိ၊
ကမ်းခွင်ညိတ်ညိတ်၊ မြူခိုးပိတ်မျှ၊
ညွှန်မြိတ်နွယ်ရှုံ၊မြို့မြုံကျွန်းခြား၊
သက်ကုလားကို၊ စက်ဘွားတော်ဆိုက်၊
သိမ်းခဲ့ပိုက်အံ၊ ကြွေးရိုက်ဖျော်ဖျော်၊
အောင်စည်စော်၍၊လေးဘော်ခြံရံ၊
ပုဂံကျဆင်း၊ စလင်းကရှက်၊
ချီခဲ့ထွက်သည်၊
ဓါးလက်ဆိတ်ကြေ၊ ဖြားရေတက်သက်၊
လောင်းချက်သာစွ၊
ဓညဝတီ၊နောက်မြောက်ဆီဝယ်၊ ယဉ်သည်ထားရိုက်၊
တောင်ကတိုက်နှင့်၊ ရွှန်းပြိုက်ကြဘွယ်၊
များရက်ကြွယ်သည်၊ဆွေမယ်သည်းရင်း၊
ချစ်တင်းကြားချင်ရှာပေလိမ့်မည်။"

ကြည်သာဇော်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# MYANMAR MARITIME ASSOCIATION
## မြန်မာ့ ရေကြောင်းမိသားစု မိတ်ဆုံစားပွဲ

၂၀၀၉ခုနှစ် ဒီဇင်ဘာလ (၆)ရက် တနင်္ဂနွေနေ့မှာ မြန်မာ့ရေကြောင်းမိသားစုများ ပြန်လည်စုစည်းတဲ့ မိတ်ဆုံစားပွဲတစ်ရပ်ကို ဗိုနာဗစ်စ်တာ (Buona Vista) MRT အနီးက NTU Alumni Club ရဲ့ ရှစ်လွှာမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

အခန်းအနားရှိရာ အဆောက်အဦးကို သဇင် success magazine အဖွဲ့ ရောက်ရှိသွားချိန်မှာ Capt. ဦးခင်မောင်စိန် က ဧည့်သည်များ လမ်းမမှားရအောင် အဆောက်အဦးရှေ့မှာဆင်းပြီး ကြိုဆိုနေတာ တွေ့ရပါတယ်။

အခန်းအနားကို အခန်းအနားမှူး မစန်းစန်းယု က ဖွင့်လှစ်ပြီး၊ ဆရာဦးခင်မောင်ဦး၊ ကပ္ပတိန် ဦးခင်မောင်စိန်၊ ဦးမြင့်စိုးသိန်း၊ ကပ္ပတိန် ဦးဖေသန်းမောင် (James Maung) တို့ကမြန်မာ့ရေကြောင်းဆိုင်ရာဝန်ထမ်းများအဖွဲ့အစည်းကို တရားဝင်ဖွဲ့စည်းလိုက်ကြောင်း ရွေးချယ်ဆန္ဒပြုထားသူများကို ထောက်ခံ/ကန့်ကွက်စနစ်နဲ့ ရွေးချယ်တင်မြှောက်ကြောင်း ရှင်းလင်းပြောဆိုပါတယ်။ Capt. Ronald D Vardon (Ex.Harbour Master, Rangoon Port Authority, Ex.Principal of Institute of Marine Technology, Rangoon, Ex. Head of Department and Director of Singapore Poly, Nautical Studies Department-Later Singapore Maritime Academy) က စကားပြောပါတယ်။ ဦးတင်ထွန်း (Ex.Engineering Superintendent of Burma Five Star Line, Ex.Director, Marine Surveyor, Examiner of Engineer of MPA, SIngapore) ကလည်း ကမ္ဘာ့အလည်မှာမြန်မာ သင်္ဘောသားလေးတွေ မျက်နှာငယ်ခဲ့ရပုံနဲ့ ဘယ်လိုကူညီနိုင်မယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောသွားပါတယ်။

ကိုယ်တိုင်ယူစားစနစ် ဘူဖေး (Buffet) နဲ့ ကျွေးမွေးပါတယ်။ တက်ရောက်လာသူ အရေအတွက်က မျှော်မှန်းထားတာထက်ပိုတဲ့အတွက် အစားအစာများကို ထပ်မံမှာယူပြီး အလျှံပယ်ကျွေးတာ တွေ့ရပါတယ်။ ပြီးတဲ့နောက် Myanmar Maritime Association ကို ဖွဲ့စည်းတဲ့အခါ ရာထားသူများကို ဖိတ်ခေါ်ပြီး ရှေ့မှာထိုင်ခိုင်းထားပြီး ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းနဲ့ ရွေးချယ်တင်မြှောက်တာ ဖြစ်ပါတယ်။

*   *   *   *   *



Thazin Success Magazine က သိလိုတာတချို့မေးမြန်းတဲ့အတွက်. . . . ကပ္ပတိန် ဦးခင်မောင်စိန်(Director of Seaquest) က အောက်ပါအတိုင်း ဖြေကြားပေးပါတယ်။



*မေး။ ။ ဒီ Myanmar Maritime Reunion ပွဲလေး ကျင်းပဖြစ်ပုံကလေး သိပါရစေ ဆရာ။*

ဖြေ။ ။ ကျွန်တော်တို့ မြန်မာလူမျိုးများဟာ တစ်နယ်တစ်ကျေး တစ်တိုင်းတစ်ပြည်မှာ လာရောက်လုပ်ကိုင်ရှာဖွေ စားသောက်ကြရပါတယ်။ အထူးသဖြင့် တစ်တိုင်းတစ်ပြည်တစ်နေရာတည်း အတည်တကျမဟုတ်ဘဲ သွားလာလုပ်ကိုင် လှုပ်ရှားနေရတာက သင်္ဘောသားများပါပဲ။ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံထိတွေ့ဖို့ သူများတွေထက် ပိုမိုခက်ခဲပါတယ်။ စင်ကာပူမှာ တခြားအသင်းအဖွဲ့တွေ များစွာရှိပါတယ်။ ဥပမာ. . Myanmar Club, exRIT, ဘူမိဗေဒ အသင်း. . . . . စသည်ဖြင့်ပေါ့လေ။ ဒါပေမယ့် သင်္ဘောသားများ၊ သဘော်နဲ့ ပတ်သတ်တဲ့လုပ်ငန်းကုမ္ပဏီ၊ ရေကြောင်းဖက်ဆိုင်ရာဝန်ထမ်းများအတွက် အဖွဲ့အစည်းမရှိသေးတဲ့အတွက် ရှိဖို့လိုအပ်တယ်ဆိုပြီး ထလုပ်ကြတာပါ။

*မေး။ ။ ဒီပွဲကျင်းပရခြင်းနဲ့ အဖွဲ့အစည်းဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်ကလေး ပြောပြစေချင်ပါတယ်။*





www.burmeseclassic.com

www.burmeseclassic.com

ဖြေ။ ။ အဲဒီလို Myanmar Maritime Association လေးရှိလာမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ဖြစ်လာသမျှ အခက်အခဲတွေကို ကူညီဖြေရှင်းပေးနိုင်မယ်လို့ ယူဆတဲ့အတွက် ဖွဲ့စည်းရတာဖြစ်ပါတယ်။

*မေး။ ။ ဘာတွေဆက်လုပ်ဖို့ အစီအစဉ်ရှိပါသလဲ။*
ဖြေ။ ။ နှစ်စဉ်အစည်းအဝေးလုပ်ပါမယ်။

*မေး။ ။ မိတ်ဆုံစားပွဲ သဘောမျိုးလား ဆရာ. . . ။*
ဖြေ။ ။ ဟုတ်ပါတယ်။ မိတ်ဆုံစားပွဲကို Band ကောင်းကောင်းနဲ့ မိသားစုပါ တက်နိုင်ရင် အားလုံးတက်ပြီး ရင်းရင်းနှီးနှီး ပျော်ပျော်ပါးပါး လုပ်ချင်ပါတယ်။

*မေး။ ။ ဘာများပြောချင်တာရှိပါသေးသလဲ ခင်ဗျာ။*
ဖြေ။ ။ ပြောချင်တာကတော့. . . ဒီနေ့တွေ့ဆုံပွဲကနေ Myanmar Maritime Association လေးဖွဲ့နိုင်တဲ့အထိ အောင်မြင်သွားတဲ့အတွက် အထူးဝမ်းသာပါတယ်။ ကြွရောက်လာကြတဲ့ Myanmar Maritime မိသားစုများနဲ့ ဖြစ်မြောက်အောင် ကူညီကြသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

* * * * *

ကပ္ပတိန် ဦးဖေသန်းမောင် (James)နဲ့ ဆက်လက် အင်တာဗျူးရာမှာ. . . . . .



*မေး။ ။ ဆရာ့အကြောင်းလေးနည်းနည်းသိပါရစေ။*
ဖြေ။ ။ ကျွန်တော်ကတော့ Captain James Maung ပါ။ STET Maritime Pte.Ltd ရဲ့ စီနီယာမန်နေဂျာဖြစ်ပါတယ်။ Maritime Education နဲ့ Training လုပ်ငန်းတွေ လုပ်ပါတယ်။

*မေး။ ။ ဟုတ်ကဲ့. . . ဘယ်လိုကနေ ဘယ်လို ဒီ Myanmar Maritime Association ဆိုတဲ့ အဖွဲ့အစည်းလေးဖွဲ့ဖို့ စိတ်ကူးရကြပါသလဲ။*
ဖြေ။ ။ ကျွန်တော်တို့အထဲမှာ စောစောကတည်းက အကြံရကြတဲ့သူတွေလည်း ရှိမှာပေါ့လေ။ ကမ္ဘာ့သင်္ဘောသားလောကက တခြားလူမျိုးတွေမှာ သူတို့သက်ဆိုင်ရာ အဖွဲ့အစည်းလေးတွေ ရှိပေမယ့် ကျွန်တော်တို့ ဗမာမှာ မရှိဘူး။ စောစောက ကျွန်တော်တို့ ပြောခဲ့ကြသလိုပဲ. . . တခြားလူမျိုးတွေက network ရှိတဲ့အတွက် အလုပ်နေရာလွတ် vacancy တွေကို တစ်ယောက်နဲ့တစ်ယောက် သတင်းပေးနိုင်တယ်။ အခက်အခဲတွေကို ပြောနိုင်ဝေမျှနိုင်တယ်။ ဒါတင်မက ဘယ်မှာဘာဖြစ်နေတယ်၊ ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူးစတဲ့ သတင်းစာ၊ စာနယ်ဇင်းတွေမှာ ဖော်ပြလို့မရတဲ့ ၊ ရှာဖွေလို့မရတဲ့ သတင်းစကားတွေကို network ကတစ်ဆင့် အသိပေးနိုင်ကြပါတယ်။

*မေး။ ။ အဲဒီတော့ Myanmar Maritime Association က network တည်ဆောက်မယ်ပေ့ါနော်။*
ဖြေ။ ။ ခုနက ပြောသလိုပါပဲ. . ။ ကပ္ပတိန် ရန်နိုင်ကျော်က အဲဒီအကြံကို email ပို့ပါတယ်။ အဲဒါနဲ့ ရင်းနှီးတဲ့ မိတ်ဆွေများနဲ့ လွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး တွေ့ဆုံပွဲလေးတွေလုပ်ရင်း အဖွဲ့စတင်ဖွဲ့စည်းဖို့ ကြိုးပမ်းကြတာဖြစ်ပါတယ်။

*မေး။ ။ ကော်မတီဝင်ရာထားချက်နဲ့ မျှော်မှန်းချက်လေးများ ပြောပြနိုင်မလား။*
ဖြေ။ ။ ကော်မတီဝင် ရာထားတာက သင်္ဘောသားလောကရဲ့ ဌာနပေါင်းစုံက လူတွေပါဝင်အောင် ရွေးချယ်ထားတာ ဖြစ်ပါတယ်။ အချင်းချင်း nominate လုပ်တာပါ။ ဒီလို အလုပ်က တကယ်တမ်း စေတနာ့ဝန်ထမ်းအလုပ်သာ ဖြစ်ပါတယ်။ တချို့ စေတနာရှိပေမဲ့ အချိန်မပေးနိုင်ပါဘူး။ စေတနာလည်းရှိမယ် အချိန်လည်း ကိုယ့်အချိန်ထဲက အသင့်အတင့် ဖဲ့ပေးနိုင်မယ့်လူတွေကို ရွေးချယ်ထားတာပါ။

*မေး။ ။ စောစောက အဖွင့်စကား၊ အမှာစကားလေးတွေ ကိုယ်စီပြောကြရာမှာ ဆရာ့အနေနဲ့က စတင်လှုံ့ဆော်သူတွေထဲမှာ ပါပါတယ်။ ဒါပေမယ့် ဆရာက သာမာန်အသင်းဝင်ပဲ နေရာယူထားတဲ့ သဘောက. . .*
ဖြေ။ ။ ကျွန်တော်က ကနေဒါပြန်ရပါမယ်။ သာမာန်အသင်းဝင်နေရာကနေ Website လုပ်ပေးပြီး၊ အားလုံးနဲ့ ထိတွေ့နေမှာပါ။ Website ကို အဝေးကနေ ပါဝင်လုပ်ကိုင်ပေးမယ်။ network ကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ကျက်ပေးမယ်။အမြဲတမ်း တက်တက်ကြွကြွလုပ်ဆောင်နေဖို့ တွန်းအားပေးနေမှာပါ။

* * * * *

နောက်. . . ကပ္ပတိန် ကိုဇော်ထွန်းကိုမေးမြန်းရာမှာ. .



www.burmeseclassic.com



*မေး။ ။ ကိုဇော်ထွန်းနဲ့ ကျွန်တော်ကတော့ အထူးပြောနေ မိတ်ဆက် နေဖို့မလိုတော့ပါဘူး။ စစ်ကွင်းသား အချင်းချင်း ဖြစ်နေလို့ပါ။ ဒါပေမယ့် စာဖတ်ပရိသတ်သိအောင်တော့ မိတ်ဆက်ပေးဖို့ လိုပါသေးတယ်။ ကိုဇော်ထွန်းက. . .*

ဖြေ။ ။ ဟုတ်ကဲ့. . . ကျွန်တော်က STET Maritime Pte Ltd က Consultant ပါ။

*မေး။ ။ ဒီပွဲလေးနဲ့ ပတ်သတ်လို့ ဘာများပြောချင်ပါသေးသလဲ ခင်ဗျာ။*

ဖြေ။ ။ ကျွန်တော့်အနေနဲ့ကတော့ အထွေအထူး ပြောစရာမရှိပါဘူး။ James နဲ့ကျွန်တော်နဲ့က အလုပ်ကလည်းအတူတူဆိုတော့ သူလုပ်ချင်တာ၊ ကျွန်တော်တို့ကိုယ်တိုင်က တစ်ကယ့်ကို လုပ်သင့် လုပ်ထိုက်တယ်ထင်လို့ လုပ်ကြတာပါ။

*မေး။ ။ ဒီဆောင်းပါးလေးကို ဖတ်မဲ့သူတွေကို ပေးချင်တဲ့ message လေးများ ရှိပါသေးသလား။*

ဖြေ။ ။ ကျွန်တော်တို့ချည်း မဟုတ်ဘဲ၊ ရေကြောင်းဆိုင်ရာလုပ်ငန်း ဌာန အသီးသီးက အလွှာအသီးသီးက လူတွေပါ တက်ကြွစွာပါဝင်စေချင်ပါတယ်။ ပါဝင်ကူညီဆောင်ရွက်နိုင်သူတို့က ကျွန်တော်တို့ကို အမြန်ဆုံးဆက်သွယ်ဖို့ သတင်းလေးပေးချင်ပါတယ်။

ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်။

*     *     *     *     *

သဇင် success မဂ္ဂဇင်းကိုဖိတ်ကြားခဲ့တဲ့ပန်းရိုးမကုမ္ပဏီရဲ့ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်စိုးသိန်းကို အင်တာဗျူးရာမှာ. . .

*မေး။ ။ ဆရာပြောတာလေးလည်း ကြားပါရစေဦး ခင်ဗျာ. . .*

ဖြေ။ ။ကပ္ပတိန် Ronald D Vardon ၊ဆရာဦးတင်ထွန်းတို့လည်း တက်ရောက်လာတဲ့ပွဲပါ။ ရည်ရွယ်ချက်က ကျွန်တော်တစ်ယောက်တည်းပြောရင် မပြည့်စုံမှာစိုးတဲ့အတွက်website ကိုပဲ ရည်ညွှန်းပါ။ Website က www.myanmarmaritimeassociation.com ပါ။ ဒါဟာလဲ James ပြောသွားသလိုပါပဲ။ စတင်ပျိုးထောင်ထားတာပါ။ ကောင်းအောင် တဖြည်းဖြည်းပြောင်းလဲသွားမှာပါ။ ဒီ Myanmar Maritime Association ကို ဌာနအသီးသီး အလွှာအသီးသီးက အားလုံးပါဝင် လာအောင် စည်းရုံးဆက်သွယ်ရပါဦးမယ်။ ဒီအစည်းအရုံးရှိလာရင် တစ်ယောက်နဲ့တစ်ယောက် အလွယ်တကူ ဆက်သွယ်နိုင်မယ်။ အခက်အခဲရှိရင် တစ်ယောက်နဲ့တစ်ယောက် ကူညီနိုင်မယ်။ သင်္ဘောနဲ့ပတ်သတ်တဲ့၊ အင်ဂျင်နီယာနဲ့ပတ်သတ်တဲ့ အလုပ်တွေ ပေါ်လာရင် တစ်ယောက်နဲ့တစ်ယောက် အချိန်မီဆက်သွယ်ကူညီပေးနိုင်မယ်။



*မေး။ ။ နောင် အလားအလာလေးလည်း ပြောပါဦး။*

ဖြေ။ ။ ဒီအဖွဲ့အစည်းဟာ တကယ့်ကို ကြီးကျယ်နိုင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်သလို ရည်ရွယ်ချက်လည်း ကောင်းတဲ့အတွက် အင်မတန်အလားအလာကောင်းတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရှေ့လျှောက်လည်း တက်ကြွစွာ ဆက်လက်လှုပ်ရှား ဆောင်ရွက်သွားကြမှာပါ။

*မေး။ ။ ဟုတ်ကဲ့. . . အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။*

**အယ်ဒီတာ**

---

## *Oriental House Restaurant*

ဆိုင်ခွဲသစ်တစ်ခုကို အမှတ် 159, Rochor Road Bugis Village,Singapore188454 မှာ 10 January'2010 တနင်္ဂနွေနေ့က စတင်ဖွင့်လှစ် ရောင်းချခဲ့ကြောင်း သတင်းရရှိပါသည်။





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# မြန်မာဗန်းစကား ကွက်လပ်

ဖြိုးဖြိုးဝင်း (မြန်မာစာ)

လမ်းမပေါ်မှာ သွားရင်လာရင်း ဘေးနားက လူငယ်လေး နှစ်ယောက် စကားပြောသံကို အနီးကပ်မို့ ရှင်းရှင်းကြီးကြားလိုက်ရတယ်။ ဘာတဲ့. . . . . တစ်ယောက်က

"ဟေ့ကောင်. . ဒါပြီးရင် ဝီသွားတွတ်ရအောင်ကွာ"

"ဟာ. . . ငါတော့ အပျော့လေးပဲ ဆွဲချင်တယ်ကွာ" တဲ့။

မွေးကတည်းက မြန်မာစကားပြောလာတဲ့ မြန်မာမစစ်စစ်ဖြစ်တဲ့ စာရေးသူ သူတို့နှစ်ယောက်ပြောတာကို နားမလည်ဘူး။ ဘာပြောကြမှန်းမသိ။ ဒါပေမယ့် သူတို့ပြောတဲ့စကားကလည်း မြန်မာစကားပဲလေ။ ဘာကြောင့်နားမလည်တာပါလိမ့်။ သိပြီ။ ဒါ ဗန်းစကားတွေပဲ ဖြစ်ရမယ်။

မြန်မာစာနဲ့ ကျောင်းပြီးထားတဲ့အခံလေးရှိတော့ ဒီလောက်တော့သိတာပေါ့။ ဒါပေမယ့် အဓိပ္ပါယ်ကျတော့မသိဘူး။ ဘာကိုဆိုလိုတာလဲ။လတ်တလောခေတ်စားနေဟန်တူတဲ့ လူငယ်လောကသုံး ဗန်းစကားတွေဖြစ်မှာ။ နောက်တစ်ခါ သွားရင်လာရင်း ကြားရပြန်ရော။

ဘာတဲ့. . . . . . .

"ဒီကောင် အေကိုက်ခံရတာဖြစ်မယ်။ ရုပ်က အေရုပ်ပေါက်နေတယ်ကွ"တဲ့။

"အဲဒီအဖွဲ့က ကျွတ်ကျွတ်အိတ်တွေကွ၊ သွားမထိနဲ့"တဲ့။

လာပြန်ပြီ ဘာတွေပြောမှန်းမသိပြန်ဘူး။

ဟုတ်ပါတယ်။ ဒါလေးတွေကိုသာ တခုတ်တရ မလေ့လာခဲ့ဘဲနေခဲ့ကြရင် လောလောဆယ် ဘာတွေပြောကြမှန်း နားလည်နိုင်မှာ မဟုတ်သလို၊ နောင်တစ်ချိန်အတွက်လည်း မတော်တဆ ဒီစကားလုံးလေးတွေဟာ စာထဲရောက်သွားပြီး ဒီစာတွေကို လေ့လာကြ၊ ဖတ်ကြရင် မှတ်တမ်းမရှိတဲ့အတွက် အနက်ဖော်ဖို့ ခက်ခဲသွားမှာပါ။ ဘာသာစကားတစ်ခုရဲ့ သဘောကိုက အမြဲရွေ့လျားပြောင်းလဲတတ်တဲ့သဘောရှိပြီးသား။အခုလိုဗန်းစကားတွေရဲ့သဘောသဘာဝတွေဆိုရင် ပိုပြီးပြောင်းလဲတတ် တိမ်မြုပ်တတ်၊အသစ်ပေါ်လာတတ်တဲ့ သဘာဝရှိတယ်လို့ ဘာသာစကား သီအိုရီတွေကဆိုပြီးသားပါ။ ဒါတွေကိုရိပ်စားမိတဲ့ ဘာသာစကားပညာရှင်တစ်ချို့ကတော့ ဗန်းစကား ဝေါဟာရတွေကိုလေ့လာ၊ စုဆောင်းပြီး ပြုစုအနက်ဖွင့်ခဲ့ကြလို့ အဘိဓာန်အထိ ဖြစ်လာတာကိုလည်းတွေ့ရပါတယ်။

Robert L. Chapman ရဲ့ "American Slang" တို့လို၊ William Freman ရဲ့ "A Concise Dictionary of English Slang" တို့လို အဘိဓာန်မျိုးတွေပေါ့။ အဲဒီ အဘိဓာန်တွေထဲမှာဆိုရင် ဗန်းစကားနဲ့ ပတ်သက်ပြီးရှေးတုန်းကသုံးခဲ့တဲ့ ဗန်းစကားတွေကနေ အဘိဓာန်ပြုစုနေတဲ့ အချိန်အထိ ဗန်းစကားအသုံးတွေကို အစုံလင်ဆုံးဖြစ်အောင် ကြိုးပမ်းပြုစုခဲ့ကြကြောင်း အဘိဓာန်ပြုစုသူတွေက သူတို့ရဲ့အမှာစာတွေမှာ ရေးသားမှတ်တမ်းတင်ခဲ့ကြပါတယ်။

မြန်မာမှာလည်း ခေတ်အဆက်ဆက် ဗန်းစကားတွေ ဖောဖောသီသီရှိခဲ့သလိုဗန်းစကားနဲ့ဆိုင်တဲ့အကြောင်းအရာတွေကို ဆရာလှသမိန်က လေ့လာဖော်ထုတ် ရေးသားခဲ့ဖူးပါတယ်။"မြန်မာစာအမြုတေ"ဆိုတဲ့စာအုပ်လေးမှာပါ။

ဒါပေမယ့် အဲဒီအထဲမှာတော့ ဇာတ်ပွဲသုံးဗန်းစကားတွေကိုပဲ စုစုပေါင်းစကားလုံး (၂၃)လုံးလောက်နဲ့ စုဆောင်းဖော်ပြထားတာတွေ့ရ ပါတယ်။နောက် ဆရာလှသမိန်ပဲရေးခဲ့တဲ့"မြန်မာစာပေအဆီအနှစ်"ဆိုတဲ့ စာအုပ်ထဲမှာတော့ "စကားဝှက်ဗန်းစကား၊ အဆွယ်ဗန်းစကား၊စကားပုံဗန်းစကား၊ နောက်ပြောင်သုံးဗန်းစကား၊ အရွှန်းဗန်းစကား၊တင်စားဗန်းစကား"ဆိုပြီး အမျိုးအစား ခြောက်မျိုး ခွဲပြီး တင်ပြလာတာ တွေ့ရပါတယ်။ ဒါပေမယ့် အဘိဓာန် သဘောမျိုး မဟုတ်ဘဲဗန်းစကားရဲ့ သဘောသဘာဝလောက်ကိုသာ ရှင်းပြပြီး တစ်မျိုးစီကို သာဓက သုံးလေးခုလောက်ပဲ ထုတ်ပြထားတာကို တွေ့ရပါတယ်။နောက်ထပ် ဗန်းစကားအကြောင်းနဲ့ ပတ်သက်တဲ့ စာအုပ်ကတော့ဆရာဦးအေးချို(မဟာဝိဇ္ဇာ)ရဲ့"မြန်မာ့စကား"ဆိုတဲ့ စာအုပ်လေးပါ။

ဒီစာအုပ်မှာလည်း ဗန်းစကားဆိုတာရဲ့သဘောနဲ့ မြန်မာဗန်းစကားစတင်ပေါ်ပေါက်လာရပုံကို ယေဘုယျသဘောလောက်ပဲ ပြောပြထားပါတယ်။ စကားလုံးနဲ့ အနက်ဖွင့်ကိုတော့မတွေ့ခဲ့ရပါဘူး။ ဗန်းစကားနဲ့ ပတ်သက်ပြီး စကားလုံးတွေကို အနက်ဖွင့်နဲ့ တကွ နမူနာသုံးကိုပါဖော်ပြထားတဲ့ စာအုပ်ကောင်းလေးတစ်အုပ်တော့ ရှိပါတယ်။ အဲဒါကတော့ သီချင်းရေးဆရာ၊အဆိုတော်



www.burmeseclassic.com

www.burmeseclassic.com

မင်းမင်းလတ် ပြုစုခဲ့တဲ့ “လမ်းပေါ်က ဝေါဟာရများ”ဆိုတဲ့စာအုပ်လေးပါ။“မယ်သီတာခိုးတာဘယ်သူလဲ”“အပေါ်ထပ်နဲ့အောက်ထပ်ဇာတ်လမ်း”စတဲ့ သီချင်းတွေရဲ့ ဖန်တီးရှင် မင်းမင်းလတ်ဟာ ဒီစာအုပ်လေးနဲ့စာပေ၊ ဘာသာစကား တာဝန်တစ်ရပ် ကျေပွန်ခဲ့ တယ်လို့ ဆိုရမှာပါ။ အဲဒီခေတ်က သုံးနေတဲ့ မြန်မာဗန်းစကားလေးတွေကို လူငယ်တွေကြား လက်တွေ့သွားပြီး သူတတ်နိုင်သလောက် ပြုစု တင်ပြသွားခဲ့တာကို ကျေးဇူးတင်ဖွယ် တွေ့ရှိရပါတယ်။ ၁၉၇၂ခု၊ဇွန်လ တစ်ရက်နေ့စွဲနဲ့ သူကိုယ်တိုင်ရေးခဲ့တဲ့အမှာစာလေးမှာ“ရက်ပေါင်း ၄၀ကျော်မှာ ရန်ကုန်မြို့ ရပ်ကွက်ပေါင်းစုံက လမ်းမပေါင်းစုံ၊ လမ်းကြားပေါင်းစုံ ၊ဆိုင်ပေါင်းစုံကို နင်းခဲ့ထိုင်ခဲ့ပါတယ်။ အားလုံးစုံတော့ သပ်သပ်ရပ်ရပ်ရေးပြီး လူအရွယ်အမျိုးမျိုးကို ပြပါတယ်။သူတို့လျှာသံကို ကြားချင်လို့ပါပဲ။ လူတိုင်းဝမ်းသာခြင်း၊ အံ့အားသင့်ခြင်းနဲ့ ကျေးဇူးတင်ကြောင်းကို အားရအောင်ကျွန်တော် ကြားရ၍ ဒီစာအုပ် ဖြစ်အောင်ထုတ်ခဲ့ပါတယ်”လို့ ဖော်ပြထားတာလေးက သူ့စေတနာကို အထင်းသားပေါ်လွင်စေပါတယ်။

အဲဒီစာအုပ်လေးမှာ မြန်မာအက္ခရာ ‘က’ကနေ ‘အ’ အထိဖြည့်စွက်ခြင်းဆိုတဲ့ ကဏ္ဍလေးအပါအဝင် တည်ပုဒ်ပေါင်း (၅၉၈)လုံး အသုံးပြု နမူနာ-ဝါကျပေါင်း ငါးရာကျော်၊ စာမျက်နှာပေါင်း(၉၆)မျက်နှာ နဲ့ တကွ တင်ပြထားတာကိုတွေ့ရပါတယ်။ အဘိဓာန်ရဲ့ ပုံစံတစ်ခုဖြစ်တဲ့ သဒ္ဒါအမျိုးအစား (Part of Speech) တော့မပါဝင်ပါဘူး။ အမှာစာအဆုံးကရက်စွဲလေးအရ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က စုဆောင်းခဲ့တာဖြစ်လို့ အခုချိန်မှာတော့ ဒီစာအုပ်လေးဟာ ဘာသာစကားအတွက် တန်ဖိုးရှိရုံတင်မကတော့ဘူး။ သမိုင်းအတွက်ပါ တန်ဖိုးရှိနေပြီလို့ဆိုရမှာပါ။ “ကျော်စိန်ကမယ်” “ကျလောင်”“ကိုသိန်းကြည်” “ခင်သန်းနု” “ခွေးထမင်းကျွေး” “ချိုချိုအောင်” “ဂဏန်းဖိုက်တာ” စတာတွေဟာ အခုခေတ်အတွက်တော့ အသစ်အဆန်းတွေချည်းဖြစ်နေရပါတယ်။ ဒီနေ့အထိ မြန်မာဗန်းစကားတွေကို တည်ပုဒ်ပေါင်းငါးရာကျော်နဲ့ စုဆောင်းခဲ့တာဆိုလို့ ဒီစာအုပ်တစ်အုပ်ပဲ တွေ့ဖူးပါသေးတယ်။

အဘိဓာန် ပုံစံတကျနဲ့ အနက်ဖွင့်တင်ပြခဲ့တဲ့ မြန်မာဗန်းစကားတချို့ကိုတော့ သာသနာပြုဆရာယုဒသန်ရဲ့ “မြန်မာ-အင်္ဂလိပ် အဘိဓာန်(၁၈၅၂မူ)”ထဲမှာ တွေ့ရှိရပါတယ်။ အောင်းဖော်

**အောင်းဖက်**n. one born of the same mother (1852, pg-106)

**ဂွံ** adv. all together, good and bad without dictinction

**သောင်းပြောင်း**, - chiefly applied to grain and to bettle nuts (1852, pg-237) **ပိတ်တောစ** v. to die , come to an end , be destroyed , - colloquel among children, and the article (1852, pg-433)စတဲ့ စကားလုံးတွေကို သဒ္ဒါအသုံးလေးနဲ့တကွ

**မင်းမင်းလတ်ကိုယ်တိုင်က “စာအုပ်အတွက် ဝေါဟာရ လိုက်စုစဉ် စကားလုံးအတော်များများဟာ ကိလေသာ ဘက်ကို စောင်းနေတာတွေ့တော့ ကျွန်တော် ခေါင်းကိုက် စိတ်ညစ်ခဲ့ရပါတယ်”တဲ့။**

အနက်ဖွင့်ဆိုဖော်ပြခဲ့ပါတယ်။ ဒီအဘိဓာန်ကြောင့်လည်း ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၉ရာစု မြန်မာဗန်းစကားလေးတွေရဲ့ အနက်အဓိပ္ပါယ်ကို သိရတာပေါ့။ ဗန်းစကားလေးတွေဟာ အရင်တုန်းကတော့အဆင့်အတန်းမရှိတဲ့စကားတွေ၊ရိုင်းစိုင်းတဲ့စကားတွေဆိုပြီး လူရာအသွင်းမခံခဲ့ကြပါဘူး။ ဒီစကားလုံးလေးတွေကို စုဆောင်းပြုစုခဲ့ဖူးတဲ့မင်းမင်းလတ် ကိုယ်တိုင်ကိုက “စာအုပ်အတွက် ဝေါဟာရ လိုက်စုစဉ် စကားလုံး အတော်များများဟာ ကိလေသာဘက်ကို စောင်းနေတာတွေ့တော့ ကျွန်တော် ခေါင်းကိုက် စိတ်ညစ်ခဲ့ရပါတယ်” တဲ့။

နောက်ပြီးတော့ . . . .

“အဆုံးမသတ်ခင် ရေးချင်တာကတော့ ဒီဝေါဟာရတွေကိုကျွန်တော်မကြိုက်ပါကျွန်တော်မသုံးပါ”တဲ့လေ။ဒီလေသံတွေအရ သူလည်း အထင်မကြီးပေမယ့် လိုအပ်လို့ ပြုစုခဲ့ရတာထင်ရှားပါတယ်။ ဒါပေမယ့်ဘာပဲပြောပြော ဗန်းစကားလေးတွေဟာလည်းလူတွေနေ့စဉ်ပြောဆိုနေတဲ့ စကားပင်လယ်ကြီးထဲက စကားလေးတစ်ခွန်းပါပဲ။ ဒီစကားလုံးလေးတွေကို စကားလုံးအဖြစ်ပဲသဘောထားပြီး သူ့ခေတ်အလိုက် ရွေ့လျားနေတာလေးတွေ အသစ်ဖြစ်ပေါ်နေတာလေးတွေကို စနစ်တကျ စုဆောင်းလေ့လာပြီး အဘိဓါန်လေးတစ်ခုဖြစ်လာတဲ့အထိ ပြုစုကြရင် မြန်မာဘာသာစကားရဲ့ တစ်စိတ်တစ်ပိုင်းလေးကို ထိန်းသမ်း မှတ်တမ်းတင်ရာရောက်ပါတယ်။ “လမ်းပေါ်က ဝေါဟာရများ” နောက်ပိုင်း ဒီစာအုပ်လောက် အရေအတွက်များတဲ့ ဗန်းစကား အနက်ဖွင့်လေးတွေကို ဒီနေ့အထိ မတွေ့မိသေးလို့ မြန်မာဗန်းစကားလေးတွေဟာ ကွက်လပ်ကလေး ဖြစ်နေဆဲပါ။

ဖြူဖြူဝင်း(မြန်မာစာ)





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

**အိမ်ရှေ့ဧည့်ခန်း** မှာ ပွစာကျဲနေတဲ့ သနပ်ခါးဗူးခွံ၊ နှုတ်ခမ်းနီဗူးခွံ၊ လက်သည်းနီဗူးခွံ၊ ကလစ်အတိုအစတွေကို ကြည့်ပြီး တော်တော်စိတ်ညစ်သွားတယ်။ မနက်ကလဲ တစ်ခါရှင်းပြီးပြီ၊ ခုလည်း မီးဖိုချောင်ထဲခဏဝင်ခါရှိသေးတယ်။ အခန်းထဲမှာပဲ ဖွပါဆိုတာလည်း ပြောမရတော့၊ ကြာတော့ စိတ်တိုတာမဟုတ်ပေမဲ့ စိတ်တော့ဘယ်လိုမှ မရှည်နိုင်တော့ပါ။ သနပ်ခါးတုံးတွေကလည်း စားပွဲခုံအောက်တွေရော ရောက်ကုန်ပြီ။ ခဏနေ သမီးထလာရင် သမီးနဲ့အတူ လုဆော့ဦးမယ်။

“သမီးရေ. . . သမီးရေ”

ဟော. . . ခေါ်ပြီ။

“အမေ. . . ပြော. . . ဘာဖြစ်လို့လဲ တစ်ခန်းလုံးလဲ ပွနေပြီ. . . ”

“ဟိုမှာ”အမေ လက်ညှိုးထိုးတဲ့ နေရာကြည့်လိုက်တော့ အခန်း တံခါးကြားမှာ လှစ်ကနဲဝင်သွားတဲ့ ပုံရိပ်တစ်ခု ပေါ်လာတယ်။

‘‘ကဲ. . . ကဲ. . . လာ. . သမီး ထွက်ခဲ့၊ ဘာလုပ်နေတာလဲ”

သမီးက တံခါးကြားကနေ မျက်နှာဖုံးစွပ်နဲ့ထွက်လာတယ်. . .

“သမီးကလဲပြောထားရက်နဲ့အဖွားကကြောက်တတ်တယ်”

“ကြောက်တယ်. . . ကြောက်တယ်”

အမေက သမီးကို ကြည့်ပြီး အော်တယ်။

“အမေ ဘာမှမဟုတ်ဘူး မျက်နှာဖုံးစွပ်ကြီး. . . ဟောဒီမှာ ချွတ်လိုက်ပြီ”

“ဘာလို့ ငါ့ကိုလာစတာလဲ”

“သမီးက အမေ့ကိုချစ်လို့ စတာပါ၊ စိတ်မဆိုးနဲ့နော်. . သမီး. . . မျက်နှာသစ် သွားတိုက်ပြီးရင် မုန့်ဟင်းခါးစား”

“စားမယ် စားမယ် ငါလည်းစားမယ်”

“ဟင် အမေကလဲ ခုနကပဲ စားပြီးပြီလေ ထပ်စားရင် ဗိုက်ကြီးပေါက်သွားလိမ့်မယ်”

“ဟုတ်လား. . . ဒါဆို ငါအိပ်ရတော့မလား၊ ငါ့အဖော်လဲ ဘယ်သူမှမရှိတော့. . . အိပ်တော့မယ်”

“ဟုတ်ပြီ သမီးအခန်းထဲ ပို့ပေးမယ်. . လာထ. . သမီးတွဲပေးမယ်”

“ဟိုအရုပ်လေး ယူခဲ့ပေး”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့”

“ကဲအမေ. . . အိပ်ရေးဝဝပြန်အိပ်၊ ခဏခဏလဲ ခေါ်မနေနဲ့ဦး။ သမီးအဝတ်တွေ လျှော်ပြီး နေလေးလာတုန်း လှမ်းလိုက်ဦးမယ်”

“အင်း. . . ငါရှူးပေါက်ချင်သေးတယ်”

“အော်. . . ကဲကဲ ပြန်ထ ရှူးတည်ပေးမယ်။ တကယ်ပေါက်ရမှာနော်၊ ပြီးရင်မပေါက်ဘဲနဲ့ အိပ်ရာပေါ်ကျမှ ပြန်ပေါက်မချနဲ့”

“အေးပါ”

အမေ့ကို ရှူးခုံပေါ်တွဲတင်ပေးရင်း. . . အမေပေါက်ပြီးအောင်စောင့်ရတယ်။ ဒီတခါကျ ပြောတဲ့အတိုင်း တကယ်ပေါက်တယ်။ ခါတိုင်း အိပ်ယာထဲ ပေါက်ချလေ့ရှိတဲ့ အမေ့ရှူးဝတ်တွေကို လျှော်ရတာလဲ မလွယ်ဘူး။ တစ်ခါတစ်လေဆို ဖြစ်ရလေ အမေရယ် လို့ပဲ ထိုင်ညည်းမိတယ်။

အမေက အသက်က ရှစ်ဆယ့်သုံးနှစ်။ဒီနှစ်ထဲကျမှ သူငယ်ပြန်လာတာ။ အစကတော့ သတိမထားမိဘူး။ သူ့သမက်ကိုလဲ သူ့သားမှတ်မှတ်ပြီး ခေါ်တယ်။ ထမင်းစားပြီးသားကို မစားရသေးဘူးလို့ ငြင်းတယ်။ ကြည့်ပြီးသား ဖတ်ပြီးသားတွေကိုလည်း ခဏခဏပြန်ကြည့်တယ်။ သမီးကို အလျှော့မပေးတတ်သလို သမီးရဲ့ ကစားစရာတွေကို သူ့ကုတင်အောက်ဝင်ပြီး ဖွက်ထားတတ်တယ်။ ကျွန်မ အလှပြင်တိုင်း ဘေးနားကနေ တစိမ့်စိမ့် လာကြည့်ပြီး

အမေက အသက်က ရှစ်ဆယ့်သုံးနှစ်၊ ဒီနှစ်ထဲကျမှ သူငယ်ပြန်လာတာ။ အစကတော့ သတိမထားမိဘူး။ သူ့သမက်ကိုလဲ သူ့သားမှတ်မှတ်ပြီး ခေါ်တယ်။ ထမင်းစားပြီးသားကို မစားရသေးဘူးလို့ ငြင်းတယ်...။

သဘောကျတတ်တယ်။နောက်ပိုင်း ကျွန်မ နှုတ်ခမ်းနီတွေကို ယူဆိုးလာတတ်တယ်။ အိမ်ဘေးက သမီးသူငယ်ချင်းတွေလာကစားရင်ရန်ထောင်တတ်တယ်။မကြိုက်ဘူး။ ဒီလိုကိစ္စတွေ တွေ့လာမှ အမေ သူငယ်ပြန်နေပြီဆိုတာသိရတော့တယ်။ စိတ်ထဲမှာ အလိုလို စိတ်မကောင်းဖြစ်လာတယ်။

ပိုဆိုးတာက အိမ်ရှေ့မှာ ကုမ္ပဏီရုံးခန်းတစ်ခုရှိတယ်။ သူတို့နဲ့က မျက်နှာချင်းဆိုင်ဆိုတော့ ကုမ္ပဏီကကောင်လေးတွေက ဝင်လိုက်ထွက်လိုက်နဲ့ အမေက နေ့လည်ဆို ဝရံတာဘက် ထွက်ချင်တယ်။ အဲဒီကောင်လေးတွေက နားချိန်ဆို ကုမ္ပဏီကို ပြန်လာတော့ လူကများတယ်။ အမေက ဒီဘက်ကနေကြည့်ပြီး သဘောကျတတ်တယ်။ တခါတလေများဆို. . .

“သမီး. . . ဟိုရှေ့ရုံးက ကောင်လေးတွေက အမေ့ကို သဘောကျနေတာ”

အဲဒီလိုပြောတိုင်း ကျွန်မစိတ်ညစ်ရတယ်။ တခြားသူများကြားသွား ရင် အမေသိက္ခာကျရချည်ရဲ့ဆိုပြီး။သူငယ်ပြန်တာတောင် အမျိုးမျိုး မြင်ကြတာကိုး။ ဒီလိုမျိုးလဲ ကိုယ့်အမေကို အထင်မခံချင်၊ အမေကလဲ တံခါးပိတ်ထားရင် မရရအောင် တုတ်နဲ့ ထိုးဖွင့်ပြီး မမှီတဲ့ တံခါးကို ဖွင့်ဖို့ ထိုင်ခုံကိုရွှေ့၊ မမှီမှီအောင် တက်ပြီးလည်း ဖွင့်တတ်တယ်။ နေ့ခရူဝဆိုတော့ အမေ့ကိစ္စတွေက ကျွန်မအတွက် ကြီးမားတယ်။ အမေက ကျန်းမာရေးတော့ မဆိုးဘူး။ ဒီအရွယ်ကြီးအထိ ဘာမှမဖြစ်တာကို ကောင်းတယ်လို့ ကင်ပွန်းတပ်ရတော့မှာပဲ။

ကျွန်မခင်ပွန်းက နိုင်ငံခြားနဲ့ဒီ ကူးလိုက်သန်းလိုက် အိမ်မှာက သမီးရယ် ကျွန်မရယ် အမေရယ်နဲ့ ကောင်မလေးသုံး



www.burmeseclassic.com

ယောက်ပဲရှိတာ။ မိသားစုထဲမှာ ကျွန်မက အမေအချစ်ဆုံးသမီးတဲ့။ မောင်နှမလေးယောက်မှာ ကျွန်မကအငယ်ဆုံး၊အထက်မှာ အစ်ကို တစ်ယောက်၊ အစ်မနှစ်ယောက်။ ခုတိုက်ခန်းက အမေကျွန်မကို ပေးတာ။ အရင်က အားလုံးထဲမှာ အငယ်ဆုံးလဲဖြစ် အိမ်ထောင် လဲမကျသေးတော့ အမေကကျွန်မကို ပေးလိုက်တာ။ ဒါကို ကျန် တဲ့ အိမ်ထောင်သည်အကြီး သုံးယောက်က မကျေနပ်ကြဘူး။ အမေ့ကို ဘယ်သူမှ ခေါ်ထားဖို့ စိတ်ကူးနဲ့ပါးစပ်မဟသလို အမေ နဲ့ ကျွန်မသာ အတူနေဖို့ အဆင်ပြေတယ်ဆိုတဲ့ ပုံစံမျိုး။ ကျွန်မ ဘေးမှာ အမေရှိတာ ဘာမှမဖြစ်ပါဘူး။ သူတို့က အဓိက အမေ့ ဝေယျာဝစ္စကို မလုပ်ပေးချင်ကြဘူး။ သူတို့စီးပွားရေးပဲ ကုန်းရှာနေ ကြတာ။

ကျွန်မက အမေနဲ့အတူနေရင်း အိမ်ထောင်ကျသွားတော့ လဲ ကျွန်မယောက်ျားကို အတင်းပြောကြသေးတယ်။ မာနရှိတဲ့ သူကလဲ အပြောမခံဘဲ ကျွန်မကို ဘာအလုပ်မှထွက်မလုပ်စေဘဲ အချိန်တန်ရင် ပိုက်ဆံနဲ့ လိုအပ်တာတွေ အမြဲပို့ပေးတယ်။ သမီး လေးနဲ့ အမေ့ကို ဂရုစိုက်ဖို့ပဲမှာတယ်။သူကလဲ မိဘမရှိတော့ဘူး။ တစ်ဦးတည်းသောသား၊သူ့ကြောင့်ကျွန်မက မောင်နှမတွေအားလုံး ကြားမှာ အပြောင်ဆုံး ဖြစ်လာခဲ့တယ်။ အိမ်လာရင် ကျွန်မကပဲ အမေ့ဆီက မတရားယူထားသလိုလိုနဲ့။ ဒါ့ကြောင့်ယောက်ျားဆင် ထားတဲ့ လက်ဝတ်လက်စားတွေကို မောင်နှမချင်းရှေ့တောင် ပေါ် ပေါ်ထင်ထင်မဝတ်ရဲဘူး။ ကိုကြီးကဆို စီးပွားရေးမပြေလည်တော့ ပိုဆိုးတယ်။ တခါတလေ မူးပြီးရစ်တတ်တယ်။

---

အမေ့ကို ပိုဂရုစိုက်နေတဲ့ကြားက
အမေ့ရဲ့ သူငယ်ပြန်မှုကို တော့
ကျွန်မလဲဘယ်လိုမှ မတတ်နိုင်၊
အသက်ကြီးရင် ဖြစ်တတ်တဲ့ သဘာဝအတိုင်း
ကျွန်မက ဘယ်လိုကြိုတင်
ကာကွယ်ရမှာလဲ......

---

သူတို့တွေက အိမ်ကိုလာရင်၊ ကိတ်မုန့်လေးဘာလေးနဲ့ လာပြီး အမေ့ကို အနားကပ် ဟိုပြောဒီပြောဆို အမေက သဘော တွေ ကျလို့၊ ခဏတဖြုတ်လာတဲ့ သူ့သားသမီးတွေအပေါ် အမေက အကောင်းမြင်တတ်တယ်။ ကျွန်မက အမေ့ကို ဟိုဟာမလုပ်ရဘူး။ ဒီဟာတွေဆို လုပ်ပြန်ပြီလား၊ ဆိုတာမျိုးတွေကိုအမေမကြိုက် ဘူး။ သူတို့ကလာရင် ကျွန်မရဲ့ အပြစ်တွေကိုပဲ မြင်တတ်တယ်။ ဝမ်းလျှောတယ်ဆိုရင်လည်း ဘာတွေကျွေးမှန်းမှမသိတာ၊ ရေမချိုး တာ ဘယ်နှစ်ရက်ရှိနေပြီလဲ အမေ့နားက အနံ့ထွက်နေပြီ၊ ဒါက အမေရေမချိုးရလို့ ညစ်ပတ်ပြီးထွက်တဲ့ အနံ့မျိုးမဟုတ်ဘူး။ အမေ ဆီးသွားလို့ ထမိန်က ထွက်တဲ့အနံ့ဆိုတာ သေချာမသိဘဲ ပြော ချင်ကြတယ်။ အမေရဲ့ကျန်းမာရေးအတွက် တစ်နှစ်တစ်ခါ စစ်ရ

အောင်လို့ပြောတော့ တစ်ယောက်တစ်မျိုးဆင်ခြင်ပေးတယ်။

"အေး. . . ငါ မနက်ဖြန်မအားလို့ ညည်းအစ်မနဲ့သာ သွားလိုက်တော့"

ကိုကြီးက အဲလိုပြောလို့ အစ်မနှစ်ယောက်ကိုပြောတော့ တစ်ယောက်က အလုပ်ကိစ္စနဲ့ ခရီးသွားရမှာမို့ တစ်ယောက်က သူကိုယ်တိုင် နေမကောင်းဖြစ်နေလို့ အိပ်ယာထဲမှာ ထတောင် မထနိုင်ဘူးတဲ့၊ သူတို့ကိုစောင့်ကြည့်နေလိုက်တာ တစ်ယောက်မှ အလိုက်တသိနဲ့ စကားပြန်ဟမလာကြဘူး။

ဒါနဲ့ ကိုယ်တိုင်ပဲ ဆရာဝန်နဲ့တိုင်ပင်ပြီး လုပ်လိုက်တာ၊ အမေနှလုံးအားနည်းတာကလွဲလို့ ကျန်တာကောင်းတယ်တဲ့၊ဆရာ ဝန်ညွှန်ကြားတဲ့ဆေးကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ်တိုက်ရတယ်။ ကိုယ်နဲ့အတူနေနေတဲ့ အမေ့ရဲ့ ကိစ္စအားလုံးဟာ ကျွန်မတာဝန်ဆို ပေမဲ့ ကျန်တဲ့မောင်နှမတွေရဲ့ အားပေးမှုက လိုအပ်သေးတယ်လေ။ ဒါကိုအရေးပါတယ်လို့ သူတို့ မထင်ကြဘူးလား။ကိစ္စတစ်ခုဖြစ်ရင် တော့ ကျွန်မမသိလို့ အသုံးမကျလို့ဆိုတဲ့ စကားမျိုးတွေ ကြားရ တော့မယ်၊ ဒါ့ကြောင့် အမေ့ကို ပိုဂရုစိုက်နေတဲ့ကြားက အမေရဲ့ သူငယ်ပြန်မှုကိုတော့ ကျွန်မလဲ ဘယ်လိုမှမတတ်နိုင်၊ အသက်ကြီး ရင်ဖြစ်တတ်တဲ့သဘာဝအတိုင်းကျွန်မကဘယ်လိုကြိုတင်ကာကွယ် ရမှာလဲ။

အမေသူငယ်ပြန်နေပြီလို့ ကျွန်မမပြောချင်ဘူး။ဒီကိစ္စကို ကိုကြီးက အရင်စသိသွားတယ်။

"မိငယ်. . . အမေစကားပြောတာ သိပ်မဟုတ်ချင်ဘူး ထင်တယ်၊ ကလေးစားတဲ့ ချိုချဉ်တွေ မှာနေတယ်၊ နောက်ပြီး မီးမီး ကိုပြောတဲ့စကားတွေကလဲ ကလေးလိုပဲ"

"ကိုကြီးက ဘယ်လိုထင်လို့လဲ"

"ဟို. . အမေ့ကိုကြည့်ရတာ သူငယ်များ ပြန်နေသလား လို့"

"ဟုတ်တယ်. . အမေသူငယ်ပြန်နေတာပဲ"

"ဘာ. . . . . . အမေသူငယ်ပြန်နေတာ ဟုတ်လား"

"ဟုတ်တယ်"

"ဘာလို့ စောစောမပြောတာလဲ"

"ဟင်. . . ကျွန်မမှ မပြောချင်တာ"

"ဘာဖြစ်လို့ မပြောချင်တာလဲ၊ အမေ သူငယ်ပြန်တာ နင့်ကြောင့်မို့လို့လား"

"အို. . . ဘာဆိုင်လို့လဲ. . . အသက်ကြီးလို့ ဖြစ်လာ တာပဲ"

"ငါတို့ကိုတော့ ပြောသင့်တာပေါ့။ ဒီထက်ဆိုးသွားရင် ဘယ်နှယ့်လုပ်မလဲ၊ နင်တစ်ယောက်ထဲ လျှောက်လုပ်နေလို့ ဖြစ်ပါ့ မလား၊ ဘာမှမသိဘဲနဲ့၊ ငါတို့က အကြီးပဲ ပြောကိုပြောရမှာပေါ့"

ကိုကြီးအသံက လိုတာထက် ပြင်းထန်လာသလို ထင်မိ တယ်။ အခုကျွန်မကို လုံဝအပြစ်တင်နေတာနဲ့ မတူဘူးလား။

"နေပါဦး ကိုကြီးရဲ့. . . အမေ့ကို ဘာမှမဖြစ်ခင်က တည်း တစ်နှစ်တစ်ခါလေး စစ်ဆေးကြည့်ရအောင် ပြောတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကများ အရေးစိုက်ခဲ့လို့လဲ။ အခုဟာကလည်း သူ့ဟာသူ ဖြစ်တဲ့ကိစ္စပဲ၊ အဓိက အမေ့ ကျန်းမာရေးကောင်းနေဖို့ အရေးကြီးတာ မဟုတ်ဘူးလား။ အမေ့ရဲ့ သူငယ်ပြန်မှုကြောင့် ဖြစ်လာတဲ့ ကိစ္စအဝဝကို မီးငယ်ပဲ တာဝန်ယူနေတာပဲ။ အမေရဲ့ဖြစ်တဲ့ ကိစ္စကို အပြစ်မတင်ဘဲ မီးငယ်ကို ကိုယ်ချင်းစာမပေးနိုင်တာ ကိုကြီးတို့ အကြီးတွေရဲ့ သဘောထားတွေလား။ အခု အမေ့မှာ ဘာရောဂါ ရှိတယ်ဆိုတာ တစ်ခါတည်း သိအောင်ပြောလိုက်မယ်။ အမေ့မှာ နှလုံးအားနည်းတဲ့ ရောဂါရှိတယ်။ အချိန်မရွေးမောမော လာတတ်တယ်။ ဒါပေမဲ့ ဆေးအချိန်မှန်တိုက်တဲ့အတွက် အများကြီး သက်သာတယ်။ ကျွန်မကိုယ်တိုင် အမေ့ကို ခေါ်ပြီး ကျန်းမာရေး အတွက်စစ်ထားပါတယ်၊ ဂရုမစိုက်ဘူးလို့ပြောတဲ့ ကိုကြီးတို့ တစ်နေ့လောက်ပဲ အမေနဲ့လာနေကြည့်ပါလား”

ကျွန်မရဲ့ပေါက်ကွဲမှုက အမြင့်ဆုံးကိုရောက်သွားပြီထင်တယ်။ ထိန်းချုပ်ထားတဲ့ကြားက မထိန်းချုပ်တော့ အသံတွေလည်း တုန်လာတယ်။မျက်ရည်ကျချင်လာတယ်။ ကိုကြီးက ကျွန်မ ဒေါသကြောင့် ဘာမှမပြောတော့ဘဲ အမေ့ကို အခန်းထဲ တစ်ချက်ဝင်ကြည့်ပြီး ပြန်သွားတယ်။

နောက်နေ့မှာ အစ်မတွေ ဖုန်းဆက်လာတယ်။ သတင်းမေးတာပေါ့။ နောက်တစ်နေ့မှာတော့ အိမ်ကို မုန့်ထုပ်ကိုယ်စီနဲ့ ရောက်လာကြတယ်။ ကျွန်မကလည်း အိမ်ကရှိတာနဲ့ ဧည့်ခံရသေးတယ်။ အမေ့ကြည့်လိုက်တော့ ပျော်နေတယ်။ ထမင်းလည်း အစ်မကျွေးသွားတယ်။ ကျွန်မ သမီးလေးအတွက် အင်္ကျီတစ်ထည် အစ်မလတ်က ပေးသွားတယ်။ကျွန်မက နောက်မှာပဲလုပ်စရာရှိတာ လုပ်နေတယ်။ အဓိကက အမေစိတ်ချမ်းသာဖို့ပဲ မဟုတ်လား။

(၂)

အိမ်မှာ သိမ်းဆည်းထားရတဲ့ အမှိုက်တွေ ပွလွန်းလို့ ပုလင်းခွံ၊ အိတ်ခွံဝယ်တဲ့ အသည်ကိုခေါ်ထားတယ်။ ဒီလိုပဲ တစ်လ တစ်ခါအိမ်မှာ အမှိုက်က မနည်းဘူး ထွက်တာ။ ခါတိုင်းလာနေကြ အစ်မကြီးကိုပဲ မှာထားတယ်။ ကိုယ်တိုင်ကလည်း အစွဲရှိနေလို့လား မသိဘူး။ စွန့်ပစ်ပစ္စည်းရောင်းတာတောင် ဒီလူဆို ဒီလူမှ အဲဒီ အစ်မကြီးတောင် ပေါ်မလာတာ အတော်ကြာပေါ့။ ဒီနေ့သူကို တွေ့တော့ အရင်ကိုယ်လုံးထက်တဝက်လောက် ပိန်ကျသွားတာမို့ အံ့သြပြီး မေးမိတယ်။

“ဒီလိုပါပဲ ညီမရယ်၊ လုပ်စားရတာ မလွယ်ဘူး။ နေပူခြောက်၊မိုးရွာစိုပြီး နေမကောင်းဖြစ်လိုက်တာအကြာကြီးပဲ။ ပိုက်ဆံကလည်း ကျပ်နဲ့၊ အသက်တောင် ရဲရဲမရှုဝံ့ဘူး။နောက် အိမ်က လူရှိတာမဟုတ်ဘူး။ အမေနဲ့ နှစ်ယောက်တည်း”

“အော်. . ဟုတ်လား၊ အခုအမေက အိမ်မှာတစ်ယောက်တည်း နေခဲ့ရတာလား”

“မဟုတ်ဘူး။ အမေက အသက်ရှစ်ဆယ်ကျော်ပြီ။သူ့ကို ကလေးတွေကို ပိုက်ဆံပေးပြီး ထမင်းချိုင့်နဲ့ အပ်ခဲ့တယ်။ အိမ်မှာ တစ်ယောက်တည်းထားလို့ကတော့ ပြောင်းဆန်သွားမယ်”

“အော်. . . ဘာဖြစ်လို့လဲ”

“အမေက သူငယ်ပြန်နေတာလေ။ သူ့ကို တစ်ယောက်တည်းထားလို့မရဘူး။ အိမ်နားမှာက ရေမြောင်းရှိတယ်၊ ရေဆင်းချိုးနေမှာ၊ တစ်ခါတုန်းက ရေဆင်းချိုးနေလို့၊သူငယ်ပြန်တာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ။ သနားတော့ သနားတာပေါ့၊ကိုယ့်အမေပဲ။ ဒါပေမဲ့ ကျွန်မက ခုလိုမှ ထွက်မလုပ်ရင် ထမင်းစားရတော့မှာ မဟုတ်ဘူး။ စိတ်မချတော့ အမေ့ကို မနက်ဆို ကျွေးစရာရှိတာကျွေးပြီး ဘီးပေါ်တင်ခေါ်သွားတယ်”

“ဟင်. . ဘီးပေါ်လိုက်နိုင်လို့လား”

“ညီမရယ် ဘီးနောက်မှာ အကာနဲ့ခုံအပြားကြီး ရိုက်ထားရတာပေါ့။ ဘယ်တတ်နိုင်မလဲ။ ဖြစ်အောင် ဉာဏ်ရှိသလောက်နဲ့ လုပ်ရတော့တာပဲ။ ညီမမှာ နှုတ်ခမ်းနီဘူးခွံ၊ လက်သည်းဆိုးဆေးဘူးခွံရှိရင် ရောင်းပါလား။ ကျွန်မ အမေပေးမလို့၊ သူကပြန်လာရင် တစ်ခုခုပါလာမှ၊ မပါရင် စိတ်ကောက်တတ်တယ်”

“အော်. . . မရောင်းပါဘူး၊ ယူသွားပါ၊ အိမ်မှာလည်း အများကြီးရှိသေးတယ်၊ ရော့. . ရော့”

ကျွန်မလည်း အိမ်ထဲရှိတဲ့ ခြင်းထဲကနေ ယူပြီး သွန်ချပေးလိုက်တယ်။ အခြားသတင်းစာနဲ့ တိုလီမိုလီတွေ ရောင်းလိုက်တယ်။ အမှတ်တမဲ့ အစ်မကြီးအကြောင်းကြားရတာ စိတ်မကောင်းဖြစ်မိတယ်။ မပြည့်စုံတဲ့ ဘဝမှာ အဆင်ပြေအောင် ဖန်တီးရတာ တကယ်တော့ ရင်မောလှစရာကောင်းလှပါတယ်။

(၃)

ဒီနေ့ ကျွန်မအိမ်ကို ကိုကြီး၊ မကြီး၊ မလတ် တစ်ချိန်တည်း ရောက်လာတာကြောင့် အံ့သြမိတယ်။ ဘယ်တုန်းကမှ ခုလို သုံးယောက်ဆုံပြီး လာဖူးတာမဟုတ်ဘူး။ ကျွန်မရဲ့ သံသယဖြစ်မှုကို သူတို့လည်း သိနေပုံရတယ်။ ကျွန်မတို့လေးယောက်ဧည့်ခန်းမှာ ဆုံဖြစ်နေချိန်မှာတော့ အမေကအိပ်နေပြီ။ သူတို့ကြည့်ရတာ တစ်မျိုးပဲ။ ကနဦးစကားတွေ၊ နိဒါန်းစကားတွေက ကျွန်မကို နားမလည်နိုင်ခဲ့ဘူး။ နောက် မကြီးနဲ့မလတ်က ပြောတယ်။ သူတို့လေသံတွေကိုနားထောင်ရင်း ရင်ထဲမှာ ပြောချင်တဲ့စကားတွေ တလိပ်လိပ်တက်လာတယ်။ သူတို့ပြောပြီးသွားချိန်မှာတော့ သူတို့သုံးယောက်လုံးဟာ တစ်စိတ်ထဲဖြစ်ပြီး ကျွန်မတစ်ယောက်သာ သီသီသာသာ ကွဲထွက်နေတာကို သတိထားမိတယ်။ ပြီးတော့ ရင်ထဲမှာ ထိရှစွာ နာကျင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကျွန်မအမေ့ကို စောင့်ရှောက်ရလို့ ငြီးငွေ့နေတာမဟုတ်ဘူးဆိုတာ သိစေချင်တယ်။ အမေ့ရဲ့အလုပ်ဟာ ကျွန်မရဲ့အလုပ်ပဲ။ ဒါကြောင့် အိမ်မှာပဲ လုပ်လို့ရတဲ့ အလုပ်ကိုပဲ လုပ်ခဲ့တာ။ ကျွန်မနဲ့ တသက်လုံးနေလာခဲ့တဲ့ အမေ့ကို ဘယ်မှာမှ မထားနိုင်ဘူး။ဒီအတွက် ကျွန်မသိပ်ဒုက္ခရောက်နေတယ်လို့ ပြောဖူးလို့လား။ အမေ့ကို မစောင့်ရှောက်နိုင်တော့ပါဘူးလို့ ကျွန်မပြောခဲ့ဖူးသလား။ ကိုကြီးတို့အတွေးတွေ ကျွန်မကို အထင်သေးနေသလိုပဲ။ ကျွန်မ့အမေကို သားသမီးတွေအားလုံး ထောက်ပံ့ကြေးနဲ့ ဘိုးဘွားရိပ်သာ ပို့ရလောက်အောင် မဖြစ်သေးဘူး။ သူ့ကို စောင့်ရှောက်နိုင်တဲ့ ကျွန်မတစ်ယောက်လုံး ရှိနေသေးတယ်။ အဲဒီစကားကိုလည်း ဆက်မပြောပါနဲ့တော့။ အမေများကြားရင် ဘယ်လောက်ဝမ်းနည်းလိုက်မလဲ၊ အားလုံးပြန်ကြပါတော့၊ တောင်းပန်ပါတယ်"

ဒေါသတွေထွက်လွန်းလို့ သူတို့ပြန်သွားတော့ မျက်ရည်ကျမိတယ်။ ပုလင်းခွံသည်တောင် မတတ်နိုင်လွန်းလို့ ဘေးအိမ်က ကလေးတွေကို ပိုက်ဆံပေးပြီး သူ့အမေကို စောင့်ရှောက်ခိုင်းထားခဲ့တာ။ သူတို့သဘောက ကျွန်မပင်ပန်းမယ်၊ စိတ်ဒုက္ခရောက်မယ်၊ အလုပ်လည်း လွတ်လွတ်လပ်လပ်လုပ်နိုင်အောင် မောင်နှမတွေ အားလုံး ထောက်ပံ့ပြီး ဘိုးဘွားရိပ်သာပို့ဖို့ အကြံပေးတာတဲ့။ အဲဒါ အမေချစ်ပါတယ်ဆိုတဲ့ မွေးထားတဲ့ သားသမီးတွေလေ။

ကျွန်မ တကယ်ပဲ အံ့ဩသွားတယ်။ ဒါကို အမေက သိမှာမဟုတ်ဘူး။ အမေမရှိရင် ကျွန်မ မနေနိုင်ပါဘူး။ အမေ့အသံတွေကို ကြားနေရတာကိုပဲ ကျွန်မကျေနပ်မိတယ်။ တခါတလေ ငြီးငြူမိတယ်ဆိုတာ စေတနာပျက်လို့မှ မဟုတ်ပဲ။

"သမီးရေ. . . "

ဟော. . . အမေ အခန်းထဲကနေ ခေါ်နေပြီ။

ကျွန်မ မျက်ရည်တွေကိုကမန်းကတန်းသုတ်လိုက်တယ်။

"အမေ ဘာရှာနေတာလဲ"

"အမေ့ နှုတ်ခမ်းဆိုးဆေးဘူးတွေ ပျောက်နေလို့"

"အော်. . . သမီးမှာ ရှိသေးတယ်၊ဟိုဘူးတွေကမကောင်းတော့လို့ ပစ်လိုက်ပြီ"

"အဲဒါဆို ပေးနော် အသစ်"

"ဟုတ်ကဲ့ပါ"

"ဒါနဲ့ သမီး ကိုကြီးတို့ မကြီးတို့ ပြန်သွားပလား"

"ပြန်သွားပြီ"

"သူတို့ မောင်နှမတွေ ဘိုးဘွားရိပ်သာ သွားကြတာလား"

"မဟုတ်ပါဘူး အမေရဲ့၊ ဘာလို့ ဘိုးဘွားရိပ်သာ သွားရမှာလဲ"

"သိဘူးလေ၊ သူတို့ ဘိုးဘွားရိပ်သာ သွားမယ်လို့ အမေကြားလိုက်သလားလို့"


"အင်း. . . ဟုတ်တယ်နော်၊သူတို့သွားချင်သွားမှာပေါ့"

"သူတို့ နေဖို့သွားကြည့်တာ နေမှာ"

အမေ့စကားအဆုံးမှာ ကျွန်မပြုံးလိုက်မိတယ်။ အမေ အဲဒီလို ကြားသိတာပဲ ကောင်းပါတယ်လေ။ ကျွန်မရဲ့ စိတ်ထဲမှာ ရင်နာပေမဲ့ အမေ့ရဲ့ အသိစိတ်ထဲမှာ အမှန်တရားတစ်ခုကို သိဖို့ သမီးတစ်ခွန်းတစ်စမှ မပြောရက်ပါဘူး အမေ။ ။

ချောအိမာန် (မန္တလေး)

၁၉-၈-၂၀၀၉





အလှခါတ်ပုံ မွေးနေ့အလှူ
မင်္ဂလာပွဲများအတွက် လှပလိုလျှင်

Make-up Artist

ဆုမွန် နှင့် ဆက်သွယ်ပါ။

HP: : (65) 8196 4699


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

NPMM Cultural Show 2009 ကို 2009 ခုနှစ်၊နိုဝင်ဘာလ (၂၁)ရက်နေ့ စနေနေ့က Victoria Theatre မှာ နေ့လည် (၁) နာရီကနေ ညနေ (၇)နာရီ အထိ အောင်မြင်လှပစွာ ကျင်းပနိုင်ခဲ့ပါတယ်။

ပဏာမအဖွင့်စကား၊ အဖွင့်ယိမ်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်စတင်ဖွင့်လှစ်ခဲ့တာပါ။ တဖန် နွေမိုးဆောင်းနှင့် မြန်မာ့အလှ အစီအစဉ်ကို ဆက်လက် တင်ဆက်ရာမှာ အလွန်လှပမြိုင်ဆိုင်လှတဲ့အတွက် ပရိသတ်က အနုပညာဖန်တီးသူများနောက် စီးမြောလိုက်ပါသွားကြပါတယ်။







ပိတောက်ပန်းလေးများနဲ့နွေကာလသရုပ်ဖော်နွေယိမ်းမှာ ယခင်က အဆိုတော် တင်တင်မြ သီဆိုဖူးခဲ့တဲ့ ဥသြသီချင်းလေးကို ခက်ခက်ခဲခဲ ပြန်လည်ရှာဖွေဖော်ထုတ်ထားတာဖြစ်ပြီး ကျောင်းသူလေးများက ကိုယ်တိုင် သီဆိုကပြဖျော်ဖြေခဲ့ခြင်းဖြစ်ပါတယ်။ မိုးယိမ်းမှာ အိအိချွန်သီဆိုထားတဲ့ လယ်တောသူသီချင်းနဲ့ လယ်ယာမောင်မယ်များရဲ့ လယ်တောသဘာဝ ပျိုးကြဲ၊ ပျိုးနှုတ်၊ ကောက်စိုက် စတဲ့ လှုပ်ရှားမှုများကို သရုပ်ဖော်တင်ဆက်ထားခြင်းပါ။ ဆောင်းယိမ်းမှာ တစ်ချိန်က အငြိမ့်သဘင် လောကမှာ နာမည်ကျော်ကြားခဲ့တဲ့ ဆောင်းဝင်းဝင်းအေးရဲ့ ဆောင်းသီချင်းကို မြူးမြူးကြွကြွ တင်ဆက်သွားခြင်းဖြစ်ပါတယ်။ ဥသြ သီချင်းကို ခက်ခက်ခဲခဲ ပြန်လည်ရှာဖွေ ဖော်ထုတ်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း သဇင် Success က မှတ်တမ်းတင်ပါတယ်။

ယဉ်ကျေးမှုတေးသရုပ်ဖော်. . . မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းမှာ မြန်မာ့ရေမြေတောတောင်သဘာဝ မြန်မာလူမှုရေးအသိုက်အမြုံကို ထင်ထင်ရှားရှား မီးမောင်းထိုးပြသွားတဲ့ တေးသရုပ်ဖော်တစ်ခု ဖြစ်ပါတယ်။ ဇာတ်စင်ဖွဲ့စည်းပြင်ဆင်မှု ခန်းနားမြိုင်ဆိုင်ခြင်း၊ ဇာတ်ကောင်တိုင်းရဲ့ ဝတ်စားဆင်ယင်မှု သေသပ်လှပခြင်း၊ လူအင်အား တောင့်တင်းခြင်းတို့ကြောင့် တစ်ချိန်ကနာမည်ကျော်ကြား လူကြိုက်များခဲ့တဲ့ 'ယဉ်ကျေးမှုကဇာတ်' ကို ပြန်လည်လွမ်းမိကြတာ အမှန်ပါ။

ဇာတ်စင်ပေါ်မှ အနုပညာဝါသနာရှင်များက ကိုယ်ကျရာဇာတ်ရုပ်ကိုပိုင်နိုင်စွာသရုပ်ဆောင်နိုင်ကြတာကိုကချီးကျူးစရာပါ။ ဒါ့အပြင် ကန့်လန့်ကာနောက်ကွယ်မှ ပံ့ပိုးပေးနေကြတဲ့ မိတ်ကပ် ပညာရှင် သီရိ နှင့် စုမွန်တို့ရဲ့ မိတ်ကပ်စွမ်းအား၊ အန်တီသစ် ပံ့ပိုးပေးထားတဲ့ တောက်ပြောင်လှပ သဘာဝကျသော အဝတ်အစားများကြောင့် ရှုမငြီးအောင် ဖြစ်ကြရပါတယ်ဟု ပါဝင်ကပြသူနှင့် တာဝန်ခံတစ်ဦးဖြစ်သူ မအေးမြင့်ဝင်းက ပြောပါတယ်။



မြန်မာယဉ်ကျေးမှုများကို "NPMM Myanmar Cultural Show" ဆိုတဲ့ အမည်နဲ့လိုက်ဖက်စွာ တင်ဆက်ကပြဖျော်ဖြေပြီးတဲ့နောက်၊ ခေတ်ရေစီးကြောင်းကိုလည်း မလွန်ဆန်၊ ခေတ်ရေစီးမှာ အလိုက်သင့် မြောပါလိုသူများပီပီ နှင်းဝေဝေ တင်ဆက်တဲ့ 'ခေတ်ကာလနှင့် အချစ် ပသာဒ' ကို ဆက်လက် ရှု့စားကြရပြန်ပါတယ်။ ခေတ်ဆန်လှပတဲ့ ဝတ်စားဆင်ယင်မှု၊ ခေတ်အမြင် ခေတ်အတွေးတွေကို လှလှပပဖော်ကျူးတင်ဆက်သွားနိုင်ခဲ့ပါတယ်။ကျောင်းသားကျောင်းသူ အနုပညာ မောင်နှမများက ကျရာဇာတ်ရုပ်မှာ ရှက်ကြောက်မနေအားပဲ ပီပီပြင်ပြင် လှလှပပ ကြွကြွရွရွလှုပ်ရှား ပြသသွားတဲ့အတွက် ပရိသတ် ကျေနပ်ကြည်နူးမှုများကို ရရှိခဲ့ကြပြန်ပါတယ်။



အဲဒီနောက် အားလပ်ချိန်မှာ ဆန္ဒင်းမကင်း၊ အအေးများနဲ့ ဧည့်ခံကျွေးမွေးပါတယ်။ အားလပ်ချိန်အပြီးတွင် နေ့လည်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ် အစားစားပြီးခါစလည်းဖြစ်လို့ ငိုက်မြည်းရန်ဝေးစွ မြူးထူး ပျော်ရွှင်စွာ ကခုန်သွားကြတဲ့ ကိုဥာဏ်လေးရဲ့ Hip Hop Dance ကို ဆက်လက်ရှုစားကြရပါတယ်။ "Hip Hop Dance ကို ကျောင်းပြီးသွားပြီဖြစ်တဲ့ ကျောင်းသူဟောင်း မခိုင်ချိုသန့်ကအစပျိုးခဲ့ပြီး ကိုဥာဏ်လေးက ဆက်လက်စီစဉ်ညွှန်ကြား ပြသခဲ့ခြင်းပါ။ ခေတ်အက ခေတ်အလှဖြစ်တာကြောင့် ခေတ်လူငယ်များက ပိုင်နိုင်စွာ ကပြနိုင်သလို ပရိသတ်ကလည်း နှစ်ခြိုက်စွာ အားပေးခဲ့ကြပါတယ်။

Stage Show ကို 'Black and White' လို့ အမည်ပေးထားပြီး ထူးခြားအောင် စီစဉ်ထားတာပါ။ ကီးဘုတ်တီးတဲ့သူက Ngee Ann Poly မှ 'ငြိမ်းချမ်းလူ' ဖြစ်ပြီး၊ ပွဲများစွာ ပါဝင်တီးခတ်နေသူ တစ်ဦးဖြစ်ပါတယ်။ ငြိမ်းချမ်းလူရဲ့ ပရော်ဖက်ရှင်နယ် လက်သံနဲ့ ပါဝင်သီဆိုသူများရဲ့ တေးသံသာများက ဒီအစီအစဉ်ကို အထူးအောင်မြင်စေခဲ့ပါတယ်။




"'Black and White' ဆိုတာ ကီးဘုတ် စန္ဒယားခလုတ်တွေကို ရည်ညွှန်းခဲ့တာပါလို့ ပွဲစီစဉ်တင်ဆက်ခဲ့သူများက ရှင်းလင်းပြောပြပါတယ်။

ပရိသတ် လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အားပေးတာကတော့. . NPMM သံချပ်ပါ။ အမျိုးသား အမျိုးသမီး အင်အားများစွာ ပါဝင်ထားပါတယ်။ ခေတ်အဆက်ဆက် မြန်မာ့သမိုင်းကြောင်းတွင် သံချပ်ဆိုသည်မှာ ဖြစ်ပျက်နေသမျှကို မနာအောင်ရယ်သွမ်းသွေးပြီး ထောက်ပြတဲ့ ဇာတ်သဘင်အနုပညာ လက်နက် တစ်မျိုးဆိုလျှင် မမှားပါ။ အခုလည်း လူငယ်များက ပြောင်မြောက်စွာ ထောက်ပြ သံချပ်ထိုးခဲ့ကြပါတယ်။ သံချပ်အဖွဲ့ ခေါင်းဆောင်ကတော့ 'ကိုအားမာန်' ပါ။

"ပွဲစမယ်ဆိုတော့ သံချပ်ထည့်ချင်ကြတယ်။ တကယ်တော့ ကျွန်တော့်မှာ သံချပ်ရေးတာ အတွေ့အကြုံမရှိပါဘူး။ ပထမဦးဆုံးရေးခဲ့ဘူးတာဆိုလို့ မနှစ်က Interpoly ဘောလုံးပွဲမှာ Final ပွဲအတွက် သံချပ်စရေးတယ်။ အတိုလေးပေါ့။ နည်းနည်းပါးပါးပါ။ ပွဲကြီးလုပ်မယ်ဆိုတော့ လူတွေရှေ့မှာ တကယ့်ကိုကောင်းအောင်တိုင်ရမည့် သံချပ်ဖြစ်လို့ အတော်ကြိုးစားရေးရပါတယ်။ ပရိသတ် ၇၀၀ -၈၀၀ ရှေ့မှာဆိုတော့ အကောင်းဆုံးလုပ်ပြမှ ရမှာလေ။ ဒါပေမယ့် လုပ်ချင်တယ်။ လုပ်ချင်တယ်ဆိုတာက စင်ကာပူမှာ ပေါ်လီတိုင်းက ကျောင်းပွဲလုပ်ကြတယ်။ မနှစ်ကတော့ ကျွန်တော်တို့ကျောင်းမှာ 'ကိုဇေယျာမင်း' တို့ ရေးသွားတယ်။ဒီနှစ်လည်း ကျွန်တော်ကဆက်လုပ်ချင်တယ်။ အစီအစဉ်က နည်းနည်း ထူးခြားချင်လို့ပါ။ ဟာသလေးတွေ ထပ်ဖြည့်ပါတယ်။ နည်းနည်းတော့ အခက်အခဲရှိတာပေါ့။ နောက်တစ်ချက်က ယောကျ်ားလေးရော မိန်းကလေးရော အတိုင်အဖောက်ညီညီ ချေပပြောဆိုကြရင်း အပြန်အလှန် သံချပ်ထိုးကြပါတယ်။ အဲလိုလုပ်ဖို့က တော်ရုံတန်ရုံ ဘယ်သူမှမလုပ်ကြဘူး။ ကျွန်တော်တို့ကျောင်းက မိန်းကလေးတွေက တော်ကြပါတယ်" လို့ သံချပ်စာသားတွေကို ရေးသားသူ ကိုအားမာန်က ပြောသွားပါတယ်။



"အငြိမ့်ကတော့ 'ကိုဇေယျာဖြိုး' စီစဉ်တာပါပဲ။ပွဲကခါနီးတစ်လလောက်အထိ မငြိမ်သေးဘဲ ဘယ်သူက လူရွှင်တော်လဲဆိုတာ မသိနိုင်ဖြစ်ခဲ့ရပါတယ်"

"နောက်တော့ အငြိမ့်ဦးစီးက လူရွှင်တော်ပူတင်း ဖြစ်လာပါတယ်။"

အငြိမ့် လူရွှင်တော် ပေါက်စီ၊ နံပြား၊ ကြက်ရိုး၊ ပူတင်း၊ စမူဆာတို့ကလည်း တကယ့်ဝါရင့်လူရွှင်တော်များပမာ ပရိသတ်ပါးစပ် မပိတ်နိုင်အောင် ဟာဒယရွှင်ဆေးများ တိုက်ကျွေးခဲ့ကြပါတယ်။

အငြိမ့်အတွက် ဆရာစိန်မြင့်စန်းနဲ့ ဆရာမြတ်တို့က သီချင်းများ ရေးစပ်ပေးခဲ့တာပါ။ ဒီအငြိမ့်ခန်းမှာ အခွေနဲ့ play back ကတာမဟုတ်ပဲ အငြိမ့်သဘင်ခေတ်က တကယ့်ဝါရင့် အငြိမ့်မင်းသမီးများလို ကိုယ့်သီချင်းကို ကိုယ်တိုင်သီဆိုကပြ ဖျော်ဖြေနိုင်အောင် ပတ္တလား ဆရာစိန်မြင့်စန်း၊ စန္ဒယား ဦးငြိမ်းတိုး၊ တယော ဦးငွေအောင်နှင့် ဗုံအဖွဲ့သားများက အားဖြည့် တီးခတ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်ပါတယ်။

"တကယ့် ကျွန်တော်တို့ အတွေ့အကြုံအရတော့ အခွေနဲ့ play back ကရတာ ပိုလွယ်ပါတယ်။ ဒါပေမယ့် ဘာဘီကျူးလုပ်သလိုပေါ့လေ. . ပိုတော့ ပင်ပန်းမယ်။ တူးရင်တူးမယ်၊ ခြစ်ရင်ခြစ်မယ်. . . ကိုယ်ပိုင်သီချင်းနဲ့ ဆိုတီးက စ လယ် ဆုံး လုပ်ကြည့်ရတဲ့ တကယ့်အရသာလေးလည်း ရစေချင်လို့ပါ" " အငြိမ့်သီချင်းတွေ တော်တော်များများက သူများတွေ ကပြီးသွားကြပြီ၊ ဒါကြောင့် ကိုယ့်သီချင်းလေးတွေနဲ့ကိုယ် ကြိုးစားတင်ဆက်တာပါ" ဟု စီစဉ်တင်ဆက်သူများက ရှင်းလင်းပြောပြပါတယ်။ တကယ့်ကို အောင်မြင်လှပသော အငြိမ့်ပွဲကလေးဖြင့် ပရိသတ် စိတ်ကျေနပ်မှုရအောင် ပွဲသိမ်းနိုင်ခဲ့ပါတယ်။ ပွဲပြီးတော့ ပဲထမင်း၊ ကြက်သားဟင်းနဲ့ ဧည့်ခံပါသေးတယ်။

ပွဲစဉ်အစမှအဆုံး အားလုံးခြုံ၍ကြည့်ရပါလျှင်. NPMM Clutural Show 2009 ဟာ လှပသေသပ်စွာအောင်မြင်ခဲ့ပြီး ပရိသတ်တသသ ပြောကျန်ခဲ့တဲ့ ပွဲကလေးဖြစ်ခဲ့ပါတယ်။ သရုပ်ဆောင်သူများအားလုံးကလည်း တကယ့် အနုပညာရှင်များပမာ ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ကြတဲ့အတွက် ချီးကျူးကြရတဲ့ကြားကပင် ထူးခြားပြောင်မြောက်စွာ အနုပညာ အရည်အသွေးကို ပြသခဲ့သော လူရွှင်တော် ကြက်ရိုးအား ပရိသတ်က ချီးကျူး၍မဆုံးပါ။ ကန့်လန့်ကာနောက်ကွယ်မှ ကူညီပံ့ပိုးမှုများကိုလည်း မေ့ထားလို့မရနိုင်ပါ။

ပွဲစီစဉ်ကြီးကြပ်သူများ၊ လူအားငွေအားဖြင့် ပံ့ပိုးကူညီသူများ၊ အချိန်ရှားပါးလှတဲ့ စင်ကာပူနိုင်ငံမှာ တစ်တပ်တစ်အားအုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆင်နွှဲခဲ့ကြတဲ့ အနုပညာ ဝါသနာရှင်ကျောင်းသူ ကျောင်းသားလေးများရဲ့ ကြိုးပမ်းမှုနဲ့ လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်ကြီးအားလည်း ကျေးဇူးတင်ကြရမှာ ဖြစ်ပါတယ်။ အသံနှင့် စက်မှုပိုင်းဆိုင်ရာ တာဝန်ခံ ကိုအာကာနှင့်အဖွဲ့သားများအပြင် အဖက်ဖက်မှ လစ်ဟာမှုမရှိရအောင် ပံ့ပိုးကူညီခဲ့ကြတဲ့ ကျောင်းသူကျောင်းသားများ၊ ကျောင်းသူကျောင်းသားဟောင်းများကိုလည်း မေ့ထားလို့မရနိုင်ပါ။





မြန်မာအကကို လေ့ကျင့်သင်ကြားပြသပေးရှိသာမကအဖွင့်ယိမ်းအတွက် ထိုင်မသိမ်း (၁၂)စုံ၊ အငြိမ့်အတွက် ထိုင်မသိမ်း (၄)စုံ၊ လူရွှင်တော် ဝတ်စုံများ၊ နွှေမိုးဆောင်းယိမ်းဝတ်စုံများ၊ ယဉ်ကျေးမှုသရုပ်ဖော် မြန်မာ့အလှ အစီအစဉ်မှာပါဝင်တဲ့ ဇာတ်ရုပ် (၅၀)ကျော်အတွက် ဝတ်စုံများကို အန်တီသစ်မှ အခကြေးငွေ မယူဘဲ စေတနာနဲ့ ကိုယ်တိုင်ချုပ်လုပ်ပေးခဲ့တဲ့အတွက် နိုင်ငံခြားသားပွဲကြည့်ပရိသတ်များအလယ်တွင် မျက်နှာမငယ်၊ မြန်မာ့ပွဲကြည့်ပရိသတ်များအလယ်မှာလည်း ခန်းနား ထည်ဝါခဲ့ပါတယ်။

မကြာခင် အခွေထွက်လာတော့မှာ ဖြစ်တဲ့အတွက် အားပါးတရ ကြည့်ရှုအားပေးနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

အယ်ဒီတာ

\- - - - - - - - - - - - - - -

## 2010 NYP Myanmar Extravaganza

နန်ယန်းပိုလီမှ ကျောင်းသားကျောင်းသူများ၏ သင်္ကြန်ယိမ်းအကများ၊ တေးသရုပ်ဖော်၊ ပြဇာတ်၊ NYP ရေဒီယိုနှင့် အငြိမ့်များ ပါဝင်ပါသည်။ ၂၀၁၀ ဇန်နဝါရီ (၁၆)ရက် စနေနေ့ နေ့လည် (၁)နာရီခွဲမှ ညနေ (၇)နာရီအထိ Mrs.Lee Choon Guan Concert Hall တွင် ကျင်းပခဲ့ပါသည်။ ညစာအပါအဝင် လက်မှတ်များကို S$12, S$15 နှင့် ရောင်းချခဲ့ကြောင်း သိရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# ဖြတ်သန်းကျော်လွှား ဘဝမှတ်တိုင်များ

Design Ko Thin

## ပန်းချီအနုပညာရှင် ဒဿဂီရိ အောင်ကျော်ထွန်း နှင့် အင်တာဗျူး

၂၀၀၉ခုနှစ် ဩဂုတ်လ (၇)ရက်နေ့က စင်ကာပူနိုင်ငံ အမှတ်(၁) Parliment Lane ရှိ The Arts House Gallery မှာ Arty Art Gallery က တင်ဆက်ပြသခဲ့ပါတယ်။ ပြပွဲကို (၃)ရက်ကြာပြသခဲ့ပြီး ဒဿဂီရိ ပန်းချီကားများရဲ့ ဖန်တီးရှင် ပန်းချီအောင်ကျော်ထွန်း ကိုယ်တိုင် တက်ရောက်ကာ ဒဿဂီရိအကနဲ့ ဖွင့်ပွဲကို ဖွင့်လှစ်ပေးခဲ့တာပါ။

ဆရာအောင်ကျော်ထွန်းကို ၁၉၆၉ခုနှစ်က ညောင်လေးပင်မြို့မှာ ဖွားမြင်ခဲ့တာပါ။ ဦးမင်းသူ၊ ကျော်ကျော်ဝင်း၊ ဦးဇော်မင်းတို့ထံမှာ ပန်းချီပညာများ ဆည်းပူးခဲ့ပါတယ်။ ၁၉၉၄ခုနှစ်မှာ ဓါတုဗေဒဘာသာရပ်နဲ့ B.Sc ဘွဲ့ရရှိခဲ့သူဖြစ်ပါတယ်။ နိုင်ငံတကာသို့ ပန်းချီကားများ ပြသရောင်းချနိုင်ခဲ့သူပါ။ ဒီအင်တာဗျူးလေးဖြစ်မြောက်အောင် ပံ့ပိုးပေးခဲ့သူ ဆရာဦးဒီပ၊ ဆရာမ ဒေါ်ခင်ဝင်းကြည်၊ Arty Art Gallery တည်ထောင်သူ မေသန္တာဦးအား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါတယ်။



**မေး။ ။ ပန်းချီပညာကို ဘယ်အရွယ်ကစပြီး ဝါသနာပါတာပါလဲ။**

ဖြေ။ ။ ၁တန်းကျောင်းသားကစပြီး ဝါသနာပါခဲ့တာပါ။ ကျွန်တော် (၃)တန်းနှစ်မှာတော့ မဟာဗန္ဓုလပုံတွေ စရေးပါတယ်။ (၇)တန်းနှစ်လောက်မှာ ခဲပန်းချီတွေ စရေးပါတယ်။ ပုံ အလင်းအမှောင် နဲ့ (၇)တန်းနှစ်လောက်မှာ စရေးပါတယ်။

**မေး။ ။ လက်ဦးပန်းချီဆရာက ဘယ်သူလို့ပြောလို့ရပါသလဲ။**

ဖြေ။ ။ ဆရာနဲ့ လက်တွေ့သင်ယူတာတော့ ကိုမင်းသူဖြစ်ပါတယ်။ ကိုမင်းသူဆိုတာက ကျွန်တော်တို့ အရင်တုန်းက ဇာတ်ခေတ်၊ မြန်မာပြည်မှာ ဇာတ်ခေတ်ရှိတယ်။ အဲဒီတုန်းက ဇာတ်ပိုစတာကြီးတွေရေးခဲ့တဲ့ ကိုမင်းသူပါ။ အဲဒါပြီးတော့ ကိုကျော်ကျော်ဝင်းပါ။ သူကတော့ဆုံးသွားပါပြီ။ ရုပ်ရှင်ပိုစတာကြီး၊ နောက်ကတော့ ဦးဇော်ဝင်းပါ။ဦးဇော်ဝင်းကတော့ လက်ရှိရေးနေတဲ့ အောင်မြင်နေတဲ့ ဆရာဖြစ်ပါတယ်။

**မေး။ ။ ပန်းချီသင်တာ သင်တန်းကျောင်းမှာ သွားသင်တာလား၊ ဒါမှမဟုတ် ကိုယ်ပိုင်သင်ယူ လေ့လာခဲ့ရတာလား။**

ဖြေ။ ။ ဇာတ်ပိုစတာတွေရေးတာဆိုတော့ သင်လည်းသင်၊ ရေးလည်းရေးပေါ့။ နောက် ကိုကျော်ကျော်ဝင်းတို့ နဲ့ ရုပ်ရှင်ပိုစတာတွေရေးပါတယ်။ ပုံလုံးတာတို့၊ ပုံဖြတ်တာတို့က ဆရာတွေရဲ့ Guide တွေယူပြီး လုပ်တာပါ။ ပြောရရင် လက်တွေ့တွေနဲ့ပဲ လုပ်ခဲ့ပါတယ်။ဆရာကိုမင်းသူနဲ့ ပိုစတာ စရေးတာက ၁၉၈၆က တည်းကပါ။ ခုဆို အနှစ်(၂၀)ကျော်သွားပါပြီ။

**မေး။ ။ အခက်အခဲလေးတွေ ပြောပြပါဦး။**

ဖြေ။ ။ အခက်အခဲက အရင်တုန်းကတော့ Gallery တို့ဘာတို့က မြန်မာပြည်မှာ ခေတ်မစားသေးဘူး။ အရင်တုန်းက ပိုစတာခေတ်ပေါ့။ ရုပ်ရှင်ပိုစတာတွေ၊ ဇာတ်ပိုစတာတွေ လာအပ်ရင် ရေးလိုက်တာပေါ့။ ပညာဆည်းပူးရင်း လုပ်အားခရတော့ ပျော်နေတာပါ။ဒီဘက်ခေတ်ရောက်တော့ Gallery တွေမှာတင်ရောင်းရတယ်။ ရောင်းရခြင်း၊ မရောင်းရခြင်းကို အခက်အခဲလို့ မပြောချင်ပါဘူး။ ဒါပေမယ့် ကိုယ်လိုချင်တဲ့ နည်းပညာတွေကို လိုအပ်တဲ့အခါကျ ရှာဖွေရတဲ့ အခက်အခဲလေးတွေ ရှိပါတယ်။ တချို့ဆရာကြီးတွေဆီ သွားပြီးလေ့လာရတာတွေ ရှိပါတယ်။ မြန်မာပြည်မှာတော့ အဓိကက စာအုပ်ရှားတဲ့ ပြဿနာပါပဲ။ အဲဒီလိုဆိုတော့ အခုလို နိုင်ငံခြားရောက်တဲ့အခါ ကျွန်တော်အဓိကဝယ်ယူတာကတော့ စာအုပ်ပါပဲ။ အဲဒါ ပန်းချီဆရာတွေအတွက် အဓိက အခက်အခဲပါ။



www.burmeseclassic.com

www.burmeseclassic.com



**မေး။ ။ သွားရောက်ပြသခဲ့တဲ့ နိုင်ငံခြားရှိုးပွဲကဘယ်နှစ်ပွဲရှိပြီလဲ။**
ဖြေ။ ။ ကိုယ်တိုင်သွားခဲ့တာကတော့ ထိုင်းနဲ့ စင်ကာပူပဲရှိပါတယ်။ ဒါပေမယ့် ရှိုးပွဲလုပ်ဖူးတာကတော့ ထိုင်း၊ စင်ကာပူနဲ့ ထိုင်ဝမ်မှာပါ။

**မေး။ ။ ဆရာ့ပန်းချီကားတွေကို လက်ရှိထက်ပိုပြီး အောင်မြင်အောင်ခေတ်မီအောင် ဘယ်လိုအဆင့်အတန်းမြှင့်ယူပါသလဲ။**
ဖြေ။ ။ ကျွန်တော်ကတော့ အောင်မြင်အောင်ရယ်တော့ စိတ်ထဲမရှိပါဘူး။ အခုဒသဂီရိ စီးရီးရေးပြီဆိုရင် ကျွန်တော်ရေးချင်တာကို အချိန်ယူပြီး ပုံကြမ်းကို စိတ်တိုင်းကျမှ ကင်းဗတ်ပေါ်မှာ စရေးတာပါ။ စိတ်တိုင်းကျဖို့ဆိုတာ အချိန်နည်းနည်းယူရပါတယ်။ စိတ်တိုင်းကျပြီဆိုတော့မှ တင်တာပေါ့နော်။အောင်မြင်အောင် လုပ်တယ်ဆိုတဲ့ သဘောတရားထက် ရင်ဘတ်ထဲက တကယ် ဖြစ် ပေါ်လာတဲ့အတိုင်း လုပ်လိုက်တယ်ဆိုရင် ပိုမှန်ပါတယ်။

**မေး။ ။ ဒသဂီရိက နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ခေတ်ရေစီးကြောင်းနဲ့ ပတ်သတ်တဲ့ စိတ်ကူးစိတ်သန်းတွေ ရှိပါသလား။**
ဖြေ။ ။ ရှိပါတယ်။ အခု ကျွန်တော်ရေးထားတဲ့ ဒသဂီရိကလည်း မြန်မာပြည်မှာ နှစ်ပေါင်းများစွာကြာခဲ့တဲ့ ဒသဂီရိရဲ့ မူခွဲတစ်ခု ဖြစ်နေပါတယ်။ မြန်မာပြည်မှာဆိုရင် ရိုးရာအနေနဲ့ ဒသဂီရိသည် ဘီလူးအနေနဲ့ပဲ ကခဲ့တယ်။အခုကျွန်တော် ရေးထားတာကတော့ လူအနေနဲ့။ စစ်ဘုရင်တစ်ယောက်အနေနဲ့ ရေးတာပါ။ ဒီ Version ကိုတော့ ဆရာချစ်ဦးညိုက လက်ာဒီပချစ်သူ ဆိုပြီးတော့ လမ်းကြောင်း စဖောက်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်ရေးတဲ့ Version ကတော့ ရိုးရာဘီလူးနဲ့ ဆရာချစ်ဦးညိုရေးခဲ့တဲ့ စစ်ဘုရင်ရဲ့ ကြားထဲကနေပြီး ကျွန်တော်တွေးလို့ရတဲ့ အတွေးနဲ့ရေးခဲ့တာပါ။ ခေတ်ပေါ် Version တစ်ခုလို့လည်း ပြောလို့ရပါတယ်။

**မေး။ ။ ပန်းချီကိုရေးဆွဲတဲ့အခါ စိတ်ကူးနဲ့ရေးတာလား၊ မြင်ခဲ့တဲ့ Scence တွေကို ပုံဖော်ပြီး ရေးတာလား။**
ဖြေ။ ။ ကျွန်တော်တို့ မြန်မာပြည်မှာ Scence ကတော့ ဒသဂီရိခေါင်းစဉ်အတွက် ပြောမယ်ဆိုရင်တော့ဒါဇာတ်မှာတွေ့တဲ့ Scence ပဲတွေ့ရမှာပါ။ ကျွန်တော်ရေးတဲ့ကားတွေကလည်း မြင်တဲ့အတိုင်း ဖွဲ့ထားတာများပါတယ်။ အဲဒီလိုဆိုတော့ ခုနကပြောတဲ့အတိုင်း Sketch ကို စိတ်တိုင်းကျစိတ်ကူးပြီးတော့ ကြိုက်ပြီဆိုမှ ကျွန်တော် တင်တာပါ။ အဲဒီတော့ စိတ်ကူးနဲ့ပဲ ဖွဲ့လိုက်တာပါ။

**မေး။ ။အခုလက်ရှိ ဒီမှာပြထားတဲ့ ဒသဂီရိ ပန်းချီကား(၁၀)ချပ်မှာ ဆရာ့စေတနာ၊ ဆရာ့စိတ်ကူးတွေကို သိပါရစေ။**
ဖြေ။ ။ ဒသဂီရိကို ကျွန်တော်နှစ်သက်ခဲ့တာကတော့ နှစ်တော်တော်ကြာပါပြီ။ ဒီပန်းချီစရေးပြီး သိပ်မကြာခင်မှာ ဒသဂီရိရဲ့ ဟန်ပန်တွေကို ငယ်ငယ်တုန်းကတော့ ငယ်ငယ်တုန်းကအတွေးတွေနဲ့ နှစ်သက်ခဲ့တာပါ။ ကြီးလာတော့ ကြီးလာတဲ့အတွေးနဲ့ နှစ်သက်ပြန်တယ်။ ပထမတုန်းကတော့ ဒသဂီရိကိုရေးမယ်ဆိုတဲ့ အတွေးတွေးခဲ့တယ်။ဒသဂီရိကားကြီးတွေ ရေးမယ်။ ခုနကပြောသလို မြင်ရတဲ့ Scence ကြီးအတိုင်းပဲရေးမယ် စိတ်ကူးခဲ့တယ်။ နောက်တကယ်ရေးတော့မယ့်အခါကျတော့ ဒီ ဒသဂီရိပါတဲ့ ရာမယနဇာတ်တော်ကြီးကို လေ့လာတယ်။ အိန္ဒိယကို လေ့လာတာပေါ့။ အိန္ဒိယမှာတင် ရာမယနဇာတ် (၁၀၀)ကျော်မူကွဲ ရှိပါတယ်။ ထိုင်းရဲ့ ဖွဲ့စည်းပုံက တစ်မျိုး၊ မြန်မာရဲ့ ဖွဲ့စည်းပုံက တစ်မျိုး၊မလေးဆိုရင်တစ်မျိုး၊ ကျွန်တော်တို့ မြန်မာပြည်မှာဆိုရင် မြန်မာ မင်းကြီးကနေ ဆုပေးတယ် ဘာညာဆိုပြီးတော့ ရှိတယ်လေ။ မလေးမှာကျတော့ သူတို့ရဲ့ အလ္လာအရှင်မြတ်ကနေ ဒသဂီရိကို ဘယ်လိုဆုတွေပေးတယ်ဆိုတဲ့ သူတို့ဘာသာနဲ့ဆက်နွှယ်ပြီး ဇာတ်လမ်းတွေဖွဲ့ဖွဲ့ထားတာ တွေ့ရပါတယ်။ကမ္ဘောဒီးယားကတစ်မျိုး၊ လာအိုကလည်းတစ်မျိုး။ အဲဒီအချိန်မှာ ကျွန်တော်အရင်က ဒသဂီရိကိုတွေးတဲ့ Scence နဲ့မြင်နေရတဲ့ မြန်မာ Traditional စိတ်နဲ့ရေးဦးမယ်ဆိုတဲ့ စိတ်ကနေပြီးတော့ တဖြည်းဖြည်းနဲ့ ဒီဘက်ကို ရွေ့လာတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ မြန်မာပြည်မှာ Asean Art, Asean ရာမဆိုပြီး မြန်မာပြည်မှာ လာကပါတယ်။ အဲဒါလည်း ကျွန်တော်သွားကြည့်ပါတယ်။ အာဆီယံနိုင်ငံတွေ ပေါင်းပြီးကတာပါ။ ဒါရိုက်တာက စင်ကာပူကပါ။ မြန်မာပြည်က သမင်လုပ်ရတယ်။ ထိုင်းက ဂမ္ဘီပေါ့။

အဲဒီမှာ Art Director တွေကနေပြီးတော့ Art တွေလုပ်ထားတာ။ ဥပမာ-ဂမ္ဘီဆိုရင် ခန္ဓာကိုယ်ကြီးက မြွေကြီးလုပ်ပြီးတော့၊ ကိုယ်လုံးကြီးက လူကိုယ်လုံး။အဲဒီမှာ Asean Art, Asean နိုင်ငံတွေ ပူးပေါင်းပြီးတော့ ဒါရိုက်တာက ဘယ်နိုင်ငံ၊ Art Director က ဘယ်နိုင်ငံ၊ သရုပ်ဆောင်တွေက ဘယ်နိုင်ငံ အကုန်လုံးခေါ်ပြီးတော့ ဖွဲ့စည်းပြီးကလိုက်တဲ့ အာဆီယံရာမက ကျွန်တော့်ကို အတွေးသစ်တွေ အများကြီးပေးသွားပါတယ်။ နောက်တစ်ခုရှိတာက ကျွန်တော်လုပ်ချင်တဲ့ ကိစ္စတစ်ခုကို သတ္တိနည်းနည်းရှိသွားတယ်။ ဘာလို့လဲဆိုတော့ မြန်မာပြည်မှာက ဘီလူးကို လူလုပ်လိုက်ရင်၊ ဆရာချစ်ဦးညိုကိုယ်တိုင် ပြောခြင်းကို အားပေးတဲ့သူက အားပေးသလို၊ ကန့်ကွက်တဲ့သူက ကန့်ကွက်နဲ့ အများကြီးရင်ဆိုင်ရပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း ဒီလိုကို ကိုယ့် Creation တစ်ခုကို တင်ဆက်ဖို့ အရမ်းကိုခက်ခဲပါတယ်။ စဉ်းစားရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com

နော်။ Data တွေစုရတာပေါ့။ ပြန်ပြောနိုင်အောင်ပါ။ အဲလိုဆိုတော့ ခုနက Asean ရာမဇာတ်လာကသွားတော့၊ အဲဒီတုန်းက ဒသဂီရိ ဆိုရင် အရမ်းမိုက်တယ်။ ဆံပင်ဖြူကြီးနဲ့ ကျွန်တော် တော်တော် ကြိုက်တယ်။ ဂမ္ဘီကိုမှတ်မိတယ်။ကျွန်တော်တို့ မြန်မာပြည်က ရွှေ သမင်လေးကို မှတ်မိတယ်။ အဲဒါကြောင့်မို့ ဒီသမင်လေးပါတဲ့ကား မှာလည်း ကျွန်တော် ရွှေသမင်လေးကို မဖျောက်ဘဲနဲ့ သူ့ရဲ့ Original သမင်လေး၊ မြန်မာပြည်က သမင်ခေါင်းလေးကိုထည့်ရေး တာပါ။အဲဒါကြောင့်မို့ ကျွန်တော်က ဒီ ဒသဂီရိကို မြင်နေကျ အတွေးနဲ့ မဟုတ်ဘဲနဲ့ ကိုယ်ဖန်တီးချင်တာတွေကို အားရပါးရ ဖန်တီးလိုက်တယ်။ နောက်ပြီးတော့ မေးလာရင်လည်း ဖြေရဲတဲ့သတ္တိ တွေ ရှိလာပါတယ်။



အခန်း (၁) 'ဒသဂီရိ'

**မေး။ ။ ဆရာရဲ့ ပန်းချီကားတစ်ချပ်ချင်းစီ ရေးဆွဲထားတဲ့** Sketch **လေးတွေကို ရှင်းပြပေးပါလား။**

ဖြေ။ ။ ဒါကတော့ ကျွန်တော့်ဆရာချစ်ဦးညိုရဲ့ အရိပ်ကို နည်းနည်း ခိုးထားပါတယ်။ ဒသဂီရိသည် ဟီးရိုး။ ကျွန်တော်ကလည်း ဒသ ဂီရိသည် မင်းသားပဲ၊ ဟီးရိုး။ အဲဒီအရိပ်ကို ခိုးပါတယ်။ပြီးတော့ ကျွန်တော်ပြန်ပြီး စစ်စစ်ပေါက်ပေါက် တွေးကြည့်တဲ့အခါကျတော့ ဒသဂီရိကိုလည်း ကျွန်တော်က တကယ့်ကို သနားစရာကောင်း တယ်။ တကယ့်ကို အားကျစရာကောင်းတယ်။ ဒါပေမယ့် သူ့ဘဝ မှာ လူတွေသင်ခန်းစာယူစရာတွေ အများကြီးရှိတယ် ဆိုတာ သွား တွေ့ရတယ်။ အဲဒီအတွေးတွေနဲ့ပဲ ကျွန်တော် ဒသဂီရိဖက်ကနေ ကျွန်တော်ရေးလိုက်တယ်။ ပထမဦးဆုံးအခန်းဆိုရင် တောင်(၁၀) လုံးကို တစ်နေ့ထဲမှာ အပြီးသိမ်းတဲ့အခန်း။ ကျွန်တော်တွေးတာက တောင်(၁၀)လုံးကို တစ်နေ့ထဲနဲ့ အပြီးသိမ်းဖို့ ကံ၊ ဉာဏ်၊ ဝီရိယက အရေးကြီးတယ်ပေါ့။ ဥပမာ-'ကံ' ဆိုတာ မမြင်ရတဲ့ အရာပဲ။တစုံ တရာပေါ့။ အနောက်ကနေ Supportingလုပ်နေတာပေါ့။ အဲဒါက တော့ ကျွန်တော်လည်း မတွေ့ဖူးတဲ့ တစုံတရာနဲ့ တင်စားလိုက် တာပါ။အဲဒါကို အတောင်ပံတစ်စုံနဲ့ တင်စားလိုက်ပါတယ်။ 'ဉာဏ်' ဆိုတာကတော့ ကျွန်တော်တို့ ရုပ်ပိုင်းဆိုင်ရာ လက်နက်တွေ ဟို ဖက်မှာပါသလို ဒီဖက်မှာ မာယာလက်နက်တွေ ပရိယာယ်တွေ ပါမယ်ပေါ့။ ဒါကတော့ ဉာဏ်ပေါ့။ ဝီရိယ ကြိုးစားအားတွေ၊ ဟို ဖက်က ဒီရုပ်ပိုင်းဆိုင်ရာလက်နက်ကြီးတွေက ကြိုးစားအားတွေ ဝီရိယတွေပေါ့။ နောက်ဆုံးမှာတော့ ဘယ်လောက်ပဲ ကြိုးစားကြိုး စား သတိတစ်ချက်လွတ်သွားတော့ တိုက်ပွဲက ကျသွားနိုင်တယ်။ အဲဒါကို အပေါ်ဆုံးမှာ ပုဂံမင်းသမီးတစ်ယောက် ပုလွေမှုတ်နေတဲ့ ပုံလေးနဲ့ ငြိမ်းချမ်းခြင်းဆိုတဲ့ သင်္ကေတလေးကို ပြထားပါတယ်။ အဲဒီတော့ ဒီတိုက်ပွဲကြီးတစ်ခုလုံးကို အောင်နိုင်ဖို့ကတော့ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာ အရေးကြီးတယ်ဆိုတာကို တွေးပြီး ဒီ ပန်းချီ ကားကို ဆွဲထားတာပါ။

**မေး။ ။ ဒုတိယကားလေးအကြောင်း ပြောပါဦး။**

ဖြေ။ ။ ဒုတိယပန်းချီကားကတော့ "သိန်းခိုပြည့်ရှင် စစ်ဘုရင်" ဖြစ်တဲ့အတွက်ကြောင့် စစ်ဘုရင်ဆိုတာကို သရုပ်ဖော် ထားပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ ရှိပါတယ်။ ရှင်ဖြူ ရှင်ညိုတို့မှာ လက် (၆)ဖက် ရှိတယ်တို့၊ ဘာတို့ နတ်သမိုင်းပေါ့နော်။ ဒါက ယုံကြည်လေးစားတဲ့ လူတွေကနေပြီးတော့ သူတို့ရဲ့ စွမ်းအား ကို ဖော်ကြူးချင်တဲ့အခါကျတော့ အတိသယဝုတ္တိအလင်္ကာနဲ့ ဖော် ကြူးလိုက်တော့ လက်(၆)ဖက်တွေ ဘာတွေဖြစ်သွားတယ်။တကယ် တော့ လက်နှစ်ဖက်ပဲရှိတာပါ။ သူက လက်(၆)ဖက်ရှိတယ် ထင်ရ လောက်အောင် အင်အားကြီးမားတယ်လို့ ဆိုလိုပါတယ်။ ဒီ လက် (၆)ဖက်ကို ကျွန်တော်ဆွဲထည့်လိုက်တယ်။ ဆွဲပြီးတော့မှ ဒီလက် (၆)ဖက်ထဲမှာ တကယ်တမ်း Traditional လေးလည်းပါအောင်ဆိုပြီး တော့ ဘီလူးရုပ်ထုကြီးကို လက်တစ်ဖက်ထဲမှာ ထည့်တယ်။နောက် တစ်ဖက်ထဲမှာ မောင်းမမိဿန်တွေ ပေါများတယ်ဆိုတာကို ပြထား တယ်။ ကျန်တဲ့လက်မှာတော့ သူနောက်ဆုံးမှာ တကယ်လိုချင်တဲ့ အချစ်စစ် ကိန္နရီ၊ ကိန္နရာဇာတ်လမ်းလေးကို ကျွန်တော်လက်ထဲမှာ ထည့်ပေးထားပါတယ်။ နောက်တစ်ခုရှိတာက သူ့ရဲ့ လက်ရုံးတွေကို အားလုံးလူတွေက မှီတွယ်နေတယ်ဆိုတာကို တိုက်ရိုက်ပဲကျွန်တော် ရေးဆွဲပြလိုက်ပါတယ်။

**မေး။ ။ တတိယကားလေးကတော့ 'မကိုဋ်တော်' ပေါ့နော်။ အဲဒါ လေးလည်း အကျယ်ချဲ့ ပြောပြရင်ကောင်းမယ်ထင်ပါတယ်။**

ဖြေ။ ။ တတိယကားကတော့ "မကိုဋ်တော်"လို့ နာမည်ပေးထား ပါတယ်။ ဒီဟာကတော့ နည်းနည်းလေးအရေးကြီးပါတယ်။ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လို့လဲဆိုတော့ နံပါတ်(၁) မြန်မာပြည်ကလူတွေ မသိသေးတဲ့ အကြောင်းအရာ၊ နံပါတ်(၂) လက်ရှိတချို့ ကနေတဲ့သူတွေတောင်မှ မသိတဲ့ အကြောင်းအရာတွေ ပါဝင်ပါတယ်။



အခန်း (၂) 'သိန်းခိုပြည့်ရှင် စစ်ဘုရင်'



အခန်း (၃) 'မကိုဋ်တော်'

**မေး။ ။ ကိုအောင်ကျော်ထွန်းကကော ဘယ်ကနေ လေ့လာသင်ယူရပါသလဲ။**

ဖြေ။ ။ ကျွန်တော်က ရာမ ဦးအုန်းမောင်ဆီကနေပြီး သိခဲ့ရတာပါ။ ကျွန်တော် ဒီဟာတွေကို Traditional ဆိုဒ်ဘက်မှ ဆရာကြီးတွေဆီကလည်း လေ့လာပါတယ်။ အဲဒီမှာ ဒီ ဒဿဂီရိ ဘီလူး ဖြစ်လာတဲ့အကြောင်းအရင်းကို သိလာရပါတယ်။နောက်တစ်ခုရှိတာ ကျွန်တော်က လူအနေနဲ့ရေးမယ် ဆိုပြီးပြောထားတယ်။ ဒီဖက်မှာက ဘီလူးဖြစ်နေတယ်။ ဖြစ်နေတော့ ဒီကြားထဲကို ကျွန်တော်ဘယ်လိုစဉ်းစားရတော့မလဲဆိုတဲ့ အတွေး တစ်ခုဝင်လာတာကတော့ ဒီ Mask, Iron Mask တို့ဘာတို့ ရုပ်ရှင်ကားတွေ ရှိတယ်လေ။ ဂိုဏ်းခေါင်းဆောင်ကြီးတွေ ဘာတွေက ဒီ Mask တွေကို အုပ်ပြီးတော့ ပြောတယ်ဆိုတဲ့ အတွေးတစ်ခုဝင်လာတယ်။ ကုန်းဘောင်ခေတ်မှာ မြန်မာတွေ ယိုးဒယားကို အောင်နိုင်ခဲ့တယ်။ ယိုးဒယားက အနုပညာရှင်တွေအကုန်လုံး သုံ့ပန်းအနေနဲ့ မြန်မာပြည်ကို ပါလာတယ်။ အီနောင်ဇာတ်နဲ့ ရာမဇာတ်ဆိုပြီး ပါလာတယ်။ အဲဒီဇာတ်တွေကို ကခိုင်းတဲ့အခါကျတော့ ယိုးဒယားလို တီးကြ ကကြ ဝတ်ကြတယ်။ အဲဒါကို မြဝတီမင်းကြီးဦးစတို့က မြန်မာမှုပြုခဲ့ကြတယ်။ အဲဒီအတွက်ကြောင့် မြန်မာသီချင်းကြီးမှာ ယိုးဒယား (၁၂)ပုဒ်ဖြစ်လာပါတယ်။အကတွေမှာလည်း ယိုးဒယား (၁၂)ခန်းဆိုတာ အဲဒီကစခဲ့တာပဲ။ ဒဿဂီရိဆိုတာက ယိုးဒယားကနေ ပါလာတာ။ မူလဇာတ်ကတော့ အိန္ဒိယမှာ။ အိန္ဒိယမှာတော့ ဘီလူးမဟုတ်ဘူး။ ကျွန်တော်က ဒီပန်းချီကားကို ဘယ်လိုလုပ်လိုက်သလဲဆိုတော့ ဒဿဂီရိသည် ဘီလူးဝတ်စုံကြိုက်သော စစ်ဘုရင်တစ်ပါးဖြစ်တယ်။ အဲဒီမှာ ဒဿဂီရိခေါင်း (၁၀)လုံး ထပ်ပါ ပါတယ်။ ပါရတဲ့အကြောင်းက ကျွန်တော်တို့ မြန်မာတပ်မတော်မှာ ပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အောင်နိုင်ထားတဲ့ ဆုတံဆိပ်တွေကို ရင်ဘတ်တွေမှာ ၊ ပုခုံးတွေမှာ တပ်ဆင်ကြသလို ဒဿဂီရိကလည်း သူအောင်နိုင်ထားတဲ့ ခေါင်း(၁၀)လုံးကို သူရဲ့ မကိုဋ်တော်မှာ ဂုဏ်ယူဝံ့ကြွားစွာ တင်ထားပြီးတော့ စံပြဝတ်စုံဖြစ်လာပါတယ်။

**မေး။ ။ အရိုးခေါင်းက ဘာလို့ပါရတာပါလဲ။**

ဖြေ။ ။ အရိုးခေါင်းတစ်ခုပါ ပါတယ်။ Contentory သဘောပါ။

**မေး။ ။ နောက်တစ်ခုကတော့ ဒီကားလေးပါ။ ဒီကားလေးရဲ့ နာမည်ကတော့ ကိလေသာရဲ့စေစားရာ။ အဲဒါလေး...**

ဖြေ။ ။ တကယ့်ရာဇဝင်မှာလည်း ပါလာတဲ့အကြောင်းအရာလေးပါ။ ကိလေသာဆိုတာကတော့ မြန်မာလိုဆိုရင်တော့ အမှောင်ဘက်က ကိစ္စတွေပါပဲ။ မဟုတ်တာလုပ်တာမှန်သမျှ ကိလေသာပါပဲ။ ကိလေသာရဲ့ စေစားရာဆိုတော့ ဒဿဂီရိက စစ်တွေအောင်နိုင်ပြီးတော့ သူ့လက်အောက်ခံနိုင်ငံတွေက လက်ဆောင်ပဏ္ဏာတွေ ဆက်သလာကြတယ်။ အသူရာနိုင်ငံက အသူရာလည်းပါတယ်။ ဒီပန်းချီကားကတော့ လုံးဝကို ရေးလို့မရတဲ့ ပန်းချီကားဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်က အသူရာနိုင်ငံက ပေးပို့တဲ့ အသူရာရည်ကို

သောက်ပြီး ယစ်မူးနေတာလေးကို ပြထားတာ။ ကျွန်တော်တွေးတဲ့ အတွေးတွေပါနိုင်အောင် ဆချိုးလေးဆွဲလိုက်တယ်။ လူပုံလေးတွေ ဆွဲလိုက်တယ်။ အဲဒီလူပုံလေးတွေကတော့ ကျွန်တော်မသိတဲ့ လူပုံလေးတွေပေါ့။ ပန်းချီကားကြည့်တဲ့သူတွေလည်း မသိတဲ့ လူပုံလေးတွေပေါ့။ အဲဒီလူပုံလေးတွေက သူ့ကို ဘယ်ကိုဆွဲခေါ်သွားသလဲ ဆိုရင် ဟိုး ကိလေသာအမှောင်ထဲကိုပေါ့။



အခန်း (၄) 'ကိလေသာရဲ့ စေစားရာ'

**မေး။ ။ ပန်းချီကားထဲက ဇာတ်ကောင်ရဲ့ ပုံက ပန်းချီဆရာနဲ့ တူနေပါတယ်။ အဲဒါ ပန်းချီဆရာကိုပဲ သတိပေးတာလား။ ဘာရည်ရွယ်ချက်နဲ့လဲ ဆိုတာ ပြောပြပါဦး။**

ဖြေ။ ။ ဒီမေးခွန်းလေးကတော့ တော်တော်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်စရေးကတည်းကိုက တော်တော်များများက ကျွန်တော်ရဲ့ ပုံတူကိုရေးပါတယ်။ ဒဿဂီရိဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ထက် နည်းနည်းရုပ်ဆိုးအောင် လုပ်လိုက်တာပါ။ ရုပ်ချတာပေါ့နော်။ရုပ်ရှင်မှာတော့ မိတ်ကပ်နဲ့ရုပ်ချတာပေါ့နော်။ တချို့ပုံတွေကျတော့လည်း ကျွန်တော်ရုပ်ချတာနည်းသွားတဲ့အတွက် ကျွန်တော်နဲ့ တော်တော်တူသွားတဲ့ပုံတွေလည်း ရှိပါတယ်။

**မေး။ ။ ဒီပန်းချီကားလေးရော ဘယ်လိုနာမည်ပေးထားပါသလဲ။**

ဖြေ။ ။ "သောကခြေရာ"လို့ ပေးထားပါတယ်။ ဒီစကားလုံးလေးက မြန်မာဝတ္ထုတွေ၊ သီချင်းတွေထဲမှာ ရှိပြီးသားပါ။ သောကတွေ စဖို့အတွက် ခြေရာခံလိုက်တာပါပဲ။ လူ့ဘဝမှာ လူတွေက ကိုယ်



အခန်း (၅) 'သောကခြေရာ'

စလိုက်တဲ့ ခြေလှမ်း ဘယ်ကိုလှမ်းနေပြီဆိုတာတောင်မသိလိုက်တဲ့ အဖြစ်မျိုးရှိပါတယ်။ ဒဿဂီရိကလည်း အဲဒီလိုအဖြစ်မျိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အဲဒီတစ်လျှောက်လုံးမှာ ဒဿဂီရိက သီတာနဲ့ မပတ်သတ်သေးပါဘူး။ သိန်းခိုနိုင်ငံကြီးမှာ စစ်ဘုရင်ကြီးအနေနဲ့ ဝင့်ဝင့်ကြွားကြွား ရပ်တည်နေခဲ့တယ်။ သူက အရက်တွေသောက်ပြီးတော့ မူးယစ်နေတဲ့အခါကျတော့ ရသေ့ကြီးက သူ့ကို Guide Line လာပေးပါတယ်။ "မင်း ဒီလိုမူးယစ်နေလို့ မဖြစ်ဖူး။ ဓမ္မိကတောင်ခြေမှာ သွားပြီး တရားထိုင်ချေ"ဆိုပြီး သူ့ကိုတရားသွားထိုင်ခိုင်းတယ်။ ဒွါရာတွေချွတ်ပြီးတော့ အေးအေးဆေးဆေးနဲ့ တရားထိုင်တဲ့အခါ သူပြန်ပြီးတော့ တည်ငြိမ်စလေးပြုလာတယ်။ အဲဒီမှာ သူ့အတွက် သောကခြေရာစလာတာကတော့ ခုနပြောတဲ့ ရာဇဝင်မှာလည်း အားလုံးသိပြီးသား။ သီတာဒေဝီရဲ့ လေးတင်ပွဲဖိတ်စာလေးပါပဲ။ အဲဒီဖိတ်စာလေးက သူ့ဆီကို ရောက်လာတယ်။ ဒီဖိတ်စာက သီတာဒေဝီရဲ့ ရုပ်ပုံလွှာကြောင့် သောကတွေစလာရတာကိုအသေးစိတ် မှန်းထားတာပါ။ တရားထိုင်စဉ်တုန်းက အေးဆေးခဲ့သမျှ ကာလတစ်လျှောက်လုံး အခုပူလောင်နေရပြီ။ နောက်ဆုံးကျတော့ ဘယ်လိုမှမရဘဲ သူ့ရဲ့အငွေ့တန်းအဆုံးမှာ သီတာဒေဝီရဲ့ရုပ်ပုံလွှာနဲ့ အဆုံးသတ်သွားပါတယ်။

Theresa

နောက်လဆက်ရန်. . . .



www.burmeseclassic.com

www.burmeseclassic.com

# အရှေ့တောင် အာရှသားလေး တုံကပ်အလီ

ကောင်းမြတ်နွယ်



* ချမ်းသာမှ ကျန်းမာမည်

လူတွေအဖို့ ချမ်းသာခြင်းဟာ အရေးအကြီးဆုံးပါ။ကိုယ်ရောစိတ်ပါ ချမ်းသာဖို့လိုပါတယ်။ ကိုယ်ချမ်းသာတာ ကျန်းမာတာပဲပေါ့။

တိုးတက်ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာတာနဲ့အမျှ လူတွေ ဝင်ငွေတိုးတက်ကောင်းမွန်လာတယ်။ငွေပိုငွေလျှံတွေရှိလာတော့ သားသမီးတွေ ပိုမွေးရကောင်းမလား။ ခွေးလေးကြောင်လေး အလှမွေး တိရိစ္ဆာန်တွေ မွေးရကောင်းမလား။ ချမ်းသာတဲ့တိုင်းပြည်မှာ ခွေးကလည်း သူခိုးကို ဟောင်တဲ့အလုပ် မလုပ်ရ။ ကြောင်မှာလည်း ဖမ်းစရာ ကြွက်မရှိ။ လူတွေက အင်မတန်လှ။ တန်ဖိုးကြီးတဲ့ ခွေးတွေကို ဒေါ်လာ တစ်ထောင် နှစ်ထောင် ပေးဝယ်တယ်။ သန္တာကျောက်တန်းတွေအောက်က ရှားပါးပြီး တန်ဖိုးကြီးလှတဲ့ ငါး ပုစွန် ရေသတ္တဝါတွေကို ဒေါ်လာ တစ်သောင်း နှစ်သောင်းပေးဝယ် အလှပြထားပြန်တယ်။ မှန်ကန်ကြီးတွေထဲမှာ မီးရောင်စုံထိုးလို့ စိတ်ချမ်းသာမှုရအောင် ကြံဖန်လုပ်ကြတယ်။အလုပ်မရှိ အလုပ်ရှာ Spa စပါလို့ခေါ်တဲ့ ရေပူ ရေနွေး ရေအေးတွေချိုး၊ ဖြေးဖြေးညင်သာ နှိပ်နယ်ပေးတဲ့ စိတ်ဖိစီးမှုဖြေလျှော့ခန်း (ခပ်ကြမ်းကြမ်းလေး ပြောရရင်တော့ အနှိပ်ခန်း) မှာ အပန်းဖြေကြတယ်။ခြေဖဝါးကို အနှိပ်ခံဇိမ်ယူတတ်ကြသေးတယ်။ ဒါတင်မကသေး. . . Life Style Medicine လို့ သူတို့တင်စားထားတဲ့ ဘဝအဆင့်မြင့် ဆေးဝါးများ သုံးစွဲဖို့ ကြိုးစားကြပါတော့တယ်။ယောကျ်ား မိန်းမ လိင်မှုဆိုင်ရာ အားတိုးဆေးတွေပေါ့။ အဲဒါမျိုးလေးတွေနဲ့ သာယာမှုရှာကြပြန်ပါတယ်။

ကြားဖူးကြမှာပဲလေ. . “သူတို့ ပိုက်ဆံရှိ သားသမီးတွေ ပျက်စီးတာဘာမှမဆန်းဘူး။ ပိုက်ဆံကို ဘယ်လိုသုံးရမှန်းမသိအောင် ပေါများနေတော့ မူးယစ်ဆေးသမား ဖြစ်သွားတာပေါ့. . ”ဆိုတာမျိုးလေ။

*အဲဒါကြောင့် ဒါတွေရ

ကျွန်တော်တို့SingaporePoly“ဆေးဝါးထုတ်လုပ်မှုနည်းပညာ”အတန်းထဲမှာ “ဆေးဝါးဓါတုဗေဒ”အတွက် စာတမ်းတွေလုပ်ကြတော့ ကျွန်တော့်သူငယ်ချင်း မိန်းကလေးသုံးယောက်အုပ်စုက "Life Style Medicine" ခေါင်းစဉ်အောက်မှာ အမျိုးသားကာမအားတိုးဆေးများ၊ အမျိုးသမီး ကာမအားတိုးဆေးများ၊အရွယ်နုပျိုဆေးများ၊ဆံပင်မကျွတ်ဆံပင်ပေါက်ဆေးများအကြောင်းတင်ပြဖတ်ကြားကြပါတယ်။ သူတို့ဖတ်ကြားသမျှဟာ သိပ္ပံပညာ အရထုတ်လုပ်တဲ့ အနောက်တိုင်း ဆေးဝါးများသာဖြစ်ပါတယ်။အရမ်းဈေးကြီးတယ်။ ဒေါ်လာ ရာနဲ့ ချီပြီး သုံးရတယ်။ လွယ်လွယ်ကူကူ မရနိုင်ဘူး။

လွယ်လွယ်ကူကူ ထုတ်ယူရရှိနိုင်တဲ့ ဘေးထွက်ဆိုးကျိုးလည်း မရှိတဲ့ သဘာဝနွယ်မြက်သစ်ပင် ဆေးဘက်ဝင်တွေ သုံးပါလားပြောတော့ . .‘ငါတို့က စာတမ်းသာဖတ်တာ ဝါသနာမပါဘူး။နင်သာ ဝါသနာကြီးလို့ ရှာဖွေပြီး သုံးလို့’ အငေါ်တူးတူး ဆိုပါတယ်။ သူတို့တင်ပြချက်မှာ. . . Viagra (ဗီရာဂရာ) ဆိုတဲ့ Pfizer (ဖိုက်ဇာ) ဆေးကုမ္ပဏီက ထုတ်လုပ်တဲ့ အမျိုးသားများအတွက် လိင်မှုဆိုင်ရာ အားတိုးဆေးကြီးက ပါလာပြန်ပါရော။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကမေးတယ်။ ဗီရာဂရာကို ဆေးဖက်ဝင်အပင်က ထုတ်တာလား။ဓါတုဗေဒနည်းအရ ထုတ်လုပ်တဲ့ ဓါတုပစ္စည်း(Synthetic Chemical) လား ဆိုတာပါ။သူတို့က မဖြေနိုင်။မေးခွန်း မဖြေနိုင်ရင် ဆရာမက အမှတ်လျော့မယ်။ ဒါနဲ့ သူတို့သုံးယောက်က ဘာညာ ကွိကွ ကျွန်တော့်ကို အပြစ်ရှာကြပါတော့တယ်။ဘာကြောင့်မေးရတာလဲ။ နောက်ကွယ်ကျမှ တိုးတိုးတိတ်တိတ် မေးပါလားပေါ့။ အဲဒါနဲ့ ကျွန်တော့်မှာ ကိုယ့်မေးခွန်း ကိုယ်ဖြေနိုင်ဖို့ ဆေးဝါးကုမ္ပဏီများမှ သတင်းအချက်အလက်များ၊ အင်တာနက်မှ ဝက်ဘ်ဆိုက်များကို မွှေနှောက်ရင်း ယခုလို ဆောင်းပါးနဲ့တင်ပြနိုင်ဖို့ အထိ သတင်း အချက်အလက်များ ရရှိခဲ့ပါတော့တယ်။ သည်သတင်း အချက်အလက်များဟာ ဗဟုသုတဖြစ်ဖွယ်ရာသာမက လူနေမှု အဆင့်မြင့် ကျန်းမာခြင်းကို ရစေနိုင်မည့်အပြင် လုပ်စားတတ်ရင် ချမ်းသာခြင်းပါ မုချဧကန် အမှန်ပင် ရပါလိမ့်မည်။

* အရှေ့တောင်အာရှသား တုံကပ်အလီ (Tongkat Ali)

တုံကပ်အလီ လို့ခေါ်တဲ့ ယောကျ်ားလိင်မှုဆိုင်ရာ အားတိုးဆေးဟာ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနဲ့ဗီယက်နမ် နိုင်ငံများမှာ လူသိများပါတယ်။ မြန်မာပြည် အောက်ပိုင်းမှာပေါက်ရောက်ကြောင်း သတင်းအချက်အလက်များရှိပေမယ့် မြန်မာဆေးပညာရှင်များက တစ်ခြားနာမည်နဲ့သုံးလို့လား။ မြန်မာ့လူနေမှုသဘာဝအရ ဒီဆေးမျိုးတွေကို အားမပေးလို့လားမသိ။ဒီနာမည်နဲ့ကျွန်တော် ကျွမ်းဝင်ခြင်းမရှိခဲ့ပါ။

* နာမည်တွေက များ

တုံကပ်အလီဟာ Simaroubaceace Family မိသားစုဝင် အပင်ဖြစ်ပြီး၊ ထိုင်းမှာ တန်ဆော (Tung Saw)၊ အင်ဒိုနီးရှားမှာ ပဆက်ဘူမိ (Pasak Bumi)၊ ဗီယက်နမ်မှာ ဆေးဘာဘင် (Cay Ba Binh) (ရောဂါတစ်ရာပျောက်ဆေး) လို့ခေါ်ဝေါ်ကြတယ်။ မလေးရှားနဲ့ စင်ကာပူမှာတော့ အလီရဲ့ တောင်ဝှေး (Ali's walking stick) လို့ အဓိပ္ပါယ်ရတဲ့ တုံကပ်အလီကို လူအတော်များများက သိကြပါတယ်။ မလေးရှား ဂျင်ရှင်လို့ တင်စားကြသေးတယ်။

ဒေသအခေါ်အဝေါ်တွေ ဘယ်လိုပဲပြောင်းပေမယ့် ရုက္ခဗေဒ အခေါ်အဝေါ် **Eurycoma Longifolia Jack** လို့ပြောလိုက်ရင်တော့ မမှားနိုင်တော့ပါဘူး။ မလေးရှားမှာတင် ဆင်တူ အမျိုးပေါင်း (၈)မျိုး တွေ့ထားတယ်လို့ Universiti Sains Malaysia မှ ဒေါက်တာအန်းက ပြောပါတယ်။ [ မလေးဘာသာစကားအရ Universiti လို့ရေးပါတယ် ] ယခုအခါမှာတော့ တုံကပ်အလီဟာ မလေးရှားအစိုးရရဲ့ မခုတ်ရ၊ မတူးရ၊ မဖျက်ဆီးရ လို့ကန့်သတ်ပြီး အထူးအာရုံစိုက်ကာ နိုင်ငံခြားတက္ကသိုလ်များနဲ့ ပူးပေါင်းသုတေသနပြုခံနေရတဲ့ Very Important Plant ; VIP ဖြစ်နေပါပြီ။

တုံကပ်အလီဟာ ခြုံပင်အမျိုးအစားပါပဲ။ အကိုင်းအခက်အလက်နည်းပါတယ်။ သို့ပေမယ့် ၁၂ မီတာ အမြင့် (ပေ ၃၀-၄၀) လောက်အထိရှိနိုင်တယ် ဆိုပါတယ်။ ဆယ်နှစ် အနှစ်နှစ်ဆယ်ကြီးရင့်တဲ့ အပင်တွေ ဖြစ်လာလို့ထင်ပါရဲ့။ အမြစ်က မြေကြီးထဲကို တစ်မီတာ နှစ်မီတာလောက် တည့်တည့်မတ်မတ် ဆင်းသွားလေ့ရှိတယ်။ မလေးရှားနိုင်ငံရဲ့ တောထဲတောင်ထဲ တောင်ကုန်းဆင်ခြေလျှောများမှာ သဘာဝအလေ့ကျပေါက်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဆူမတြာကျွန်း အနောက်ပိုင်း မြေသြဇာသိပ်မကောင်းလှတဲ့ နေရာများမှာတောင် အလွယ်တကူပေါက်ရောက်ရှင်သန်ကြောင်း သိရပါတယ်။ ဆူမတြာ၊ ဘော်နီယို၊ မလေးရှား၊ ဖိလစ်ပင်း၊ ထိုင်းနဲ့မြန်မာ နိုင်ငံ အောက်ပိုင်းဒေသများမှာ ပေါက်ရောက်ကြောင်း သိရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





* ရောဂါတစ်ရာ ကုကြည့်ပါ

ဆူမတြာကျွန်းမှာ နေကြတဲ့ ဆကိုင်းလူမျိုးများကတော့ တုံကပ်အလီကို မိရိုးဖလာ ကျောက်ကြီးရောဂါ ဗိုင်းရပ်စ်ပိုးကို ကာကွယ်စေနိုင်ဖို့ အဆောင်အနေနဲ့ စိုက်ပျိုးထားလေ့ရှိကြတယ်။မလေးရှားမှာတော့ ဟိုးတုန်းကတည်းကအမျိုးသားများအတွက် ကာမအားတိုးဆေးအနေနဲ့ သုံးလာခဲ့တာပါ။ ခုခါမတော့ စနစ်တကျသုတေသနပြုကြရာမှာ ကာမအားတိုး၊စွမ်းဆောင်ရည်မြင့်၊အကြောသန်စွမ်းကြောင်း အတည်ပြုချက်များ ရရှိခဲ့ကြပြီး ပြည်တွင်းသာမက ပြည်ပအထိပါ တင်ပို့ရောင်းချကာ အလှမ်းကျယ်ခဲ့ကြပြီ ဖြစ်ပါတယ်။ တချို့ကလည်း တုံကပ်အလီကို Long Jack လို့သိကြတယ်။ သူ့မှာ ကင်ဆာရောဂါပျောက်စေနိုင်တဲ့ သတ္တိရှိတယ်လို့ပြောကြတဲ့ ဒေသခံ ဆေးဆရာတွေအတွက် Massachussets Institute of Technology MIT နဲ့ Harvard University တို့က စမ်းသပ်မှုများ လုပ်ပါတယ်။

အစွမ်းအာနိသင်ကို ရေနဲ့ထုတ်ယူထားတဲ့ဆေး (water soluble extract) ကို ကင်ဆာနာပေါ်မှာ တိုက်ရိုက်လိမ်းကြည့်တာပါ။ စမ်းသပ်ဆဲကာလမှာပဲရှိသေးလို့ တရားဝင်ထုတ်ပြန်ခြင်းမရှိသေးတာပါ။အလုပ်လုပ်နေတဲ့ သိပ္ပံပညာရှင်တွေဆီကကျွန်တော်တို့ကြားရတာကတော့ အားရစရာပါ။ ကင်ဆာဖြစ်တဲ့ ကျူမာဆဲလ်များရဲ့ ရီဆက်ပ်တာ (receptors)များကပ်ငြိဖို့ တုံကပ်အလီမှာ အင်ဇိုင်းများစွာ ရှိတယ်ဆိုပါတယ်။ အခုအချိန်အထိ တုံကပ်အလီကို အရက်သုံးပြီး အာနိသင်ထုတ်တဲ့ဆေး (Extract in Alcohol) ဝယ်မရသေးတာကတော့ သည်ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အဆိပ်ဖြစ်စေတဲ့ပစ္စည်းများ ဖြစ်ပေါ်လာတတ်လို့ဆိုပါတယ်။ ကာမအားတိုးဆေးလို ဆေးမျိုးကို ယမကာလေးနဲ့မှ မှီဝဲချင်ကြတဲ့ လူ့သဘာဝအတိုင်း တုံကပ်အလီကို အရက်စိမ်သောက်ဖို့ ကြိုးစားကြပေမယ့် အမှုန့်ကိုဆေးတောင့် (Capsules) သွင်းခြင်း၊ ဆေးပြားရိုက်ခြင်း၊ အမှုန့်များကို တခြားအာနိသင်ရှိ ဗီတာမင်များ၊ ဂျင်ရှင်စသည်တို့နဲ့ တွဲဖက်ကာ ဆေးအဖြစ်ဖော်စပ်ခြင်းအပြင် စွတ်ပြုတ်ထဲထည့်သုံးခြင်း၊ လက်ဖက်ရည်၊ ကော်ဖီ စသည်တို့မှာ ထည့်သွင်းတွဲဖက် စားသုံးတာ ပိုမိုခေတ်စား အသုံးများပါတယ်။ သို့ပါသော်လည်း. . . သိပ္ပံနည်းကျစွာ တုံကပ်အလီရဲ့ အာနိသင်ကို ရေနဲ့ထုတ်ယူထားတဲ့ ရာနှုန်းပြည့်အစွမ်းထက် ဆေးမှုန့်ကို ဆေးတောင့်ထဲသွင်းထားတဲ့ ဆေးကသာလျှင် အကောင်းဆုံးဖြစ်ပါတယ်။

* ဘာတွေကောင်း

တုံကပ်အလီ ဘာတွေကောင်းသလဲ။

၁။အားအင်ကုန်ခမ်း မောပန်းခြင်းကို ပျောက်စေသတဲ့။

၂။သက်လုံကောင်းပြီး အားကစားစွမ်းဆောင်ရည်မြင့်နိုင်သလို

၃။ကိုယ်ခံအားကောင်းစေကာ

၄။သွေးတိုးကျမယ်

၅။အရိုးများ နာကျင်မှုကို ကုသနိုင်တယ်။

၆။ဖျားနာခြင်း၊ အာသီးရောင်ခြင်းတို့ကို ကုသဖို့ အကောင်းဆုံး ဆေးဖြစ်ပြီး

၇။သန်ချနိုင်စွမ်းရှိတဲ့အပြင်

၈။ရှေးရိုးစဉ်ဆက် မိရိုးဖလာနည်းအရ ကင်ဆာ၊ ငှက်ဖျား၊ကျောက်ရောဂါလို ဗိုင်းရပ်စ်ရောဂါများကို ကုသနိုင်လို့ အလွန့်အလွန် လူသိများပါတယ်။

ဒါပေမယ့် အံ့သြစရာကောင်းတာက ဈေးကွက်မှာအမျိုးသားကာမအားတိုးဆေးအဖြစ် ထင်ပေါ်ကျော်ကြား လူသိများတာပါ။ ကျွန်တော်ရဲ့ အနီးအပါးမှာရှိတဲ့ မိတ်ဆွေများက တုံကပ်အလီဆေးတောင့်များ၊ တုံကပ်အလီကို ဂျင်ရှင်၊ ကော်ဖီ (သို့မဟုတ်) လက်ဖက်ရည်နဲ့ ရောနှောထားတဲ့ ပစ္စည်းများကို သုံးဆောင်နေတာတွေ့ရပါတယ်။ မေးကြည့်တော့ တကယ့်ကို အားအင်ပြည့်ဖြိုးကြောင်း ထောက်ခံပြောဆိုပါတယ်။

* HIV မျှော်လင့်ချက်

ဒီအတောအတွင်းမှာပဲ “HIV ကိုယ်ခံအားကျဆင်းမှု၊ရောဂါကုသမှု၊ ဘေးထွက်ဆိုးကျိုးအုပ်ချုပ်မှုဆိုင်ရာ” ပြည်သူ့ဟစ်တိုင်မှာ. . . ကိုယ်ခံအားကျဆင်းရောဂါ ခံစားနေရသူတစ်ဦးက. . .
" Vireal 300mg, Epivir 150mg, Viramune 200mg နဲ့ Acyclovir 400mg ကို AIDS ဝေဒနာအတွက် သုံးစွဲနေရာက တုံကပ်အလီကိုပါထည့်သွင်း အသုံးပြုလိုကြောင်း သင့်တော် မသင့်တော် တတ်ကျွမ်းသိနားလည်သူများက အကြံပြုဖို့ အကူအညီတောင်းခံတဲ့ Email ပါ။ တုံကပ်အလီက အမျိုးသားဟိုမုန်း တက်စ်တိုစတီရုန်း ထုတ်လုပ်မှုကို လှုံ့ဆော်ပေးတဲ့အတွက် ကာမအလိုဆန္ဒကိုမြှင့်တင် ပေးရုံမက HIV ကိုပါ တိုက်ဖျက်နိုင်မယ်လို့ ယူဆဖွယ်ရှိတဲ့အတွက်ပါ။
သို့သော်လည်း. . . မည်သူမျှတိတိကျကျ အကြံမပြုနိုင်သေးပါဘူး။ Cornell University, Well Medical College က မစ္စတာ ဘရိုင်ယန် (Brian A.Boyle M.D; J.D) ကသာ ဟိုမုန်းလိုတယ်ထင်ရင် ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွေ့ပါ။ သူ့ရဲ့ဆေးအတိုင်းအဆလည်း Viramune (nevirapine) 400mg, Epivir (Lamivudine) 300mg ဖြစ်နိုင်တာကြောင့် ကိုယ့်ဆရာဝန်ကိုယ် မေးကြည့်ဖို့ အကြံပြုတာ တွေ့ရပါတယ်။

**⁎ အားအင်သစ်တိုး**

www.herbal-power.com မှာဖော်ပြချက်အရ သုတေသီများက တုံကပ်အလီမှာ ATP ခေါ် adenosine triphosphate ထုတ်လုပ်မှုဖြစ်စေမည့် စွမ်းရည်ရှိကြောင်း တွေ့ရှိပြီးပါပြီ။ ATP ဆိုတာက ကိုယ်ခန္ဓာစွမ်းအားထုတ်လုပ်ရတဲ့ လုပ်ဆောင်ချက်များအတွက် အထူးလိုအပ်တဲ့ စွမ်းရည်မြင့် မော်လီကျူးပါ။ ဒါကြောင့်. . . တုံကပ်အလီကို စွမ်းအင်စွမ်းအားမြှင့်တင်နိုင်ဖို့နဲ့ အားအင်ကုန်ခမ်းပင်ပန်းနွမ်းနယ်ခြင်းကို ပြေပျောက်စေဖို့ သောက်သုံးနိုင်ခြင်းဖြစ်ပါတယ်။

**⁎ ကာမစွမ်းအားတက်**

တုံကပ်အလီဟာ ဟိုက်ပိုသားလမတ်စ် hypothalamus နဲ့ ပီကျူထရီဂလင်း pituitary gland ကိုအချက်ပြပေးခြင်းအားဖြင့် ပြင်ပ တက်စတိုစတီရုန်း ထုတ်ပေးခြင်းမဟုတ်ဘဲ တက်စတိုစတီရုန်းကို ကိုယ်တိုင်ပိုမိုထုတ်လုပ်ပေးကြောင်း တွေ့ရှိရပါတယ်။တက်စတိုစတီရုန်းပမာဏကို မြှင့်တင်လိုက်တဲ့အခါ လိင်ဟိုမုန်း အင်ဒရိုဂျင် (Androgen) နဲ့ အက်စ်ထရိုဂျင် (Estrogens)က ခန္ဓာကိုယ်ကို ကိုယ်ပိုင်အက်စတိုစတီရုန်း ထုတ်လုပ်မှုလျှော့ချဖို့ (သို့မဟုတ်)ရပ်ပစ်ဖို့ သတင်းပို့ပါလိမ့်မယ်။ အဲဒါကို negative feedback အမှားသတင်းတုံ့ပြန်ခြင်းလို့ ခေါ်ပါတယ်။

တုံကပ်အလီက အမှားသတင်းတုန့်ပြန်ချက်ကိုကြားဖြတ်ပိတ်ပင်လိုက်တဲ့အတွက် ဟိုက်ပိုသားလမတ်စ်နဲ့ ပီကျူထရီဂလင်းက ခန္ဓာကိုယ်မှာ တက်စတိုစတီရုန်းထုတ်လုပ်မှု ပိုမိုတိုးမြှင့်နေဖို့ လုပ်ပေးတယ်။ စမ်းသပ်မှုအရ တက်စတိုစတီရုန်းအပြည့်အဝထုတ်လုပ်မှု ပိုတက်လာပြီး လိင်အင်္ဂါနဲ့ ကာယအရွယ်အစားကို ကြီးထွားလာစေပါတယ်။

**⁎ နင်လားဟဲ့ ကင်ဆာ**

ဂျပန်နိုင်ငံ၊ တိုကျိုတက္ကသိုလ်အောက်မှာရှိတဲ့ဆေးပညာပို့ချရေးနှင့် ဆေးဝါးဗေဒ ကောလိပ်၊ ဆေးဖက်ဝင်အပင်ဌာနက တုံကပ်အလီမှာ သွေးဖြူဥနည်းပါးခြင်းကြောင့် ဖြစ်ရတဲ့သွေးကင်ဆာကို ကာကွယ်နိုင်တဲ့ သတ္တိရှိကြောင်း တွေ့ရှိခဲ့ပါတယ်။ မလေးရှားအစိုးရရဲ့ အထောက်အပံ့ခံ အေဂျင်စီတစ်ခုနဲ့ မက်ဆာကျူဆက်နည်းပညာသိပ္ပံတို့ ပူးပေါင်းပြီး လေ့လာသုတေသနပြုချက်အရ တုံကပ်အလီမှာ ကင်ဆာကာကွယ်ကုသနိုင်စွမ်းနဲ့ HIV ကို ကာကွယ်ကုသနိုင်စွမ်းရှိကြောင်း အစောပိုင်း ကာလကတည်းက သိရှိခဲ့ပြီးဖြစ်ပါတယ်။

မလေးရှား သစ်တောသုတေသနသိပ္ပံမှ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်ကြီး မစ္စတာ အဒူလာရာဇတ် မိုဟာမက်အလီရဲ့ ပြောဆိုချက်အရ တုံကပ်အလီမှာ ပါဝင်တဲ့ ဓါတုဗေဒ ဖွဲ့စည်းမှုဟာ အသုံးပြုနေဆဲ ကင်ဆာဆေးဝါးများထက် ပိုမိုအစွမ်းထက်ကြောင်း သိရပါတယ်။

**⁎ သုတ်အားကိုပွား**

စမ်းသပ်မှုများအရ တုံကပ်အလီက သုတ်အားကို ပွားများစေရုံမျှမက သန်စွမ်းစေတယ်။ သုတ်သွေးအရည်အတွက် အရွယ်အစား၊ လျင်မြန်နှုန်းကို တိုးစေတယ်။ ဆေးစမ်းကြွက်ဖြူများနဲ့ စမ်းသပ်ကြည့်ရာမှာ ကြွက်သားပေါက်များရဲ့ အရွယ်နှစ်ဆ တိုးလာပါတယ်။ ဒါဟာ ကြွက်မများမှာ splitting ခွဲထွက်ခြင်း၊ Twinning အမွှာဖြစ်ခြင်း၊ multiple ovulation in female ဆင့်ပွားမမျိုးဥတိုးခြင်း ရလာဒ်နဲ့ ဆိုင်တယ်လို့ ဆိုပါတယ်။ တွေ့ရှိချက်များကို ကောက်နုတ်ချက်ချရာမတော့. . . မျိုးအောင်မှု တိုးတက်ရခြင်းဟာ သုတ်သွေးရဲ့အရည်အတွက်နဲ့ အရည်အသွေး ကောင်းမွန်မှုကြောင့်လို့ ခိုင်မာစွာဆိုပါတယ်။

**⁎ အဖျားဖြတ်**

တုံကပ်အလီမှ ထုတ်လုပ်တဲ့ Quissinoid ကွစ်စီနွိုက်ဟာ ကိုယ်ပူခြင်း၊ ဖျားနာခြင်းကို ကုသနိုင်ကြောင်း ၁၉၉၅ခုနှစ်က ထုတ်ပြန်ခဲ့ပြီးသားပါ။ ကွစ်စီနွိုက်ဟာ အက်စ်ပီရင်ထက် နှစ်ဆအစွမ်းပိုထက်ကြောင်း တွေ့ခဲ့ကြတယ်။

**⁎ ငှက်ဖျားဖြတ်**

တုံကပ်အလီရဲ့ ဇီဝစွမ်းရည်ကိုတော့ ၁၉၈၀နှစ်များဆီရောက်မှ လေ့လာကြတယ်။ တုံကပ်အလီ အမြစ်မှာ အပင်ဓါတုပစ္စည်းတွေအနက်က အုပ်စုတစ်ခုဖြစ်တဲ့ ကွစ်စီနွိုက် အယ်လ်ကာလွိုက်နဲ့ ပက်တိုက်ကို တွေ့ရှိကြပြီး၊ အဲဒါက ငှက်ဖျားပါရာဆိုက် Malarial parasites ကို ရှင်းလင်းသုတ်သင်နိုင်တယ် ဆိုပါတယ်။



www.burmeseclassic.com

*** ဘယ်သူတွေ ဘာပြောပြော**

သုတေသီတို့ရဲ့ များစွာသော သုတေသနပြုချက်များအပေါ် ထောက်ရှုလို့ တုံကပ်အလီမှာ superoxide Dimutase လို့ခေါ်တဲ့ ဓါတ်တိုးခြင်းကို တားဆီးတဲ့ အင်ဇိုင်းများရှိတဲ့အတွက် အရွယ် ရင့်ရော်အိုမင်းခြင်းကို တားဆီးနိုင်တယ် ဆိုတာနဲ့တင် ပျိုပျိုအိုအို ကိုကို မမတို့အားလုံးရဲ့ ကြိုက်နှစ်သက်စရာ ဖြစ်ခဲ့ရပါတော့တယ်။

*** အသက်ကြီးလေ ပိုကောင်းလေ**

အစွမ်းထက်အာနိသင်လေး သက်သက်တင် ထုတ်နှုတ်ယူမယ်ဆိုရင်တော့ အတော်နည်းပါးတယ်။ အမေရိကန် မက်ဆာကျူဆက် နည်းပညာသိပ္ပံရဲ့ ထုတ်ပြန်ချက်အရ ဇီဝအစွမ်းထက်ပစ္စည်းက ၀. ၀၀၅% ပဲရှိလို့ နည်းပါးလှတယ်။ ဒါကြောင့် သူတို့အနေနဲ့ ရှေ့လျှောက် ပိုမိုစမ်းသပ်ဖို့နဲ့ စီးပွားရေးအရ ထုတ်လုပ်ဖို့အခက်အခဲရှိကြောင်း ပြောပါတယ်။

အထက်ကဖော်ပြချက်အရ တုံကပ်အလီ အမြစ်မှုန့်တစ်ကီလိုမှာမှ ဇီဝအစွမ်းထက်ပစ္စည်းက ၅၀မီလီဂရမ် သာပါတယ်ပေါ့။ အပင်ရဲ့ ဒုတိယဆင့် ဇီဝအစွမ်းထက်ထုတ်လုပ်မှုဖြစ်စဉ်ဟာအချိန်များစွာယူပြီး၊ ဇီဝဗေဒ စွမ်းဆောင်ချက်များက ဖွံ့စည်းမှုတစ်ခုထက်ပိုတဲ့ အဆင့်က ဆင်းသက်လာတာဖြစ်နိုင်ပါတယ်။နုငယ်တဲ့ အပင်ကိုမသုံးကြဘဲ အနည်းဆုံး အသက်ဆယ်နှစ်သားရှိတဲ့ အပင်ကိုသုံးမှသာ အစွမ်းထက်တယ်လို့ ယုံကြည်ကြပါတယ်။

*** စားသာစားပါ**

ကြော်ငြာတာတွေကတော့ ကျော်အောင်ညာတော့မယ်။ စားသာစားပါ။ဘေးထွက်ဆိုးကျိုး လုံး၀ လုံး၀မရှိတဲ့။ မှန်ရဲ့လား။ ဘိုးဘွားစဉ်ဆက် စားလာခဲ့တာပဲ ကြာပြီဆိုတဲ့အချက်ကလေးတစ်ခု အပေါ်မှာ အားပြုရမလား။ Clinical Evidence ဆေးခန်းစမ်းသပ်သက်သေခံချက်ခေါ် လူနာများရဲ့ ရလာဒ် အခြေအနေပေါ်မူတည်ပြီး ဆုံးဖြတ်ပြောဆိုတာလား။ သင်အကြီးအကျယ် အသက်နဲ့လဲပြီး စွန့်စားရဲရဲ့လား။ အင်ဒိုနီးရှားက လူတွေကတော့ နှစ်ဆယ်ဂရမ်ကနေ ငါးဆယ်ဂရမ်လောက်အထိ အမြစ်မှုန့်ကို နာရီ၀က်လောက်ချက်မှ အာနိသင်ထွက်လာတာလို့ သိထားကြပြီး၊ တစ်ခါသုံးပြီးလွှင့်ပစ်လိုက်တာပါ။

ဈေးကွက်မှာတော့ Capsules ဆေးတောင့်တွေ ရောင်းရာမှာ ၂၅၀မီလီဂရမ်၊ ၃၀၀မီလီဂရမ်. . . စသည်ဖြင့် မတူကွဲပြားအမျိုးမျိုး အစားစားရှိပေမယ့် A single effective dosage ထိရောက်တဲ့ ဆေးတစ်ဖုံစာအတွက် US ဒေါ်လာ ၁၀၀ လောက်ကျလိမ့်မယ်။ High dosage အများကြီးစားတာတောင် ဘာအန္တရာယ်မှမရှိဘူးလို့ သုတေသီတွေကတော့ ပြောတာပဲ။

*** ဘေးထွက်ဆိုးကျိုး**

တုံကပ်အလီဟာ နာမကျန်းဖြစ်နေသူတွေအတွက် သင့်တော်တယ်ဆိုတာနဲ့ ပတ်သတ်လို့လည်း. . . နေထိုင်မကောင်းလို့ဆေးကုသခံနေရသူ၊ ဆေးတွေသောက်နေရတဲ့သူတွေအဖို့ ရောဂါတိုးပြီး ဘေးအန္တရာယ် ကျရောက်စေမည့် ဆေးတွေ အချင်းချင်းဓါတ်ပြုခြင်း ရှိမရှိ သေချာအောင်လုပ်ဖို့လိုတယ်တဲ့။ တစ်နေ့ကိုတစ်ဂရမ်ထက် ပိုစားဖို့တော့ မသင့်ဘူးဆိုတယ်။ မရပ်မနား နေ့စဉ် ရက်ဆက် တစ်လထက် ပိုစားတာလည်း မကောင်းဘူးဆိုပြန်တယ်။ ကြွက်တွေစမ်းကြည့်ရာမှာ ဆီးကျိတ်ကြီးထွားလာတာ တွေ့ကြရတယ်။ Androgenic effect / Prostate enlargement ပါ။

သုံးစွဲသူတစ်ချို့ကတော့ အိပ်မပျော်ခြင်း Insomnia ဖြစ်ကြောင်း သတင်းပို့တာရှိပါတယ်။ ယခုအချိန်အထိ ဆေးအချိန်အဆ ဘယ်လောက်သောက်ရမယ်ဆိုတာ လူသားများနဲ့စမ်းသပ်ခြင်းမပြုရသေးပါ။ ကြွက်များအပေါ် စမ်းသပ်ခြင်း [LD50 ခေါ်တဲ့စမ်းသပ်တရစ္ဆာန်ငယ် ၅၀ရာခိုင်နှုန်း သေဆုံးနိုင်တဲ့ ဆေးအချိန်အဆ dosage] အရ အရက်နဲ့အာနိသင်ထုတ်လုပ်ထားသော တုံကပ်အလီကို ကိုယ်အလေးချိန်တစ်ကီလိုအတွက် ၁. ၅ ဂရမ်ကနေ၂ ဂရမ်။ ရေနဲ့အာနိသင် ထုတ်လုပ်ထားတဲ့ တုံကပ်အလီကို ကိုယ်အလေးချိန် တစ်ကီလိုအတွက် ၃ ဂရမ်အထိ သောက်သုံးလို့ မသေနိုင်ဘူးဆိုပါတယ်။

*** စားကြ သောက်ကြ**

စင်ကာပူကနေ မလေးရှားနိုင်ငံ ဂျိုဟိုးဘရူး(Johor Bahru) ကို အားရက်နဲ့ စနေ၊ တနင်္ဂနွေ အနားနေ အပန်းဖြေသွားတဲ့ မိန်းမပွေသူအမျိုးသားကြီးများအတွက် တုံကပ်အလီအမှုန့်ဟာ များစွာသော (shopping malls) ကုန်တိုက်များမှာ ပလူပျံနေအောင်ရောင်းတာပါ။ ပုံမှန်အားဖြင့်တော့ တစ်ရာဂရမ်ပါ၀င်တဲ့ ပုလင်းဖြစ်ပြီး၊ သဘာ၀အမြစ် ဆေးကြမ်းမှုန့်ကို ရေနွေးဆူဆူနဲ့ ဖောက်ပြီးသောက်ကြတာ။ ခါးတော့ခါးတယ်။




www.burmeseclassic.com

* ဟင်းလျာလည်းဖြစ်

တုံကပ်အလီ အမြစ်မှုန့်ကြမ်းကို ရေနွေးနဲ့ကြို အရည်စစ်ယူထားပါ။ လေးညှင်းပွင့်၊ နာနတ်ပွင့် star Anise၊ ငရုတ်ကောင်းစေ့အဖြူ အနည်းငယ်စီနဲ့ ကောင်းကောင်းကြိုထားတဲ့ ကြက်သားစွတ်ပြုတ်ကို အထက်ပါဆေးရည်နဲ့ပြန်ရောကြိုပြီး တရှုတ်နံ့နံ့လေး ဖြူးသောက်တဲ့အခါ ချိုခါးစိမ့် အင်မတန် နှစ်သက်ဖွယ် အရသာရှိပါတယ်။ အင်အားတိုး အမောလုံ အကုန်ကောင်းတယ်။

* အနောက်တိုင်းဆေးဝါးစတိုင်

နာမည်ကြီး ဆေးကုမ္ပဏီကြီး BEIKLIN က တုံကပ်အလီကို 100% pure water soluble extract ရာနှုန်းပြည့် ရေနှင့်အာနိသင်ထုတ်ပြီး အကြီးအကျယ်ကြေညာရောင်းပါတယ်။ ကြော်ငြာမှာ တုံကပ်အလီပင်ကို မဖော်ပြဘဲ ယောက္ခမရှုတ်ထွေးပင်လို့ မြန်မာ တော်တော်များများ သိကြတဲ့အပင်ကို ကြော်ငြာအဖြစ်မလိမ့်တပတ် သုံးထားတာပါ။ သတင်းစာများမှာ ကြော်ငြာသလိုလမ်းဘေးကားမှတ်တိုင် ဆိုင်းဘုတ်များမှာ အနှံ့အပြား တွေ့ရတယ်။

* သမ္မတနဲ့ တုံကပ်အလီ

၂၀၀၄ခုနှစ် မတ်လအတွင်းက စင်ကာပူနိုင်ငံမှာ ယာယီစစ်မှုထမ်းကြရရှာတဲ့ အရွယ်ရောက်စင်ကာပူရီယမ် လူငယ်များကို သမ္မတမစ္စတာနသန်က ဘရူးနိုင်းနိုင်ငံရဲ့ တောထဲမှာ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ စစ်သားတွေက တောထဲမှာ စားရေးသောက်ရေး သာမက ကျန်းမာရေးအတွက်ပါ ဘာရိက္ခာမှမရှိဘဲ ဘယ်လိုအသက်ရှင်နေထိုင်နိုင်တယ်ဆိုတာ ရှင်းလင်းပြသခဲ့ပါတယ်။ ကြက်တွေ၊ မျောက်တွေကို ဖမ်းတာ၊ ချက်စားတာ၊ အစိမ်းစားတာ၊ ဝါးခွက်၊ ဝါးကျည်တောက်နဲ့ချက်ပြုတ်စားတာကို ပြသပါတယ်။ စစ်သားများက ဘယ်လို တုံကပ်အလီကို ရှာဖွေသုံးစွဲနိုင်ကြောင်း ရှင်းလင်းပြောပြတဲ့အခါ. . .

"ဟော့. . . တောထဲမှာနေတုန်း တုံကပ်အလီကို စားရင် မင်းတို့ဒုက္ခတော့ ရောက်ကုန်တော့မယ်"

ဟု ရယ်ရယ်မောမော ပြောဆိုခဲ့ပါတယ်။ သမ္မတကလည်း တုံကပ်အလီအကြောင်း ကောင်းကောင်းသိ။

* ဖော်ထုတ်သုတေသနပြု

မြန်မာပြည်မှသိက္ခမ်းနားလည်သူများအဖို့ တုံကပ်အလီကို ဖော်ထုတ်ခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ မြန်မာပြည်တောင်ပိုင်းမှာ ကိုန်းသေရှိနိုင်ပါတယ်။ သို့သော်လည်း ဆေးပင်များကို သိပ္ပံနည်းကျစွာ အမျိုးအမည် အရည်အသွေးခွဲခြား အတည်ပြုလျက်သာ သုံးစွဲသင့်ပါကြောင်း။ ။

ကောင်းမြတ်နွယ်

*THAZIN SUCCESS MAGAZINE*

အတွက် စာမူများပေးပို့ လိုပါလျှင် ဒေါ်သန်းသန်းနု (သပြေနု)



Thapyay Nu Pte . Ltd

111 , North Bridge Road ,

# 05 - 20 / 21, Peninsula Plaza

မှတစ်ဆင့် သဇင်မဂ္ဂဇင်း အယ်ဒီတာ သို့ပေးပို့နိုင်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com




သက်။ ။ James Bond Director တစ်ယောက် ပြောင်းဦးမှာတဲ့ ခင်ရေ. . . ။

ခင်။ ။ James Bond ကားမှာ မင်းသားက မင်းသမီးတွေကို ထည်လဲတွဲတာပဲ။ လှပေ့ ညွှန့်ပေ့ sexy ဖြစ်ပေ့ဆိုတဲ့ ကမ္ဘာကျော်မင်းသမီးတွေကို ရှာပြီး တွဲပေးထားခဲ့တာပါ။ ဒီကြားထဲ မင်းသမီးတင်မက ဇာတ်လိုက်မင်းသားကလည်း ပြောင်းလဲ။ ဒါရိုက်တာကလည်း မတည်မြဲမ်။ ခုတော့. . . သေချာသွားပြီလား. . သက်။

သက်။ ။ ဟောလီဝုဒ် သတင်းရပ်ကွက်ရဲ့ အဆိုအရ. . .

ခင်။ ။ အလဲ့. . . ပြောတဲ့လေသံက တစ်ကယ့် ဂျာနယ်လစ်ဆင်လေသံ. . .



သက်။ ။ ဟုတ်ပါတယ်. . ဟောလီဝုဒ် သတင်းရပ်ကွက်ရဲ့ အဆိုအရ ဂျိမ်းဘွန်းကားတွေရိုက်တဲ့ ဒါရိုက်တာတွေထဲမှာ ဒီ ဒါရိုက်တာက ပထမဦးဆုံး အော်စကာဆုရ ဒါရိုက်တာလည်းဖြစ်ပါတယ်။ ဟောလီဝုဒ် ရုပ်ရှင်ဂျပိုးတိုင်း သိကြတဲ့ ဒါရိုက်တာဆန်မင်ဒက်စ် ဖြစ်ပါတယ်။

ခင်။ ။ အော်. . . သိပြီ သက်ရေ။ ၁၉၉၉ ခုနှစ်က အကောင်းဆုံးရုပ်ရှင်ကားဆု အော်စကာရခဲ့တဲ့ အမေရိကန်ဗျူတီ (American Beauty) ကို သူရိုက်ခဲ့တာလေ။သူလည်း အကောင်းဆုံး ဒါရိုက်တာဆုရတယ်မဟုတ်လား။

သက်။ ။ ဒါဆို ညီမလေး မှန်ပါတယ်ကွယ်။ ၂ မှတ်ရပြီနော်။

ခင်။ ။ သက်ကလည်း နောက်နေပြန်ပါပြီ။

သက်။ ။ ဒါပေမယ့် သူ့အတွက်တော့ တော်တော်ကြိုးစားယူရမည့် ပထမဦးဆုံး အပြင်းစားအက်ရှင်ကား စီမံချက်ဖြစ်လိမ့်မယ် ပြောတာပဲ။

ခင်။ ။ သူလည်း ခေတဲ့သူတော့ မဟုတ်ပါဘူး။ 2005 ခုနှစ်က ပြခဲ့တဲ့ " Jarhead " စစ်ကားကြီးဆိုရင် ကူဝိတ်-အမေရိကန် စစ်ပွဲကြီးကို ရိုက်ပြထားတာ အကြီးအကျယ်ပဲ ဥစ္စာ။

သက်။ ။ အကြွေးတွေတင်နေတဲ့ ဂျိမ်းစ်ဘွန်းကား ထုတ်လုပ်ရေး MGM က ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းက ရောင်းတော့မလို ဘာလိုလိုဖြစ်နေတာ. . . ခင်ရဲ့။ ပရိုဂျူဆာ မိုက်ကယ် ဂျီ ဝီလဆင် (Micahel G Wilson) နဲ့ ဘာဘရာ ဘရော့ကိုလီ (Barbara Broccoli) တို့ ပြီးတဲ့နောက် ကားထုတ်လုပ်မှု ရပ်ထားတယ်ဆိုတဲ့သတင်းကိုတော့ မဟုတ်ဘူးလို့ ငြင်းဆိုပါတယ်။ စတူဒီယိုရဲ့ ငွေရေးကြေးရေးက မတည်မငြိမ်ဖြစ်နေတော့ ပရောဂျက်ကလည်း လေထဲမြောနေတာပေါ့ကွယ်။

ခင်။ ။ မင်းသားကရော ဘယ်သူဖြစ်မလဲ ဟင်. . . ရှောင်ကွန်နရီ၊ ရော်ဂျာမိုးတို့ကတော့ အသက်တွေ အရမ်းကြီးကုန်ပြီ။ ဟိုးတုန်းက လူကြီးတွေကတော့ ရှောင်ကွန်နရီကို အရမ်းကြိုက်ခဲ့ကြတယ်မဟုတ်လား။

သက်။ ။ အခု ရိုက်မည့်ကားက ဂျိမ်းစ်ဘွန်းကားအမှတ် (၂၃) ဖြစ်လိမ့်မယ်။ မင်းသားက ဒင်နီရယ် ကရိတ် (Daniel Craig) ဖြစ်ဖို့များပါတယ်။ 2006 ခုနှစ်က ပြသတဲ့ Casino Royale မှာ ပရိသတ်က အကြိုက်တွေ့သွားခဲ့ပါတယ်။

ခင်။ ။ အဲဒီတုန်းက ဒါရိုက်တာ မာတင်ကမ့်ဘဲ (Martin Campbell) ထင်တယ်နော်။

သက်။ ။ ဟုတ်ပါတယ်။ 2008 ခုနှစ် Quantum of Solace မှာတော့ ဒါရိုက်တာက မာ့ခ် ဖို့စတာ (Marc Forster) ဖြစ်သွားပါတယ်။ ဒါရိုက်တာအသစ် မင်ဒက်စ် ကသာ သဘောတူရင် ဒီမင်းသားပဲ ဖြစ်မယ် ပြောပါတယ်ကွယ်။


ခင်။ ။ ဂျိမ်းစ်ဘွန်းတစ်ကားတော့ ထပ်ကြည့်ရဦးတော့မှာပေါ့နော်။

သက်။ ။ 2011 ခုနှစ် နိုဝင်ဘာ 18 မှာ ရုံတင်နိုင်ဖို့ ကြိုးစားနေတာမို့ နှစ်နှစ်လောက်တော့ စောင့်ရဦးမယ်နော်. . . ။




www.burmeseclassic.com

www.burmeseclassic.com




ခင်။ ။ သက်ရေ. . . Burma VJ ဆိုတဲ့ ရုပ်ရှင်ကားကို အင်္ဂလိပ်-မြန်မာ စကားပြောနဲ့ အင်္ဂလိပ်စာတမ်းထိုးပြီး Cathay The Picture House Orchard မှာ ဒီဇင်ဘာလကုန်ပိုင်းက ပြသသွားပါတယ်။ ဒီရုပ်ရှင်က 2007 ခုနှစ် သြဂုတ်လအတွင်းမှာ မြန်မာပြည်မှာ ဖြစ်ပွားခဲ့တဲ့ သံဃာအရေးအခင်းကို မှတ်တမ်းတင် Documentary ရိုက်ကူးထားတာ ဖြစ်ပါသတဲ့ကွယ်။ ဇာတ်ကားအဆင့်အတန်းကိုတော့ (NC16) ၁၆ နှစ်အထက် လွတ်လပ်စွာ ကြည့်နိုင်တဲ့ အမျိုးအစား ပေးထားပါတယ်။

♦ ♦ ♦

ခင်။ ။ စင်ကာပူကတော့ ပြောမနေနဲ့၊ အနောက်နိုင်ငံတွေကို ပုံတူကူးချတဲ့နေရာမှာ Who wants to be millionaire ဆိုလည်းလိုက်လုပ်လိုက်တာပဲ။ American Idol ဆိုလည်း Singapore Idol လိုက်လုပ်တာပါပဲနော်. . . ။

သက်။ ။ ဟုတ်တယ်လေ. . ဒါပေမယ့်. . ဘယ်လောက်ပဲ ပုံတူကူးကူး သူတို့ပြောနေကျစကားကတော့ (Make a difference) မတူအောင်လုပ် ဆိုတာလေးပါ။

ခင်။ ။ ခင်က စင်ကာပူ အိုင်ဒယ် (Singapore Idol) အကြောင်းပြောမလို့ပါ. . ။

သက်။ ။ ပြောပါ. . . ပြောပါ. . .

ခင်။ ။ တတိယပွဲစဉ်ဖြစ်တဲ့ Singapore Idol ကို 2009 ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ တနင်္ဂနွေနေ့ ည(၈)နာရီက ကျင်းပပြီးစီးခဲ့ပါတယ်ကွယ်။ ဗိုလ်စွဲအနိုင်ရသွားသူကတော့. . ဆီဇိုင်ရီ ဆီဇလီ (Sezairi Sezali) ပါ။ ပြောင်ချော်ချော် မထေမဲ့မြင် မျက်နှာပေးနဲ့မို့လို့ ခင်တို့သူငယ်ချင်းတွေကတော့ သူ့ကိုကြည့်မရဘူး။ သူ့ ပြိုင်ဖက် မလေးမ,လေး ဆိုင်ဗီယာ ရတိုနယ် (Sylvia Ratonel) ကို ရစေချင်ကြလို့ မက်ဆေ့ချ်တွေဘာတွေပေးပြီး မဲထည့်သေးတာတော့. . . ။သူမကတော့ နောက်ဆုံးပွဲစဉ်အထိ တက်လာနိုင်ခဲ့တဲ့ အမျိုးသမီး Finalist ပါ။ ချီးကျူးစရာပါ။

သက်။ ။ ဒါပေမယ့်. . ဘာရမလဲ သာဝရယ်ပဲ။ ဆီဇိုင်ရီက ခြေအတော်သာပါတယ်။

ခင်။ ။ သက်နဲ့တွေ့မှပဲ ဆီဇိုင်ရီလည်း တိရိစ္ဆာန် ဖြစ်တော့တယ်နော်။

သက်။ ။ တစ်ကယ်ပြောတာ ခင်ရဲ့၊ သူက ကျောင်းသားပေမယ့် သီချင်းရေး၊ သီချင်းဆို ကို ပရော်ဖက်ရှင်နယ်ဖြစ်နေပြီ။သူပဲ ရမယ်ဆိုတာ လူတိုင်းက သိနေပြီ။ပထမအကြိမ် (2004)တုန်းကစင်ကာပူ ပေါ်လီကျောင်းသား တူးဖစ်ဘာတိရှ (Taufik Batisah) ကရတယ်။ ဒုတိယအကြိမ် (2006) ကျတော့ ဟာဒီ မီဇာ (Hady Mirza) ကရ ပြန်ရော။

ခင်။ ။ တူးဖစ်က (28)နှစ်၊ ဟာဒီက (29)နှစ်။ ဒီနှစ်ရတဲ့ ဆီဇိုင်ရီက (22)နှစ် အားလုံးက မလေးကောင်လေးတွေချည့်ပဲ ရနေတော့. . တောင်တောင်အီအီ ခေါက်ဆွဲများ စားသလားအောက်မေ့ရတယ်။

သက်။ ။ မဟုတ်ပါဘူးကွယ်။ သန့်သန့်ရှင်းရှင်းပါ။ Website တက်ကြည့်ရင်တော့. . . မလေးဖြစ်ရမယ်၊ ယောက်ျားလေးဖြစ်ရမယ်၊ အသားမဲရမယ် ဒါဆိုရင် စင်ကာပူ အိုင်ဒယ်ဖြစ်ပြီလို့ နောက်ထားတာ တွေ့ရပါလိမ့်မယ်။

♦ ♦ ♦

သက်။ ။ အနောက်က TV လိုင်းတွေမှာ အမျိုးသမီး Host များရဲ့ လူကြိုက်များတဲ့ Show များရှိပါတယ်။ ဥပမာ. . . . အယ်လင်ရှိုး၊ တိုင်ရာရှိုး၊ အော်ဖရာ ဝင်းဖရေးရှိုး (Ellen Show; Tyra Show; Oprah Winfrey Show) တို့ဟာ အလွန်လူကြိုက်များပါတယ်။ ရယ်လည်းရယ်ရတယ်။ သူတို့ကလည်း တစ်ကယ့်ကို ဒီနေ့ရေပန်းစားလူကြိုက်များနေတဲ့ အကြောင်းအရာများ၊ လူများကို အင်တာဗျူးစတိုင် ဗီဒီယို ရိုက်ပြီး ထုတ်လွှင့်တာပါ။

ခင်။ ။ Ellen ကလည်း American Idol ကိုရောက်သွားတော့ သူ့ Show ကို မှဆက်လုပ်နိုင်ပါဦးမလား ဆိုပြီး တွေးပူတဲ့သူတွေ ရှိ


Taufik Batisah-2004


Hady Mirza-2006


Sezairi Sezali-2009



www.burmeseclassic.com

www.burmeseclassic.com




သေးတယ်။

သက်။ ။ မပူပါနဲ့ ခင်ရဲ့။ လောလောဆယ် ဂျက်ကီချန်းနဲ့ ဗျူးထားတာရှိပါတယ်။ သွေးစုတ်ဖုတ်ကောင်ကားထဲက မင်းသား Robert Pattinson ကို ဗျူးထားတဲ့အပြင် သူ့လိုပဲ. . .

ခင်။ ။ သူမ လိုပဲ လို့ လုပ်စမ်းပါ သက်ရယ်။

သက်။ ။ လုပ်မနေနဲ့. . သူဖြစ်ဖြစ်. . သူမဖြစ်ဖြစ် ဘာပြောပြောရတယ်။ Ellen က မိန်းမယူထားတာလို့ နာမည်ကြီးနေတဲ့ယောက်ျားလျာ တစ်ယောက်လေ. . . ။

ခင်။ ။ ကဲပါ. . . ထားပါတော့ ဆက်ပြောပါဦး။

သက်။ ။ သူမ လိုပဲ အောင်မြင်တဲ့ အင်တာဗျူဝါ အော်ဖရာဝင်းဖရေးကို သူမ Show လေးထဲမှာ ထည့်ထားတာ သိပ်ပျော်စရာကောင်းပါတယ်ကွယ်။



ခင်။ ။ Tyra ကတော့ " Tyra Banks Talk Show " ကို ရပ်နားတော့မယ်ပြောတာပဲ သက်ရယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ဧည့်ခန်းအိပ်ခန်း ဆံပင် မိတ်ကပ် အလှပြုပြင်ဆိုင်တွေမှာ တွင်တွင်ကျယ်ကျယ် စိုးမိုးခဲ့တဲ့ Tyra Show ကတော့ တစ်ကယ့်ကို နိဠိတံ ပါတော့မယ်ပြောပါတယ်။

သက်။ ။ ဟင်. . . တစ်ကယ်လား ဘာကြောင့်လဲ. . .

ခင်။ ။ " America's next top Model " ကို Tyra က ကြီးကြပ်တော့မယ်ပြောသလို၊သူမရဲ့ ABC Show အသစ်ကတော့ "True Beauty" ဖြစ်ပါသတဲ့ သက်ရယ်။

♦ ♦ ♦

ခင်။ ။ စင်ကာပူကဖြင့်. . . . အနောက်က ကောင်းတာလေးတွေ မှန်သမျှ ပုံတူကူးချတတ်တာ သိတယ်နော်။

သက်။ ။ သိပါတယ်ရှင့်. . ။ ဟိုတုန်းကဆို ဗမာပြည်က ပြည်တော်သာစီမံကိန်း၊ HDB တို့၊ မထသတို့၊ CPF အိုနာစာရံပုံငွေတို့ စတဲ့ စီမံကိန်းတွေကိုတောင် ရအောင်ယူသေးတဲ့ ဥစ္စာ. . ။

ခင်။ ။ ကဲပါ. . ဒါတွေ ပါမလာပါနဲ့။ ပြောချင်တာက Just For Laugh ကို စလုံးစတိုင်နဲ့ Just For Laughs Asia ဆို လုပ်နေပါပြီ။

သက်။ ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက Ch5 မှာ Gotcha ဆိုတဲ့ အစီအစဉ်လေး လွှင့်ခဲ့ဖူးတာပဲ။ ဥပမာ. . လိမ္မော်သီးလျှော့ဈေးရောင်းလို့သွားဝယ်တယ်။ ရွေးနေတုန်း ဆိုင်ကြီးပြိုကျလို့ အလန့်ထန်းညက်ဖြစ်ရတာမျိုးလေးတွေလေ. . . ။

ခင်။ ။ ခုလည်း အဲဒီလို လူတွေကြားမှာ လျှပ်တစ်ပျက်ရယ်စရာလေးတွေ စနေပါပြီ။ အထူးသဖြင့် Orchard Road ပေါ်မှာပါ။ ပါချင်ရင်တော့ သွားပြီး ခေါက်တုန့်ခေါက်ပြန် လျှောက်ပေးပေါ့ သက်ရယ်။

♦ ♦ ♦

သက်။ ။ ဒီတစ်ခါတော့ အဆိုတော် မာရီယာကာရေး (Mariah Carey) ရဲ့ ကမောက်ကမ အကြောင်းလေးပြောပြမယ်။ ၂၀၁၀ ဇန်နဝါရီလ (၆)ရက်နေ့ ဗုဒ္ဓဟူးနေ့က 36 ကြိမ်မြောက် People's Choice Awards ကို လော့အိန်ဂျယ်လိက Nokia Theater မှာ ကျင်းပခဲ့ပါ တယ်။ အဲဒီပွဲမှာ Johnny Depp က Favourite Movie Actor ဆုရခဲ့တယ်။



ခင်။ ။Jackie Chan လည်း presenter လုပ်သေးတယ်မဟုတ်လား?

သက်။ ။ ဟုတ်ပါတယ်။ အဲဒီပွဲမှာ မာရီယာ ကာရေးက သူမအတွက် Favourite R&B Artist ဆု တက်ယူတာ အရက်တွေမူးနေလို့ခင်ပွန်း Cannon က တွဲတက်တွဲဆင်းရတယ်။ ကျေးဇူးတင်စကားပြောတော့လည်း. . . မူးပြီး မေ့နေတော့ ပရိသတ်က တသောသောနဲ့ ထောက် ပေးနေရသေးတာကိုး။

ခင်။ ။ တစ်ခါတစ်လေ အနုပညာသည်တွေဆိုတာ ဒီလို ဖြစ်တတ်တာပဲလေ သက်ရယ်. . . ။

သက်။ ။ အင်း. . . တစ်ခါတစ်လေ တစ်ပွဲတစ်လေလို့ ပြောဦးမလို့လား။ အဲဒီမတိုင်ခင် အင်္ဂါနေ့က The Palm Springs International Film Festival မှာ တက်လာတော့လည်း မူးနေဆိုပဲကွယ်။ အသားကပ် Herve Leger ဝတ်စုံဝတ်လာပြီး၊ ပရိသတ်ကို စကားပြောတော့ မူးမူးနဲ့ ဝူးဝါးဝူးဝါး ဖြစ်နေတာ သိပ်ရယ်ရပါတယ်။ ဗုဒ္ဓဟူးနေ့ People's Choice Awards မှာတော့ တစ်ခြား ကိုယ်ကျင့်အကြိုနဲ့



www.burmeseclassic.com

www.burmeseclassic.com

နောက်ကတွဲလောင်းတွဲလောင်း အရှည်ကြီးက မြေကြီးဒရွတ်တိုက်နေတော့ ခင်ပွန်းလုပ်တဲ့သူက အဲဒီ ထိုင်မသိမ်းလုံချည်စကြီးကို လိုက်သိမ်းနေရတာ ရယ်ရပြန်ရော။ မာရီယာကလည်း မူးမူးနဲ့ " This dress is a dra-a-ma" လို့ပြောသေးတာ။

ခင်။ ။ ခင်ကတော့လေ မာရီယာကာရေးကို သိပ်ကြိုက်ပါတယ်။ MTV တွေ၊ VCD တွေ ထွက်တာလည်း အကုန်ဝယ်တာ။ သူ့ရုပ်ရှင် Glitter တစ်ခုပဲ ထွက်ပေမယ့် မက်ဒေါနားတို့လို မအောင်မြင်ဘဲ ဝက်ဝက်ကွဲရှုံးတော့ ရှက်ရှက်နဲ့ သတ်သေမယ်တွေ ဘာတွေ ဖြစ်သေးတယ်လေ။

သက်။ ။ အဲဒီတုန်းကတော့ သက်က မာရီယာကို လှမ်းဆက်သွယ်ပြီး 'သတ်သေရင် အဖန်ငါးရာ ငါးကမ္ဘာ ခံရတတ်တယ်' တွေ ဘာတွေ တရားဟောဖို့ ကြိုးစားသေးတယ်။

ခင်။ ။ တော်တော်လာတဲ့. . . သက်ပဲနော်. . . ။

သက်။ ။ ခုလည်း မာရီယာက မူးပဲမူးနေတော့တာ စင်ပေါ်မှာလဲ မူးပြီး ခစ်. . ခစ်. . ခစ်. . ရယ်လိုက်၊ အော်ရယ်လိုက်ပေါ့လေ၊ မူးပြီး ဇာတ်စင်ပေါ်က ဆင်းသွားတော့လည်း ဇာတ်စင်နောက်မှာ ဒါရိုက်တာ ဒင်နီယယ်လီ (Daniels Lee) ကို သူမကို "ရှင် ကျွန်မကို အရှက်ကွဲအောင် အရက်တိုက်တာ။ အစာမရှိဘဲ သောက်တော့ မချိမဆန့်မူးတော့တာပေါ့" ဘာညာနဲ့ သွားရစ်တော့တာပဲတဲ့ကွယ်။ စင်ပေါ်မှာတော့ အခမ်းအနားမှူး (presenter) Host Mary Hart က ပွဲထိန်းတဲ့အနေနဲ့. . .

" Who says we don't have fun here? "

"ဘယ်သူက ဒီလိုနေရာမှာ ဒီလိုမပျော်ရဘူးပြောလို့လဲ" လို့ပြောလိုက်တော့ ပရိသတ်က ပွဲကျသွားပြန်ရောတဲ့ကွယ်။

♦ ♦ ♦



သက်။ ။ မာရီယာကာရေးက R&B နဲ့ အထူးအောင်မြင်နေတဲ့ တစ်ချိန်တည်းမှာပဲ ၂၀၀၉ခုနှစ်မှာ Country Song တွေကိုသီဆိုရင်း လူကြိုက်များနေတဲ့ နှစ်ယောက်ကတော့ Scottish singer Susan Boyle နဲ့ Taylor Swift တို့ ဖြစ်ပါတယ်။

ခင်။ ။ သီချင်းကောင်းကောင်းလေး နားထောင်ချင်တဲ့သူတွေ အတွက် List လေး လုပ်ပေးပါလား သက်ရယ်။

သက်။ ။ ကောင်းပါပြီရှင်. . . ။

***(1) Taylor Swift ရဲ့ Fearless က အခွေပေါင်း 3.2 မီလီယံ***

***(2) Boyle ရဲ့ I Dreamed A Dream က အခွေပေါင်း 3.1 မီလီယံ***

***(3) Michael Jackson ရဲ့ Number Ones က အခွေပေါင်း 2.3 မီလီယံ***

***(4) Lady Gaga ရဲ့ The Fame က အခွေပေါင်း 2.2 မီလီယံ***

***(5) Andrea Bocelli ရဲ့ My Christmas က အခွေပေါင်း 2.2 မီလီယံ***

ရောင်းရတယ်ဆိုတော့ သီချင်းကောင်းလေးတွေ ကြိုက်တဲ့သူများ Music Store မှာ သွားဝယ်နိုင်ပါတယ်နော်. . . ။

♦ ♦ ♦

ခင်။ ။ ချန်နယ်ဖိုက် (Ch.5) မှာပြတဲ့ ဒရာမာလေးတွေ ကြည့်ဖြစ်ရဲ့လား သက်?

သက်။ ။ အထူးသဖြင့်တော့ ချန်နယ်အိပ် (Ch.8) တရုတ်ဒရာမာတွေကို ကြည့်ဖြစ်တာများပါတယ်။ စွဲလည်းစွဲတယ်။

ခင်။ ။ တရုတ်ဒရာမာစီးရီးတွေကြည့်ရမှာ ခင်တော့ ခပ်စိတ်ပျက်ပျက်ပါပဲ။ အလှည့်တွေ များနေပြီး၊ ပရိသတ်ခန့်မှန်းလို့ မရတဲ့ အလှည့်တွေက အကောင်းဆုံးဆိုတဲ့ သီအိုရီကြီး လွှမ်းမိုးနေလို့လေ. . . ။

သက်။ ။ဟိုတုန်းကတော့ မပြီးမစီးနိုင်ရင် မင်းဟာကလည်း ကုလားကားလို ပေရှည်လိုက်တာ လို့ ပြောနေကြလေ။

ခင်။ ။ ခုတော့ တရုတ်ကားက ပိုဆိုးနေပါပြီ။ မင်းသမီးကို ရေတွင်းထဲ တွန်းချတယ်။

သက်။ ။ သေရောပေါ့။

ခင်။ ။ မသေဘူးရှင်. . ။ခက်ခက်ခဲခဲ ပြန်ဆယ်တော့ ရသွားရော။

သက်။ ။ တော်ပါသေးရဲ့ကွယ်။

ခင်။ ။ မတော်နဲ့ဦးရှင်. . ။ သူ တီဘီရောဂါဆိုးလာပြီး ဆေးကုမရ ဖြစ်လာတယ်။ အဲဒါနဲ့ သေအံ့မူးမူးမှာ ဖျာနဲ့ပတ် ကြိုးနဲ့ချည်ပြီး အဆောက်အဦးပျက်ထဲ သွားပစ်ထားလိုက်တယ်။အပြင်ကနေ သော့အကြီးကြီးနဲ့ ခတ်ထားလိုက်တယ်။ အစာရေစာပါ ဖြတ်ပေါ့။

သက်။ ။ တစ်ကယ့်ကို သေပြီပေါ့နော်။

ခင်။ ။ ဘယ်က သေရမလဲ. . မင်းသမီးကို အမြဲစောင့်ကြည့်နေတဲ့ အရှုံးမက ခြေရာခံမိတော့ မလွယ်ပေါက်ကဝင်ပြီး မင်းသမီးကို ပြုစုတယ်။ ဒီ အိမ်ထဲမှာ မြိတ်ကျွန်းစုက ကျောက်တောင်တွေမှာသာ တွေ့ရတတ်တဲ့ ငှက်သိုက်ရှိနေသတဲ့ကွယ်။ ငှက်သိုက်တွေခူးပြီး လူနာကို ကျွေးလိုက်တာ မင်းသမီးက ရောဂါပျောက်၊ အားရှိပြီး ပို



www.burmeseclassic.com

www.burmeseclassic.com

တောင်လှလာသေးသတဲ့ကွယ်။

သက်။ ။ အလှည့်လေးတွေတော့ ကောင်းပါတယ်လေ။ လိုရင်းကို ပြန်ဆက်ပါဦးကွယ်။

ခင်။ ။ချန်နယ်ဖိုက်က Funny Man Adrian Pang က သူ့ကိုယ်သူ "Fugitive of the Law" "ဥပဒေရဲ့ ပြည်ပြေး" လို့ဖော်ညွှန်းပါတယ်။ သူက အင်္ဂလန် Keele University မှာ ဥပဒေပညာရပ်ဆည်းပူးလျက်ရှိပြီး၊ လက်တွေ့သွားမဆင်းဘဲ သရုပ်ဆောင်လာလုပ်နေလို့လေ။ ခုတော့ Adrian Pang (43နှစ်) ကို ဥပဒေက ပြန်လည်ဖမ်းမိသွားပြီဆိုပါတယ်။

သက်။ ။ ဘာကြောင့်များလဲကွယ်။



ခင်။ ။ သူက "The Pupil" လို့ အမည်ပေးထားတဲ့ Legal Drama မှာ စကားအရမ်းမြန် အရမ်းပြောတဲ့ ရှေ့နေအဖြစ် သရုပ်ဆောင်ရလို့ပါ။ သူနဲ့တွဲဖက်သရုပ်ဆောင်တဲ့ ရီဘက်ကာလင်း (Rebecca Lim) (23 နှစ်) ကလည်း Singapore Management University SMU မှာ Business Law တက်နေတာပါပဲ။

သက်။ ။ဗမာပြည်အတိုင်း ခေတ်ပညာတတ် အနုပညာရှင်တွေများ လာ တာပေါ့နော်။

ခင်။ ။ဟုတ်ပါတယ်. . ဘာပဲလုပ်နေနေ. . . ခေတ်ပညာလေးတော့ ဆက်သင်နေဖို့ လိုပါတယ်။တိုးတက်ပြီး နိုင်ငံများမှာ အလုပ်အကိုင်တွေလည်း များစွာရှိတော့ သေတဲ့အထိ ပညာသင်ခြင်း(Life Long Learning) လုပ်ရပါတယ်ကွယ်။ဒါမှ. ခေါင်းဆောင်ဖြစ်ဖြစ်၊နောက်လိုက်ဖြစ်ဖြစ် အမြော်အမြင်ကြီးစွာနဲ့ တိုင်းပြည်နဲ့လူမျိုးကို အလုပ်ကျွေးပြုနိုင်မှာ ဖြစ်ပါတယ် သက်ရယ်။ ။

♦ ♦ ♦

သက်။ ။ ပြီးခဲ့တဲ့လက US ရော စင်ကာပူ Box Office မှာပါ 2012 ရုပ်ရှင်က နံပါတ်ဝမ်းဖြစ်ခဲ့ပါတယ် ခင်။

ခင်။ ။ ဒါတင် ဘယ်ဟုတ်ဦးမလဲ. . နိုင်ငံရေးဝါဒ စီးပွားရေးအမြင်တွေ များစွာပြောင်းလဲပစ်လိုက်တဲ့ တရုတ်ပြည်မကြီးမှာလည်း လူသန်းပေါင်းများစွာက အားပေးခဲ့ကြပါတယ်။

သက်။ ။ ကမ္ဘာကြီး ပျက်တော့မှာဆို. . . .

ခင်။ ။ ဖွ. . လွဲပါစေ ပယ်ပါစေတော်. . . ခင်က ခုမှ ငယ်ငယ်လေး




ရှိသေးတယ်။ ဟောင်ကောင်မင်းသမီးလေး ရှုကြည် (Shu Qi) ကတော့ "ကမ္ဘာကြီး 2012 မှာ မပျက်သေးရင် ပိုက်ဆံကြိုယူထားတဲ့ ရုပ်ရှင်တွေပြီးအောင် အမြန်ရိုက်ပေးရဦးမယ်။ ဘဲတွေနဲ့ချိန်းတွေ့ဖို့ အချိန်ဘယ်လိုရှိတော့မလဲ" လို့ပြောပါတယ် သက်ရယ်။

သက်။ ။ ဒါပေမယ့် ဘာကြောင့်မှန်းလဲ မသိပါဘူးတော်. . ။ 2012 တင်မက တစ်ခြား အလားတူ ရုပ်ရှင်၊ ဟောစာတမ်း ကောလာဟာလများစွာ ထွက်လာတဲ့အခါ ဖြစ်ပါတယ်။

ခင်။ ။ ဗေဒင်ဆရာကြီးများလည်း အထိတ်တလန့်နဲ့ ထအော်တာကြားမိသလိုရှိပါတယ်။

သက်။ ။ ဟောကိန်းထဲ သွားတွေ့တာဖြစ်ပါလိမ့်မယ်။ သို့သော်လည်း တစ်ခြား ပြေနိုင်ဖြေနိုင်တဲ့ တွက်ကိန်းများနဲ့ညှိလိုက်ရင် တစ်ကယ် ကမ္ဘာကြီးမပျက်နိုင်သေးကြောင်း တွေ့နိုင်ဦးမယ် ထင်ပါ ရဲ့ကွယ်။

ခင်။ ။ နောက် စိတ်ဝင်စားစရာ ရုပ်ရှင်ကတော့ ပြသဆဲ Avatar ရုပ်ရှင်ကားဖြစ်ပါတယ်။ 3D ရုပ်ရှင်အဖြစ် Cathay, Golden Village နဲ့ Filmgrade Cinema မှာ Dolby 3D မျက်မှန်နဲ့ ကြည့်နိုင်သလို Shaw Cinema မှာ RealD မျက်မှန်တပ် ကြည့်နိုင်သလို၊ Golden Village, Eng Wah နဲ့ Shaw Cinema မှာ XpanD မျက်မှန်နဲ့ကြည့်နိုင်ပါတယ်။ 2010 ထဲမှာ တစ်ခြား လေးငါးကား 3D နဲ့ ကြည့်နိုင်ဦးမယ် ဆိုပါတယ်။




သက်။ ။ ယောက်ျားတွေများ ချမ်းသာလာရင် အငယ်အနှောင်းထားချင်ကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com


Jaimee Grubbs (24) နှစ်

ခင်။ ။ မိန်းမတွေကရော. . . . ။

သက်။ ။ မိန်းမတွေများ ချမ်းသာလာရင် စိန်ရွှေငွေတွေ လူမြင်မကောင်းအောင် ဝယ်ဝတ်ကြသတဲ့။

ခင်။ ။ ချမ်းသာပြီးသားလူတွေ ထပ်ချမ်းသာလာရင်ရော. . .

သက်။ ။ ချမ်းသာပြီးသားလူတွေ ထပ်ချမ်းသာလာရင် အိမ်တွေမြေတွေ ထပ်ထပ်ဝယ်ပြီး ဟိုသွားနေရတော့မလို၊ ဒီသွားနေရတော့မလို ဖြစ်ပြန်ရောတဲ့ကွယ်။

ခင်။ ။ အဲဒါ ဘာကိုပြောချင်လို့ ပျိုးတာလဲသက်ရယ်။

သက်။ ။ ဒီတစ်ပတ် မပြောမဖြစ် မပါမဖြစ် တိုက်ဂါးဝုဒ် (Tiger Wood)ဆိုတဲ့ ဂေါက်ချန်ပီယံ လူမည်းလေးအကြောင်း ပြောချင်လို့ပါ။

ခင်။ ။ ခင်ကတော့လေ. . . အားကစားလည်း ကြည့်ခဲ့ပါတယ်။

သက်။ ။ ယုံပါတယ်ရှင်. . . ခင်ရဲ့ဆင်ခန္ဓာဝက်ကိုယ်လုံး ရေမြင်းခြေထောက်လေး ကြည့်ပြီးတော့. . . ။

ခင်။ ။ အဲဒီလောက်လည်း မမြောက်ပါနဲ့ကွယ်။ အားကစားဝါသနာမပါတော့ ဂေါက်ပွဲတွေ TV မှာ ပေါ်လာတာတောင် မကြည့်ဘူး။ မလွဲမကင်းသာ တစ်ခါတစ်လေတွေ့တဲ့ အဲဒီ Tiger Wood ဆိုတဲ့ ဂေါက်သမားကို ကြည့်လို့ကိုမရဘူး သိလား။

သက်။ ။ အလိုတော် သူဟာသူ နေတာကို။

ခင်။ ။ မဟုတ်ဘူး သက်ရဲ့. . . ။ သူက ဘယ်ပွဲမဆို နံပါတ်ဝမ်းဖြစ်နေတာ။ စိမ်တဲ့ကျင်းတိုင်း ဝင်နေတာ. . တော့. . . ပုံစံကလည်း ကိုယ့် ကိုကိုယ် ယုံကြည်ချက်အပြည့်နဲ့ မထီတထီ သိလား။

သက်။ ။ အော်. . . ဒါကြောင့် ကြည့်မရတာလား။ တိုက်ဂါးဝုဒ်ကို ကြည့်လို့ရတဲ့ မိန်းကလေးတွေကလည်း အများသား၊ ကြည့်မရတာပဲ ကောင်းပါတယ်။ ကြည့်လို့ရရင် အဲဒီမိန်းကလေးအုပ်စုထဲ ရောပါသွားဦးမယ်။

ခင်။ ။ သက်ကလည်း ပြောနေလိုက်တာများ. နားရှက်စရာကွယ်။



သက်။ ။ ဟုတ်တယ်လေ. . . သူ့မှာ မယားရှိတယ်။သူ့အသက်က (၃၃)နှစ်။ အသက် (၂၉)နှစ်ရှိတဲ့ ဆွီဒင်သူ ခလေးထိန်းမလေး အီလင်နော်ဒီဂရင် (Elin Nordegren) နဲ့လက်ထပ်ထားပြီး၊ ဆမ် (Sam)ဆိုတဲ့ သမီးလေးနဲ့ ၁၀လသား ချာလီ (Charlie) တို့ရှိပြီးသား။ ဒါပေမယ့် ရှုပ်ထားတာတွေကလည်း ဒုနဲ့ဒေး။

ခင်။ ။ ဒါတွေ ဘယ်လိုက ဘယ်လိုပေါ်လာတာလဲဟင်။

သက်။ ။ အဲဒါ ပြောချင်နေတာ. . . အဲဒါပြောချင်နေတာ. . . ပထမဦးဆုံး တိုက်ဂါးဝုဒ်ရဲ့ ကားအက်စီးဒင့် သတင်းပေါ်လာတယ်။ ၂၀၀၉ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့ သောကြာနေ့ မနက်အစောကြီး 2:25am မှာ သူ့အိမ်နားက မီးသတ်ပိုက်ခေါင်းရယ် သစ်ပင်ရယ်ကို သူ့ကားနဲ့ဝင်တိုက်မိတယ်လေ။

ခင်။ ။ သူနေတာက. . . ။

သက်။ ။ ဖလော်ရီဒါက ဝင်ဒါမီယာရပ်ကွက်ထဲမှာပါ။ မိန်းမက ဂေါက်တံကြီးနဲ့ ကားမှန်ရိုက်ခွဲ၊ တိုက်ဂါးဝုဒ်ကလည်း မြေကြီးပေါ်မှာ သတိမရတစ်ချက် ရတစ်ချက်၊ ခုန်အုပ်တော့မယ်ကျားမ (Crouching Tigress) လို့တင်စားခံထားရတဲ့ အိမ်ထောင်သက် ၅ နှစ်ရှိတဲ့ အီလင်က တိုက်ဂါးဝုဒ်အပေါ်မှာ ကြက်ခြေနီဆေးပုံးနဲ့ အလုပ်များနေပေါ့။

ခင်။ ။ အော်. . . ခင် ဖတ်လိုက်ရပါတယ်။ သူတို့လင်မယားရန်ဖြစ်တာ အော်ကြီးဟစ်ကျယ်. . . ဘယ်အိမ်နီးနားချင်းကိုမှလည်း ဂရုမစိုက်ဘူး။ မိန်းမလုပ်သူက ‘ငါချလိုက်မယ်နော်. . . ငါချလိုက်မယ်နော်’ ချည်းအော်နေတာ။

သက်။ ။ သူ့အငယ် နံပါတ်(၁)လို့ ပြောခံရတဲ့ ဂျေမီဂရပ်ဖ် (Jaimee Grubbs) (24) နှစ်က ကောက်တေးပါတီက စာပွဲထိုးမလေးပါ။ အဲဒါ ဒီမိန်းကလေးကို နံပါတ်ဝမ်း(အငယ်လေး) သတ်မှတ်ထားတုန်း စာရင်းသစ်တွေပေါ်လာတော့ နံပါတ် (၂၄)ဖြစ်နေသတဲ့ကွယ်။ ဂျေမီနဲ့ရှုပ်နေတာ ၃နှစ်နီးပါးရှိပြီတဲ့။

ခင်။ ။ တကယ်တမ်းက နံပါတ် (၂)အငယ်လေး ရေချယ် အူချီတယ် (Rachel Uchitel) လည်း ရှိသေးတယ်မဟုတ်လား။ TV ပရိုဂျူဆာ လုပ်ပြီး ကိုယ်တိုင်သရုပ်ဆောင်မယ် တကဲကဲလုပ်နေတဲ့ ချောချောလေးလေး. . . ။

သက်။ ။ ဖြစ်စကတော့. . တိုက်ဂါးဝုဒ်ရဲ့ မိန်းစပွန်ဆာတွေဖြစ်တဲ့ နာရီကုမ္ပဏီ Tag Heuer, ဖက်ရှင်နှင့်ဒီဇိုင်းကုမ္ပဏီ Nike နဲ့မုတ်ဆိတ်ရိတ်ဓါးကုမ္ပဏီ Gillette တို့က စပွန်ဆာမပေးတော့ဘူးလိုလို ဘာလိုလိုပဲ. . . ခုတော့လည်း စပွန်ဆာပြန်ပေးမယ်။ တိုက်ဂါးရဲ့မိန်းမ တိုက်ဂါးမလေးကလည်း နစ်နာကြေးတွေရရင် ကြေအေးမယ် ဘာညာဖြစ်နေပြန်ပါပြီ။ ပြောရင်ဆုံးမှာ မဟုတ်လို့ နောက်လမှဆက်ပြောမယ်ကွယ်။

**ဒီတစ်လတော့ ဒီမျှပါခင်။**

K ပိုးခင် + K ပိုးသက်

www.burmeseclassic.com

www.burmeseclassic.com



**စင်ကာပူ** နိုင်ငံ၏ ပထမဦးဆုံးအကြိမ်မြောက် စာပေဟောပြောပွဲကို စင်ကာပူ စာပေမြတ်နိုးသူများ၏ ကြိုးပမ်းမှု၊သဇင် Singapore Success Magazine ၏ ပံပိုးမှု၊ MAI ၊ သပြေနု၊ ဧရာဝတီ၊ Future Foundation နှင့် Co-sponsors (၁၈)ဦးတို့၏ ငွေကြေးအင်အားထည့်ဝင်အကူအညီပေးမှုများကြောင့် . ၂၀၀၉ခုနှစ် ဒီဇင်ဘာလ (၂၀)ရက် တနင်္ဂနွေ နေ့လည် (၁၂)နာရီမှ ညနေ (၆း၃၀)အထိ NTUC Centre No.1 Marina Boulevard မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

စာပေဟောပြောပွဲ လက်မှတ်များကို S$15 နှင့်ရောင်းချခဲ့ပြီး၊ ကျောင်းသားကျောင်းသူများအတွက် အထူးနှုန်း S$10 ဖြင့် ရောင်းချပေးခဲ့ရာ စတင်ရောင်းချသည်မှ လေးရက်အတွင်း လက်မှတ်များ အကုန်ရောင်းချပြီး ဖြစ်သွားပါသည်။

လက်မှတ်ဝယ်ယူလိုသူတို့က နေ့စဉ်လာရောက်မေးမြန်းနေသည့်အတွက် သပြေနု ဒေါ်သန်းသန်းနုနှင့် ဆိုင်ဝန်ထမ်းများသည် လက်မှတ်ဝယ်ယူလိုသူများကို အားနာမျက်နှာပူရကြောင်း ပြောပါသည်။

"စင်ကာပူ စာပေမြတ်နိုးသူများ" က စာပေဟောပြောပွဲသို့ အသက် ၃၀-၄၀ နှင့် အထက် ပရိသတ်များ ပိုမို စိတ်ဝင်စားစွာလာ ရောက်နားထောင်လိမ့်မည်ဟု မျှော်မှန်းထားခဲ့သော်လည်း ပွဲတက်လာသူအများစုမှာ အသက်၂၀ ဝန်းကျင် လူငယ်များဖြစ်တာကိုတွေ့ရပြီး၊ မိန်းကလေးရာခိုင်နှုန်း ပိုများပါသည်။ကျောင်းသားကျောင်းသူ လူငယ်အင်အားစုက ပိုများသောကြောင့် နိုင်ငံခြားရောက် မြန်မာအသိုင်းအဝိုင်းအတွင်း မြန်မာစာပေ၏ အနာဂါတ်သည် အားတက်ဖွယ် ဖြစ်ပါသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာများက သူတို့ရေးသားသော စာအုပ်များကို လက်မှတ်ထိုးရောင်းချပေးခဲ့ရာ ဝယ်ယူအားပေး ဂါရဝပြုသူ များပြားကြောင်း တွေ့ရပါသည်။

ဟောပြောပွဲကို ၁၂း၃၀အချိန်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး၊ အခန်းအနား ကြေငြာသူများအဖြစ် ဦးမြင့်စန်းနှင့် ကိုဘကျော်တို့က ရယ်ရယ်မောမော သောသောရွှင်ရွှင် ပံ့ပိုးပေးခဲ့ပါသည်။

ဒေါ်သန်းသန်းနု (သပြေနု)က အဖွင့်စကားလေး လှပစွာ ပြောကြားပြီးနောက် ဆရာနေဝင်းမြင့်က " တစ်ခါသုံး လူ့အဖွဲ့အစည်း " ခေါင်းစဉ်ဖြင့် လူ့အဖွဲ့အစည်း၊ စာပေ၊ ရုပ်သေးနှင့် ဂီတအ ကြောင်းများကို ဟောပြောရာ စကားလေးတစ်လုံးမျှ လွတ်မသွားချင်လောက်အောင် စိတ်ဝင်စားစရာ ကောင်းလှပါသည်။



အားလပ်ချိန်၌ လက်ဆောင်အိတ်ထဲတွင် ပါရှိသည့် ဆီထမင်းကို အစာပြေ သုံးဆောင်နိုင်ကြပါသည်။ဒုတိယပိုင်းအဖြစ် စာရေးဆရာမဂျူးက 'စာရေးဆရာတစ်ယောက်၏ မှတ်စုများ' ဖြင့် ဘဝတစ်သက်တာလူ မှန်းသိတတ်သည်မှစ၍ ရေးသား တို့ထိလာခဲ့သော မှတ်စုလေးများ အကြောင်းကို ပြောကြားခဲ့ပါသည်။

သူမချစ်ခဲ့သော ပုံပြင်လေးများ၊ ကဗျာလေးများ။ စိတ်လှုပ်ရှားစအရွယ်မှာ ခံစားဖွဲ့နွဲ့ခဲ့သော ကဗျာနှင့် အချစ်ဝတ္ထုများ။ တစ်စတစ်စပြောင်းလဲလာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ကိုယ်ခံအားကျဆင်းမှု ခံစားနေရသည့် မိဘမဲ့ကလေးများအတွက် လှုပ်ရှားမှု၊ ဘုန်းကြီးကျောင်းသင် ပညာရေး ဆောင်ရွက်ချက်လေးများ ကို ပျင်းဖို့အချိန် တစ်စက္ကန့်မျှမရှိအောင် ဟောပြောခဲ့သောကြောင့် စင်ကာပူရှိ ခေတ်ပညာသင်လူငယ်များ နားလည်နှစ်သက်ကြကြောင်း သိရပါသည်။

စာရေးဆရာများနှင့် စင်ကာပူရှိ ဟောပြောပွဲလာစာချစ်ပရိသတ်ကို သဇင် Success Magazine အယ်ဒီတာချုပ် ကောင်းမြတ်နွယ်က နွေးထွေးရင်းနှီးမှုရစေရန် ခပ်သေသေ မိတ်ဆက်ပေးခဲ့သဖြင့် စာရေးဆရာများက ပရိသတ်နှင့် အစောကြီးကပင် တသားတည်းကျသွားသည်ဟု ဆိုပါသည်။

ဆရာနေဝင်းမြင့်က တစ်နာရီခွဲကြာ ဟောပြော၍ ဆရာမဂျူးက တစ်နာရီကျော်ဟောပြောကာ နောက်ဆုံးပိတ်အဖြစ် ဆရာချစ်ဦးညိုက အချစ်သူရဲကောင်း ဒဿဂီရိ၊ စာပေဟောပြောပွဲ ရယ်စရာအတွေ့အကြုံလေးများ၊ စေတနာမှန်သော အနုပညာဖန်တီးမှုများကို "အနုပညာ ဖန်တီးသူနှင့် အနုပညာခံစားသူ" ခေါင်းစဉ်အောက်မှ ၂ နာရီကြာ လှပစွာ သီကုံးဟောကြားသွားပါသည်။

စာပေဟောပြောပွဲလာ ပရိသတ်များ ပြောမဆုံးနိုင်အောင် ကျေနပ်မှုရခဲ့ကြသော ပွဲကလေးတစ်ခု ဖြစ်ခဲ့ပါသည်။ စာရေးဆရာများကို ဒေါ်သန်းသန်းနု (သပြေနု)၊ ဦးညီညီ ထွန်း (Future Foundation) နှင့် Thazin Success Magazine မှ ဒေါ်မေသက်တို့က လက်ဆောင်ပစ္စည်းများပေးအပ်ကာ အခန်းအ နားကို ၆နာရီခွဲခန့်တွင် ပျော်ရွှင်စွာ ရုတ်သိမ်းခဲ့ကြပါသည်။

[စင်ကာပူပေါ်လီကျောင်းသားဟောင်း အများစုဖြစ်ကြသော ကိုခင်မောင်ထွန်း၊ ကိုစည်သူဟိန်း၊ ကိုကျော်သက်၊ ကိုဇော်ဇော်နိုင်၊ ကိုဖြိုးသီဟအောင်၊ မရီရီမျိုးသန်း၊ မယဉ်ထူးထူးနိုင်၊ကိုရန်နိုင်ထွန်း၊ ကိုသန့်ဇင်ဦး၊ ကိုမြတ်မင်းဟန်နှင့် အစစအရာရာပံ့ပိုးကြသော ကျောင်းသားကျောင်းသူများအား စာပေပရိသတ်ကိုယ်စား Thazin Singapore Success Magazine မှ ကျေးဇူးတင်ပါကြောင်း]

အယ်ဒီတာ



www.burmeseclassic.com

# အချစ်၊ကာမနှင့်အိမ်ထောင်ရေး
## (၁၈)နှစ်အောက် မဖတ်ရ
## ဒေါက်တာသွယ်

Design Ko Thin



**Q:**

ဒေါက်တာသွယ်ရှင့်

ညီမနဲ့ ကျောင်းအတူတက်နေတဲ့ သူငယ်ချင်းတစ်ချို့အကြောင်း ပြောချင်တာပါ။ ရီဘက်ကာချိုက ဩစတြေးယားမှာ အခြေခံဘွဲ့တစ်ခုရလာတဲ့ သူငယ်ချင်းပါ။သူမက Sex အကြောင်းကိုလည်း စိတ်ဝင်စားတယ်။ခေတ်ဆန်ဆန်နဲ့ Pub တွေ ဘာတွေလည်း သွားပါတယ်။

ညီမနဲ့ မြတ်သီရိမောင်တို့နှစ်ယောက်ကတော့ ဗမာပြည်ကရလာတဲ့ ဘွဲ့နဲ့ဆက်ပြီး ကျောင်းတက်နေတာပါ။ သိတဲ့အတိုင်း ရိုးရိုးအအလို့ ကိုယ့်ဟာကိုယ်ထင်တာပါပဲ။ အဲဒါ ရီဘက်ကာက "သိပ်ရိုးမနေနဲ့၊ ဘာမှနားမလည်ပဲ အရုပ်လို ပက်လက်နဲ့ ပြီးသွားမယ်" လို့ Sex နဲ့ ပတ်သတ်ပြီး ပြောလေ့ရှိပါတယ်။

ဒေါက်တာသွယ်ရဲ့ကဏ္ဍကို ဖတ်ရင်းနဲ့ ဒါလေးမေးကြည့်ဖို့ စိတ်ကူးရလာလို့ပါ။ သူမပြောတာ ဟုတ်မဟုတ် သူငယ်ချင်းအချင်းချင်းမို့ နောက်ပြောင်တာလားဆိုတာ ဒေါက်တာသွယ်ဆီက တစုံတရာ စကားလေးများ ရနိုင်မလားလို့ပါရှင်။

ကာမင်မောင် @ CarminMaung

**A**

ညီမလေး ကာမင်မောင်ရေ. . .

ရီဘက်ကာချိုက သူငယ်ချင်း အချင်းချင်း ပြောတဲ့စကားမျိုး ပွင့်ပွင့်လင်းလင်း ပြောတာဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် ဒီစကားရဲ့ နောက်ကွယ်မှာ အဓိပ္ပါယ်လည်း များစွာရှိပါတယ်။ ညီမတို့မှာ ရိုးရိုးသားသားနဲ့ ဒီကိစ္စတွေအတွက် သိနားလည်တာ ဘာမှမရှိဘူး။ဗမာပြည်ကလာတာဆိုတော့ ဘာမှကြားဖူးနားဝလည်းမရှိဘူး။ အရမ်းရိုးလွန်း၊ အလွန်းရင် မကောင်းဘူးဆိုတာပါပဲကွယ်။ နေရတဲ့ နိုင်ငံခြားဆိုတာက ခေတ်မီတယ်ဆိုပြီး မြန်မာ အသိုင်းအဝိုင်းနဲ့ မတူတဲ့ ဓလေ့လေးတွေ ရှိလို့ပါ။

အရက် လုံးဝမသောက်ဖူးတဲ့သူ တစ်ခါသောက်ရုံနဲ့အမူးလွန်သွားတတ်တယ် မဟုတ်လား? ဘာမှမသိမှာစိုးလို့ အရမ်းကြီးလည်း မရိုးအပဲ သိသင့်သိထိုက်တာ သိခြင်းအားဖြင့် ချင့်ချင့်ချိန်ချိန် ရှိနိုင်မယ်ဆိုတာ ဖြစ်ပါလိမ့်မယ်ကွယ်။

ဒေါက်တာသွယ်

**Q:**

ဒေါက်တာသွယ်ရှင့်

ညီမက ရန်ကုန်ကနေ MBBS အောင်လာပြီး၊ SGH ခါတ်ခွဲခန်းမှာ ရောဂါရှာ ခါတ်ခွဲသမားတစ်ယောက်အဖြစ် အလုပ်လုပ်နေတာ လေးနှစ်လောက်ရှိပါပြီ။ ညီမမှာ အိမ်ထောင်မရှိသေးပါဘူး။ သိချင်တာက ကာမဆက်ဆံရာမှာ ပြီးသွားတယ် (Orgasm) ဆိုတာ ဘယ်လိုခံစားမှုမျိုးလဲဆိုတာ သိပါရစေရှင်။ ကြိုတင်ကျေးဇူးတင်လျက်ပါ. . . ။

Jone စန်းယုလွင် (SGH)





www.burmeseclassic.com

www.burmeseclassic.com

**A:**

ညီမ Jone ရေ. . .

ဘယ်လိုဖြစ်တာလဲကွယ်။ တခြားသူမေးတယ်ဆို ထားပါဦး။ ဆရာဝန်မလေး တစ်ယောက်က လာမေးတယ်ဆိုတော့. . . . အင်း. . . . ။

လိင်မှုဆိုင်ရာ တက်ကြွမှုဖြစ်လာတဲ့အခါ ခံစားမှု အမြင့်ဆုံး စိတ်ကျေနပ်မှုရသွားတာကို (ပြီးတယ်) Orgasm ဖြစ်တယ်လို့ ပြောကြတာပါ။'Climax' ဒါမှမဟုတ်' Coming ' လို့လည်းပြောကြပါသေးတယ်။ Sexual excitement က ကိုယ့်ဟာကိုယ် စိတ်ကျေနပ်အောင် ဖြေဖျောက်ခြင်း (Masturbation) ကြောင့် ရနိုင်သလို၊ နမ်းခြင်း၊ ပွတ်သပ်ကျေနပ်စေခြင်း၊ တခြားလူနဲ့ Masturbating စသည်တို့ကြောင့်လည်း ရနိုင်ပါတယ်။

Sexual excitement ကို တဖြေးဖြေးချင်းနဲ့ မြင့်တင်သွားရာမှာ exciting tension အမြင့်ဆုံးကို ရောက်ပါတယ်။ အဲဒီအမြင့်ဆုံး Exciting tension ပျောက်သွားတာ စိတ်ကျေနပ်သွားတာကို 'ပြီးတယ်' Orgasm လို့ခေါ်တာပါပဲ။အပြင်းအထန်စိတ်ကျေနပ်မှု ရသွားခြင်း မျိုးဆိုပါတယ်။ ခံစားမှုက အဲဒီအချိန်မှာ ဘာမှကို မမြင်နိုင် မကြားနိုင် မတွေးနိုင်လောက်အောင် ဖြစ်သွားနိုင်ပါတယ်။

ခံစားမှုကြောင့် ငြီးငြူသံများ ဖြစ်နိုင်ပါတယ်။ Orgasm ကပုံမှန်အားဖြင့် စက္ကန့်အနည်းငယ်မျှသာ ဖြစ်ပေမဲ့ ခံစားမှုကတော့ အချိန်ကြာတတ်ပါတယ်။ အမျိုးသား Orgasm ဖြစ်ရင် အရည်တွေ ဆောင့်ထွက်လာတတ်လို့ သိသာပါတယ်။ သုတ်ပိုးနှင့် သုတ်ရည်များ ရောလျှက်ထွက်လာပြီး အမျိုးသားရဲ့ အင်္ဂါဇာတ်ကို စို့ရွဲသွားစေပါတယ်။ ယောကျာ်းတွေက Orgasm ဖြစ်ပြီးရင် လိင်အင်္ဂါမမာနိုင်တော့ပါဘူး။ မိန်းကလေးများ Orgasm ဖြစ်ပြီးရင်တော့၊ မအင်္ဂါဇာတ်က စို့ရွဲသွားပေမဲ့လည်း စိတ်ဆန္ဒကကျမသွားပဲဆက်ပြီး ခံစားဖို့ Sexually aroused ဖြစ်နေပါသေးတယ်။ မိန်းကလေးက Orgasm တစ်ခါမက ဖြစ်နိုင်ပါတယ်။ Orgasm မဖြစ်ဖူးလို့တစုံတရာမှားသလား စိုးရိမ်စရာ မလိုပါဘူး။ ပူပန်သောက စိုးရိမ်မှုများကြောင့် relax မဖြစ်ပဲ စိတ်သာယာကျေနပ်မှု (Orgasm) မရဖြစ်တတ်ပါတယ်။

ဒေါက်တာသွယ်





Q:

ဒေါက်တာသွယ်ရှင့်

ညီမက အသက်(၃၂)နှစ်ရှိပြီဖြစ်တဲ့ အိမ်ထောင်ရှင်တစ်ယောက်ပါရှင့်။ကလေးနှစ်ယောက်ရှိပြီး တစ်ယောက်ကPrimary One နဲ့ နောက်တစ်ယောက်က Nursary မှာရောက်နေကြပါပြီ။ ညီမရဲ့ အမျိုးသားက ကုမ္ပဏီကြီးတစ်ခုမှာ အင်ဂျင်နီယာဖြစ်ပြီး အလုပ်တော်တော်ပင်ပန်းပုံရပါတယ်။ည(၈)နာရီလောက်မှအိမ်ပြန်ရောက်ပြီး ညစာစားပြီးတာနဲ့ တစ်ခါတည်း တန်းအိပ်တော့တာပါပဲ။ ယောကျာ်းကလည်းတော်တော်ရှိုးအပါတယ်။ Sexual Intercourse အတွက် ဘာမှဆန်းဆန်းပြားပြား မတတ်ပါ။ ညီမ Thazin Success Magazine ထဲက ဒေါက်တာသွယ်ရဲ့ အမေးအဖြေလေးတွေ ဖတ်ပြီး အရမ်းမေးချင်တဲ့အတွက် အရဲစွန့်ပြီး မေးလိုက်ပါတယ်ရှင့်။

သံဝါသပြုခြင်း (Sex) အတွက် အကောင်းဆုံးကဘယ်လိုခန္ဓာကိုယ်အနေအထား (Position) မျိုးပါလဲဆိုတာ သိချင်တာပါ ဒေါက်တာရှင့်။

ညီမ လဲ့ယဉ်ဆွေမြင့်
(Jurong West Street 72)

A:

ညီမလေးလဲ့ရေ. . .

အဲဒီမေးခွန်းတွေ၃-၄ခါလောက်လှမ်းမေးတာတွေ့ရပါတယ်။ ခုတော့ အကြမ်းမျဉ်းလေးပဲ ပြောပြပါရစေလားကွယ်. . . ။ Sexual Intercourse အတွက် ခန္ဓာကိုယ်အနေအထားက အရေးကြီးသလိုအနေအထားလည်း များစွာရှိပါတယ်။ နည်းပေါင်း ၁၀၀ ဆိုရင်ယုံမလားမသိပါဘူး။ ခုနောက်ပိုင်းမှာ. . Positionတွေကခန္ဓာကိုယ်အတွက်လေ့ကျင့်ခန်းဖြစ်ကြောင်း၊ စိတ်ဖိစီးမှု များကိုတောင်ပြေလျော့စေတယ်လို့ ဆိုလာကြပါပြီ။ ဘဝပေးအသိနဲ့ လျှော့ကြီးထိုးရိုးရိုးဆိုသလို အမျိုးသမီးက ပက်လက်အနေအထား၊ အမျိုးသားက အပေါ်က မှောက်လျက်အနေအထား ဖြစ်ပါတယ်။အဲဒီမှာပဲ အမျိုးသမီးက ဒူးထောင်ထားခြင်း၊ အမျိုးသမီးရဲ့ ခြေဖဝါးအစုံက အမျိုးသားရဲ့ရင်ဘတ်ကို ကန်ထားခြင်း၊ အမျိုးသားရဲ့ ပုခုံးနှစ်ဖက်ပေါ် အမျိုးသမီးရဲ့ ခြေတစ်ဖက်စီ ထမ်းထားခြင်းများကိုပြောင်းလဲသွား



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါတယ်။

အမျိုးသားက ပက်လက်အိပ်နေပြီး၊ အမျိုးသမီးကအမျိုးသားကို မျက်နှာချင်းဆိုင်ကာ အမျိုးသားရဲ့အင်္ဂါကို အမျိုးသမီးအင်္ဂါဇာတ်ထဲ ထည့်ထားစေတဲ့အနေအထားပါ။ အမျိုးသမီးကဒူးထောက်ထားတဲ့ အနေအထားမျိုးက အမျိုးသမီးရဲ့ စိတ်တိုင်းကျ ထိရောက်အောင် လုပ်နိုင်ပါတယ်။ ပြီးတော့ အဲဒီအနေအထားမှာပဲ အမျိုးသားမျက်နှာမူရာကို အမျိုးသမီးက မျက်နှာမူတဲ့ အနေအထားကို ပြောင်းနိုင်ပါတယ်။



နောက် လူကြိုက်များတဲ့ ကိုယ်နေဟန်ထားကတော့အမျိုးသမီးက လေးဖက်ထောက် အနေအထားဖြစ်ပြီး၊ အမျိုးသားက နောက်ကနေအမျိုးသမီး မျက်နှာမူရာဖက်ကို မျက်နှာမူလျက် နောက်ကနေ ထည့်ထားတဲ့ ကိုယ်နေဟန်ထားဖြစ်ပါတယ်။ ရင်သားကို ဆော့ကစားနိုင်ခြင်း၊ နောက်ကျောကို စုတ်နမ်းနိုင်ခြင်းနဲ့ အမျိုးသားရော အမျိုးသမီးပါ လိုအပ်သလို အတိမ်အနက်စိတ်တိုင်းကျလှုပ်ရှားနိုင်တဲ့အတွက် စိတ်တိုင်းကျတဲ့ ကိုယ်နေဟန်ထားဖြစ်ပါတယ်။ အကြံရှိသလို ဉာဏ်ရှိသလို အပြောင်းပြေအညာပြေ လေ့ကျင့်ခန်းသဏ္ဌာန် ညီမလေးလဲလှုပ်ရှားနိုင်ပါတယ်ကွယ်။

ဒေါက်တာသွယ်

Q:

ဒေါက်တာသွယ်ရှင့်

သမီးမသိလို့ တစ်ခုမေးပါရစေ. . ။ Sex ပြုလုပ်ခြင်းဖြင့် နာကျင်စေပါသလား။

ဝါလဲ့ရွှေစင် //MDIS//

A:

ရွှေစင်ရေ. . .

ပုံမှန်အားဖြင့်တော့ Sex ပြုလုပ်ခြင်းကြောင့် နာကျင်ခြင်းမရှိပါဘူး။ ပထမဦးဆုံးအကြိမ်ဆိုရင်တော့ မိန်းကလေးအတွက် အပျိုမြှေးစုတ်ပြတ်ပေါက်ပြဲခြင်းကြောင့် နည်းနည်းနာတာ၊ သွေးနည်းနည်း ထွက်တာ၊ ရှိတတ်ပါတယ်။ ယောကျ်ားလေးများအတွက်တော့ နာတာကျင်တာမရှိတတ်ပါဘူး။ ရောဂါဘယကင်းပြီး ကျန်းမာသန်စွမ်းတဲ့သူတွေ ဆိုရင်ပေါ့လေ။

ပထမတစ်ကြိမ်ပြီးရင်တော့ ပိုပြီးသက်တောင့်သက်သာရှိလာပါတယ်။ မိန်းကလေးရဲ့ အင်္ဂါဇာတ်က ကျုံ့နိုင်ကျယ်နိုင်တဲ့အတွက်ယောကျ်ားလေးရဲ့ အင်္ဂါကြီးမားသည်ဖြစ်စေ ဘာမှပြဿနာမရှိပါ။ ဒါပေမယ့် မိန်းကလေးမှာ သဘာဝကထုတ်ပေးတဲ့ အရည်ပျစ်များ ထုတ်ပေးနိုင်ခြင်း မရှိဘူးဆိုရင်တော့ Sexual intercourse မှာ နာကျင်မှု ခံစားရတတ်ပါတယ်။ မိန်းကလေးက Sexually excited ဖြစ်လာတဲ့အခါ အရည်ပျစ်များ ထွက်လာတဲ့အတွက် မိန်းကလေးရဲ့ အင်္ဂါဇာတ်မှာ စွတ်စိုနေပြီး အမျိုးသားရဲ့ အင်္ဂါကို ချောချောရှူရှူ ဝင်သွားနိုင်ဖို့ လွယ်ကူသွားစေတာ ဖြစ်ပါတယ်။ မိန်းကလေးက ကြောက်လန့်နေမယ်၊ အလျင်စလိုရှိနေမယ်ဆိုရင် အင်္ဂါဇာတ်မှာ စွတ်စိုမှုမရှိတဲ့အတွက် intercourse မှာ လွယ်ကူချောမွေ့မှုမရှိဘဲ ခက်ခဲမယ် နာကျင်မယ်။ ဒါကြောင့် အကောင်းဆုံးက မနာကျင်အောင် နှစ်ယောက်စလုံး နားနားနေနေ သက်တောင့်သက်သာ အချိန်လေး ပေးဖို့ လိုအပ်ပါတယ်။

အပိုချောဆီ (Lubrication) လိုရင်တော့ Supermarket, Pharmacy Shop တွေမှာ ဝယ်လို့ရနိုင်ပါတယ်။ Condom သုံးမယ်ဆိုရင် ပိုအရေးကြီးပါတယ်။ Water-based lubricant (Like KY ဂျယ်လီ) ကိုသုံးရပါတယ်။ Vaseline လိုအဆီ lubricant သုံးရင် Condom ကွဲပေါက်စေနိုင်ပါတယ်ကွယ်။ပေးတဲ့ အကြံများကို မှန်ကန်သော နည်းလမ်းနဲ့ အကျိုးရှိသော နေရာမှာသာ အသုံးချနိုင်ပါစေ တူမလေး ရွှေစင်။ ။

ဒေါက်တာသွယ်

Q:

အစ်မဒေါက်တာသွယ်ရှင့်. . .

ညီမကတော့ စင်ကာပူနိုင်ငံမှာ ကြီးပြင်းတဲ့ မြန်မာမလေး တစ်ယောက်ဖြစ်ပါတယ်။ အမေက ဗမာဖြစ်ပြီး၊ အဖေက ဂျာမန်ပါ။ စင်ကာပူနိုင်ငံ ကိုယ်စားပြု မစ္စ စင်ကာပူအနေနဲ့ Miss World ဝင်ပြိုင်ဖို့ စိတ်ကူးရှိပါတယ်။ ညီမမေးချင်တဲ့ မေးခွန်းကတော့ နို့သီးခေါင်းပတ်လည်က အရောင်ဟာ ဘာရောင်ဖြစ်ရင် အကောင်းဆုံးပါလဲ။ ညီမရဲ့မိတ်ဆွေက အလင်းရောင်ထဲမှာ Love making မလုပ်ရဲဘူး။ အမျိုးသားက နို့သီးခေါင်းပတ်လည်က အရောင်ကို မြင်ပြီးမကြိုက်မှာစိုးလို့တဲ့လေ။

Thant Thant @ Sharon Khoo





www.burmeseclassic.com

www.burmeseclassic.com

A:

အလွန်စိတ်ဝင်စားစရာကောင်းတဲ့ ရှားရှားပါးပါးမေးခွန်းပါ ညီမလေး Miss World / Miss Singapore ရေ။ ညီမသာ တကယ်ဝင်ပြိုင်ဖြစ်ရင်တော့ ဒေါက်တာသွယ်တို့ အားပေးမှာဖြစ်ပါတယ်။ ဂုဏ်လည်းယူပါတယ်။ညီမရဲ့မေးခွန်းကိုဖြေရမယ်ဆိုရင်တော့. . . အမျိုးသားအနေနဲ့ ဘယ်လိုအရောင်ကိုမှ ကြိုက်ပါတယ် ဆိုပါစေ။ နို့သီးခေါင်း ပတ်လည်မှာရှိတဲ့အရောင်ဟာ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ကြပဲ၊ မိန်းကလေးရဲ့ အသားအရေ အနုအရင့်နဲ့ ကျန်းမာသန်စွမ်းမှုအပေါ်မှာ တည်ပါတယ်။ Areola ရဲ့အရွယ်အစားကလည်း ၂ စင်တီမီတာကနေ ၁၀ စင်တီမီတာထိ ရှိတတ်တာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တော်တော်ခြားနားပါတယ်။

အသားအရောင်နုတဲ့သူက အရောင်နု (ပန်းနုရောင်၊ပန်းရောင်. . . ) ဖြစ်နိုင်သလို အသားအရောင်ရင့်တဲ့သူက အညိုရောင် အမဲရောင် ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် ဟိုမုန်း၊ အသက်အရွယ်နဲ့ ဆေးဝါးကုသမှုကြောင့်လည်း ပြောင်းလဲတတ်ပါသတဲ့ကွယ်။

အရောင်ရင့်တဲ့ ယျေဘုယျ အကြောင်းရင်းတွေကတော့ ဟိုမုန်းပြောင်းမယ်၊ ကိုယ်ဝန်ရှိမယ်ဆိုရင် ပြောင်းလဲတတ်သလို ပဋိသန္ဓေတားဆေးတွေကြောင့်လည်း ဖြစ်တတ်တယ်လို့ ဆိုပါတယ် ညီမရယ်။ အရောင်လှပအောင် Lightening Cream တွေရောင်းတာတော့ ရှိပါတယ်။ စိတ်ချရတဲ့ Brand ကို ဝယ်သုံးလိုက ဝယ်သုံးနိုင်ပါတယ်။ ။

ဒေါက်တာသွယ်

Q:

ဒေါက်တာရှင့်

ကျွန်မယောကျ်ားဟာ သူ့ကာမဆန္ဒကို သူအလိုရှိတိုင်း ကျွန်မကို ဖြည့်ဆည်းပေးခိုင်းပါတယ်။ ကျွန်မအလိုရှိသည်ဖြစ်စေ၊ အလိုမရှိသည်ဖြစ်စေ ကျွန်မ သူ့ဆန္ဒကို ဖြည့်ပေးရပါတယ်။ အဲဒါက နေ့တိုင်းလိုလိုပါပဲ။ အဲဒါ ယောကျ်ားတစ်ယောက် ယူခြင်းရဲ့ဒုက္ခပဲလို့ ထင်တယ်။ ကျွန်မ သူငယ်ချင်းတစ်ယောက်က ပြောတယ်။ အဲဒါ Sex Abuse ပဲတဲ့။အဲဒါ တစ်ကယ်လား၊ ကျွန်မ ဘယ်လိုလုပ်ရမလဲ၊ ဖြေပေးပါရှင့်။

နော်ကရင်မ (JP)





A:

ညီမနော်

ညီမကတော့ နာမည်ရင်းမပြောချင်လို့ ဒီလို ပေးလိုက်တယ် ထင်ပါရဲ့ကွယ်။ JP ကတော့ Jurong Point ဖြစ်ပုံရပါတယ်။ အလားတူ မေးခွန်းမျိုးကို ဒေါက်တာသွယ် ဖြေခဲ့ပြီးပါပြီ ညီမရယ်။ ယောကျ်ားက ဆန္ဒရှိပြီး၊ ညီမက ဆန္ဒမရှိဘူးဆိုတော့ အသက်အရွယ်ကွာလို့လား။ ဟိုမုန်းနဲ့ကျန်းမာသန်စွမ်းမှု မတူလို့လား။ ဒါမှမဟုတ် အမျိုးသားကို ချစ်ခင်စိတ်ဝင်စားမှု မရှိလို့လား။ ညီမမှာ စိတ်ဖိစီးမှု ပင်ပန်းနွမ်းနယ် အလုပ်များလို့လား။ ဆိုတာတွေ မေးစရာများစွာ ရှိပါတယ်။ လင်ရယ် မယားရယ် ဖြစ်လာကြရင် တစ်ယောက်ကာမဆန္ဒကို တစ်ယောက်က ပြည့်ဝအောင် ဖြည့်ပေးရမယ့် တာဝန်ဝတ္တရားရှိလာပြီကွယ်။ မြန်မာတို့ရဲ့ မယားဝတ္တရား၊ လင်ဝတ္တရားတွေမှာ ဒါတွေ အတိအကျပါသလားဆိုတာ ညီမ ပြန်ရှာကြည့်ပါဦးကွယ်။ ဒေါက်တာသွယ်မေ့နေလို့၊ ကျမ်းကိုးကားစရာလည်း အနားမှာ ဘာမှမရှိလို့။

ညီမသိမှာပါ။ ဂျိန်းစဘွန်းကားတစ်ကားမှာ သရုပ်ဆောင်ခဲ့တဲ့ ဟေလီဘယ်ရီ (Halle Berry) ကတော့ သူ့ယောကျ်ားဟာ အဲဒီကိစ္စ အားကြီးလွန်းလို့ ကွာပစ်လိုက်တယ်လေ။ ညီမတို့ကတော့ မြန်မာဓလေ့ထုံးစံအရ အလွယ်တကူ ပြတ်နိုင်ရှင်းနိုင်မယ် မဟုတ်ဘူး။

အတင်းအဓမ္မ ဆန္ဒမရှိတာကို ရယူရင်တော့ လင်မယားချင်းပင်ဖြစ်စေ Sex Abuse ဆိုတာအပြင်၊ ရာဇဝတ်ကြောင်းနဲ့ပြောလို့ရပေမယ့် အထက်က ဒေါက်တာပြောခဲ့သလို ဘာကြောင့် ညီမယောကျ်ားစိတ်ဝင်စားချိန်မှာ ညီမက စိတ်မဝင်စားနိုင်ရတာလဲ။ အကြောင်းရှာပြီး ဆရာဝန် (သို့မဟုတ်) စင်ကာပူမှာဆိုရင် ကောင်ဆယ်လာနဲ့ တိုင်ပင်ပါ။ Edora Counselling Services က Mr. Ang Thiam Hong ရဲ့ ဟန်းဖုန်း 81388530 ကိုဆက်ပြီး မေးရင်ရပါတယ်။ အခကြေးငွေတော့ ပေးရပါတယ်။

ဒေါက်တာသွယ်



www.burmeseclassic.com

www.burmeseclassic.com

Q:

ဒေါက်တာသွယ်ခင်ဗျာ

ကျွန်တော်မသိတာ မရှင်းတာလေးရှိလို့ မေးပါရစေ။ ကျွန်တော်တို့အတွဲက ပေါ်လီကျောင်းဆင်းတွေဖြစ်ပြီး၊ မကြာခင် လက်ထပ်ကြဖို့ စီစဉ်ပြီးကြပါပြီ။ အမျိုးသမီးက စုံးရိမ်မှု လွန်ကဲတတ်လို့ပါ။ ကျွန်တော့်မေးခွန်းကတော့. . Sex မလုပ်ဘဲOrgasm ဖြစ်ဖို့ ဖြစ်နိုင်သလားဆိုတာပါ။ ကျွန်တော့်အမျိုးသမီး ပြောတာက ပျော်စရာအကြောင်းလေးတွေးရင်း၊ အချိုပွဲစားရင်းနဲ့ Climaxဖြစ်ချင်ပါသတဲ့ဗျာ။ ကျွန်တော်မြန်မာစာ အရေးအသား မကောင်းတာနဲ့ အဆင်ပြေအောင်ရေးပြီး ပြန်လည် ဖြေကြားပေးစေချင်ပါတယ် အစ်မဒေါက်တာသွယ် ခင်ဗျား။

ကျေးဇူးအထူးကြိုတင်လျက်

မိုက်ကယ်ဝီလီယံဒွေး (Bukit Batok)

A:

မိုက်ကယ်ရေ

မိုက်ကယ်ကတော့ အလွန်ကံကောင်းတဲ့သူပါကွယ်။သူမကို ရယ်စရာလေးပြောရုံနဲ့ Orgasm ဖြစ်မယ်။ ကလိထိုးရုံနဲ့ Orgasm ဖြစ်မယ်။ ဂရုတစိုက်စောင့်ကြည့်နော်။ တစ်စုံတစ်ယောက်ကများ ချောကလက် အလုံး ၅၀ ပါတဲ့ ဘူးတစ်ဘူးပေးလို့ရှိရင်၊ ဒါမှမဟုတ် မင်းကိုယ်တိုင် သူမကို ကျောက်မျက်ရတနာဆိုင်ကို ခေါ်သွားဖြစ်ခဲ့ရင်ပေါ့။ အဲဒါနဲ့ ဖြစ်နိုင်မလား? အိုး. . ! အဖြေကတော့ Yes ပါ။ ဖြစ်နိုင်ပါတယ်တဲ့။ Sex မပါဘဲ Orgasm ဖြစ်နိုင်တဲ့ နည်းလမ်းများစွာ ရှိပါတယ်။

Sex မလုပ်ဘဲ Orgasm ဖြစ်နိုင်ရုံမျှမက လှုံ့ဆော်မှုမပါ ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုမရှိဘဲ Orgasm ဖြစ်နိုင်တယ်ဆိုတာတွေ ဆေးကျမ်းထဲမှာ ရှိပါတယ်။ မိုက်ကယ်က ဗမာပြည်မှာ ကြီးပြင်းတဲ့ သူတစ်ယောက်ဆိုရင်တော့ မင်းကြီး၊ မင်းလေးနဲ့ ညားတဲ့ရွှေမမများ အကြောင်းကိုများ သတိရနေမလားပဲ။

အဖြေကို ကျေနပ်မှု ရှိရဲ့လား မိုက်ကယ်ရေ. . . . ။

ဒေါက်တာသွယ်





Q: :

အန်တီ ဒေါက်တာသွယ်ရှင့်

သမီးက ဒဂုံတက္ကသိုလ်က ကျောင်းသူတစ်ယောက်ပါ။ သမီး သိချင်တဲ့ မေးခွန်းကတော့ ‘ယောက်ျားလေးတွေက သူတို့မချစ်တဲ့ မိန်းမနဲ့ ကာမဆက်ဆံခြင်း (Making love) ပြုနိုင်ပါသလား’ ဆိုတာပါရှင်။

လှဥမ္မာတင့် (ဒဂုံတက္ကသိုလ်)

A: :

သမီးလေး လှဥမ္မာတင့်ရေ. . .

ဒီမေးခွန်းကတော့ မိန်းကလေး တော်တော်များများ သိချင်တဲ့ မေးခွန်းပါ။ ဒေါက်တာသွယ်တို့ အနေနဲ့ ကျွမ်းကျင်သူများနဲ့ မေးမြန်းဆွေးနွေးတဲ့အခါ. . . " Yes, men can and do" လို့ဖြေတာကြောင့် အမျိုးသားများက သူတို့ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ making love လုပ်နိုင်ပါတယ်၊ လုပ်ပါတယ် လို့ အဖြေရပါတယ်ကွယ်။ အမျိုးသားကျန်းမာရေးနှင့် အမျိုးသားလိင်အင်္ဂါ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ Dr Peter Lim (ဒေါက်တာပီတာလင်း) က ပြောတာကတော့ “အမျိုးသားများက ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးတွေဆို ကြိုက်လိုက်တော့တာပါပဲဗျာ” လို့ပြောပါတယ်။

“ယေဘုယျအားဖြင့်တော့ ယောက်ျားတိုင်းဟာ လှုံ့ဆော်မှုရှိရင် ဒီမိန်းမကို ချစ်ချစ် မချစ်ချစ်၊ သိသိ မသိသိ can have sex လို့ပြောပါတယ်။ Dr.Adrian Wang Psychiatric And Counselling Care က Dr.Adrian Wang က ပြောတာကတော့. . . လေ့လာချက်အရ ယောက်ျားတွေမှာ ခိုင်ခိုင်မာမာမရှိဘူး။ ‘ယောက်ျားတွေက ကာမဆက်ဆံမှုတစ်ခုတည်း ကြည့်တာ။ ရုပ်မှုဆိုင်ရာ ကာမဆန္ဒတစ်ခုပဲ စဉ်းစားပြီး နောင်ခါလာနောင်ခါစေ့ အရှည်မတွေးဘဲ လုပ်မိလုပ်ရာ လုပ်တတ်တယ်” လို့ပြောပါသတဲ့ကွယ်။ ဒါဆိုတော့ သမီးလေး လှဥမ္မာနဲ့ အမျိုးသမီးထုသိချင်တဲ့ အဖြေက ရှင်းနေပါပြီ။

ဒေါက်တာသွယ်



www.burmeseclassic.com

www.burmeseclassic.com

# သင့်အတွက် တစ်လစာ ဗေဒင်ဟောစာတမ်း

ဆရာကြီး ဒေါက်တာမင်းသိခ်  ၏ တပည့်ရင်း  ဆရာလင်းမြတ်အောင်

## တနင်္ဂနွေ



တနင်္ဂနွေ ။ ။  လူဖြောင့်စိတ်တို၊ နေရာတကာဦးဆောင်လိုစိတ်ရှိသူ။ ကံမြင့် ပွင့်လန်းချိန်ရောက်ပြီ။ အတူနေသူတို့နှင့်စကားများရင်း စီးပွားတက်မည်။ ကိုယ်ပိုင်စီးပွားဖြင့်အကျိုးပေးမည်။ Tourism လုပ်ငန်းကောင်း၏။ နီးစပ်မှုမရှိက အရင်လေ့လာပါ။ စပ်တူလုပ်ငန်း မလုပ်ပါနှင့် ခံသွားရလိမ့်မည်။ အရောင်းအဝယ် ကုန်သည်လုပ်ငန်း အကျိုးမပြု။ အိမ်ပြောင်းရတတ်သည်။ အိမ်မဆောက်နှင့်။ အသင့်နေအိမ်ခန်းသို့ပြောင်းပါ။ ချစ်သူရလိမ့်မည်။ တနင်္ဂနွေ ၊ သောကြာသားသမီးကောင်း၏။ မည်  သူနှင့်ဖူးစာဆုံသည်ဖြစ်စေ  လွမ်းဆွေးမှုတွေ  ကြုံရလိမ့်မည်။  စိတ်ပိုင်းဆိုင်ရာဂရုပြုပါ။ စိတ်အေးချမ်း သာစွာနေတတ်ရန် လေ့ကျင့်ပါ။

ယတြာ။  ။ ထိန်သားကို ဘုရားထု ကိုးကွယ်ပါ။ ချစ်သူနှင့် တွေ့မည့်အခါတိုင်း  နှင်းဆီပန်း နီနီရဲရဲ တစ်ပွင့် အမြဲလက်ဆောင်ပေးပါ။ နီလာကျောက် ဆောင်ပါ။

## တနင်္လာ

တနင်္လာ။ ။ စိတ်ကူးယဉ်တတ်သူ၊ ပရိယာယ်ကြွယ်သူ ။ ကံအကျိုးပေးချိန် တန်ပြီ။ ထောက်ပံ့မည့်သူ ပေါ်မည်။ စိတ်သဘောတူစီးပွားဖက် တွေ့မည်။ တနင်္လာ၊ဗုဒ္ဓဟူး၊စနေ တို့နှင့် စီးပွားဖက်ဖြစ်က ကောင်း၏။ ခွေး၊ ကြောင် ဝင်ကိန်းရှိ၏။ ကောင်း၊ ဆိုး ၅၀%။  မိတ်ဆွေချင်း စကားများရတတ်သည်။စကားမများချင်လျှင်တော့  စကားနည်းနည်းပြောပေါ့။ အိမ်ထောင်ဖက်တို့ခိုက်ရန်ဖြစ်တတ်သည်။ စိတ်သဘောထားချင်း မတိုက်ဆိုင်က ကွဲတတ်သည်။ အခြေအနေတော်တော်ဆိုးလျှင် နှစ်ဦးနှစ်ဖက်ဆင်ခြင်ပြီး အကောင်းဘက်ကိုဦးစားပေး မြင်တတ်ပါ။ လူလွတ်တို့ ချစ်သူတွေ့မည်။ တနင်္လာ သား၊ သမီး ကောင်း၏။  အင်္ဂါသား ရှောင်ပါ။အကြော တက်ခြင်း ခါးနာခြင်းဖြစ်တတ်သည်။



ယတြာ။  ။ အင်္ဂါနံထောင့်တွင် ကြာနီပန်း ကပ်လှူပါ။ မိမိ အိမ်ထောင်ဖက် ချစ်သူနှင့် Sentosa ကို အပန်းဖြေ သွားပါ။ တစ်ဦး နှင့် တစ်ဦး ချစ်ကြင်နာမှုစကားလေးများ ပြောရင်း အပန်းဖြေပါ။

## အင်္ဂါ




အင်္ဂါ ။  ။တစ်ဘက်သတ် တစ်ယူသန်ဆန်သောသူ။ ဘာသာတရားကို ယုံလျှင်လည်း နက်နက်ရှိုင်းရှိုင်း၊ မယုံလျှင်လည်း လုံးဝမယုံကြည်သူ။  ကုန်သည်ကြီးလုပ်ငန်း ကောင်း၏။  စီးပွားဘက်ရလိမ့်မည်။  မိမိသဘောအတိုင်း လုပ်ပါက အမှား များမည်။ စီးပွားဘက်ဖြင့် လုပ်ကိုင်ပါက တစ်ယူသန်စိတ်၊ သည်းမခံတတ်သောစိတ်ကို ဖျောက်ပါ။  ညှိနှိုင်းလုပ်ကိုင်ပါက အကျိုးဖြစ်ထွန်းမည်။အနှောက်အယှက်ဖြင့် စီးပွားတက်မည်။  အိမ်ထောင်ရေး ကောင်း၏။ မိတ်ဆွေချင်း စိတ်ဝမ်းကွဲတတ်သည်။ လူလိမ် ခံရတတ်သည်။  တနင်္လာနံ သတိထားပါ။ စိတ်ကစားတတ်သော လူငယ်များ ချစ်သူငတ်သည့်ရောဂါ ခံစားနေရသော်လည်း ရှာမတွေ့နိုင်သေးပါ။ ဦးနှောက်၊ အာရုံကြောဆိုင်ရာ ထိခိုက်တတ်သည်။

ယတြာ။  ။ ကံ့ကော်ပန်းဖြင့် ဘုရားပူဇော်ပါ။ ကံ့ကော်ပန်းခြောက်တစ်ပွင့် အမြဲဆောင်ထားပါ။နေ့စဉ် တရားထိုင်ပါ။ စိန်လက်စွပ် ဝတ်ဆင်ပါ။  ၇၊ ၅ ပါသော ဂဏန်း ထီထိုးပါ။



www.burmeseclassic.com

## ဗုဒ္ဓဟူး



ဗုဒ္ဓဟူး ။ ။ စိတ်မြန်လက်မြန်သမား၊ မွေးရပ်မှ ဝေးကွာနေရသူ။ အေးမြချမ်းသာသုခရမည့် ကာလဖြစ်သည်။ ရာထူးတက်မည်။ အရောင်းအဝယ် ကောင်းမည်။ စီးပွားတက်လိမ့်မည်။ မိမိအကျိုးကို သူတပါး မနာလို ဖြစ်လိမ့်မည်။ ခရီးသွားရလိမ့်မည်။ ကောင်းသောခရီးဖြစ်၏။ ကိန်းအရတော့လင်မယားကွဲ ကိန်းရှိသည်။အကြီးအကဲလူကြီးမိဘစကားကိုလိုက်နာပါကအဆင်ပြေလိမ့်မည်။ ကြာသပတေးသား ကြားစကားနားမယောင်နှင့်။ မိတ်ဆွေကြောင့် သောကရောက်တတ်သည်။ တောင်အရပ်မှ ချစ်သူကြင်သူရလိမ့်မည်။ လေထိုးလေအောင့်၊ လေရောဂါ ဖြစ်တတ်သည်။

ယတြာ။ ။နေ့စဉ် ဘုရား ရှိခိုးပါ။ အိမ်ထောင်ရှင်အမျိုးသမီးတို့ ညအိပ်ရာဝင် ဘုရားရှိခိုးပြီး လင်ယောကျ်ားကို ကန်တော့ပြီးမှ အိပ်ပါ။ အိမ်ထောင်ဖက်ကို New Year Gift အဖြစ် လက်စွပ်ဝတ်ဆင်ပေးပါ။

## ကြာသပတေး



ကြာသပတေး။ ။ မဟုတ်မခံစိတ်ရှိသူ၊ ဖြတ်လမ်းသဘောလုပ်တတ်သူ။ လုပ်ဖော်ကိုင်ဖက်နှင့် စကားများရင်းစီးပွားဖြစ်မည်။ စီးပွားရေးအတိုက်အခံများမည် ။ စီးပွားရေးလောဘကြီးသောကြောင့် ပျက်စီးလွယ်လိမ့်မည်။ ဆရာကောင်း တွေ့မည်။ ပညာကောင်း ရမည်။ ကောင်းစွာနာယူလိုက်နာပါ။ မိတ်ဆွေအချင်းချင်း စိတ်သဘောကွဲလွဲတတ်သည်။ အနောက်အရပ်မှ မြေ၊ မိန်းမဝင်မည်။ အိမ်ထောင်ရေးပြဿနာရှိမည်။ခိုက်ရန်ကြီးစွာဖြစ်တတ်သည်။စိတ်ရှည်သည်းခံနားလည်မှုရှိပါ။ခရီးယာယီမသွားသင့်။ ချစ်သူအတွက်စိတ်ရှုပ်ရတတ်သည်။ ခွဲစိတ်မှု ခံရတတ်သည်။ ခရီးသွားလာအစဉ်သတိရှိပါ။

ယတြာ။ ။ ဘာသာရေး ကိုင်းရှိုင်းပါ။ နံနက်တိုင်းဘုရားထံ ဆီမီး၊ရေချမ်း ကပ်လှူပါ။ကြာသပတေးနေ့တွင် ဘုရားထံ ပေါက်ပေါက်ကပ်လှူပါ။ ကျောက်စိမ်း ဆောင်ပါ။

## သောကြာ



သောကြာ ။ ။ တည်ငြိမ်ခန့်ငြား၊ ပေါင်းသင်းဆက်ဆံရေး Cornmunication ကောင်းသူ၊ လာဘ်ကောင်းဝင်မည်။အိမ်တွင်းစီးပွားရေး အလုပ်အကိုင် မကောင်း။ပြင်ပစီးပွားရေးဖြင့် အကျိုးပေးမည်။ အောင်မြင်ကျော်ကြားမည်။ အကြံအစည်ကောင်းများ ပွင့်လင်းရရှိမည်။ မိတ်ကောင်း တွေ့မည်။ ခရီးသွားက စီပွားရေး ထိခိုက်နိုင်သည်။သောကြာနံ အဝင်မခံနှင့်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအခက်အခဲရှိနိုင်သည်။ အပေါင်းအသင်းချင်း စကားများရတတ်သည်။ Single တို့ ချစ်သူရမည်။ အိမ်ထောင်ကျကိန်းရှိသည်။ ခေါင်းမူး၊ သွေးတိုး ဖြစ်တတ်သည်။

ယတြာ။ ။ မွေးနေ့တွင် သစ်တော်သီး ဘုရားထံကပ်လှူပါ။ Gym ပုံမှန်သွား၍ ကျန်းမာရေးလေ့ကျင့်ခန်းများ မှန်မှန်လုပ်ပါ။ မဟူရာကျောက် ဆောင်ပါ။

## စနေ



စနေ။ ။ စိတ်ကူးယဉ်တတ်သူ၊ ပရိယာယ်ကြွယ်ဝသူ။ ဩဇာအာဏာကြီးမားချိန်ရောက်ပြီ။ စီးပွားရေး ကောင်းလာမည်။ လာဘ်နှင့်အတူ စုက်ပါဝင်ကိန်းရှိသည်။ အချစ်ရေး အိမ်ထောင်ရေးရှုပ်ထွေးလွယ်သည်။ ကတိပေးမှုလွယ်သောကြောင့် ပြဿနာတက်လိမ့်မည်။ မိတ်ဆွေကြောင့်၊ အိမ်သားကြောင့် သောကရောက်တတ်သည်။ ခိုက်ရန်ဖြစ်ပွားတတ်သည်။ လင်မယားချင်းစိတ်ဝမ်းကွဲတတ်သည်။ချစ်သူရမည်။ စနေနံဝင်က ကောင်း၏။ အချစ်ရေး၊အိမ်ထောင်ရေး သန့်ရှင်းပါ။အစာအိမ် လေထိုးလေအောင့် ဖြစ်တတ်သည်။

ယကြာ။ ။ စနေနေ့တွင် ဘုရားထံ ထီး ၅ လက် လှူပါ။ ဩဇာသီး သစ်သီး ဆွမ်းကပ်လှူပါ။ မြကျောက်ဆောင်ပါ။

ဒေါက်တာ မင်းသိခ် ၏တပည့်

ဆရာ လင်းမြတ်အောင်

သရုပ်ဖော် - ASK



www.burmeseclassic.com